ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ

ရှေ့ဆောင် ဂျာနယ်

အတွဲ (၂)

အမှတ်(၁၀)

၂၀၁၈ ခုနှစ် ဇန်နဝါရီလ

၂၀၁၇ ကို ပြန်ကြည့်ခြင်း

စာတည်းအဖွဲ့အမှာ

(၁)

ဒီချုပ်ရယ် စစ်တပ်ရယ် ပြည်သူရယ်

ဒီချုပ်အာဏာရခဲ့ပြီဆိုတဲ့ ၂ နှစ်သက်တမ်းအတွင်း ပြည်သူလူထုကို ပေးထားတဲ့ မဲဆွယ်ကတိတွေ ကြည့်မိပါတယ်။
- ပြည်တွင်းငြိမ်းချမ်းရေး
- စီးပွားရေး
- ၂၀၀၈ အခြေခံဥပဒေ ပြုပြင်ရေး
- ဒီမိုကရေစီရေး (လူ့အခွင့်အရေး) ....
စတာတွေ ဘယ်လောက်ပေးနိုင်ခဲ့ပြီလဲ။

(၂)

ပြည်တွင်းငြိမ်းချမ်းရေး

နှစ်ဆန်းဆန်းချင်း ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၇ ခုနှစ်ကို 'ငြိမ်းချမ်းရေးနှစ်'လို့ ကြေညာခဲ့တယ်။ အသံတွေ ထွက်လာရမယ်၊ ငြိမ်းချမ်းရေးလိုချင်တယ်၊ ညီညွတ်ရေးလိုချင်တယ်၊ အပြောင်းအလဲလိုချင်တယ်ဆိုတာ အများသိအောင် ပြည်သူတွေရဲ့အသံ ပေါ်ဖို့လိုတယ်....လို့ လှုံ့ဆော်ခဲ့တယ်။ တကယ်က စစ်တပ်ကို သိအောင် လုပ်စေချင်ပုံရတယ်။ ဒီတပ်လှန့်မှုအောက်မှာ သူ့ပါတီနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေပေါင်းကာ သဏ္ဍာန်ဆောင်သော လူထုချီတက်ပွဲတွေလုပ်ပြီး အသံတွေ ပေးခဲ့ကြတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးနှစ်စမှာ တိုက်ပွဲတွေက ပိုများလာတယ်၊ ၂ ဖက်အသေအပျောက်တွေ ကြောက်ခမန်းလိလိဖြစ်လာတယ်။ ဒုက္ခသည်တွေ ပိုများလာတယ်။ ရှမ်း၊ ကချင်၊ ချင်း....စတဲ့ လူမျိုးတွေက နီးစပ်ရာ နယ်စပ်တွေမှာ ပြေးကပ်ခိုလှုံခဲ့ကြတယ်။ နေမရအောင် ကော်ထုတ်ခံရလို့ မောင်တောဘက်က မွတ်စလင်တွေ ဘင်္ဂလားဒေ့ရှ် နိုင်ငံထဲအထိ ထွက်ပြေးရတာ ၆ သိန်းခွဲကျော်နေပြီလို့ ဆိုတယ်၊ ခုထိ ပြေးနေဆဲပဲ။ တနှစ်နှစ်ကြိမ်လုပ်မယ်ဆိုတဲ့ နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်သဘောတူညီချက်(NCA) ကလည်း တကြိမ်တည်းနဲ့ ပြီးသွားတယ်။၂၁ ရာစု ဒုတိယပင်လုံ ငြိမ်းချမ်းရေးညီလာခံ (၂၀၁၇ မေ ၂၄-၂၉)မှာ မြောက်ပိုင်း ၈ ဖွဲ့ တက်ခဲ့ပါတယ်။ အောင်မြင်မှုတခုပဲလို့ ပြောသူက ပြောတယ်။ ဒါပေမဲ့ စစ်တပ်ဘက်က အမျိုးသားညီညွတ်ရေးဖြင့် မတည်ဆောက်နိုင်သေးဘူး "ခွဲမထွက်ရ".... လို့ တင် လိုက်တော့ ငြိမ်းချမ်းရေး ညီလာခံ ရှေ့မတိုးနိုင် ဖြစ်သွားခဲ့ရပြန်တယ်။

တခါ သဘောတူ ခွင့်ပြုထားပြီးဖြစ်တဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို (စိတ်တိုင်းမကျရင်) ခွင့်မပြုနိုင်ဘူးလို့ စစ်တပ်က တားလာတယ်။ သူတို့မှာ လူထုကြောက်ရောဂါ စွဲနေတာ ထင်ရှားတယ်။ ၆၃ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ကြစဥ်က - ဗိုလ်နေဝင်း ကြောက်ခဲ့တဲ့ရောဂါပဲ။ ဒါကြောင့်လည်း ပွဲပျက်ပြီဆိုရင် ပွဲဖျက်တာ စစ်တပ်ဖြစ်နေတော့တာပဲ။

ခုတော့ လက်မှတ်ထိုးပြီးသား တိုင်းရင်းသားတွေထဲမှာ (NCA) တက်မတက် မသေချာတဲ့ အဖွဲ့တွေ ရှိလာသလို ရွေ့ဆိုင်းချင်တဲ့အဖွဲ့လည်း ရှိလာတယ်။ (NCA) လမ်းကြောင်းမဟုတ်တဲ့ပုံစံနဲ့ပဲ သွားမယ်ဆိုတဲ့ အင်အားကြီး မြောက်ပိုင်း ၇ ဖွဲ့ ဆိုတာက ရှိသေးတယ်။

ပြီးခဲ့တဲ့ အမျိုးသားနေ့မှာ သမ္မတကြီး ဦးထင်ကျော် မိန့်ခွန်းမှာ ဖော်ပြခဲ့တဲ့ "အစိုးရ၊ ပြည်သူ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မကြုံစဖူး စည်းလုံးညီညွတ်မှုနဲ့အတူ တိုင်းပြည်ဖွံ့ဖြိုးရေး လမ်းကြောင်းမှန်ပေါ် ရောက်နေပြီ"ဆိုတဲ့ သဝဏ်လွှာကတော့ သဲထဲရေသွန်ဖြစ်ခဲ့ပြီ။ ဒါကြောင့်ပဲလား မသိ။ ၂၀၁၈ ခုနှစ်၊

နှစ်သစ်ကူးသဝဏ်လွှာမှာကျတော့ "တစိုက်မတ်မတ် အလေးထား ကြိုးပမ်းအားထုတ်ခဲ့ရာမှာ အတိုင်းအတာတခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်" .... လို့ ဒီဂရီလျှော့ပြောလာခဲ့တယ်။ ချုပ်လိုက်ရင်တော့ ၂၀၁၇ ဟာ ငြိမ်းချမ်းရေးနှစ် မဟုတ်ခဲ့ဘူး။ ပြည်သူတွေအပေါ် နှစ်ပူ ဆင့်ခဲ့တဲ့နှစ်ပဲ။

(၃)

စီးပွားရေး

NLD အတွင်းရေးမှူးတဦးဖြစ်တဲ့ ဦးဝင်းထိန်က ၁၁ လပိုင်းမှာ ပြောခဲ့တဲ့စကားကို ကြည့်ရုံနဲ့ တိုင်းပြည်ရဲ့ စီးပွားရေး၊ ပြည်သူတွေရဲ့ စားဝတ်နေရေး အခြေအနေကို သိနိုင်ပါတယ်။

"ဒီချုပ်အစိုးရ တက်လာပြီးနောက် စီးပွားရေးတိုးတက်မှု နှောင့်နှေးမှု၊ အခြေခံလူတန်းစား(တွေရဲ့) စားဝတ်နေရေးကို ထိခိုက်ရမှု၊ ကုန်ဈေးနှုန်းတက်နေခြင်းတို့ကို လျစ်လျူရှုမထားကြောင်းနှင့် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ ဝန်ကြီးဌာနများကို တာဝန်ယူထားသည့် ဝန်ကြီး ၂ ဦးက စေတနာမှန်မှန်ဖြင့် လုပ်ဆောင်နေကြောင်းနှင့် မည်သို့ဖြေရှင်းရမည်ကို အဖြေရှာနေပါကြောင်း...."တဲ့။ ၂ နှစ်ကြာတဲ့အထိ ရှာတုန်းပဲလား၊ ဂျက်အင်ဂျင်ကို အခုအထိ စက်နှိုးနေတုန်းပဲလား၊ ဒီလိုပုံနဲ့ မိုးကြီးချုပ်ခဲ့ပြီ....လို့ ပြောရပါလိမ့်မယ်။

(၄)

၂၀၀၈ အခြေခံဥပဒေ ပြင်ရေးဆိုတာကိုတော့ ခေါက်သိမ်းထားခဲ့တာ ကြာပါပြီ။

(၅)

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ နိုင်ငံ့ပုံရိပ်

မောင်းတောဘက်က မွတ်စလင် ၆ သိန်းခွဲကျော် ထွက်ပြေးရတဲ့ကိစ္စနဲ့ နိုင်ငံတကာသတင်းဌာနတွေက စစ်တပ်က သတ်လို့ ၆၇၀၀ ကျော် သေခဲ့ရတယ်(စစ်တပ်ကတော့ ၄၀၀ ခန့်ပဲ စာရင်းပြ)။ ရွာတွေ မီးရှို့၊ အမျိုးသမီးတွေ မုဒိမ်းကျင့်။ ကလေးသူငယ်တွေ ပါမရှောင် အသတ်ခံရတယ်ဆိုတဲ့ စွဲချက်တွေနဲ့ ကုသမဂ္ဂ၊ ဥရောပသမဂ္ဂ(၂၉ နိုင်ငံ) IOC - အစ္စလမ် နိုင်ငံ ၅၇ နိုင်ငံရဲ့ ရှုတ်ချခြင်း ခံခဲ့ရတယ်။ စစ်တပ်ကို မတားရကောင်းလားဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပေးထားတဲ့ ဆုတံဆိပ်အများအပြား ပြန်အရုပ်သိမ်းခံခဲ့ရတယ်။

၂၀၁၇ ခုနှစ်အတွင်း နိုင်ငံ့ခေါင်းဆောင်တွေ အကူအညီရဖို့ မျက်နှာငယ်ငယ်နဲ့ နိုင်ငံတကာ အထွက်ရဆုံးနှစ်၊ ပြဿနာတွေ များလွန်း၊ ကြီးလွန်းလို့ အစိုးရအဖွဲ့ ခြေမကိုင်မိ လက်မကိုင်မိ၊ ပြာလောင်အခတ်ရဆုံးနှစ်လို့ မြင်မိတယ်။ လူသတ်ဝါဒ အကြမ်းဖက်ဝါဒ ခေါင်းထောင်လာတယ်။ နိုင်ငံရေးအကျဉ်းသားတွေ များလာတယ်၊ ရာဇဝတ်မှုတွေများလာတယ်၊ ပြင်ပရောက်သူတွေ များလာတယ်၊ အမင်္ဂလာ သတင်းစကားတွေ လွှမ်းမိုးလာနေတယ်။ မီဒီယာတွေနဲ့လည်း အစေးမကပ်ဖြစ်လာတယ်။

(၆)

နိဂုံး

ချုပ်လိုက်ရင် ၂ နှစ်အတွင်း ဒီချုပ်အစိုးရအနေနဲ့ သူကတိပေးတဲ့ အချက်ကြီးလေးချက်နဲ့ စပ်လျဉ်းလို့ ဘာမှ အောင်အောင်မြင်မြင် မလုပ်နိုင်။ ပါတီတည်ဆောက်ရေးမှာလည်း ခိုင်မာပြီးမလာ၊ မဟာမိတ်ဟောင်းတွေနဲ့လည်း ကင်းကွာလာ၊ "တို့ ပြောတာလည်း နားမထောင်၊ တို့လည်း လူရာမသွင်းဘူး"လို့ ခံစားချက် ရှိလာနေကြတယ်။ "သေနတ်နဲ့ ပြောနိုင်တဲ့သူမှ လူရာဝင်တယ်" ....လို့ ပြောသူက ပြောလာတယ်။

ဒီအတိုင်း ရေစုန်မျောနေမယ်ဆိုရင်တော့ ဒီချုပ်ရဲ့ အလားအလာ၊ နိုင်ငံရဲ့ အနာဂတ်ဟာ မကောင်းလှပါဘူး။ ဒီနှစ်ဟာ ငြိမ်းချမ်းရေးနှစ် မဟုတ်ခဲ့ဘူး။ ဟထိုးဖျောက်ပြီး ငြိမ်းချမ်းရေးနှစ်ဖြစ်သွားတယ်။ စစ်အုပ်စု အနေနဲ့ကတော့ "မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဖြစ်တော့မှာပါ"။

စာတည်းအဖွဲ့

၁၂၊ ၁၊ ၂၀၁၈။

စစ်အုပ်စုအကြောင်းဘယ်လောက်သိသလဲ

ရဲဘော်ဖိုးသံချောင်း

ကျွန်တော်နဲ့ကိုကိုးကျွန်းမှာအတူထောင်ကျခဲ့တဲ့ ဦးလေးဦးခင်မောင်မြင့်(ပြည်သူ့တိုးတက်ရေးပါတီ) ကွယ်လွန်သွားပြီးနောက် သူ့ အကြောင်းတွပြောကြတော့ ဦးလေးဦးခင်မောင်မြင့်ပြောတဲ့ အဖိုးတန်စကားတခွန်းကို မှတ်မှတ်ရရ ကြားလိုက်ရပါတယ်။ ဦးလေး ဦးခင်မောင်မြင့်နဲ့ကျွန်တော်က ကိုကိုးကျွန်းကပြန်လာကြပြီးတဲ့နောက် တခါမှပြန်မတွေ့ကြတော့ပါဘူး။ ကျွန်တော့်ကိုပြောပြတဲ့လူရဲ့ စကားက "ဒေါ်အောင်ဆန်းစုကြည်အိမ်ချုပ်ကလွတ်လာတော့ ဦးခင်မောင်မြင့်က ဒေါ်စုကို'မစု၊ မင်းဗမာပြည်နိုင်ငံရေး လုပ်ချင်ရင် ဗမာပြည်ကစစ်တပ်ရဲ့အကြောင်းကို နားလည်အောင်လုပ်ထားရမယ်'"ဆိုတာပဲဖြစ်ပါတယ်။ အဲဒီစကားဟာ တဆင့်ကြားဖြစ်ပေမယ့် မှန်လိုက်လေဦးလေးရယ်လို့ပြောမိပြီး အတွေးတွေအများကြီးလည်း ဆက်ပေါ်ထွက်လာခဲ့ပါတယ်။ ဒါဖြင့် ဦးလေးဦးခင်မောင်မြင့်ပြောတဲ့ ဗမာပြည်စစ်တပ်ရဲ့အကြောင်းဆိုတာကို ဘယ်လိုဖွင့်ဆိုကြမလဲ။ အာဏာမက်တဲ့၊ အာဏာသိမ်းတာကို ထမင်းစားရေသောက် သဘောထားတဲ့၊ ၇ ရက်ဇူလိုင်လို မြို့လယ်ခေါင်လူသတ်ပွဲကအစ တောတောင်တွေထဲမှာလည်း ထင်သလိုသတ်တတ် တဲ့ စတာတွေကိုပြောရင်တော့ ဒါများအဆန်းလုပ်လို့လို့ ပြောကြမှာပါ။ ဟုတ်ပါတယ်။ ဒါတွေအပြင် ဒီနေ့အခါမှာ တတိုင်းတပြည်လုံးကို လက်နက်ကိုင် ဖိနှိပ်ပြီး အာဏာအရ၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ ချုပ်ကိုင်ထားတယ်၊ နေရာတကာမှာသူတို့ပဲ ခြယ်လှယ်နေတယ် စတဲ့ကမ္ဘာသိ၊ ဗမာသိအချက်တွေလည်းရှိပါသေးတယ်။

ဒါပေမဲ့ အဲဒါမျိုးတွေထက် ပိုပြီးအဓိကကျတယ်လို့ဆိုရမှာတွေက-အရင်ဆုံးပြောရမှာက အထက်မှာရေးခဲ့တဲ့ စစ်တပ်ဆိုတာဟာ တပ်မတော်တခုလုံးကို ဆိုလိုတာမဟုတ်ပါဘူး။ တပ်မတော်ကို ချုပ်ကိုင်ပြီး လူထုအပေါ်ဗိုလ်ကျတဲ့ စစ်အာဏာရှင် ထိပ်သီးပိုင်းကိုသာ ဖြစ်ပါတယ်။ အောက်ခြေတပ်မှူးတပ်သားတွေဟာ ထိပ်သီးတွေက သေဆိုသေ၊ ရှင်ဆိုရှင် ခိုင်းရာနေ-စေရာသွားသမားတွေသာဖြစ်ပြီး သူတို့လုယက်တိုက်ခိုက်၊ သတ်ဖြတ်တာတွေရဲ့ အကျိုးအမြတ်ကို မခံစားရသူတွေဖြစ်ပါတယ်။

ဝန်ခံသည်ဖြစ်စေ၊ ဝန်မခံသည်ဖြစ်စေ၊ ဒီစစ်အုပ်စုဟာ ကမ္ဘာ့သမိုင်းမှာ သက်တမ်းအရှည်ဆုံး (တနည်းအားဖြင့် လက်မှာသွေးအစွန်းဆုံး) စစ်အုပ်စုတခုဖြစ်ပါတယ်။ ဗမာပြည်လွတ်လပ်ရေးရကတည်းက သန္ဓေတည်ပေါက်ဖွားလာပြီး တိုင်းပြည်ကို ဆယ်စုနှစ်ငါးခုကျော်အုပ်စိုး၊ ပြည်တွင်းစစ်ကို နှစ်ပေါင်း၇၀နီးပါးတိုက်ခိုက်လာတဲ့ စစ်အုပ်စုလည်းဖြစ်ပါတယ်။ ဒီလို ကာလတာရှည် အုပ်ချုပ်စိုးမိုးလာတာနဲ့အတူ စစ်တပ်ဟာ သူတို့စစ်အုပ်စုရဲ့ခါးပိုက်ဆောင်တပ် ဖြစ်လာပါတယ်။ ဒါကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်ဆိုတာမှာ ပိုပြီးအထင်အရှားတွေ့ရပါတယ်။ စစ်တပ်ကို "အစိုးရ"က လုံးဝအမိန့်မပေးနိုင်ပါဘူး။ စစ်တပ်ဟာ အစိုးရလက်အောက်မှာ မဟုတ်ပါဘူး။ သူတပါး လက်အောက်မှာပါ။ စစ်အုပ်စုဟာ ဒီလိုစစ်တပ်ကို တလက်ကိုင်လုပ်ထားနိုင်ပြီးနောက်မှာ နိုင်ငံရဲ့စီးပွားရေး၊ လုံခြုံရေးအဆောက်အအုံတွေကိုလည်း မောင်ပိုင်စီးခဲ့တာပါ။ ဒါဟာ ဒီနေ့မြင်တွေ့ နေရတဲ့ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့ကို တပ်ကကိုင်ထားတဲ့ အခြေအနေလောက်ကို ပြောတာမဟုတ်ပါဘူး။ စစ်အုပ်စုဟာ ဒီတပ်ကိုလက်ကိုင်ပြုပြီး အရုပ်သား အစိုးရ(အရုပ်သားအစိုးရဆိုသူတွေ)ကိုရော၊ နိုင်ငံရေးအင်အားစုတွေကိုပါ အကျပ်ကိုင်၊ အနိုင်ကျင့်နေတာ လွတ်လပ်ရေးအပြီး ဒီဘက်တလျှောက်လုံးလို့ ဆိုရပါမယ်။ အခုဆိုရင် ကာကွယ်ရေးဝန်ကြီးနဲ့ စစ်ဦး

စီးချုပ်ဆိုတာကိုပါ စစ်အုပ်စုကရွေးချယ် ခန့်ထားပြီး အစိုးရဆိုတာက တံဆိပ်တုံးရိုက် အတည်ပြုနေရတဲ့အခြေအနေ ရောက်နေပါပြီ။

ဗမာပြည်ကစစ်အာဏာရှင်စစ်အုပ်စုကို ကြည့်မြင်တယ်ဆိုရာမှာ သမိုင်းမှာ ကံအားလျော်စွာ လာစုမိကြတဲ့လူတွေလို့ အလွယ်ပြောရင် မပြည့်စုံဘူးထင်ပါတယ်။ ဒီ စစ်ဗျူရိုကရက်ယန္တရားကြီးရဲ့ထူးခြားချက်တခုကတော့ ဗိုလ်နေဝင်း-ဗိုလ်အောင်ကြီး-ဗိုလ်မောင်မောင်စတဲ့ ပထမမျိုးဆက်စစ်အုပ်စုတွေက စစ်တပ်တခုလုံးကို လက်ဝါးကြီးအုပ်လိုက်ရုံမက ရာထူးတိုးမြှင့်ခြင်း၊ ဖြုတ်ပစ်ခြင်း၊ ပြောင်းရွှေ့ခြင်းအပါ စစ်တပ်နဲ့ ပတ်သက်တဲ့လုပ်ငန်းမှန်သမျှကို ဖဆပလ- ပထစအစိုးရတွေက ဘာမှပြောပိုင်ခွင့်မရှိအောင် လုပ်လိုက်တာ ဖြစ်ပါတယ်။ ဒီလိုနဲ့ စစ်တပ်ထိပ်ပိုင်းကိုရောက်လာသူမှန်သမျှဟာ သူတို့လူတွေချည်းဖြစ်လာအောင်လုပ်တဲ့ အစဉ်အလာတရပ် ထူထောင်ခဲ့ပါတယ်။ စစ်တပ်ထိပ်ပိုင်းကိုရောက်လာသူမှန်သမျှဟာ ဘယ်သူမှ ခြွင်းချက်နဲ့ ရောက်လာကြတာ မဟုတ်ပါဘူး။ အားလုံး သူတို့လူချည်းသာဖြစ်ပါတယ်။ တပ်တွင်းမှာ ရင်းမှူး၊ ဗျူဟာမှူး၊ တိုင်းမှူး စသဖြင့်အဆင့်ဆင့်တက်လာရာမှာ တဆင့်ပြီးတဆင့် စမ်းသပ်ရွေးချယ်ခဲ့တာပါ။ နောင်ကျမှ အချင်းချင်း ပဋိပက္ခတွေကြောင့် ဖြုတ်ပစ်တာ၊ အရေးယူတာက တပိုင်းဖြစ်ပါတယ်။ ၁၉၅၀ စုနှစ်များကစလို့ ဒီနေ့အထိ နှစ်ပေါင်း ၆၀ ကျော် တောက်လျှောက် တည်ဆောက်၊ ခြေကုပ်ယူ၊ အားဖြည့်ခဲ့တဲ့ ဒီစစ်ဗျူရိုကရေစီယန္တရားကြီးဟာ အခုအခါမှာ ပဒေသရာဇ် မင်းဆက်ကြီးတခုလို၊ ရောမမာဖီးယားဂိုဏ်းကြီးတခုလို ဖြစ်လာခဲ့ပါပြီ။ အစိုးရဆိုသူတွေက သူတို့ကို မကိုင်တွယ်နိုင်၊ ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးဆိုတဲ့ ဆိုင်းဘုတ်/မျက်နှာဖုံးကိုလည်း သူတို့က တပ်ထားနိုင်၊ ပြည်တွင်းစစ်ကိုလည်း မီးစတဖက်၊ ဓာတ်ဆီပုံးတဖက်၊ ထင်သလိုလုပ်နိုင်၊ တိုင်းပြည်ရဲ့ သဘာဝသယံဇာတနဲ့ ဘဏ္ဍာအရင်းအမြစ်မှန်သမျှကို ချုပ်ကိုင်နိုင်နေတဲ့အပြင် ကိုယ်ပိုင်နိုင်ငံရေးပါတီနဲ့ ကိုယ်ပိုင်ထောက်လှမ်းရေးတပ်အပြင် ကိုယ်ပိုင်ဘာသာရေးအဖွဲ့အစည်းတွေ တောင်ရှိတဲ့ အစိုးရထဲကအစိုးရတခုဖြစ်နေတဲ့ စစ်အုပ်စုဟာ သမိုင်းတလျှောက်မှာ သူတို့အဖို့ အမြင့်ဆုံးအာဏာ အခွင့်အရေးတွေကို စံစားနေရတဲ့ကာလလို့ ဆိုနိုင်ပါတယ်။ ဒါ့အပြင် စစ်အုပ်စုရဲ့ဒီနေ့အနေအထားဟာ ဗမာပြည်သမိုင်းတလျှောက်မှာ နိုင်ငံရေးအရ၊ စစ်ရေးအရ၊ စီးပွားရေးအရ အခိုင်မာဆုံးနဲ့ သူတို့အတွက် အာမခံချက်အရှိဆုံး အနေအထားလို့လည်း ပြောနိုင်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပါလီမန်ထဲကို ခွေးတိုးပေါက်ကနေ ဝင်လို့ရတဲ့အပြင် ပါလီမန်ထဲမှာ ထင်သလိုလုပ်ပိုင်ခွင့်ရနေပါတယ်။ နောက်ပြီး အာဏာရှိတုန်း လုပ်ချင်သလိုလုပ်ခဲ့တာတွေကို အာဏာမရှိတဲ့အခါ တရားဥပဒေနဲ့ အရေးယူမခံရဖို့ အာမခံချက်ရထားတာ၊ အချိန်မရွေး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တရားဝင်အာဏာ သိမ်းခွင့်ရနေတာ၊ ဒီလိုအနေအထားမျိုးတွေကြောင့် ဗမာပြည်က ဒီနေ့အထိရှိခဲ့တဲ့ စစ်အုပ်စုအဆက်ဆက်ထဲမှာ အင်အားအတောင့်ဆုံး၊ သူတို့အာဏာတည်မြဲရေးအတွက် အာမခံချက်အရှိဆုံးနဲ့ စီးပွားရေးအရလည်း အချမ်းသာဆုံးစစ်အုပ်စုလို့ အတိအကျ ဆိုလို့ရပါတယ်။

ဗမာပြည်က စစ်အုပ်စုလက်ထဲကစစ်တပ်မှာ တခြားနိုင်ငံတွေက ပုံမှန်စစ်တပ်တွေနဲ့မတူတဲ့ ဒီထူးခြားချက်တွေ ရှိတယ်လို့ ဆိုရပါမယ်။ စစ်တပ်ကို အစိုးရကလည်း အမိန့်မပေးနိုင်၊ ပါလီမန်ကလည်းမညွှန်ကြားနိုင်၊ လူထုတစု၊ လူတစုထဲမှာတောင် ထိပ်ဆုံးကတဦးတည်းကသာ အမြင့်ဆုံးအာဏာကို ချုပ်ကိုင်ပြီး အမိန့်ပေးညွှန်ကြားနိုင်ပါတယ်။ သူတို့လက်ထဲမှာ ဦးပိုင်လို ဒီတိုင်းပြည်မှာ အကြီးဆုံး၊ အကြွယ်ဝဆုံးကုမ္ပဏီကြီးအပြင် ခရိုနီပေါင်းများစွာရဲ့စီးပွားရေး လုပ်ငန်းကြီးတွေ ရှိနေပါတယ်။ သူတို့ရဲ့"တရားဝင်" အာဏာကို အပြည့်အဝ အာမခံပေးထားတဲ့ ၂၀၀၈ အခြေခံဥပဒေဆိုတာကြီး အခိုင်အမာ ရှိနေပါတယ်။ ဒီနိုင်ငံမှာ ဘယ်အရေးကိစ္စမဆို စစ်တပ်ကသဘောမတူရင် ဆုံးဖြတ်ချက်ချလို့မရအောင် လုပ်ထားတဲ့ အခြေခံဥပဒေဆိုတာမျိုးကို ကမ္ဘာပေါ်က တခြားနိုင်ငံတွေမှာ ရှိ(ဖူး)တယ်လို့ မကြားဖူးတာအမှန်ပါ။

ဒါကြောင့် တိုင်းပြည်ရဲ့ ကာကွယ်ရေးသာမက ပြည်ထဲရေး (ရဲ၊ ထောင်အပါ)၊ တရားရေး၊ နယ်စပ်ရေးရာတို့ကိုလည်း အပိုင်ချုပ်ကိုင်ထားနိုင်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနအပါ ဝန်ကြီးဌာနတော်တော်များများမှာ အတွင်းဝန်ချုပ်တွေဟာ စစ်ဗိုလ်လူထွက်တွေဖြစ်ပြီး သံရုံးတိုင်းလိုလိုမှာ သူတို့လူတွေဟာ အရေးကြီးတဲ့နေရာတွေမှာ ရှိနေပါတယ်။ ဒီစစ်အုပ်စုကြီး၊ စစ်ထိပ်သီးစည်းပိုင်းအတွင်းရောက်လိုက်တယ်ဆိုရင် ကိုယ့်အထက်ကထိပ်သီးအဆက်ဆက်ကို သေတပန်သက်တဆုံး သစ္စာရှိကြရပါတယ်။ ကိုယ့်ကို အရေးယူ၊ ထုတ်ပစ်၊ ထောင်ချပစ်ရင်တောင်မှ "တပ်မတော်ကိုစိတ်နဲ့တောင်မပြစ်မှားဘဲ" နေရပါတယ်။ တဖက်မှာတော့ လက်ရှိနန်းတက်နေတဲ့ စစ်အုပ်စုထိပ်သီးတွေဟာ အရင်ကထိပ်သီးဟောင်းတွေရဲ့ ဆွေတော်မျိုးတော်တွေကို ကြည့်ရှုစောင်မရတဲ့အစဉ်အလာ လုပ်ထားပါတယ်။ ဒီနေ့ဗမာပြည်မှာ ကောင်းစားနေကြတဲ့ ခရိုနီသူဌေးတွေထဲမှာ အများစုဟာ စစ်အုပ်စုအဆက်ဆက်ရဲ့ စစ်ဆွေစစ်မျိုးတွေလို့ပြောရင် မမှားဘူးထင်ပါတယ်။ တခြားမပြောနဲ့ တလောကလုပ်သွားတဲ့ သူရဲကောင်းစစ်သည်များ ဂုဏ်ပြုပွဲဆိုတာကိုပဲ ကြည့်ပါ။ အဲဒါဟာ ဗမာပြည်မှာ စစ်အုပ်စုနဲ့ စစ်အာဏာရှင်ရဲ့ဗိသုကာကြီး၊ လမ်းဖောက်သူကြီး၊ အစဉ်အလာ ထူထောင်သူကြီးဖြစ်တဲ့ ဗိုလ်နေဝင်းသေတဲ့ရက်ကို ကျင်းပနေကြတာမဟုတ်ပါလား။ စစ်အုပ်စုရဲ့သားမြေးတွေ ခရိုနီစာရင်းမှာ ဗိုလ်နေဝင်းသားသမီးတွေ ထိပ်ဆုံးကပါနေတာကို အထူးမပြောတော့ပါဘူး။

ဗိုလ်နေဝင်းချမှတ်ခဲ့တဲ့ ဒီစစ်အုပ်စုရဲ့အစဉ်အလာတွေထဲမှာ သူတို့ နိုင်ငံရေးအကျပ်အတည်းဖြစ်ရင် ပြည်တွင်းမှာ ငြိမ်းချမ်းရေးဆိုတဲ့ဖဲချပ်ကို ချကစားတာပါပဲ။ ၁၉၆၂ ခုနှစ်တုန်းကအာဏာသိမ်းပြီး ၇ ရက်ဇူလိုင်အရေးအခင်းကြီးမှာ ကျောင်းသားတွေကို သတ်လိုက်ပြီးနောက် ပြည်တွင်းပြည်ပရဲ့ချဉ်ဖတ်ဖြစ်နေတဲ့ "တော်လှန်ရေးကောင်စီ"ဟာ ၁၉၆၃ ခုနှစ်ထဲဝင်ပြီးတာနဲ့ ပြည်တွင်းငြိမ်းချမ်းရေး မျက်လှည့်ပွဲကို စတော့တာပါပဲ။ နောက်ဆုံးမှာ လက်နက်ကိုင်တိုက်နေသူတွေထဲက လက်နက်ချသူတွေပေါ်လာပြီး မချသူ

တွေကို တောထဲပြန်နိုင်းတာနဲ့ အနိုင်ပိုင်းလိုက်တာပါပဲ။ အဲဒီနောက် ၁၉၈၀ ခုနှစ်ထဲမှာ တရုတ်က သူ့နယ်စပ်မှာ အေးချမ်းတာဖြစ်စေချင်လို့ ဗိုလ်နေဝင်းကို နယ်စပ်နေ လက်နက်ကိုင်တော်လှန်နေတဲ့ အင်အားစုတွေနဲ့ ဆွေးနွေးခိုင်းတော့ ဗိုလ်နေဝင်းလည်း ချောက်ကျပြီး ဆွေးနွေးတယ်ဆိုတာ လုပ်လိုက်ပါတယ်။ ဒါပေမဲ့ ဒါဟာလည်း အပေါ်ယံသာမို့ တော်လှန်ရေးသမားအားလုံးကို တောထဲကိုပဲ ပြန်ပို့သလိုဖြစ်ခဲ့ပါတယ်။ အခု လုပ်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဆိုတာမှာလည်း အဓိက အဆုံးအဖြတ်ဟာ စစ်တပ် (စစ်အုပ်စုထိပ်သီး)တွေထဲမှာပဲရှိပြီး ပြည်တွင်းပြည်ပကို လိမ်လည်တဲ့ပြပွဲကြီးဖြစ်တယ်ဆိုတာ ပေါ်လာသထက် ပေါ်လာနေပါတယ်။ စစ်တပ်အဖို့ကတော့ သူတို့အောက် ဝင်လာသမျှကို အမြတ်လို့သဘောထားပြီး လုပ်ဦးမှာသေချာပါတယ်။ တကယ်က ဒီစစ်အုပ်စုမှာ ပြည်တွင်းစစ်ကို ပြီးဆုံးစေလိုတဲ့၊ ရပ်စဲသွားစေချင်တဲ့ဆန္ဒ လုံးဝမရှိပါဘူး။ ဒီပြည်တွင်းစစ်ကို အကြောင်းပြုပြီး တပ်ကိုကြီးထွားအောင် တည်ဆောက်၊ အဲဒီတပ်ကြီးနဲ့နိုင်ငံရေးအင်အားစုတွေ (အစိုးရဖြစ်တဲ့အရပ်သားတွေအပါ) အပေါ် အနိုင်ကျင့်၊ အဲဒီ တပ်ကြီးအားကိုးနဲ့ သူတို့ကိုဆန့်ကျင်သူ၊ အာခံသူမှန်သမျှကို တရားဥပဒေဘောင်ထဲကနေ တောထဲကို မောင်းပို့ လုပ်နေ/လုပ်ခဲ့တာပါ။ ပြည်တွင်းစစ်မရှိတဲ့ အိန္ဒိယ၊ တရုတ်၊ မလေးရှား၊ စင်္ကာပူစတဲ့နိုင်ငံတွေက စစ်တပ်တွေရဲ့ အခန်းကဏ္ဍနဲ့ နှိုင်းယှဉ်လိုက်ရင် ဗမာပြည်က စစ်တပ်လုပ်နေတာတွေဟာ ဘယ့်ကလောက်တရားလွန်တယ်ဆိုတာ အထင်းသား မြင်နိုင်ပါတယ်။ တောထဲကခေါင်းဆောင်တွေကို ဖမ်းမိရင် “ဗိုလ်နေဝင်းက “မြေပေါ်မှာ ကွန်မြူနစ်ရှားလို့ မင်းတို့ကိုခေါ်လာခိုင်းတာမဟုတ်ဘူး”လို့ပြောပြီး တောထဲမှာပဲ သတ်ခိုင်းလိုက်တာဟာ စစ်မြေပြင်က သူတို့သဘောထားဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးတယ်ဆိုပြီး မာန်မလျှော့တဲ့အင်အားစုတွေကို တောထဲပြန်ပို့တာဟာ စားပွဲဝိုင်းပေါ်က သူတို့ရဲ့ သဘောထား ဖြစ်ပါတယ်။

အဲဒီလို ဗိုလ်နေဝင်းရဲ့ စစ်အာဏာရှင်အစဉ်အလာနဲ့လုပ်ဟန်တွေကို ဆက်ခံထားတဲ့ ဒီနေ့စစ်အာဏာရှင်တွေဟာ ဗိုလ်နေဝင်းတို့လက်ထက်ကတည်းကရှိခဲ့တဲ့ သူတို့ရဲ့အာဃာတတွေကိုလည်း ဆက်လက်ထိန်းသိမ်းထားပါတယ်။ အဲဒါကတော့ ကွန်မြူနစ်ပါတီအပေါ်၊ ဗိုလ်ချုပ်အောင်ဆန်းအပေါ်နဲ့ ပြည်တွင်းကတိုင်းရင်းသားတွေနဲ့ တရုတ်ကုလားစတဲ့ ပြည်တွင်းကလူမျိုးခြားတွေအပေါ် မုန်းတီးမှုပါ။ အခု အာဏာရှင်မျိုးဆက်က ထပ်တီထွင်အသုံးပြုလိုက်တာက ဘာသာရေးအာဃာတပဲ ဖြစ်ပါတယ်။ သမိုင်းတလျှောက် မရှိခဲ့တဲ့ ဘာသာမတူသူတွေအကြားမှာ ပြဿနာတွေကို မပြတ်ဆက်တိုက် ဖန်တီးနေသလို ဗုဒ္ဓဘာသာကိုလည်း သမိုင်းမှာမရှိဘူးတဲ့၊ ဗုဒ္ဓဘာသာရဲ့အခြေခံကျင့်စဉ်နဲ့လည်း မကိုက်ညီတဲ့ တခြားဘာသာဝင်တွေအပေါ် ရန်လိုတဲ့ဘာသာတရပ် ဖြစ်လာအောင် ပြောင်းပစ်ဖို့၊ သမိုင်းမော်ကွန်းထိုးဖို့ လုပ်နေပါတယ်။

စစ်အုပ်စုနဲ့ပတ်သက်လို့ နောက်ပြောစရာတခုက ထောင့်ကိုးရာငါးဆယ်စုနှစ်များကတည်းက တည်ထောင်ထားတဲ့ သူတို့ရဲ့ တလက်ကိုင် စစ်ထောက်လှမ်းရေးအဖွဲ့ကြီးနဲ့ ဒါနဲ့တဆက်စပ်တည်းလိုဖြစ်တဲ့ စုဆောင်းထားတဲ့သတင်းတွေ၊ မွေးထားတဲ့ သတင်းပေးတွေ၊ ဆရာအခေါ်ခံထားတဲ့လက်နက်ချတွေ အဆောက်အအုံကြီးတခုလို ရှိနေတာဖြစ်ပါတယ်။ တိုင်းပြည်မှာ ဖဆပလ၊ ပထစ၊ မဆလ၊ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ၊ ဗိုလ်သိန်းစိန်၊ အခု အင်န်အယ်လ်ဒီ စသဖြင့် အစိုးရအမျိုးမျိုး၊ စစ်အာဏာရှင်အမျိုးမျိုး အာဏာရခဲ့ကြပေမယ့် ဒီအဆောက်အအုံကြီးဟာ စစ်အုပ်စုတခုတည်းကိုသာ သစ္စာရှိပါတယ်။ လက်နက်ချသတင်းပေးတွေဆိုရင် ဘယ်အစိုးရပဲတက်တက် စစ်အာဏာရှင်များနဲ့ထောက်လှမ်းရေးကိုပဲ အလုပ်အကျွေးပြု နာခံကြရပါတယ်။ ရုပ်ရှင်နယ်ပယ်နဲ့ နိုင်ငံရေးလောကကလူတွေအပါ တိုင်းပြည်မှာ နာမည်ရှိသူတွေရဲ့ အားနည်းချက်၊ ချွတ်ယွင်းချက်တွေကိုလည်း ထောက်လှမ်းရေး စုဆောင်းထားတဲ့သတင်းတွေဆိုတာတွေထဲမှာ ပါနေပြီး သူတို့ဟာ အဲဒီအချက်အလက်တွေကို လိုအပ်ရင်လိုအပ်သလို ကောက် ကျစ်စွာ အသုံးပြုတာ၊ အကျပ်ကိုင်တာတွေ လုပ်ကြပါတယ်။ သင်းတို့တတွေ ဒီနေ့လို ဒါလောက်ချမ်းသာနေကြတာ သမိုင်းမှာ မကြုံစဖူးပါ။

ချမ်းသာတာမှ တဦးတယောက် မဟုတ်၊ ဆွေစဉ်မျိုးဆက်၊ မိတ်ပေါင်းဆွေသဟာ၊ ဗမာပြည်ရဲ့ဓန လေးပုံသုံးပုံလောက်ဟာ သူတို့အိတ်ထဲရောက်နေတဲ့ အခြေအနေပါ။ ဒီလိုအခြေအနေရောက်အောင် လက်နက်အာဏာနဲ့လုပ်ခဲ့ရတာဖြစ်ပြီး ဒါကို လက်နက်အာဏာနဲ့ကာကွယ်ရမယ်ဆိုတဲ့အသိဟာ သူတို့တတွေ အမြဲနှလုံးသွင်း ပရိတ်ရွတ်သလိုရွတ်နေရတာမို့ အိပ်မက်မက်ရင်းတောင် ယောင်ယမ်းပြောထွက်မယ့် စကားမျိုးတွေဖြစ်ပါတယ်။ ဒီလိုအဆောက်အအုံကြီးတခု၊ ယန္တရားကြီးတခုကို နားချရုံလောက်နဲ့ လွယ်လွယ်ပြောင်းပစ်နိုင်မယ်၊ ပပျောက် သွားအောင်လုပ်နိုင်မယ်လို့စဉ်းစားတဲ့လူကို ဘယ်လိုပြောမလဲ။

ဦးခင်မောင်မြင့်သတိပေးတာ အင်မတန်မှလျော်ကန်တယ်လို့ ထင်ပါတယ်။ သူ့စကားဟာ ဗမာပြည်မှာ နိုင်ငံရေး လုပ်တဲ့/လုပ်မယ့်လူတိုင်းကို ပြောနေသလိုရှိပါတယ်။ အထက်မှာရေးခဲ့တဲ့အချက်တွေဟာ စစ်အုပ်စုနဲ့ပတ်သက်လို့ ပြီးပြည့်စုံပြီလို့ လုံးဝ မယူဆမိပါဘူး။ စဉ်းစားစရာအချက်အလက် ဝေမျှတယ်လို့ပဲ သဘောထားစေချင်ပါတယ်။ အင်္ဂလိပ်စကားမှာ ငွေရှိရင် ဘာမဆို လုပ်လို့ရတယ်လို့ယူဆတဲ့လူတွေဟာ ငွေအတွက်ဆိုရင် ဘာမဆိုလုပ်မှာပဲဆိုတဲ့ ပြောရိုးစကားရှိပါတယ်။ ဗမာပြည်စစ်အာဏာရှင်တွေက ပြသလိုက်တဲ့တရားကတော့ အာဏာရှိရင် ဘာမဆိုလုပ်လို့ရတယ်လို့ယူဆတဲ့ ဗိုလ်ချုပ်တွေဟာ အာဏာအတွက်ဆိုရင် ဘာမဆို လုပ်မယ်ဆိုတာပါပဲ။

ရဲဘော်ဖိုးသံချောင်း

မျှော်လေတိုင်း ဝေးနေဦးမှာပါ

မောင်မိုးဦး

ရခိုင်ကိစ္စနဲ့ပတ်သက်ပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က အသံလွှင့်မိန့်ခွန်းတွေပေးပြီး ရှင်းပြတယ်။ နိုင်ငံတကာက ပြောနေဆိုနေ၊ စွပ်စွဲနေတာတွေကို လက်တွေ့အလုပ်နဲ့တုံ့ပြန်ပြမယ်လို့လည်းပါတယ်။ ရခိုင်ကိစ္စကိုလည်းအတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဥက္ကဋ္ဌ လုပ်ပြီး ကိုင်တွယ်မယ်လို့လည်းပြောပါတယ်။

အင်န်၊ စီ၊ အေ (NCA) သဘောတူညီချက်ကို လက်မှတ်ထိုးတဲ့ ၂ နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားမှာလည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ ကာချုပ်၊ သက်ဆိုင်ရာအဖွဲ့အစည်းခေါင်းဆောင်တွေ၊ အလုပ်အဖွဲ့တွေရဲ့ခေါင်းဆောင်တွေကလည်း မိန့်ခွန်းပေးတာ၊ စာတမ်းဖတ်တာတွေ လုပ်ကြပါတယ်။ အဲဒီမိန့်ခွန်းတွေ၊သဘောထားတွေကိုကြည့်ရင် ပြဿနာရဲ့အရင်းအမြစ်ကို ရှာဖွေဖော်ထုတ်ပြီး အခြေခံကျကျ ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတာတွေကို ရှင်းရှင်းလင်းလင်းပြောကြ၊ဆိုကြတာ မတွေ့ရပါ။ ထမင်းရည်ပူလာ လျှာလွှဲစကားမျိုး၊ ကြုံကြုံဖန်ဖန် အကောင်းမြင်တဲ့စကားမျိုး၊ မရောင်ရာဆီလူးတဲ့စကားမျိုးတွေပဲ ခပ်များများဖြစ်နေပါတယ်။ ကာချုပ်ကတော့ မောက်မောက်မာမာနဲ့ ခြိမ်းခြောက်ဟိန်းဟောက်တဲ့စကားတွေတောင်ပါပါသေးတယ်။ ရခိုင်ပြည်နယ်ကိစ္စအပါအဝင် ဗမာပြည်တပြည်လုံးမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာအရပ်ရပ်ကို တာဝန်ယူဖြေရှင်းရမယ့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ ကနေ့လုပ်ဆောင်ချက်တွေဟာ နာတာရှည်ရောဂါသည်ကို ဆေးမြီးတိုနဲ့ကုဖို့ကြိုးစားနေသလို ဖြစ်နေပါတယ်။ တချို့ကိစ္စဆိုရင် အနာတခြား ဆေးတခြားတောင် ဖြစ်နေပါတယ်။

ကနေ့ ဗမာပြည်မှာဖြစ်ပေါ်နေတဲ့ ပြဿနာတွေရဲ့အရင်းအမြစ်ဟာ လွတ်လပ်ရေးရကတည်းကဖြစ်ပေါ်ခဲ့တဲ့ပြဿနာတွေပါပဲ။ လွတ်လပ်ရေးကြေညာခဲ့တဲ့ ဖဆပလ အစိုးရဟာ အာဏာရလာကတည်းက အင်္ဂလိပ်နယ်ချဲ့သမားအစိုးရရဲ့ သွေးခွဲအုပ်ချုပ်

တဲ့ စနစ်ကိုဆက်ခံကျင့်သုံးပါတယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်စဉ်ကာလက အမျိုးသားစည်းလုံး ညီညွတ်မှု ရရှိခဲ့ပေမယ့် ဖဆပလ အစိုးရ အာဏာရလာပြီးတဲ့နောက်မှာ ဖဆပလ အစိုးဟာ ဗမာလူမျိုးကြီးဝါဒကို တစတစ အကောင်အထည်ဖော်လာပါတယ်။ အမျိုးသားပြိုကွဲမှုဟာ အရှိန်ပိုမြင့်လာတဲ့အခါမှာတော့ ပြည်တွင်းစစ် ပေါက်ကွဲတော့တာပါပဲ။ ဖဆပလ အစိုးရဟာ ဗမာပြည်ကွန်မြူနစ်ပါတီကို တချီတည်း အပြီးချေမှုန်းနိုင်မယ်လို့တွက်ဆပြီး အလစ်အငိုက်ယူကာ ပြည်တွင်းစစ်ကို စခင်းခဲ့တာပါပဲ။ ဒါပေမဲ့ ဖဆပလအစိုးရ တွက်ကိန်းမှားသွားပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကို မချေမှုန်းနိုင်တဲ့အပြင် ဖဆပလ အစိုးရရဲ့ လူမျိုးကြီးဝါဒကြောင့် အမျိုးသားလူနည်းစုတွေလည်း လက်နက်ကိုင်တော်လှန်ရေးကို တဖွဲ့ပြီးတဖွဲ့ဆင်နွှဲလာတဲ့အခါမှာ ပြည်တွင်းစစ်မီးဟာ အရှိန်ပိုမြင့်လာခဲ့တယ်။

ဖဆပလ အစိုးရဟာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ သူမနာ၊ ကိုယ်မနာ ငြိမ်းချမ်းရေးလမ်းစဉ်ကို ငြင်းပယ်ပြီး အပြုတ်တိုက်ရေးလမ်းစဉ်ကိုပဲ ကျင့်သုံးခဲ့တယ်။ ၁၉၆၂ မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်းစစ်အုပ်စုက အာဏာသိမ်းတယ်။ ဖဆပလ အစိုးရရဲ့ ပြည်တွင်းစစ်ခင်းရေး အပြုတ်တိုက်ရေးလမ်းစဉ်ကို ဆက်လက်ကျင့်သုံးတယ်။ ဗိုလ်နေဝင်းစစ်အုပ်စုရဲ့ တော်လှန်ရေးကောင်စီအစိုးရဟာ စီးပွားရေး၊ပညာရေးတွေမှာ ကမောက်ကမပေါ်လစီတွေ သုံးစွဲပါတယ်။ ဒါကြောင့် ၆၂ ဇူလိုင် ၇ ကျောင်းသားအရေးအခင်း၊ ၆၇ ရခိုင်ဆန်လုပွဲအရေးအခင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးကိုဝင်စီးတဲ့ အရေးအခင်းတွေ ဖြစ်ပေါ်တယ်။ ဗိုလ်နေဝင်းစစ်အုပ်စုဟာ အဲ့ဒီအချိန်ကစပြီး တပ်မတော်ကို စစ်အုပ်စုရဲ့လက်ကိုင်တုတ်အဖြစ် အသုံးချတော့တယ်။ စစ်အုပ်စုကိုမလိုလားတဲ့ တပ်မှူးတွေကိုလည်း တပ်က ထုတ်ပစ်ပြီးဖြစ်လေတော့ ဗိုလ်နေဝင်းဟာ စစ်အာဏာရှင်ကြီး ဖြစ်လာပြီး သူကျင့်သုံးတာကလည်း စစ်အာဏာရှင်စနစ်ဖြစ်လာပါတယ်။ အဲဒါကြောင့် ကျောင်းသားအရေးအခင်းတွေ၊ လူထုဆန္ဒလုတဲ့အရေးအခင်းတွေ၊ အလုပ်သမားအရေးအခင်းတွေ၊ လယ်သမားအရေးအခင်းတွေ အားလုံးကို စစ်တပ်က ပစ်ခတ်နှိမ်နင်းစေခဲ့တာချည်းပဲ ဖြစ်တယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ စစ်မိန့်အောက် ရောက်သွားတော့တယ်။ ပြည်တွင်းစစ်ကိုလည်း ဖြတ်လေးဖြတ်စနစ်နဲ့ ရက်ရက်စက်စက် တိုက်ခိုက်တော့တယ်။ ဖြတ်လေးဖြတ်စနစ်ဆိုတာ စစ်တပ်အတွက် စစ်ဆင်ရေးမှာ စစ်မိန့်ကလွဲပြီး ဘာဥပဒေမှလိုက်နာစရာမလိုတဲ့ စနစ်ဖြစ်တယ်၊ စစ်ဆင်ရေးဝှင်(ခွင်)အတွင်းမှာ လူသူလေးပါးကင်းရှင်းသွားအောင်လုပ်တဲ့စနစ်လည်းဖြစ်တယ်။ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး မတိုင်ခင်မှာဆိုရင် ပြည်တွင်းမှာ ရွာပုန်း၊ ရွာရှောင်တွေ အများကြီး ပေါ်ပေါက်လာတယ်။ နယ်စပ်ဒေသတွေမှာဆိုရင် တဖက်နိုင်ငံထဲ နယ်နမိတ်မျဉ်းနဲ့မနီးမဝေးတွေမှာ ရွာပုန်း၊ ရွာရှောင်တွေအဖြစ်နဲ့ နေကြတာ ရှိပါတယ်။ ထိုင်း၊ တရုတ်၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် နယ်စပ်မျဉ်းအားလုံးမှာ ဒီလိုချည်းပဲဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက် ဘူးသီးတောင်၊ မောင်းတော၊ ရသေ့တောင်ဘက်က မွတ်စလင်တွေ ဘင်္ဂလားဒေ့ရှ်နယ်ထဲကို အစုလိုက်အပြုံလိုက် ပြေးဝင်တာတွေ အဲဒီတုန်းကလည်း ရှိခဲ့ဖူးတာပဲ။ ရှစ်လေးလုံး လူထုအုံကြွမှုကြီးပေါက်ကွဲပြီးတဲ့နောက်မှာတော့ နယ်စပ်ကလူတွေရော ပြည်တွင်းအတွင်းပိုင်းကလူတွေပါ အစုလိုက် အပြုံလိုက် အိမ်နီးချင်းနိုင်ငံတွေထဲကို ရောက်သွားပါတယ်။ ထိုင်းဘက်မှာတော့ ဒုက္ခသည်စခန်းတွေ ဖွင့်ခွင့်ပေးလိုက်တဲ့အခါမှာတော့ ဒုက္ခသည်တွေသိန်းနဲ့ချီပြီး ရောက်ရှိကုန်ပါတယ်။

တတိယနိုင်ငံကို ရောက်သွားသူတွေလည်း သိန်းဂဏန်းနီးပါးဖြစ်နေတာပဲ။ ဒီလိုအဝေးရောက်သွားတာတွေ၊ ဒုက္ခသည်တွေဆိုတာ လူမျိုးပေါင်းစုံပါပဲ။ လတ်တလော ရခိုင်ပြည်နယ်ဘက်မှာဖြစ်နေတဲ့ကိစ္စဟာ ဖဆပလ အစိုးရကအစ၊ စစ်အစိုးရအဆက်ဆက်လုပ်ခဲ့တဲ့ သွေးခွဲအုပ်ချုပ်ရေးစနစ်ရဲ့ ရလဒ်ဖြစ်ပါတယ်။ လူမျိုးရေးအရ၊ဘာသာရေးအရ သွေးကွဲအောင် အုပ်ချုပ်သူအဆက်ဆက် ဖန်တီးခဲ့တယ်။ အဲ့ဒါကြောင့် ရခိုင်ပြည်နယ်မှာ မူလဌာနေတိုင်းရင်းသားလူမျိုးတွေနဲ့ နောက်မှဝင်ရောက်လာသူတွေအကြား လူမျိုးမတူညီတာ၊ ဘာသာရေးအရ ကွဲပြားတာတွေကို အကြောင်းပြုပြီး အမုန်းပွားခဲ့ကြပြီး အစေးမကပ်တော့တာတွေ ဖြစ်ကုန်တယ်။ ဒီအပြင် စစ်အစိုးရက တိုင်းရင်းသားနိုင်ငံသားနဲ့ တိုင်းရင်းသားမဟုတ်တဲ့နိုင်ငံသားဆိုပြီး နိုင်ငံသားချင်းတူပေမယ့် အဆင့်အတန်း ခွဲထားတာဟာ ပြဿနာကို ပိုမိုကြီးထွားစေခဲ့တယ်။ တချိန်တည်းမှာ တရားမဝင်ခိုးဝင်သူတွေလည်း ရှိသင့်သလောက်ရှိပါတယ်။ ဒီနောက်ပိုင်းမှာ နိုင်ငံသားတွေရော နောက်မှခိုးဝင်လာသူတွေကိုပါ နိုင်ငံမဲ့တွေဖြစ်အောင်လုပ်လိုက်တော့ ပြဿနာဟာ ရှုပ်သည်ထက်ရှုပ်၊ အမုန်းပွားမှုတွေက ကြီးထွားသည်ထက်ကြီးထွားကုန်တယ်။ ဒီလိုအခြေအနေမှာ အကြမ်းဖက်သမားတွေက အခွင့်ကောင်းယူပြီး စည်းရုံးသိမ်းသွင်းသွားတာပဲ၊ ဒီလိုအခြေအနေမှာ ဖြတ်လေးဖြတ်စနစ်နဲ့လက်ယဉ်နေတဲ့ စစ်တပ် လွှတ်လိုက်တော့ ဒီတပ်ကို ဘယ်သူမှအတွေ့မခံရဲတာ (တပ်ရဲ့ဘေးရန်က ရှောင်တာ) ဆန်းတဲ့ကိစ္စမဟုတ်ပါ။ အခု ထွက်ပြေးသူတွေ ပြန်လည် လက်ခံဖို့ဆိုတာမှာ အခက်အခဲအများကြီးရှိတယ်။

သူတို့စွန့်ခွာခဲ့တဲ့ရွာတွေမှာ သူတို့ပြန်နေဖို့ စားဝတ်နေရေး၊လုံခြုံရေးတွေကို တာဝန်ယူရမယ်။ ဒီအပြင် အကြမ်းဖက်သမားတွေ ထိုးဖောက်မစည်းရုံးနိုင်အောင် ကိုယ့်ဘက်က စည်းရုံးရေးလုပ်ငန်းတွေလုပ်ရမယ်။ ဒေသတွင်းလူမျိုးတမျိုးနဲ့တမျိုး မိတ်မပျက် ရင်းရင်းနီးနီး ပြန်လည်ဆက်ဆံနိုင်အောင်လည်း လုပ်ရမှာဖြစ်တယ်။ ဒီချုပ်အစိုးရရဲ့ လက်ကျန်သက်တမ်းနဲ့တော့ မလုံလောက်နိုင်ဘူး။

ထိုင်းဗမာနယ်စပ်မှာရှိတဲ့ဒုက္ခသည်တွေ မိမိနေရပ်ကိုပြန်လာနိုင်အောင်လည်း မနည်းကြိုးစားလုပ်ဆောင်ရမှာဖြစ်တယ်။ အဲဒီ ဒုက္ခသည်တွေဟာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ သူတို့က မွေးဖွားတဲ့ကလေးတွေဟာ နိုင်ငံမဲ့ကလေးတွေတောင် ဖြစ်နေကုန်ပြီ။ ဘယ်လိုဖြေရှင်းမလဲ။ လက်ရှိပြည်တွင်းမှာ စစ်ရှောင်ဒုက္ခသည်ကိစ္စတွေကလည်း အများအပြားပဲ။ စစ်အစိုးရ အဆက်ဆက်က အပစ်အခတ်ရပ်စဲရေးကို အားလုံးတပေါင်းတစည်းတည်းလုပ်ခဲ့တာမဟုတ်ပါ။ အဖွဲ့အစည်းတခုချင်းမှာ ကွဲပြဲသွားခဲ့တဲ့အခါ ကွဲသွားတဲ့

အစိတ်အပိုင်းကို အဖွဲ့အစည်းတခုအဖြစ် အသိအမှတ်ပြုပြီး အပစ်အခတ်ရပ်စဲ ရေးလုပ်ခဲ့တာဖြစ်တယ်။ ဒါကြောင့် နအဖ ခေတ်မှာ အပစ်အခတ်ရပ်ပြီး ငြိမ်းချမ်းရေးယူတဲ့အဖွဲ့အစည်းဟာ ၂၀ နီးပါးတောင် ရှိသွားပါတယ်။ အခု NCA ဆိုတာ အဲဒီပေါ်လစီရဲ့ အဆက်ပဲဖြစ်တယ်။ တပြည်လုံးအပစ်အခတ်ရပ်စဲရေးကို စစ်အုပ်စုအဆက်ဆက်က လက်ခံလေ့မရှိပါ။ ဒါကြောင့် အပစ်အခတ် ရပ်စဲရေး ငြိမ်းချမ်းရေးကိစ္စမှာ ကာချုပ်က သူ့မူ ၆ ချက်ကို အသေကိုင်ထားတာပဲ။ အပစ်အခတ်ရပ်စဲရေးလုပ်ထားပေမယ့် ကာချုပ်က ထိုးစစ်လုပ်ချင်လုပ်နေတာပဲ။ ဒီကနေ့ ကာချုပ် စိတ်ဝင်စားနေတာက အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ဖို့ မဟုတ်ပါ။ ကာချုပ် စိတ်စောနေတာက လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ လက်နက်တွေကို ဘယ်နည်းနဲ့ဖြုတ်သိမ်းမလဲဆိုတာနဲ့ စစ်အာဏာရှင်စနစ် ဆက်လက်ရှင်သန်အောင် ဘာတွေလုပ်မလဲဆိုတာပဲ ဖြစ်တယ်။

ပြည်ထောင်စုတပ်မတော်တရပ်တည်ဆောက်ဖို့ ပြောဆိုဆွေးနွေးတဲ့အခါမှာ ကာချုပ်က သူတို့တပ်ဟာ ပြည်ထောင်စုတပ်ပါ၊ လူမျိုးပေါင်းစုံ ပါပါတယ်၊ သူကိုယ်တိုင်လည်း ထားဝယ်သားပါ၊ တိုင်းရင်းသားပါလို့ပြောတယ်။ ဒီလိုစဉ်းစားနည်းနဲ့ကတော့ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်တခု တည်ဆောက်ရေးဆိုတာကတော့ အဝေးကြီးပဲ။ အမျိုးသားစည်းလုံးညီညွတ်ရေး၊ လူမျိုးစုံချစ်ကြည်ရင်းနှီးရေးလို့ပြောရင်လည်း သူကိုယ်တိုင် ထားဝယ်သားဖြစ်တယ်၊ သူ့အမျိုးသမီးက ရခိုင်ဖြစ်တယ်လို့ ပြောချင်ပြောနေမှာပါ။

ဒီကနေ့ဗမာပြည်မှာ အပြောင်းအလဲလုပ်ဖို့ တကယ်လိုအပ်နေပါတယ်။ အဲဒီလိုအပြောင်းအလဲဖြစ်ဖို့ဆိုရင် အရင်းအမြစ်ကစပြီး ပြောင်းလဲပစ်ရမှာဖြစ်တယ်။ စစ်အစိုးရအဆက်ဆက် ချမှတ်ကျင့်သုံးနေတဲ့ ပေါ်လစီအရပ်ရပ်ကို ရပ်တန်းကရပ်ပြီး အတွေးသစ်၊ အမြင်သစ်နဲ့လုပ်မှ အပြောင်းအလဲဖြစ်နိုင်မယ်။ ဒီမိုကရေစီအပြောင်းအလဲလုပ်ဖို့ စစ်အာဏာရှင်စနစ်က ခန့်ခွဲခဲ့တဲ့ ပေါ်လစီအရပ်ရပ်ကို ဖျက်သိမ်းပစ်ရမှာဖြစ်တယ်။ ဒါကြောင့် လှုပ်ရှားမှုအားလုံးဟာ ၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းရေးကို သက်ရောက်စေရမှာဖြစ်တယ်။ ဒါကြောင့် တပြည်လုံးအပစ်အခတ်ရပ်စဲရေးကို အစိုးရကကြေညာရမယ်။ ကာချုပ်က အဲ့ဒါကိုအာ မခံရမယ်။ ၂၁ ရာစု ပင်လုံမှာ အားလုံးတန်းတူရည်တူ ပါဝင်ဆွေးနွေးရမှာဖြစ်တယ်။ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ငြိမ်းချမ်းရေးကို ဘယ်လိုတည်ဆောက်မယ်၊ ဖက်ဒရယ်ပြည်ထောင်စု၊ ပြည်ထောင်စုတပ်ဖွဲ့တည်ထောင်ရေးကို ဘယ်လိုတည်ထောင်မလဲကိစ္စကို ဆွေးနွေးရင် အဲဒါတွေထူထောင်နိုင်ဖို့ ၂၀၀၈ အခြေခံဥပဒေကို ပယ်ပြီး အခြေခံဥပဒေသစ်နဲ့ သွားရေးကိစ္စတွေပါ မုချဆွေးနွေးရမယ်။ ဒီအချိန်မှာ ကာချုပ်က ၂၀၀၈ အခြေခံဥပဒေကို အထိပါးမခံဘူးဆိုရင် ပွဲပျက်မှာပဲ။

ဒ့ါကြောင့် ဗမာပြည်မှာ ဒီမိုကရေစီအပြောင်းအလဲကို အညင်သာဆုံးနဲ့ အထိရောက်ဆုံးဖြစ်ဖို့ဟာ ကာချုပ်အပေါ်မှာ လုံးဝမှီတည်နေပါတယ်။ ၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းဖို့၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းဖို့၊ ဒီမိုကရေစီဖော်ဆောင်ဖို့၊ အမျိုးသားစည်းလုံးညီညွတ်ရေးတည်ဆောက်ဖို့ ငြိမ်းချမ်းရေးတည်ဆောက်ဖို့ဆိုတာ စစ်အုပ်စုကိုယ်စားလှယ်ချုပ်က ပိတ်ပင်တားဆီးနေသရွေ့ ဘယ်တော့မှ အောင်မြင်နိုင်မှာ မဟုတ်ဘူး။

ဆင်ကြီးကို ထူးခတ်ပြီးလွှတ်ထားသလို ဒီချုပ်အစိုးရကို စစ်အုပ်စုကလုပ်ထားနေသရွေ့ကတော့ ဗမာပြည်မှာ စစ်အာဏာရှင်စနစ်က ပန်းပန်နေဦးမှာပဲ။ ပြည်သူလူထုကြီးလည်း မွဲသည်ထက်မွဲမှာပဲ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အစစ အရာရာမှာပဲ ကမောက်ကမ ဖြစ်မြဲဖြစ်နေမှာပဲ။ ပြည်တွင်းစစ်ရပ်စဲရေး၊ပြည်တွင်းငြိမ်းချမ်းရေးဟာလည်း ဇာတ်မျောကြီးဖြစ်နေမှာပါပဲ။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးဆိုတာလည်း မျှော်တိုင်းဝေးနေဦးမှာပဲ။

မောင်မိုးဦး

ကိုအေးငွေနှင့်ပတ်သက်၍
ဝါးခယ်မသခင်သိန်းမောင်၏ပြောပြချက်

(မှတ်ချက်။ ။ မျိုးဆက်ဟောင်း ပုဂ္ဂိုလ်တော်တော်များများဟာ သမိုင်းအချက်အလက်အချို့ကို သိပေမယ့် ပြောမသွားနိုင်ခဲ့ကြဘူး။ စစ်အုပ်စုလက်ထက် အနှစ် ၆၀ လောက် အသက်ကို ဖက်နဲ့ ထုပ်ထားကြရလို့ ပြောစရာရှိတာ မပြောသာ၊ ရေးစရာရှိတာ မရေးသာ ဖြစ်ခဲ့ကြရတယ်။ သမိုင်းနစ်နာ ဆုံးရှုံးမှုတွေပါ။ ရဲဘော်ကြီး သခင်သိန်းမောင်ကတော့ ပြောစရာရှိတာတွေ ပြောထားရစ်ခဲ့တယ်၊ ဒါတွေဟာ ဗမာပြည်နိုင်ငံရေးအတွက်ရော ပါတီအတွက်ပါ တန်ဖိုးကြီးလှပါတယ်။ (သခင်သိန်းမောင် အတ္ထုပ္ပတ္တိအကျဉ်းကို 'ခေတ်ရေစီးကြောင်းထဲက ပုဂ္ဂိုလ်များ' စာအုပ်ထဲမှာ တွေ့နိုင်ပါတယ်။) သူ့ရဲ့ပါတီအပေါ် ထားရှိခဲ့တဲ့စေတနာကို ကျွန်တော်တို့က အလေးအမြတ်ထားပါတယ်။ ဒါကြောင့် သူ့စာမူရင်းကို မတည်းဖြတ်ဘဲ ထုတ်ဝေလိုက်ခြင်းဖြစ်ပါတယ်။ သခင်ဗဟိန်းကို သူစာလုံးပေါင်းတဲ့အတိုင်း သခင်ဘဟိန်းလို့ပဲ ဖော်ပြလိုက်ပါတယ်။ သို့သော် အကြောင်းကြောင်းကြောင့် တရုတ်ပြည်ဘက် ဖြစ်ပျက်ခဲ့တာတွေထဲက တချို့ အချက်ကလေးတွေဟာ ကျွန်တော်တို့ သိထားတာလေးတွေနဲ့ ကွဲလွဲ နေပါတယ်။ ဥပမာ.... - ရဲဘော်နော်ဆိုင်းတပ်ကို သင်တန်းပေးတဲ့အထဲ ရဲဘော်အေးငွေ မပါပါ။ - ဥက္ကဋ္ဌမော်၊ ရဲဘော်ချူအင်လိုင်းတို့ နိုင်ငံခြားအဖွဲ့တွေနဲ့ တွေ့တာ၊ ဗမာပြည် ခရီးထွက်တဲ့အခါ သူပါလာတတ်တာမျိုး မရှိခဲ့ပါ။)

စာတည်းအဖွဲ့ (၂၁၊ ၁၁၊ ၂၀၁၇)

နိဒါန်း

ပြည်တွင်းစစ်ပြဿနာဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရတယ်။ ရဲဘော်တစ်ဦးရေးတာပါ။ အဲဒီအထဲမှာ မှားယွင်းတဲ့ အချက်တချို့ကို ထောက်ပြချင်လို့ပါ။ "သခင်ဘဟိန်းခရီးလဲ ဒဂုန်တာရာရေးလို့ သိပြီးပါပြီ။ အများမသိတဲ့ကိစ္စ ရေးပါမယ်။ ကိုဘဟိန်းက သူကိုယ်တိုင်သွားမရတော့ သွားလို့ရတဲ့ရဲဘော်တစ်ယောက် လွှတ်ပါတယ်။ ရောက်ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီက တရုတ်ပြည်မြောက်ပိုင်းမှာ ဂျပန်ကို တိုက်နေရတာပါ။ လက်နက်ကူဖို့ မဖြစ်နိုင်ပါ။ အတွေးအခေါ်နဲ့ စာနာထောက်ခံတာပဲ ကူညီနိုင်ပါတယ်။ ကိုဘဟိန်း လွှတ်လိုက်တဲ့ရဲဘော်နဲ့ ကျွန်တော်တို့ အဆက်ပြန်ရပုံကလဲ ဆန်းပါတယ်။ ဗကပနဲ့မရပါ။ အရင်ဆုံးရတာက ဦးနု၊ ဗိုလ်အောင်ကြီးတို့နဲ့ပါ။" "ဦးနုနဲ့ ချူအင်လိုင်း ဝန်ကြီးချုပ်ချင်း ဆွေးနွေးပွဲမှာ စကားပြန်အခက်အခဲဖြစ်နေလို့ လျှို့ဝှက်ပြီးနေရတဲ့ ကိုဘဟိန်း လွှတ်တဲ့ ရဲဘော်က ဝင်ဘာသာပြန်ပေးရပါတယ်။ ဝါးခယ်မသားချင်းပေမယ့် ဦးနုက မမှတ်မိပါ။ ဦးနုနဲ့ ပါသွားတဲ့ ဗိုလ်အောင်ကြီးက ချက်ချင်းမှတ်မိပါတယ်။ တက္ကသိုလ်မှာ တရုတ်ကပြားချင်းမို့ သူတို့ချင်း သိကြပါတယ်။ ကွဲသွားတာကြာပါပြီ။ ချက်ချင်းမှတ်မိစေတာက ဗိုလ်အောင်ကြီးက အဲဒီရဲဘော်ရဲ့နမနဲ့ ရတာပါ။ သူ့ဇနီးက တရုတ်ပြည်သွားတဲ့ သူ့အကို စစ်ပြီးလဲ ပြန်မရောက် စာလဲ မလာလို့ တနေရာရာမှာသေပြီလို့ ထင်နေတာ။ သေချာအောင် စုံစမ်းခဲ့ဖို့ မှာလိုက်တယ်။ ဒါကြောင့် တွေ့တွေ့ချင်း မှတ်မိတာပါ။" ဒီအထဲက လွဲမှားတဲ့အချက်တချို့ကို ပြင်ဆင်ပေးချင်ပါတယ်။ ကိုအေးငွေအကြောင်းလဲ ပြည့်စုံအောင် သိစေချင်လို့လဲ ပါပါတယ်။

ကိုအေးငွေ

ကိုအေးငွေက စိန်ဂျွန်းကနေ ဆယ်တန်းအောင်တာပါ။ အဲဒါဘယ်သူနဲ့ အတူတူလဲဆိုတော့ ကိုကြည်မောင် (ဗိုလ်မှူးကြီး ကြည်မောင်-နောက် NLD ဦးကြည်မောင်-ယခုကွယ်လွန်)နဲ့ အတူတူပါ။ သူတို့ ၂ယောက်က ငယ်သူငယ်ချင်းတွေလို့ ပြောရင် ရပါ တယ်။ သူတို့ ၂ ယောက်ပဲ တက္ကသိုလ်ကို တစ်နှစ်တည်း ဝင်ပါတယ်။ ၁၉၃၆ ခုနှစ်မှာပါ။ တစ်နှစ်ကြာတော့ *Senier (senior) Inter ပေါ့။ Senier (senior) Interမှာ တက္ကသိုလ်သမဂ္ဂ အမှုဆောင် ဖြစ်တယ်။ ကိုအေးငွေက သူ ဝင်မလုပ်ဘူး။ ဒါပေမယ့် Movement တိုင်းမှာ သူပါတယ်။ နောက် ကိုအောင်ဆန်းတို့၊ ကိုဘဟိန်းတို့၊ ကိုလှရွှေတို့ ခေါင်းဆောင်တွေက သူတို့ ၂-ယောက်ကို အင်မတန် မျက်စေ့ကျပြီး အားကိုးကြတယ်။ ပြီးတော့ လေးလဲလေးစားတယ်၊ ယုံလဲယုံကြည်ကြတယ်။

၁၃၀၀ ပြည့်အရေးတော်ပုံနှင့် အရေးတော်ပုံအကြိုကာလ ၁၃၀၀ ပြည့် အရေးတော်ပုံမဖြစ်ခင်က ရန်ကုန်မှာ ကျောင်းသား Movement နှစ်ခုရှိခဲ့တယ်။ ပထမတစ်ခုက ရန်ကုန်မှာ ပုဒ်မ ၁၄၄ လားမသိဘူး၊ ထုတ်ထားတာရှိတယ်။ ဒါကို ဖီဆန်ပြီးတော့ မြို့မ ကျောင်းကနေ ပုဇွန်တောင် လိပ်ကန်ပန်းခြံအထိ ချီတက်ခဲ့တာ။ ကိုယ်က အဲ့ဒီတုန်းကမပါပါဘူး။ နောက်တစ်ခုက အတွင်းဝန်ရုံးကို ဝိုင်းကြတာ။ ဒီပွဲမှာ ကိုယ်ပါ ပါခဲ့တယ်။ ဒီပွဲတွေမှာ ခေါင်းဆောင်ရတာကတော့ ကိုကြည်မောင်နဲ့ ကိုအေးငွေပဲ။ အဲဒီတုန်းက တက္က သိုလ်ကျောင်းသားသမဂ္ဂ အနေအထားက ကိုအောင်ဆန်းက တို့ဗမာအစည်းအရုံးကို ရောက်သွားတော့ ဥက္ကဌရာထူးက ထွက်လိုက် ရတယ်။ ထွက်ရတော့ ဒုတိယဥက္ကဌ ကိုဘဟိန်းကို ဥက္ကဌရာထူး လွှဲပေးရတယ်။ Inauguration ပေါ့။ ဒါကို သွားတက်ရတယ်။ ကိုအေးငွေက ကိုယ့်ကို အမြဲအကြောင်းကြားတာ။ ကိုယ်က အဲ့ဒီနှစ်ကမှ ကျောင်းပြန်တက်တာ။ ၁၉၃၈-၃၉ ထင်တယ်။ ကန်တော် လေးက ဗမာမွတ်စလင်ကျောင်းမှာ။ အဲ့ဒီကျောင်းမှာက သခင်သန်းထွန်းတို့ *သခင်ကွန်း(ဆရာကွန်း၊ ဗကပနဲ့ တောခိုသွား ရာကနေ အစိုးရစစ်တပ်က ဖမ်းမိပြီး သတ်ပစ်တာခံရသူ။)တို့ကအလယ်တန်းပြဆရာတွေ။ ကိုယ်တို့က အထက်တန်းကျောင်းသား။ ကိုယ်က အဲ့ဒီမှာ ကျောင်းသားပြန်ဖြစ်တော့ ကိုယ့်ဆီ အကြောင်းကြားတယ်။ ဒါ့ကြောင့်သွားဖြစ်တယ်။ ဒေါက်တာဗမော်နဲ့ ဦးစောရဲ့ Devate (Debate) လဲ ရှိတယ်။ အဲ့ဒါလဲ နားထောင်ရတယ်။ ကိုဘဟိန်းဥက္ကဌဖြစ်လာတော့ အတွင်းရေးမှူးက ကိုဗဆွေ။ အဲဒီမှာ ကိုကြည်မောင်လဲ အတွင်းရေးမှူးအရွေးခံဖို့ပဲ။ ကိုဗဆွေ ဝင်ရွေးမယ်ဆိုတော့ သူဖယ်ပေးလိုက်တာ။ ကိုဗဆွေနဲ့ ကိုကြည်မောင်နဲ့ ကလဲ အတော်ရင်းနှီးပါတယ်။

ပထမ Movment မြို့မကျောင်းကနေ ပုဇွန်တောင်လိပ်ကန်ပန်းခြံအထိ ချီတက်ပွဲပြီးလို့ နောက်ထပ် ဒုတိယ Movement အကြောင်းပြောရရင်၊ ရေနံ့မြေ (ရေနံမြေ) တပ်ချီတက်လာတော့ မကွေးအရေးပိုင်က မကွေးကနေ ဆက်မသွားခိုင်းတော့ဘူး။ ဒီ တော့ တို့ဗမာအစည်းအရုံးက ဗမာတပြည်လုံး ဗိုလ်တွေခေါ်တယ်။ ဒီတပ်ကို မဖြစ်မနေ ချီတက်ရမယ်။ တဗိုလ်ကျတဗိုလ်တက်ပေါ့။ အဲ့ဒီမှာ ကိုဘဟိန်းနဲ့ ကိုဗဆွေတို့သွားကြတာ။ သူတို့ သွားတယ်ဆိုတာက ဒီမီးသေးသေးလေးကို ဟုန်းဟုန်းတောက်အောင် လုပ် လိုက်တာ။ ဆက်ပြီးချီတက်ကြ ဘာမှမှုစရာမလိုဘူး။ *"မြင်းခွာတချက်ပေါက်ရင် မီးတချက်တောက်ရမယ်" ("မြင်းခွာတချက်ပေါက် ရင် မီးဟုန်းဟုန်းတောက်ရမယ်"ဆိုတဲ့ မူကွဲ အသုံးအနှုန်း လည်း ရှိပါတယ်။) ဆိုပြီး ကျောင်းသားတွေကို လှုပ်နှိုးလိုက်တယ်။

ကို ဘဟိန်းနဲ့ ကိုဗဆွေတို့ အဖမ်းခံရတော့ သမဂ္ဂဥက္ကဌနေရာကို ကိုလှရွှေ တက်တယ်။ ကိုလှရွှေက ဒေါက်တာလှရွှေ။ ကိုလှရွှေတက်ပြီး အတွင်းဝန်ရုံးကိုဝိုင်းတာပဲ။ အဲဒီ အတွင်းဝန်ရုံး ဝိုင်းဖို့စီစဉ်ရာမှာ ကိုကြည်မောင်နဲ့ ကိုအေးငွေကို တာဝန်ပေးတယ်။ ဒီအတွင်းဝန်ရုံးကို ဝိုင်းဖို့ရာဟာ အခုပြောရင်တော့ သာမန်လောက်ပဲ ဖြစ်မှာပေါ့။ အတွင်းဝန်ရုံးမှာ အပေါက် ဘယ်နှစ်ပေါက် ရှိတယ် ဆိုတာ ဓာတ်ပုံ ရိုက်လို့မရဘူး။ အရှေ့၊ အနောက်၊ တောင်၊ မြောက် နှစ်ပေါက်စီနဲ့ (၈)ပေါက်ရှိတာကို မြေပုံဆွဲပြီးတင်ပြ ရတာပေါ့။ Inner Cell ကိုပေါ့။ အဲ့ဒီအထဲမှာ ကိုအောင်ဆန်းတို့ ကိုဘဟိန်းတို့ ဘာတို့ ပါတာပေါ့။ အဲဒီဝိုင်းတဲ့နေရာမှာ ကိုအေးငွေက ကိုယ့်ကို အကြောင်းကြားတယ်။ မင်းဒီည ငါနဲ့လာအိပ်ဆိုတော့ သူရှိတဲ့ပုဂံဟောကို သွားရတယ်။ သူရော ကိုကြည်မောင်ရောက ပုဂံဟောမှာ နေတာ။ မနက်အစောကြီးမှာပဲ Union ကို ထသွားကြတာ၊ ကျောင်းသားတွေလဲ အများကြီးပဲ။ အဲဒီမှာ ကိုလှရွှေက "ဒီကနေ့ ကျွန် တော်တို့ လုပ်ရမယ့်ဟာက အနည်းဆုံး ဒဏ်ရာရမယ်။ သေမယ်ဆိုရင်လဲ သေသွားနိုင်တယ်။ ခင်ဗျားတို့ စဉ်းစားကြ။"လို့ပြောတယ်။ အကုန်လုံးက "လိုက်မယ်"တဲ့။ နဂိုထဲက စီစဉ်ပြီးသား။ အထက်တန်းကျောင်းသားတွေနဲ့ အခြားကျောင်းသားတွေက မြို့မကျောင်း မှာ စုတယ်။ တက္ကသိုလ်ကျောင်းသားတွေက တက္ကသိုလ်မှာပဲစုတယ်။ SB တို့ ဘာတို့ ဘယ်သွားမယ်မသိအောင် ပြည်လမ်းဘက် က တချို့ထွက်တယ်။ တချို့ ကုက္ကိုင်းဘက်က ထွက်ကြတယ်။ အတွင်းဝန်ရုံးရောက်ကြတော့ အပေါက်တိုင်းကို သပိတ်တားကြ တယ်။ ရုံးချိန်က မနက်၁၀း၀၀ နာရီကနေ ညနေ ၄း၀၀ နာရီအထိ ရှိတယ်။ အဲဒီ မတိုင်မီကတည်းက ချီတက်ပြီး အပေါက်တိုင်းကို ပိတ်ပြီး သပိတ်တားကြတာ။ အဲဒီမှာ ဦးဆောင်တာက ကိုကြည်မောင်နဲ့ ကိုအေးငွေ။ မဂိုလမ်းက အမေရိကန်ဗွီးရှင်း မျက်မှန်ဆိုင် နေရာက ဂေါ်ရာတွေနေတာ။ အင်္ဂလိပ်မြင်းစီးပုလိပ်တွေပေါ့။ နံပါတ်ဒုတ်တွေနဲ့ သပိတ်တားတဲ့ အတွင်းဝန်ရုံးဆီကို လာတာ။ အ ပေါက်တိုင်းမှာ ကျောင်းသားတွေစုပြီး သပိတ်တားကြတယ်။ တချို့ကျောင်းသားတွေက မဝိုင်းဘဲနေကြတယ်။ သပိတ်တားတဲ့ ကိုယ် တို့ကို အတင်းဆွဲထုတ်တယ်။ ဆွဲထုတ်တော့ ကျန်တဲ့လူတွေက ထပ်ဝင်ပြီး သပိတ်တားတယ်။

အဲဒီတုန်းက ပုလိပ်မင်းကြီးက ပရက်စ်ကော့။ သူက အဲဒီတုန်းက နာမည်ကြီးပဲ။ ကိုယ်တို့က မိန်းဂိတ်မှာပေါ့။ အခု ဗိုလ် အောင်ကျော်လမ်း ဟိန္ဒူဘုရားကျောင်းရှေ့နားကဂိတ်က မိန်းဂိတ်။ အရေးအကြီးဆုံးဂိတ်ပေါ့။ ကျောင်းသားတွေ အတွင်းဝန်ရုံးကို

ဝိုင်းတယ်ဆိုတာက ဗမာတပြည်လုံးမှာ ဒီအတွင်းဝန်ရုံးဟာ ကိုလိုနီသမားတွေရဲ့ အကြီးဆုံးအုပ်ချုပ်ရေးစက်ယန္တရား။ အဓိကအကျဆုံးနေရာ။ တစ်နေ့ကျ ဖျက်ကို ဖျက်ရမှာ။ သူ့ဆီကနေပြီး ဗမာတပြည်လုံး ကျေးလက်အထိ သူ့ဩဇာသက်ရောက်အောင် ချုပ်ကိုင်ထားတဲ့နေရာ။ မြို့ပိုင်ရုံး စိုက်တဲ့နေရာတွေမှာ သာမန် "ပြာတာ" ဆိုတာထားရတယ်။ သူတို့က ရွာသူကြီးတွေနဲ့ ဆက်ရတယ်။ ဒါတွေက (၁၀)ယောက် (၁၅)ယောက်လောက်ရှိတယ်။ အဲဒီအထိ သက်ရောက်တာ။ ဒီနေရာမှာ တနေ့ အလုပ်ပျက်သွားပြီဆိုရင် နယ်ချဲ့သမားအတွက်က တုန်လှုပ်စရာကောင်းတဲ့ အခြေအနေမျိုး ကြုံသွားရတာ။ အဲဒီလိုဖြစ်အောင် ကျောင်းသားတွေက လုပ်ကြတယ်။ ဒီတော့ လွယ်လွယ်ကူကူနဲ့ သူတို့ဟာ ဘယ်အလျှော့ပေးမလဲ။ အပြန်မှာ သူတို့က တွယ်မှာပေ့ါ။

ဘယ်လိုဖြစ်လဲဆိုတော့ ဒီလိုသတင်းကြားတော့ စကော့ဈေးနဲ့ သိမ်ကြီးဈေးက လူတွေက ရောက်လာကြတယ်။ ကျောင်းသားတွေကို ဝိုင်းထားတဲ့ မြင်းစီးပုလိပ်တွေကို ထပ်ဝိုင်းထားကြတယ်။ ဆန်းကဖေးကလဲ လက်ဖက်ရည်နဲ့ မုန့်တွေလာကျွေးတယ်။ လူတွေလဲ အုံလာတဲ့အနေအထားပေ့ါ။ ကိုလှရွှေက အပေါက်တိုင်းကို လိုက်ပြောတယ်။ "ဒီနေ့အဖို့ အစိုးရရဲ့ အုပ်ချုပ်ရေး ယန္တရားက ရပ်သွားပြီ။ ဒီနေ့ ကိစ္စအောင်မြင်သွားပြီ"လို့။ နေ့လည် ၁၁း၀၀ နာရီလောက်ရှိပြီ။ ကျောင်းသားတွေအပြန်မှာ မြင်းစီးပုလိပ်တွေက လိုက်ရိုက်တာ။ ပရက်စကော့က ဒါကိုမှတ်လောက်အောင် ဖြိုခွင်းချင်တာ။ ဘယ်အချိန် ဖြိုခွင်းမယ်ဆိုတာကိုလဲ တွက်ထားပြီးသား။ ရန်ကုန်ပုလိပ်မြင်းကြီးဆိုတဲ့ ပရက်စကော့ဆိုသူဟာ ဒါကို သူကိုယ်တိုင်လုပ်နိုင်တဲ့ အခွင့်အာဏာရှိတယ်။ ဒေါက်တာဗမော်ညွှန့်ပေါင်းအစိုးရကို မတိုင်ပင်ပဲ လုပ်တာ။ ရိုက်ခိုင်းတာက အသေရိုက်ခိုင်းတာ။ ကိုအောင်ကျော်က အလံကိုင်တဲ့သူ။ သူက Mark လုပ်လို့ရတယ်။ သူ့ကိုအသေရိုက်တာ။ ကိုအောင်ကျော်ကျဆုံးပြီး အတော်များများ ဒဏ်ရာရကြတယ်။ ဒဏ်ရာရသူတွေကို ဆေးရုံကြီးက သူနာပြုကားတွေနဲ့ လာသယ်တယ်။ အင်္ဂလိပ်နယ်ချဲ့သမားမှာ ဒါတော့ ရှိတယ်။ နောက်မှ ဖမ်းချင်ဖမ်းမယ်၊ ဂျပန်လို ကောင်မျိုးတွေနဲ့တော့ မတူဘူး။ သူတို့က Commom sense ရှိတယ်။ ရိုင်းတာမိုက်တာတွေကတော့ ကိုလိုနီနယ်ချဲ့သမားတွေမှာ ရှိတာပါပဲ။ မန္တလေးမှာလဲ သတ်တာပဲ။

ဟိုတုန်းက ရန်ကုန်ဟာ မိုးမလင်းခင် မနက် ၅း၀၀ နာရီထဲက ဆူညံနေတာ။ ဓာတ်ရထားသံတွေ၊ ဈေးသည်သံတွေနဲ့ ဆူညံနေတာ။ အဲဒီနေ့က အဲဒါတွေအားလုံး ရပ်သွားတယ်။ တမြို့လုံး ချောက်ကပ်သွားတယ်။ ပန်းဆိုးတန်းကနေ (၃၁)လမ်းအထိ ရုပ်ရှင်ရုံတွေရှိတယ်။ အင်္ဂလိပ်ရုပ်ရှင်ရုံတွေ အိတ်ဇက်ဆီရာတို့ ဂလုပ်တို့ စသည်လေးငါးရုံလောက်ရှိတယ်။ ၃း၃၀ နာရီဆိုပြတယ်။ ဗမာရုံတွေက ၁၂း၃၀ဆိုပြတယ်။ အင်္ဂလိပ်ကားက တနေ့ (၃)ကြိမ်၊ ဗမာနဲ့ကုလားကားတွေက တနေ့ (၄)ကြိမ်ပြတာ။ အဲဒီရုပ်ရှင်ရုံတွေလဲ အကုန်ပိတ်သွားတယ်။ ရန်ကုန်တစ်မြို့လုံး တခါမှမဖြစ်ဖူးတဲ့ ကိစ္စမျိုးဖြစ်ပြီး ဒီအကြောင်းတစ်ခုတည်းမှာပဲ စိတ်ဝင်စားနေကြတယ်။ လမ်းဓါတ်မီးတိုင်တွေက မီးလုံးတွေကို ရိုက်ခွဲထားကြတယ်။

နယ်ချဲ့သမားဟာ ဒီအချိန်မှာ အတော်လေးတုန်တုန်လှုပ်လှုပ်ဖြစ်တယ်။ လုပ်ချင်တိုင်းလုပ်လို့ မရဘူး ဆိုတဲ့သဘောလဲ ပေါ်လွင်သွားတယ်။ အဲဒီမှာ ဦးဆောင်တာက ကိုကြည်မောင်နဲ့ ကိုအေးငွေ။ ကိုအောင်ကြီးက အဲဒီမှာ မရှိဘူး။ ဆယ်တန်းအောင်ပြီး အလုပ်ဝင်နေပြီထင်တယ်။ ကိုအောင်ကြီးက တက္ကသိုလ် မတက်ဘူး။ ကိုအေးငွေ ဝါးခယ်မမှာနေလို့မရတဲ့ကိစ္စ ၁၉၃၆-၃၇ ခုနှစ်လောက်က ဝါးခယ်မ တို့ဗမာအစည်းအရုံးလှုပ်ရှားမှုကို ပြောရရင်၊ ဥပမာ-ဦးစောက ဟိုတုန်းက ဝါးခယ်မကိုလာမယ်လို့ အစီအစဉ်လုပ်တယ်။ ဦးစောနဲ့ ဝါးခယ်မ တို့ဗမာအစည်းအရုံးနဲ့က ဘယ်လိုမှ အဆင်မပြေဘူး။ သူက တမင်လာဖို့ လုပ်တာ။ ဟိုတုန်းက ကိုယ်တို့ဝါးခယ်မ တို့ဗမာအစည်းအရုံးက ဗမာပြည်မှာ ဒုတိယ အင်အားအကြီးဆုံးပဲ။ နံပါတ်(၁)က သာယာဝတီကပေ့ါ။ မြောင်းမြခရိုင်မှာ ဝါးခယ်မက လှုပ်ရှားမှု အများဆုံးပေ့ါ။ အဲဒီကို ဦးစောလာမယ်လုပ်တာ။ တကယ်လာတော့ ဒုတိယခေါင်းဆောင် (ဦးဘအုန်း)ပဲ လာတယ်။ သူကိုယ်တိုင်မလာဘူး။ စမ်းတဲ့သဘောလဲဖြစ်တယ်။

ဟိုတုန်းက ကိုယ်တို့ဆီမှာက သံပုံးတီးပြီး တောထုတ်တဲ့အလေ့အထရှိတယ်။ အဲဒီတုန်းက ဝါးခယ်မမှာ ပုလိပ်ရောဂါတို့၊ ကျောက်ရောဂါတို့၊ ကာလဝမ်းရောဂါတို့ ပုံမှန်ဝင်လေ့ရှိတယ်။ ပုလိပ်ရောဂါနဲ့ ဝမ်းရောဂါက လူ သေတယ်။ ကျောက်ရောဂါကတော့ လူမသေဘူး။ မျက်နှာမှာ ကျောက်ပေါက်မတွေ ကျန်ခဲ့တယ်။ နတ်ကိုးကွယ် တာတို့ ဘာတို့ရှိတယ်။ အန္တရာယ်ကင်းအောင် ပရိတ်ရွတ်တာတို့ ဘာတို့ရှိတယ်။ ညကျရင် မကောင်းဆိုးဝါးတွေကို သံပုံးတီးတောထုတ်ကြတယ်။ ဒါ ကိုယ်တို့မြို့ရဲ့ အစဉ်အလာပဲ။ တောထုတ်တယ်ဆိုတာက သံပုံးတီးတာနဲ့ တရွာပြီးတရွာ သံပုံတီးသံတွေ ဆက်သွားကြတယ်။ ၁၀ မိနစ် ၁၅ မိနစ်လောက် တခါတည်း ဆူညံသွားကြတာပဲ။ ခဏရပ်ပြီး နောက်တခါထပ်တီးကြပြန်ရော။ ကိုယ်တို့ ဝါးခယ်မမြို့က ချောင်းလေးထဲဝင်ပြီးမှ ရောက်တာ။

ဦးစောရဲ့ ဒုတိယခေါင်းဆောင် ချောင်းလေးထဲဝင်တာနဲ့ နီးတဲ့ရွာတွေကနေ သံပုံး စတီးတော့တာပဲ။ ရွာက လေးငါးဆယ်ရွာရှိတယ်။ ဘယ်လောက် အားရပါးရတီးသလဲဆိုရင် ဆဲတာတွေဘာတွေအထိ ပါလာတယ်။ ဒီတော့ ကမ်းကိုမကပ်ရဲကြဘူး။ သူတို့မှာ ဂဠုန်တပ်ဆိုတာ ရှိတယ်။ ဝါးရင်းတုတ်တွေနဲ့ ရိုက်တာတွေဘာတွေ လုပ်တတ်ကြတယ်။ ကိုယ်တို့မြို့မှာလဲ ဂဠုန်တပ်လာဖွဲ့တော့ ဂဠုန်တပ်မှာ ကိုယ်တို့ တို့ဗမာအစည်းအရုံးကလူကို တဖက်လှည့်နဲ့ ခေါင်းဆောင် တင်ထားတယ်။ အဲဒီအထဲမှာ ကိုယ်တို့လူတွေကိုပါ ထပ်ထည့်ထားသေးတယ်။ သူတို့ ကမ်းကပ်လာတော့ ကိုယ်တို့ရွာက ဂဠုန်တပ်တွေကပါ မျိုးချစ်အလိုမရှိ၊ ဂဠုန်အလိုမရှိလို့ အော်ပြီး ကိုယ်တို့နဲ့လာပေါင်းကြတယ်။ သူတို့ အတော်လေးခံလိုက်ရတယ်။ အဲဒီမှာ ကိုယ်တို့က လူစုလူဝေးနဲ့ ဦးစောရဲ့ ဒုတိယခေါင်းဆောင် တည်းခိုမယ့်နေရာကို ချီတက်ကြတယ်။ သူတို့ရဲ့ ခပ်လှမ်းလှမ်းအထိ တိုးသွားကြတယ်။ ပုလိပ်တွေလဲရှိတယ်။

အဲဒီမှာ ကိုအေးငွေလဲ ပါတယ်။ ပုလိပ်တွေနဲ့ ကိုယ်တို့တပ်တွေနဲ့ ရင်ဆိုင်မိကြတော့ ပုလိပ်တွေက နောက်ဆုတ်ခိုင်းတယ်။ နောက် ကိုယ်တို့ထဲက (၂)ယောက်ကို ဖမ်းသွားတယ်။ ကိုယ်တို့က သတ်မှတ်စည်း ကျော်မယ်လုပ်တော့ ပုလိပ်တွေက ရှေ့တိုးလာပြီး ဖမ်းသွားတာ။ အဲဒီ(၂)ယောက်ထဲမှာ (၁)ယောက်က ကိုအေးငွေ။ ၁၉၃၆-၃၇ ခုနှစ် လောက်ကပေါ့။ *သခင် သိန်းဖေနဲ့ ကိုအေးငွေက ဝါးခယ်မမှာ အမိကပဲ။ (ဝါးခယ်မ သခင်သိန်းဖေဖြစ်ပါတယ်၊ စာရေးဆရာ သိန်းဖေမြင့် မဟုတ်ပါ။) ကိုအေးငွေက အဖေရောအမေရော တရုတ်လူမျိုး။ ဝါးခယ်မမှာ စတိုးဆိုင်တွေ ကုန်စုံဆိုင်တွေရှိတယ်။ အချက်အချာကျတဲ့ နေရာတွေမှာရှိတာ။ သူတို့မိသားစုက ဝါးခယ်မမှာ အချမ်းသာဆုံး။ နောက်တခုက သူတို့က IBC တို့ BOC တို့ဆိုတဲ့ ဓါတ်ဆီ၊ ရေနံဆီ ကိုယ်စားလှယ်။ ဒီတခါ အဲဒီလိုဖြစ်သွားတဲ့နောက်ပိုင်း သူတို့ကို အာဏာပိုင်တွေက ငြိုငြင်လာတာပေါ့။ သူတို့မိသားစုတွေက တိုက်ကြီးတလုံးထဲမှာ စုပြီးနေကြတာ။ ဒါကို တားရမယ့် အနေအထားမှာရှိတယ်။

အဲဒီလို သံပုံးတီးတောထုတ်ပြီးနောက်ပိုင်း ပုလိပ်တွေက (၂)ညဆက်တိုက် အိမ်တွေကိုတက်ရှာတယ်။ အားလုံးရှောင်နေကြရတယ်။ နောက်ဆုံးနေ့က တက်ရှာကြတော့ လက်နက်ကိုင် ပုလိပ်တွေပါပါတယ်။ အဲဒီတုန်းက အသက်အငယ်ဆုံးက မခင်စုတို့။ မခင်စုဆိုတာက စာရေးဆရာမ "ခင်နှင်းယု"။ သူတို့မိသားစု တစ်ခုလုံးက တို့ဗမာအစည်းအရုံးဝင်တွေပဲ။ ဦးနုနဲ့က မောင်နှမ ဝမ်းကွဲတော်ကြတယ်။ နောက် စန္ဒယားလှထွဋ်ရဲ့အမ မဌွေတို့က ငယ်ငယ်လေးတွေ။ တကယ်ဖမ်းချင်ရင် သူတို့ကိုဖမ်းလို့ရတယ်။ အသက်မပြည့်ကြသေးလို့ မဖမ်းတာ။ လှုပ်ရှားမှုမှာပါတဲ့လူတွေကို ဖမ်းဖို့ကြိုးစားတာပဲ။ ဒီမှာ အမ်အေမောင်ကြီးက ပုသိမ်ကိုအမှုရှိလို့ သွားတာ။ အပြန်ကျတော့ ဝါးခယ်မကိုဝင်လာတယ်။ ကိုအေးငွေရဲ့ အဒေါ်အိမ်မှာတည်းတာ။ သူတို့ရင်းနှီးကြတယ်။ တမင်ဝင်လာတာ။ ဒီကအခြေအနေတွေကို မေးတော့ တူတော်မောင်အဖမ်းခံရတဲ့အကြောင်း၊ အာမခံနဲ့လွှတ်ပေးဖို့ မြောင်းမြထောင်ကနေပြီးတော့။ ပုဒ်မ ၁၄၄ ကို ဖီဆန်တဲ့အတွက် ပုဒ်မ ၁၄၃ နဲ့လားမသိဘူး ဆွဲတာ။ ဒီပုဒ်မနဲ့ တရားစွဲရင် ချက်ချင်းအာမခံပေးရတယ်။ ဒီလိုလုပ်လို့မရဘူး။ သူ့ပုဒ်မအရပေါ့။ အာမခံကိုလဲ ဂတ်က ချက်ချင်းပေးရတယ်၊ ရဲဌာနကပေါ့။ အဲဒီလိုဖြစ်တော့ လူတွေအကုန်လုံးစုပြီးတော့ ဖမ်းထားတဲ့ဆီ သွားကြတယ်။ စာရွက်စာတမ်းတွေ မရှိသေးလို့ဆိုပြီး၊ နောက်နေ့မနက်ကျမှ အာမခံပေးလိုက်တယ်။ ရုံးတင်ပြီးစစ်တော့ ဝါးခယ်မမှာ မစစ်ရဲဘူး။ မြောင်းမြကိုပို့တယ်။ အဲဒီမှာ အမှုစစ်တော့လဲ တရားသူကြီးက ရုံးမှာစစ်တာမဟုတ်ဘူး။ ဆူဆူပူပူဖြစ်မှာစိုးလို့ တနေရာမှာစစ်တယ်။ တရားစွဲခံရတာ အားလုံး လူ(၃၀)လောက်ရှိတယ်။ ကိုယ်တို့ပါ ပါတယ်။ ဒီမှာတရား သူကြီးက ဦးဘမြိုင်။ ဦးဘမြိုင်ဆိုတာက အစိုးရအဖွဲ့မှာ ပါဖူးတယ်။ အိမ်စောင့်အစိုးရလား ဘာလားမှာ ပါဖူးတယ်။ ရခိုင်၊ အင်မတန် သဘောကောင်းတယ်။ အဲဒီတုန်းကအမှုစစ်တာ ကျောင်းတက်နေရသလိုပဲ။ အခန်းထဲဝင်သွားပြီး ကိုယ်လူနဲ့ကိုယ်ထိုင်ပြီး စကားပြောကြ။ အမှုစစ်တာလဲ စစ်ပေါ့။ အိမ်တအိမ်မှာ စစ်တာ။ အဲဒီလိုစစ်ရင်းနဲ့ တနေ့ကျတော့ အဲဒီနေ့က စနေနေ့ ရုံး နေ့တဝက်ပိတ်တယ်။ နေ့လည် ၁၂:၀၀ နာရီမှာ ရုံးပိတ်တော့ အမှုကို တနင်္လာနေ့ ပြန်ချိန်းတယ်။ အဲဒီတော့ ပြန်ကြတာပေါ့။ ကိုယ်နဲ့ ကိုအေးငွေကမပြန်ဘူး။ ကြားတနင်္ဂနွေတရက်ရှိတာ။ အဲဒီအချိန်က ဇာတ်တွေ ကတဲ့အချိန်။ ရုံဝင်ခကတမတ်၊ ကုလားထိုင်ကတမတ်၊ ကုလားထိုင်က ပက်လက်ကု လားထိုင်။ ကိုယ်တို့ အဲဒီမှာ သွားအိပ်ကြတယ်။ မနက်ကျမှ အိန္ဒိယလူမျိုးတွေရောင်းတဲ့ ကာကာဆိုင်မှာသွားပြီး မျက်နှာသစ်၊ နောက်ဖေးနောက်ဖီ သွားပြီး လက်ဖက်ရည်သောက်ကြတာပေါ့။ အဲဒီမှာ စနေနေ့ပြန်တဲ့အဖွဲ့တွေကို အပြန်မှာ ဝါးခယ်မဂတ်က ခဲနဲ့ပေါက်တယ်။ အဲဒီတော့ အားလုံးဂတ်ကို သွားဝိုင်းကြတယ်။ မိုးချုပ်ခါနီး။ ဝိုင်းပြီးဆဲဆိုလုပ်ကြတယ်။ အဲဒီမှာ ဖမ်းကြပြန်ရော။ အဲဒီအမှုကို တရားစွဲတော့ မြောင်းမြမှာကျန်ခဲ့တဲ့ ကိုအေးငွေကိုပါ ထည့်တရားစွဲတယ်။ သူ့ကို အဲဒီလောက်ညိုးတာ။ ဒီအမှုက နောက်တော့ ဆက်မစစ်တော့ပါဘူး။ အဲဒီလိုတွေဖြစ်လာတော့ ကိုအေးငွေက ဝါးခယ်မမှာ မနေတော့ဘဲ ရန်ကုန် ၃၇လမ်းမှာ နေရတာ။

ရန်ကုန် ၃၇ လမ်းမှာ နေကြတုန်းက

ကိုယ်တို့ ၃၇ လမ်းမှာ နေကြတုန်းက ကိုယ်ရယ်၊ ကိုအေးငွေရယ်၊ ကိုကြည်မောင်ရယ်၊ နောက် ကိုကိုလဲ လာနေတယ်။ Press တခုဖွင့်ထားတယ်။ Rangoon Printing Press (ရန်ကုန်ပုံနှိပ်စက်)။ ဝတ္ထုညွှန့်ပေါင်း-ဆိုတာထုတ်တယ်။ မဟာဆွေတို့၊ ဇဝနတို့ သုခတို့ရဲ့ဝတ္ထုတွေကိုထုတ်တာ။ ဟိုတုန်းက သုံးမတ်ထင်တယ်၊ တစ်အုပ်ကို။ ၁၂ ပဲ။ မဟာဆွေကတော့ ဈေးနဲနဲကြီးတယ်။ နောက် ပန်းချီဦးအုန်းလွင်က မျက်နှာဖုံးဆွဲတယ်။ ကိုယ်တို့ဆီ အဲဒီတုန်းက အမြဲလာနေကျက ကိုဘဟိန်းရယ်၊ သခင်ဗိုလ်ရယ်၊ RET ဦးကျော်ငြိမ်းရယ်။ ဒါ ရင်းနှီးပြီးသားလူတွေပဲ။ အရေးတော်ပုံဂျာနယ်ထုတ်ဖို့အတွက် လာကြတာ။ ကွန်မြူနစ်ပါတီရဲ့ အရေးတော်ပုံဂျာနယ်။ *ဆိုင်ကိုစတာ (အင်္ဂလိပ်စာလုံး 'cyclostyle' ကို ဗမာအသံထွက်နဲ့ ပြောတာဖြစ်တယ်။) နဲ့ ရေးရတယ်။ ဂက်စတင်နာနဲ့ လှည့်ထုတ်ရတယ်။ အဲဒါတွေကို ကိုယ်တို့က ဝယ်ပေးရတယ်။ စက္ကူတွေ ဖြတ်ပေးရတယ်။ အကုန်လုံး ကိုယ်တလှည့် ကိုအေးငွေတလှည့် သွားပြီးပို့ရတယ်။ ကိုကြည်မောင်လဲ ရှိတယ်။ ကိုကြည်မောင်က ဘယ်လိုဖြစ်သလဲမဆိုနိုင်ဘူး။ ဟိုတုန်းက သူက ကွန်မြူနစ်မှ ကွန်မြူနစ်။ သူ့ခေါင်းရင်းမှာ စတာလင်ပုံ ချိတ်ထားတာ။ ဘယ်လိုဘယ်လို ကိုအေးငွေနဲ့ ဘာဖြစ်သလဲမသိဘူး။ သူက ကိုယ်တို့ လုပ်နေတာတွေ သိတယ်။ ဒါပေမယ့် ဘာမှမပြောဘူး။ အဲဒီလိုတော့ ရှိတယ်။ ကိုယ်တို့က ပုံနှိပ်စက် *Registration ရှိတယ်ဆိုတော့ ပတ်ဝန်းကျင်ကလဲ သိပ်အထင် မမှားကြဘူးပေါ့။ ကိုကြည်မောင်က သူ့အကိုနဲ့ အတူမနေဘူး။ သူအကိုက ဦးကြင်၊ အိုင်စီအက်စ်။ ဦးကြင်က အတွင်းဝန်များရုံးမှာ၊ ဗမာအရာ ရှိထဲမှာ အကြီးဆုံး။ အတွင်းဝန်များရုံးက အိုင်စီအက်စ်တွေကို ရွေးပြီးခေါ်တာ။ နှစ်ယောက် သုံးယောက်ပဲထားတာ။ ဦးကြင်နဲ့ ကိုအုန်းမောင်(အာဇာနည်ဦးအုန်းမောင်)။ သူတို့နှစ်ယောက်ကို မျက်စေ့ အကျဆုံး

ပဲ။ ဦးကြင်ကလဲ ကျောင်းသားသပိတ်မှာ သူ့ညီပါတာကို သိတယ်။ ဦးကြည်မောင်က ဘယ်လိုလုပ်ထားသလဲဆိုတော့ သူ့အကိုက သူ့ကို YMCA မှာထားတာ။ ကျောင်းလခ ဘာညာ အကုန်ပေးထားတာပေါ့။ ဒါပေမယ့် အဲဒီမှာမနေဘဲ ကိုယ်တို့နဲ့လာနေတာ။ ဒါကို သူ့အကို့ဒရိုင်ဘာက သိတယ်။ သူ့အကို သူ့ဆီလာရင် ဒရိုင်ဘာက YMCA ကိုခေါ်လာပြီး ခဏတက်ကြည့်၊ ပြီးပြန်ဆင်းပြီး "အပြင်သွားတယ်ထင်တယ်၊ ကျွန်တော်သွားကြည့်မယ်" ဆိုပြီး ၃၇ လမ်းကိုခေါ်လာတယ်။ YMCA နဲ့ ၃၇ လမ်းနဲ့က နီးနီးလေးကိုး။ တွေ့တော့ သူ့ညီကို "ဘာများထိခိုက်သွားသေးလဲ"တဲ့။ "မခိုက်မိပါဘူး"လို့ ပြောတော့။ "ဒီကောင်တွေ က ဒီလိုပဲ"တဲ့။ (ဦးကြင်က အိုင်စီအက်စ်ထဲမှာ နာမည်ကြီးပဲ၊ သူဆုံးတော့ အသက် ၁၀၀ကျော်ပြီ)။

အရေးတော်ပုံဂျာနယ်

အရေးတော်ပုံဂျာနယ်ရိုက်တာက ဖြူးတို့၊ တောင်ငူတို့မှာရိုက်တာ။ နောက်မှ ရန်ကုန်ရွှေ့တာ။ ကိုယ်တို့က စက္ကူထုတ်တွေ ဖြတ်ပေး၊ ဆိုင်ကို စတာပေပေါ်တွေ၊ *Wax Paper တွေဝယ်ပြီး ပို့ပေးရတယ်။ ရိုက်ပြီးတဲ့အခါ ထားဝယ်ကိုသွားပို့ရမယ်။ ဒါကို အဲဒီတုန်းက ကိုအေးငွေက သူသွားမယ်တဲ့။ ကိုယ်က မင်းမသွားနဲ့လို့ ပြောတယ်။ သူက အာမခံနဲ့နေရတာ။ သူ့မှာ တရုတ်ပြည် သွားမယ့် အစီအစဉ်လဲ ရှိတယ်လေ။ ဒါကြောင့် သူအဖမ်းခံရလို့ ဘယ်ဖြစ်မလဲ။ ဒီတော့ မင်းမသွားနဲ့ငါသွားမယ်လို့။ ကိုယ်က သခင် ဗသိန်းတင်တော့ သိတယ်။ သူက အဲ့ဒီမှာ ရှိတယ်။ နောက် သခင်ဘတိုးဆိုတာ ရှိတယ်။ ထားဝယ်မှာ။ သခင်ဗိုလ်က စောစော ကထဲက စီစဉ်ထားတယ်။ ထားဝယ်မှာ "တယ်လူဖေမိုင်း"ဆိုတာရှိတယ်။ အတော်ကြီးတယ်။ အဲဒီကမိုင်း အင်ဂျင်နီယာက သခင် ဗိုလ်နဲ့ ကျောင်းနေဖက်။ သူက ကြိုပြီးစာရေးထားတာ။ လာလိမ့်မယ်ပေါ့။ ဟိုတုန်းက ရုပ်ရှင်ဖလင်ထည့်တဲ့ သံပုံးကြီးတွေနဲ့ အရေး တော်ပုံဂျာနယ်တွေကို ထည့်သွားရတာ။ ရေး တဖက်ကူးပြီး ထားဝယ်ရောက်တာနဲ့ စိတ်ချသွားရပြီ။ အဲဒီမှာ "တယ်လူဖေမိုင်း"က ကားတွေက ရှိနေတာ။ သခင်ဗိုလ်က ပြောထားတယ်။ တစ်ယောက်လာမယ်။ အဲ့ဒီဘက်ကိုရောက်အောင် ပို့ပေးလိုက်ပါပေါ့။ အဲဒီလို နဲ့ သခင်ဘတိုးတို့ သခင်ဗသိန်းတင်တို့ဆီ ရောက်သွားတော့တာပေါ့။ Wax paper ကို လက်ရေးရေးတာက ကိုဘဟိန်း အများဆုံး ပေါ့။ နောက်ကိုကို။ စာရေးဆရာ ကိုကိုပေါ့။ မြောင်းမြခရိုင် ကျောင်းသားသမဂ္ဂအတွင်းရေးမှူး။ ကိုဘဟိန်းနဲ့ရင်းနီးတာ။ နောက်တော့ သူ့လက်ရေးကို ဟိုက သိသွားရော။ အဲဒီမှာတင် ကိုယ်တို့ ၃၇ လမ်းကိုရောက်လာတာ။ နဂိုကထဲကလဲ သိတယ်လေ၊ တမြို့တည်း သားကိုး။ ဒီဂျာနယ်ထဲက စာတွေကျတော့ ဖြစ်နိုင်တာက သခင်ဗိုလ်နဲ့ သခင်ဘဟိန်းတို့ပဲရေးတာဖြစ်တယ်။ Anti-Fascist and Anti-Colonialist ပေါ့။ အကုန်လုံးကို တွယ်တာ။ ဒါကတော့ ကိုယ့်အထင်ပေါ့၊ ဘယ်လောက် မှန်တယ် မမှန်တယ်တော့မသိဘူး။ ကွန်မြူနစ်ပါတီရဲ့ အသံအနေနဲ့တော့ စပြီးထွက်သွားတာ။ အဲဒီကနေစတာပဲ။ အဲဒီတုန်းက လက်နက်ကိုင်တော်လှန်ရေးအတွက် ပြည်ပအကူအညီယူဖို့ ပြင်ဆင်နေကြချိန်ပေါ့

ကိုအေးငွေရဲ့ တရုတ်ပြည်ခရီးနဲ့ ကိုအေးငွေရဲ့အခန်းကဏ္ဍ

ကိုအေးငွေ တရုတ်ပြည်သွားမယ်ဆိုတော့ သူ့အဖေက ငွေရေးကြေးရေးကအစ အကုန်လုံးစီစဉ်ပေးတာ။ ကူမင်းရောက် တော့ ကူမင်းတက္ကသိုလ်ကိုတက်တယ်။ အင်္ဂလိပ်စာလဲ အခြားသူတွေထက် ထူးချွန်တယ်။ နောက်မှ ချုံကင်းကိုရောက်သွားတာ။ အဲဒီတုန်းက ဘယ်လိုအခြေအနေလဲဆိုတော့ တရုတ်ပြည်ကို ဂျပန်ဝင်တာ တော်တော်လေး နက်နေပြီ။ အိမ်တွေကို မီးရှို့ပစ်ခဲ့၊ ရေတွင်းတွေကို အဆိပ်ခတ်ပစ်ခဲ့ကြတာဆိုတော့၊ ဂျပန်တွေကလဲ ရိက္ခာ ယူလာတာမဟုတ်တော့ ဂျပန်တွေဟာ ရိက္ခာအတွက် တန့် သွားတယ်။ ဒီမှာကလဲ ဘယ်လိုဖြစ်သလဲဆိုတော့ အမေရိကန်စစ်တပ်ရယ်၊ ကူမင်တန်ရယ်၊ ကွန်မြူနစ်ရယ်က သုံးဖွဲ့ပေါင်းပြီးတော့ တရုတ်ပြည်စစ်ရေးကို စီမံခန့်ခွဲတယ်။ ကွန်မြူနစ်ပါတီကလဲ သူ့ပျောက်ကျားတပ်တွေဘာတွေနဲ့ ထိထိရောက်ရောက်ဖြစ်နေပြီ။ ဒီတော့ အသိအမှတ်ကို ပြုရတယ်။ ချောင်ရင်လိုင်း (ချိုအင်လိုင်း)ရယ်၊ အမေရိကန်ကိုယ်စားလှယ်ရယ်၊ ကူမင်တန်ကိုယ်စား လှယ်ရယ်က ချုံကင်းမှာရှိတယ်။ ကိုအေးငွေကလဲ ချုံကင်းမှာရောက်နေပြီ။ ချုံကင်းကိုအဲဒီလိုပြောင်းသွားတော့ စာထည့်လို့လဲ မရတော့ဘူး။ သူက ချောင်ရင်လိုင်း(ချိုအင်လိုင်)ရဲ့ Team ထဲကို ရောက်သွားတာ။ အင်္ဂလိပ်စာကလဲ ပိုပြောနိုင်တဲ့သူတစ်ယောက် ဖြစ်တော့ အဲဒီတုန်းက ဆွေးနွေးပွဲတိုင်းမှာ သူပါတယ်။ သူ့ရဲ့ Role က စစချင်း ချောင်တို့ ဘာတို့နဲ့ ရှိနေတယ်ဆိုပေမယ့် သူ့ Role က ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ Role ပဲ။ ဟိုတုန်းက သတင်းတွေ ဘာတွေ ထွက်တာက အင်မတန်နာမည်ကြီးတဲ့ ကချင်ခေါင်းဆောင် နော်ဆိုင်း တို့ ဟိုကိုသွားရင် သင်တန်းကို သူက ပေးရတယ်။ ဒါ ဗမာကွန်မြူနစ်နဲ့ဆိုင်တဲ့ဟာ။ နောက်လဲ အဲ့ဒီလိုပဲ။ မော်နဲ့ချောင် (ချိုအင်လိုင်း)က အရေးကြီးတဲ့ ဗမာပြည်က လူတွေနဲ့တွေ့ဖို့ဆိုရင် သူပါတာချည်းပဲ။ ဒီတော့ ဘယ်လိုဖြစ်သလဲဆိုတော့ ကိုအောင်ကြီးက အစိုးရကိစ္စနဲ့ တရုတ်ပြည်ကို သွားသွားနေရတာ၊ အများအားဖြင့် ချောင်တို့ မော်တို့နဲ့တွေ့တော့ ကိုအေးငွေက ဘာသာပြန်တာ။ ဒါကို သူမသိဘူး။ ဟိုတုန်းက ချောင်(ချို) ရယ်၊ ဆူကာနိုရယ်၊ နေရူးရယ်၊ ဦးနုရယ်၊ နောက် အီဂျစ်က နာဆာထင်တယ်။ Peaceful Co-existance ဘန်ဒေါင်းကွန်ဖရင့်ပေါ့။ ဒါကလဲ ကမ္ဘာမှာ တော်တော်နာမည်ကြီးတာဆိုတော့ ဗမာပြည်ကအဖွဲ့တွေက တရုတ်ပြည်ကို ခဏခဏ သွားရတယ်။ အဲဒီမှာပဲ ခဏနားပြီး ရုရှားကို ဆက်သွားကြတယ်။ ဒီတော့ ကိုအေးငွေက အရေးကြီးတဲ့ ချောင်(ချို)တို့

မော်တို့နဲ့ တွေ့ကြတဲ့အခါမှာ သူပါတယ်။ ဗမာပြည်လာတုန်းက ကိုအောင်ခိုင့်ညီပါလာတယ်။ ချိုအင်လိုင်း လာတုန်းက၊ အောင်ဆန်း ကွင်းမှာတောင် ချောင်(ချိုအင်လိုင်း) တရားဟောသေးတယ်။ အရေးကြီးတဲ့အခါဆိုရင် ကိုအေးငွေပါတယ်။

အဲဒီ ဗမာပြည်က အဖွဲ့တွေ တရုတ်ပြည်သွားကြတယ်။ ပြီးတော့ အဲဒီကတဆင့် အရှေ့ဂျာမနီတို့၊ ဆိုဗီယက်ယူနီယံတို့ကို သွားကြတာတွေရှိတယ်။ တော်တော်များများအဖွဲ့တွေ သွားကြတယ်၊ အဲဒီတုန်းက။ မော်နဲ့ ချောင်(ချို)နဲ့ တွေ့တိုင်းမှာ သူပဲ စကား ပြန်လုပ်တာ။ အဲဒီတုန်းကလဲ မသိကြဘူး။ ဘယ်တော့မှသိသလဲဆိုတော့ ဗမာပြည်ကအဖွဲ့ကြီးတဖွဲ့ ဦးနုခေါင်းဆောင်ပြီးတော့၊ ဝန် ကြီးချုပ် ခေါင်းဆောင်ပြီးတော့ တရုတ်ပြည်ကိုသွားတော့၊ ဒီထဲမှာ မီဒီယာတွေလဲ ပါသွားတယ်။ အဲဒီမှာ မဟာ့ကိုင်ကိုလှကြည် ပါသွား တယ်။ သူက တက္ကသိုလ်မှာ ကိုအေးငွေနဲ့ က contemporary ဖြစ်တာကိုး။ သူက ဒီအသံ ငါကြားဖူးတယ်ပေါ့။ ပြီးလို့ အပြင်ထွက် တော့ ကိုလှကြည်က ကိုအေးငွေကို လက်လှမ်းဆွဲပြီး "ခင်ဗျား ကိုအေးငွေမဟုတ် လား"ဆိုတော့၊ ဟုတ်ပါတယ်တဲ့။ ဒါနဲ့ ဦးနုဆီ ခေါ် လာတယ်။ ဦးနုကသိပြီးသား၊ ကိုအေးငွေ ဒီမှာရှိတယ် ဆိုတာကိုး။ ဦးနုနဲ့က တမြို့ထဲသားတွေ။ သူ့အဖေအမေတွေနဲ့လဲ အားလုံး သိတယ်။ သူမြို့က ထွက်သွားတာလဲသိတယ်။ ပထမဆုံးက ဗိုလ်ချုပ်အောင်ဆန်းနဲ့ထွက်ဖို့။ သူက စောသွားတာ။ ဦးနုက တွေ့ တော့ "မင်းအိမ်ကိုစာရေးလား"တဲ့။ သူက မရေးဘူးလို့ပြောတော့၊ စာရေးပေးလိုက်တဲ့။ ဒါပဲ။ သံအမတ် ကိုလှမောင်ကလဲ သူနဲ့အတူ တူ Union မှာ လုပ်ဖော်ကိုင်ဖက်တွေပဲ။ မင်း ငါ့ကို မသိဘူးလားလို့ မေးတော့၊ သိပါတယ်တဲ့။ အဲဒီလို၊ ဆက်ဆံ ရေးက။ သူ့ဆက် ဆံနည်းက အားလုံးကို ဆက်ဆံတယ်။ ဖြတ်ထား ရမယ့်အခါမှာလဲ သူကဖြတ်ထားတယ်။ ဒီမှာက ကွန်မြူနစ်ပါတီကို မတရားသင်း ကြေညာထားတာကိုး။

ကိုအေးငွေနဲ့ ကိုအောင်ကြီး ပတ်သက်မှု

ကိုအောင်ကြီးက ၃၇ လမ်းမှာ ကိုယ်တို့နေတုန်းက ခဏခဏလာတယ်။ သူက ဆယ်တန်းတော့ အောင်ပြီးပြီ။ အဲဒီ တုန်း က အလုပ်ဝင်လုပ်နေပြီလားမသိဘူး။ ဆိုလိုတာက ကိုအေးငွေနဲ့ ကိုအောင်ကြီးက ကျောင်းနေဖက်မဟုတ်ဘူးလို့ပြောတာ။ ဒါပေ မယ့် သမီးယောက်ဖဆိုတာတော့ဟုတ်တယ်။ မဟာ့ကိုင်ကိုလှကြည် တရုတ်ပြည်ပါသွားတဲ့အခေါက်ကျမှ သိသွားတာ။ အဲဒီကျမှ ကို အေးငွေက ကိုယ်တို့ဆီ စာရေးလို့ရတာ။ ကိုယ့်ဆီကို ကိုအောင်ကြီးနဲ့ စာရေးလိုက်တယ်။ စွယ်စုံကျမ်း၊ နောက် National Geographic ဟိုမှာက တရုတ်လိုတွေပဲရှိတာ။ စွယ်စုံကျမ်းကတော့ ရတယ်။ National Geographic ကတော့ ရှာလို့မရဘူး။ နောက်ပိုင်း ကိုအောင်ကြီးက တရုတ်ပြည်ကို တစ်လတစ်ခေါက်လောက်သွားတာ။ ဘာအတွက်လဲတော့ မသိဘူး။ နောက်တော့ ကို အေးငွေအမတွေက သူ့အတွက် စားစရာသောက်စရာတွေ ထည့်ထည့်ပေးလိုက်တယ်။ ကိုယ်က စာအုပ်တွေ ထည့်ပေးလိုက်တယ်။ သူကလဲ ဒီ့အပြင် ဘာမှ အဆက်အသွယ်မလုပ်ဘူး။

နောက်တစ်ခုက တရုတ်ကပြားမဟုတ်ဘူး။ ကိုအေးငွေမိသားစုက အင်မတန် တရုတ်ဆန်တယ်။ သူတို့သားသမီးကို တရုတ်အစစ်နဲ့မှ ပေးစားချင်တာ။ ကိုအောင်ကြီးကိုစုံစမ်းတော့ တရုတ်စစ်တယ်။ အဖေရော အမေရော တရုတ်ပဲ။ ဒါကြောင့်မို့ သူတို့ သမီးနဲ့ပေးစားတာ။ ကိုအောင်ကြီးနဲ့ ကိုအေးငွေညီမနဲ့ရတာ။ မလိုင်းကြူတဲ့။ သူက ခင်လေးကြူဆိုပြီး လုပ်ထားတာ။ ကိုယ်နဲ့ ကိုအေးငွေနဲ့က တတွဲတွဲကိုး၊ ကိုယ့်ကို မလိုင်းကြူက အကိုသိန်းမောင် လို့ခေါ်တယ်။ ကိုအေးငွေရဲ့ မိသားစုဓာတ်ပုံတစ်ပုံ ဓာတ်ပုံ ရဲ့နောက်မှာ စာရေးထားတယ်။ "သိန်းမောင် မင်းနဲ့မအေးရဲ့ဓာတ်ပုံ ငါ့ဆီပို့လိုက်ပါဦး" တဲ့။ ဓာတ်ပုံ ထဲမှာ သူရယ်၊ သူ့မိန်းမရယ်၊ ကလေး(၂)ယောက်ရယ်။ တစ်ယောက်ကယောကျ်ားလေး တစ်ယောက်က မိန်းကလေး။ သူကလဲ သိနေတာပဲလေ ကိုယ်ဘယ်သူနဲ့ အိမ်ထောင်ကျနေတယ်ဆိုတာ။ ကိုကြည်မောင်ဆုံးပြီးမှ ကိုကြည်မောင့်ဇနီးက လာပေးတာ။ ဒါကို သားကပိုမှတ်မိတယ်။ ပေးတဲ့ အထဲမှာ ဗိုလ်ကျော်ဇောပုံတွေလည်း ပါတယ်။ ရှမ်းပြည်မှာ တရုတ်ဖြူနဲ့ စစ်ထိုးတုန်းက စစ်ဆင်ရေးတုန်းကပုံတွေ။ မြင်းစီးနေတဲ့ ပုံတွေ၊ ရဲဘော်တွေ တပ်မှူးတွေနဲ့ စကားပြောနေတဲ့ပုံတွေပါတယ်။ ပါတော့ သူရိန်ကျော်ဇောလာတော့ ပေးလိုက်တယ်။ ကိုအေးငွေ တို့ မိသားစုပုံကတော့ ကိုယ်တို့ယူထားလိုက်တယ်။ အဲ့ဒီတုန်းက ကိုအေးငွေက အတော်ငယ်သေးတယ်။ အသက် (၄၀)ဝန်းကျင် လောက်ပေါ့။ (ကိုယ်နဲ့ ကိုအေးငွေက အသက် အတူတူ၊ ၁၉၁၉ ခုဖွားတွေ။ ကိုကြည်မောင် က ၁၉၁၈ ဒီဇင်ဘာ)။ ကလေးတွေကလဲ ငယ်ကြသေးတယ်။ တော်တော်စောစောထဲက ပေးထားပုံရတယ်။ ရောက်ရောက်ချင်း ပေးမယ်ဆိုရင် ကိုအေးငွေနဲ့ကိုယ်တို့နဲ့ ပြန် အဆက်အသွယ်ရသွားနိုင်တယ်။ ကွန်မြူနစ်နဲ့ ကိုယ်တို့နဲ့ဆက်သလိုဖြစ်မယ်ဆိုတော့ သူ့ကိုပါ အမှုပတ်နိုင်တာပေါ့။ ဒါ့ကြောင့် သိမ်း ထားပြီး သူမပေးတာဖြစ်မယ်။ သူဆုံးတော့မှ သူ့ဇနီးကပေးတာ။ ဘယ်လို သူဆီရောက်လာလဲတော့ မသိဘူး။ ကိုအောင်ကြီးဆီက တဆင့် ဖြစ်နိုင်တယ်။ အမှတ်တရပေါ့။

ဝါးခယ်မ သခင်သိန်းမောင်၏ ဘဝတစိတ်တပိုင်း

ကိုယ်တို့က ဝါးခယ်မမှာ အစကတော့ ချမ်းသာတဲ့ လူစာရင်းပါတာပေါ့။ နောက်တော့ ဆင်းရဲတော့လဲ အတော်လေး ဆင်း ရဲသွားတယ်။ အဖေရောအမေရော သေသွားခဲ့တာကိုး။ အကိုလုပ်သူက မြောင်းမြကျောင်းမှာ တက်တယ်။ အမလုပ်တဲ့သူက ရန် ကုန်၊ ကြည့်မြင်တိုင် အေဗီယံကျောင်းမှာတက်တယ်။ အဲဒီတုန်းက အိမ်ကလဲ ပို့နိုင်တယ်။ ကိုယ်က ဝါးခယ်မကျောင်းက စာမေးပွဲ

အောင်တာ။ အောင်ပြီးတော့ရန်ကုန်မှာ ကျောင်းဆက်နေဖို့ ဒါပေမဲ့ အခြေအနေမပေးတော့ဘူး။ အဲ့ဒီမှာ ကာလအတော်ကြာသွားတယ်။ ၁၉၃၃ ကနေ ၁၉၃၈ ခုနှစ် အထိ ပေါ့။ ၅ နှစ်လောက်ကွာသွားတာ။ ကိုအေးငွေတို့က အဲဒီတော့ Senier (Senior ဖြစ်ပါတယ်။) Inter ရောက်သွားပြီ။ ကိုယ်က ကံကောင်းတာက အဲ့ဒီနှစ်မှာပဲ ကိုယ့်အကိုက ကျောင်းပြန်ထားလို့ ကျောင်းပြန်တက်ရတယ်။

ဒါကြောင့် ဒီ Movement မှာ ကျောင်းသားအဖြစ်နဲ့ပါသွားတာ။ နောက်တခုက အားလုံးခေါင်းဆောင်တွေကလဲ ရင်းနှီးပြီးသားဖြစ်နေတယ်။ ကိုအေးငွေတို့ ကိုကြည် မောင်တို့နဲ့ပေါ့။ ကိုဘဟိန်းဆိုရင် ကွန်မြူနစ်ပါတီက သူစီစဉ်တဲ့ သင်တန်းတက်ရာမှာ ကိုယ်ပါတယ်။ သခင်စိုး သင်တန်းပေးတာ။ ကိုယ်ရယ်၊ သခင်ဗသိန်းတင်ရယ်၊ မစုတို့လင်မယားရယ်၊ RET ဦးကျော်ငြိမ်းရယ်၊ နောက် မစောမြ(အလံနီမစောမြ)၊ နောက်မနှင်းဆီ၊ နောက်ပြီးတော့ ရခိုင်က ကိုအောင်တင်လားပဲ၊ နောက် ကိုကျော်ရင်က သူလာမယ့်ဆဲဆဲမှာ သခင်သန်းထွန်းက ရခိုင်ကိုပြန်လွှတ်လိုက်တယ်။ (၁၀)ယောက်မှာ ကိုကျော်ရင် တစ်ယောက်ပဲ မတက်နိုင်တာ။ သင်တန်းကို ကွမ်းခြံကုန်း အင်ဂလုံမှာပေးတယ်။ သခင်စိုးသင်တန်းပေါ့။ အဲဒါပြီးတော့ ဒေးဒရဲကိုပြောင်း၊ သခင်မြသွင်တိုက် အပေါ်ထပ်မှာ သင်တန်းပေးတယ်။ သင်တန်းပေးတာတော့ သခင်စိုးကများတယ်။ သခင်ဘဟိန်းလဲ ပါတယ်။ သင်တန်းက တခုထဲပဲရှိတယ်။ သခင်စိုးသင်တန်း။ ဂျပန်ခေတ်မှာ။ ဗိုလ်ကျော်ဇောတို့လဲ သွားတက်တာပဲ။ ကိုယ် သာယာဝတီထောင်ကို ကျဖူးသေးတယ်။ သာယာဝတီထောင်က သိပ်ကြမ်းတာ။ ထောင်ရောက်တော့ အဝင်ဝကစပြီး ရိုက်တာ ကိုယ်တို့နေရမယ့်နေရာအထိပဲရိုက်တာ။ နေ့တိုင်းလဲ မနက်တခါ ညတခါ ထုတ်ရိုက်တယ်။ ကိုယ်တို့ကို ဖမ်းတာက ကွန်မြူနစ်ပါတီ တောခိုပြီးမှဖမ်းတာ။ မတရားသင်း ဥပဒေနဲ့ဖမ်းတာ။ ဗမာပြည်တပြည်လုံးမှာရှိတဲ့ ပုဒ်မ (၅)တွေအားလုံးကို သာယာဝတီထောင် ကိုပို့တော့၊ ၁၉၄၈ ခုနှစ်ပေါ့။ ဖမ်းတော့ ကိုယ်တို့က မြောင်းမြထောင်၊ ပုဒ်မ ၅ နဲ့ဖမ်းတာ။ လယ်သမားတွေကိုလဲ ဖမ်းတယ်။ သာယာဝတီထောင်ပို့တော့ လယ်သမားတွေကိုပါပို့တာ။ လူ ၃၀-၄၀လောက်ရှိမယ်။ နောက်အလံနီတွေ၊ ပခုက္ကူက အလံနီတွေကို မြောင်းမြ ထောင်ပို့ထားတာ။ သူတို့လဲပါလာတယ်။ ရောက်တာနဲ့ရိုက်ပြီး ကောင်းတာတွေ အကုန်ယူထားတော့တာပဲ။ ထောင်မှူး၊ ထောင်ပိုင်ဆိုတာတွေကို မတွေ့ရဘူး။ တန်းစီးတို့ဘာတို့နဲ့ပဲ တွေ့ရတာ။

နောက်တော့ လာရိုက်ရင် စီစဉ်ထားပြီးပြီ။ ဒီကောင်တွေကို အသေသတ်ပြီး အောက်ကိုပစ်ချမယ်ပေါ့။ အဲ့ဒီရက်မှာပဲ လွှတ်ပေးလိုက်တယ်။ သာယာဝတီထောင်က အစိုးရအဖွဲ့ကြားထဲအထိ အတော်နာမည် ကြီးသွားတာ။ ကိုယ်ကျတော့ သာယာဝတီထောင်ကနေ အင်းစိန်ထောင်ကို ပြောင်းပေးတယ်။ ဗိုလ်လက်ျာက ဒုတိယဝန်ကြီးချုပ်။ သူက ကိုယ်နဲ့လဲရင်းနှီးတယ်။ လိုက်ကြည့်တော့ စာရင်းထဲမှာ ကိုယ့်နာမည်ပါလာတော့ သာယာဝတီထောင်ကနေ အင်းစိန်ထောင်ကို ပို့လိုက်တယ်။ ဒါတောင် ဖိနပ်ချွတ်ယူထားလိုက်သေးတယ်။ အင်းစိန်ထောင်ကျတော့ B Class ပြန်ရတယ်။ အင်းစိန်ထောင်မှာ ဦးစောအမှုမှာပါတဲ့ ကပ္ပတိန်ဗီဗီယန်နဲ့က တတိုက်ထဲ နေရတာ။ ဟိုဘက်အစွန် ဒီဘက်အစွန်ထားတာ။ အခြားအကျဉ်းသားတွေ မရှိဘူး။ အဲ့ဒီမှာ ဗီဗီယန်ရှိတယ်၊ သခင်စိုးရှိတယ်။ နောက် ဗိုလ်သိန်းတန်နဲ့ ဗိုလ်အောင်မင်း ကိုယ်တို့ပါတီက။ ဗိုလ်သိန်းတန်နဲ့ ဗိုလ်အောင်မင်းကို ဗိုလ်အောင်ကြီးက လာလာတွေ့တယ်။ လာတွေ့တော့ ကိုယ်က ထောင်မှူးကြီးကိုပြောတယ်။ ဗိုလ်အောင်ကြီးနဲ့ တွေ့ပေးပါလို့။ ကိုအောင်ကြီးက ကိုယ် ဒီရောက်နေမှန်းမသိဘူး။ တွေ့တော့ ကိုယ်က မလိုင်းကြူကိုပြောပေးပါ ဖိနပ်ကလေး ဘာလေးပို့ပေးပါလို့။ အခြားဟာတော့ မလိုပါဘူး လို့။ မနက်ပြောပြီး နေ့ခင်းလောက်ကြာ ရောက်လာတယ်။ လွယ်အိတ်ကြီးနဲ့။ ဖိနပ်ရော၊ စွတ်ကျယ်တွေရော၊ ပုဆိုးတွေရော၊ သွားတိုက်ဆေးတွေရော ပို့လာတယ်။ အဲ့ဒီကနေပြီး လွှတ်လာတာ။ သာယာဝတီမှာ (၂)လလောက်ပဲကြာတယ်။ အင်းစိန်မှာက တပတ်နှစ်ပတ်အတွင်း လွှတ်တာ။ ထောင်ထဲမှာ ဖ.ဆ.ပ.လ သတင်းစဉ်ဖတ်ရတယ်။ မခင်စုက သာယာဝတီထောင်အကြောင်း ရေးတဲ့အခါမှာ အမြင်မှန်ရကြလို့ ပြန်လွှတ်လိုက်တာလို့ရေးတယ်။ ဒီလိုရေးတော့ သူ့ကို ထိခိုက်တာပေါ့။ တမြို့ထဲသားဆိုတော့ ပြောကို ပြောရမှာပေါ့။ ထောင်ကထွက်လာတော့ မခင်စုဆီ ဖ.ဆ.ပ.လ မှာ သွားတွေ့တယ်။ တွေ့တော့ ရေးတာတွေ မကောင်းဘူး၊ ကိုယ့်ကိုထိခိုက်မယ်လို့ ပြောလိုက်တယ်။ နောက် ဘယ်တော့မှ သူ ဒါမျိုးမရေးတော့ဘူး။ ပြီးတော့ ဦးဗဆွေရှိတယ်၊ ဦးဗဆွေနဲ့ တွေ့ဦးမလားတဲ့။ တွေ့မယ်ဆိုပြီး ဝင်သွားတော့၊ "ဘယ်လိုလဲကွ မင်းတို့သာယာဝတီထောင်"တဲ့။ ကိုယ်က "ကျွန်တော်ပြောစရာ မလိုဘူး ခင်ဗျားအကုန်လုံးသိပြီးသား" လို့ပြောတော့။ မဟုတ်ပါဘူးကွာ၊ ငါလဲမသိဘူးတဲ့။ ကိုကြီးနုလဲ မသိဘူးတဲ့။ သူတို့အကုန်လုံးကို လွှတ်ပေးမှာပါတဲ့။ ကိုယ်က စကားထပ်ရှည်လိုက်တော့ "မခင်စု၊ ဒီကောင်တွေက ဒီလိုပဲ"တဲ့ ပြောတယ်။ ကိုယ့်ကိုတွေ့ရင် သူက ဘဟိန်း Selection လို့ပြောတာ။ ဒီကောင်တွေက ဘဟိန်း Selection တဲ့၊ သူကအထင်မသေးဘူး။ မခင်စု (ခင်နှင်းယု) က ဦးနုရဲ့ ညီမအဖြစ်နဲ့ အခုမှ ဖ.ဆ.ပ.လ ရောက်လာတာ။ ဖ.ဆ.ပ.လ သတင်းစဉ် မှာ အယ်ဒီတာဖြစ်တယ်။ အခုလိုတွေသာရေးရင် သူသွားပြီပေါ့။ ကိုယ်ပြောပြီး နောက်ထပ်သူ မရေးတော့ဘူး။

ဝါးခယ်မသခင်သိန်းမောင်

ကျွန်တော် ကြားဖူးသလို ပြောဆိုပါမည် (၃)

A-ငြိမ်း

သခင်ဇေယျ

 (အပိုင်း ၁)

နောက်ခံနိုင်ငံရေးသမိုင်း

ဒုတိယကမ္ဘာစစ်အတွင်း ဗမာပြည်လွတ်မြောက်ရေးလမ်းရှာကြံကြရာမှာ သခင်အောင်ဆန်းနဲ့ သခင်လှမြိုင် တရုတ်ပြည်ကွန်မြူနစ်ပါတီဆီအသွား-အမွိုင်ရောက်၊ အဆက်မရ ယောင်ပေပေဖြစ်နေရာက ဂျပန်ပြည်ရောက်သွားတဲ့အကြောင်း နိုင်ငံရေးသမားတိုင်း သိကြမှာပါ။

ဒါပေမဲ့ ကိုဗဟိန်းတယောက်တည်း လမ်းဖောက်ထားတဲ့ကိစ္စတော့ သိသူရှားပါတယ်။ အဲဒီကာလက ဗမာပြည်မှာ တရုတ်ကွန်မြူနစ်ပါတီ အိုဗာဆီးကလာပ်စည်းတခု တည်ရှိနေခဲ့ပြီး ဖြစ်ပါတယ်။ ကိုဗဟိန်းက သူတို့ထဲက တယောက်နဲ့ ချိတ်မိထားခဲ့တယ်။

ဂျပန် ခုခံဆန့်ကျင်ရေးအတွက် တရုတ်ကွန်မြူနစ်ပါတီရဲ့ အတွေ့အကြုံ၊ အကြံဉာဏ်တွေ ယူချင်လို့ သူစည်းရုံးထားတဲ့ ဆက်သားတ ယောက် တရုတ်ပြည်ကို လွှတ်ပါတယ်။ သခင်အောင်ဆန်းတို့ အမွိုင်ကနေ ဂျပန်ခေါ်ထုတ်သွားတာ သိပြီးတဲ့နောက် ကိုဗဟိန်း စီ စဉ်တာ ဖြစ်တယ်။ သူရွေးလွှတ်လိုက်တဲ့သူက တရုတ်နွယ်ဖွား ဝါးခယ်မသား သခင်ဇေယျဆိုသူပါပဲ။ သွားရမယ့်မြို့၊ တွေ့ရမယ့်သူ၊ တွေ့ရမယ့်နေရာ၊ တွေ့ရမယ့်အချိန် .... စသည် အကုန်စီစဉ်လွှတ်လိုက်တာပါ။ ဒါပေမဲ့ သခင်ဇေယျက တရုတ်သွေးပါတယ်ဆိုပေ မယ့် တရုတ်စကား၊ တရုတ်စာ.... တလုံးမှ မပေါက်၊ ကုန်ကုန်ပြောရရင် အိမ်သာတက်ချင်တာတောင် ပုံဆွဲပြပြီး မေးရတာပါ။ အင်္ဂ လိပ်လို တတ်သူတွေ့ရင်တော့ အဆင်ပြေပါတယ်။ အခက်အခဲအမျိုးမျိုး ကျော်ဖြတ်ပြီး နောက်ဆုံးသွားရမယ့်မြို့ကို ရောက်သွားပါ တယ်။ နေရာလည်းမှာတဲ့အတိုင်း တွေ့ထားပြီ။ ဒါပေမဲ့ ချိန်းတဲ့ရက်မှာ သတ်မှတ်ထားတဲ့အချိန်ထက် ၅ မိနစ်နောက်ကျပြီးမှ ရောက် သွားခဲ့တယ်။ ချန်ကေရှိတ် အုပ်စိုးမှုအောက် တင်းကျပ်လွန်းတဲ့ UG စည်းကမ်း သတ်မှတ်ချက်အရ ဆက်ရမယ့် တာဝန်ခံနဲ့ မတွေ့ လိုက်ရတော့ ပါဘူး။ သခင်ဇေယျနဲ့ ကျွန်တော်တို့က ပန်ဆန်း ရောက်မှ တွေ့ဖူးကြတာပါ။ သူ့ တရုတ်နာမည်က "ဂူမင်း"ပါတဲ့။

(အပိုင်း ၂)

တရုတ်ပြည်ထဲမှာ-

တကွေ့တပတ်ကြီး တရုတ်ပါတီကိုလိုက်ရှာရင်းနဲ့ နောက်ဆုံးတော့ ရဲဘော်ချူအင်လိုင်းကိုင်ထားတဲ့ တပ်ပေါင်းစုဆက်ဆံ ရေးဌာန တာဝန်ခံ၊ သူ့ယောက္ခမလောင်းကြီးနဲ့တွေ့၊ ယင်အန်းနဲ့ လက်လှမ်းမီတဲ့ ပေါက်အန်းမှာ ထားတယ်။ သူတို့ဌာနကျောင်းမှာ အင်္ဂလိပ်စာ ဆရာလုပ်ရင်း တာဝန်ခံရဲ့သမီး (တက္ကသိုလ်ကျောင်းသူ) နဲ့တွေ့ပြီး နဖူးစာရွာလယ်ဖြစ်ခဲ့တယ်။ ဝန်ကြီးချုပ်ဦးနုနဲ့အဖွဲ့ ပီကင်းလာပြီး ဥက္ကဋ္ဌမော်၊ ဝန်ကြီးချုပ် ချူအင်လိုင်းတို့နဲ့ တွေ့တော့ ဖြစ်သွားတဲ့ ကမောက်ကမ ကိစ္စလေးတချို့ သူပြောပြဖူးတယ်။ ကျောင်းသား ကျောင်းသူလေးတွေက လေယာဉ်ကွင်းမှာ "ကြိုဆိုပါ၏"လို့အော် - ပန်းစည်း ဆက်သူက ဆက်-လုပ်ဖို့ ပြင်ကြတယ်။ ဒါပေမဲ့ 'ကြို-ဆို-ပါ-၏' ကို ပီပီသသ မဆိုနိုင်ကြလို့ ဒုက္ခရောက်နေစဉ် - သူက ဝင်ဖြေရှင်းပေးခဲ့ရတယ်....တဲ့။ တရုတ်လိုဂဏန်း ၄ လုံး အဆိုခိုင်းတယ်။ ၉ (ကျို) - ၄ (စစ်) - ၈ (ပါ) - ၁ (ယိ) - နဲ့ အလုပ်ဖြစ်သွားတယ်။ တခါ ဆွေးနွေးဝိုင်းမှာ ဗမာလို ဘာသာပြန်တဲ့ ရဲ ဘော်က တိတိကျကျ မပြန်နိုင်ဖြစ်နေလို့ ချူအင်လိုင်းက သူ့ကို အခေါ် လွှတ်ရတယ်။ သူဝင်လာတော့ ဗိုလ်အောင်ကြီးက မှတ်မိ သွားကာ "ဟာ-မဲ့ကြီး"ခေါ်ပြီး ထ, ဖက်ပါတော့တယ်။ (သူ့နှမ ဒေါ်ခင်လေးကြူနဲ့ အောင်ကြီးက ယူထားနှင့်ကြပြီ)

(အပိုင်း ၃)

ပန်ဆန်းခေတ်

၁၉၇၆ ခုနှစ်မှာ ဗိုလ်မှူးချုပ်(ဟောင်း)ကျော်ဇောနဲ့ သားသမီးတွေ အရှေ့မြောက်စစ်ဒေသ ရောက်လာတယ်။ ပါတီခေါင်း ဆောင်တွေနဲ့ တွေ့ဆုံကြတော့ သိပြီးကျွမ်းပြီး လုပ်ဖော်ကိုင်ဖက်-လူဟောင်းတွေက များတာမို့ ဟိတ်ဟန်မရှိ။ ထုံးစံအတိုင်း တဝါးဝါး တဟားဟား ဖြစ်နေကြစဉ်-"ဘယ်မှာလဲ သုံးဆယ်သူတွေ ချောတယ်ဆို"ဆိုပြီး ဒေါက်တာလှကျော်ဇောကို ကြည့်ပါတယ်။ နောက်မှ မှတ်ချက်ပြုတာက "နာမည်က 'လှလှ' 'လှလှ'နဲ့ လှလည်း မလှဘဲနဲ့ .... "ဆိုတော့ ကျွန်မက "ဘယ်လို အဘိုးကြီးပါလိမ့်လို့ စိတ် ထဲ ကွက်ခနဲ ဖြစ်သွားရုံလောက် ရှိပေမယ့် - ဒေါ်ပွသွားတာက ဖေဖေပဲ၊ မျက်နှာကြီးကို နီ....လို့၊ သူ့သမီး မလှဘူးပြောလို့ စိတ်ဆိုး တာလေ၊ အကြောင်းမသိခင်ကပေါ့။ ကြာကြာပေါင်းကြည့်မှ မေမေရော ကျွန်မတို့ မိသားစုပါ - သူ့ကို သိပ်ခင်ကြ မင်ကြတာ...."လို့ မရှုယဉ်က ပြောဖူးတယ်။

မိုင်းယောင်းတိုက်ပွဲကာလ

၁၉၇၉-၈၀ ခုနှစ်အတွင်းမှာ အရှေ့မြောက်စစ်ဒေသကို မင်းရန်အောင်ထိုးစစ်ဝင်တယ်။ ဒါကို ဟန့်တားနိုင်ဖို့ ၈၁၅ စစ်ဒေသရှိ မိုင်းယောင်းဗျူဟာကိုတိုက်ခိုက် သိမ်းပိုက်ဖို့ ပါတီဗဟိုက ဆုံးဖြတ်ခဲ့တယ်။ ဒီအချိန်မှာ သူက ၈၁၅ စစ်ဒေသရဲ့ နိုင်ငံရေးမှူး ရဲဘော်အေးငွေ ဖြစ်နေပါပြီ၊ သူရောက်တဲ့နှစ် တိုက်ပွဲစ,ပေါ်တာပါ။ အရှေ့မြောက် စစ်ဒေသက တပ်တွေ ၈၁၅ ဘက် တဖွဲဖွဲ ဝင်နေကြပြီ၊ ၆ လပိုင်းကုန်လောက်မှာ တိုက်ပွဲကိုဦးစီးမယ့် ဗဟိုစစ်ကော်မရှင် အတွင်းရေးမှူး ရဲဘော်တင်ရီနဲ့ သူ့ရုံးအဖွဲ့ ကျွန်တော်တို့တတွေက တဖက်လမ်းက လှည့်ပြီး ဌာနချုပ် မန်ဖိုင်ကို ရောက်သွားကြတယ်။ သူက တက်တက်ကြွကြွလန်းလန်းဆန်းဆန်းနဲ့ အတော်ပျော်နေပုံပဲ။ "ဆရာတို့ လာကြပြီလား၊ ဆရာတို့ကို အားကိုးထားတာ၊ မှတ်လောက်သားလောက်ဖြစ်အောင် နာနာဆော်ပေးရမယ်နော်။ ဒါက ဆရာတို့တာဝန်၊ ကျုပ်တာဝန်မဟုတ်ဘူး၊ လိုအပ်တာတွေ ဖြည့်ဆည်းပေးရမှာက ကျုပ်အလုပ်-လိုချင်တာ ပြော ...."ထုံးစံအတိုင်း သူ့ရဲ့ ရွှတ်နောက်နောက်အသံနဲ့ ကြိုဆိုနေပါတယ်။

ဌာနချုပ်တခုလုံးလည်း လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီ။ ဒါပေမဲ့ တကယ်တိုက်ဖို့ ပြင်ထားတဲ့ရက်ပိုင်းမှာပဲ ၈၁၅ တပ်တွေကို ဦးစီးပြီးတိုက်မယ့် စစ်ဦးစီးမှူးရဲဘော်စိုင်းလင်းက ငှက်ဖျား အကြီးအကျယ် တက်နေပါတော့တယ်။ သူ မဦးစီးလို့မဖြစ်။ ရန်သူ့ကုန်းတွေ ခံကတုတ်တွေကို သူက အကြိမ်ကြိမ် အနီးကပ် အကဲကြည့် ထားပြီးသားလူ။ ရက်ရွှေ့လို့ဖြစ်မဖြစ် ခေါင်းဆောင်တွေ စဉ်းစားပြီး ခေါင်းပူနေကြချိန်- တိုက်မယ့် (ယ) ရက်ရောက်ပြီ။ လင်းလင်းချင်း ရဲဘော်စိုင်းလင်း လန်းလန်းဆန်းဆန်း ရောက်လာတယ်။ ရဲဘော်တင်ရီကို အလေးပြုပြီး "နိုင်ငံရေးမှူး ကျွန်တော်နေကောင်းသွားပြီ၊ ထွက်တော့မယ်" လို့ သတင်းပို့တယ်။ တကယ်တိုက်လိုက်ကြတော့ - မိုင်းယောင်းဗျူဟာကုန်းကို သိပ်အရင်းအနှီးမပေးလိုက်ရဘဲ သိမ်းပိုက်လိုက်နိုင်တယ်။ ဆိုးတာက ဗျူဟာမှူးလုပ်သူ ထွန်းကြည် (နောင် ဒုဗိုလ်ချုပ်ကြီး) က မိုင်းယုဘက်ရောက်နေချိန်ဖြစ်လို့ လွတ်သွားပါတယ်။ အောင်ပွဲခံသတင်းတွေ မိမိတို့ရုံးခန်းဆီ လှိမ့်ဝင်လာနေတယ်။ ဒီလောက်နဲ့ ကျေနပ်လို့မဖြစ်။ ထွန်းကြည်ရောက်နေတဲ့ မိုင်းယု ကော်ဟိုလွယ် စခန်းတိုက်ဖို့ ပြင်ဆင်စရာ ဖြည့်စွက်စရာတွေ ဆက်တိုက်လို လုပ်ကြရပါတယ်။ တရက်နှစ်ရက်အတွင်း ကော်ဟိုလွယ်စခန်းကို စီးမြင်ရတဲ့ ထင်းရှူးတောင်ကုန်းပေါ် ကျွန်တော်တို့ ကြိုရောက်နေပါပြီ။ ရဲဘော်တင်ရီ၊ ရဲဘော်ထွန်းလွင်၊ ရဲဘော်အေးငွေနဲ့ ကျွန်တော်တို့ ရုံးအဖွဲ့တွေမှာ ညကတည်းက ရောက်နေတာဖြစ်ပြီး အိပ်လိုက်ရသည်မရှိ။ မျက်စိတွေ ကျိန်းစပ်နေတယ်။ ရန်သူစခန်းဘက် တိုးဝင်ကပ်နေတဲ့ တပ်တွေဆီက သတင်းပို့သံ နားစွင့်နေမိကြတယ်။ သေနတ်သံ ဘယ်အချိန် ထပေါက်မလဲ စောင့်ကြည့်ကြတယ်။ ခေါင်းဆောင်တွေနဲ့ ကေဒါတချို့ မှန်ပြောင်းကိုယ်စီ ဖြစ်နေကြပြီ။ ဒါပေမဲ့ အချိန်ကောင်း မမိလိုက်ကြပါ။ လင်းလင်းထိန်မှ သေနတ်သံက ထွက်လာနိုင်ပါတယ်။ ဒေသမကျွမ်းတဲ့ တပ်မ ၆၈ က တပ်တွေမို့ တပ်မမှူးရဲဘော်ထွန်းလွင်ခမျာ စိတ်မရှည်နိုင်၊ တဟင်းဟင်းနဲ့ နာမှုတ်နေရှာပါတယ်။ တနေ့လုံးလိုလို တိုက်ကြရတဲ့ တိုက်ပွဲပါ။ နေ့ခင်းမှာ ရန်သူ့စခန်းက လူတွေလက်နက်ချဖို့ တန်းစီနေကြပါပြီ။ အဲဒီအချိန် ရန်သူ့လေယာဉ် ၄-၅ စီး ဝဲပျံလာပြီး ဗုံးကြဲပါတော့တယ်။ ရန်သူတွေ အသက်ရှူပေါက် ချောင်သွားကြပြီပေါ့။ (ဒီကိစ္စ ထားလိုက်ကြပါဦးစို့) မိမိတို့တပ်တွေက တိုက်လိုက်-ရန်သူက ဗုံးကြဲလိုက်နဲ့ နေ့ခင်း သူအိပ်နေကျအချိန် ရောက်လာပါပြီ။ ဗုံးကြဲခံရတဲ့အထဲ ကျွန်တော်တို့ တောင်ကုန်းလည်း မလွတ်ပါ။ ဒါပေမဲ့ ဗုံးတွေ ဘယ်လောက်ကြဲကြဲ၊ သေနတ်တွေ ဘယ်လောက်ပစ်ပစ် သူကတော့ ဟောက်သံပေးပြီး တဲထဲမှာ အိပ်နေပါတယ်။ နောက်ဆုံးကြားဖြတ်သတင်းတွေ ခေါင်းဆောင်တွေဆီ လှည့်ပြနေတဲ့ ကျွန်တော် သူ့တဲနားအရောက် လေယာဉ်တွေ တပတ်ဝဲလာပြီး ကျွန်တော်တို့ကုန်းပေါ် ဗုံးကြဲချတာနဲ့ - သစ်ပင်ကြီးတပင်ဘေးထိုင်ချလိုက်စဉ် သူ့တဲထဲက အသံတသံ ထွက်လာပါတယ်။ "ဟေ့ကောင်တွေ ရမ်းမလုပ်နဲ့၊ မတော် ၄- ၁ း မှန်နေပါဦးမယ်".... တဲ့။ နောက်တော့ 'ဟောက်သံ' ......

(အပိုင်း ၄)

တတိယအကြိမ်ပါတီကွန်ဂရက်

၁၉၈၅ ခု၊ ပါတီကွန်ဂရက်မှာ ရှေ့လုပ်ငန်းစဉ်တွေ ပါလာပါတယ်။ ၁၉၈၆ ခု(မတ်လ-ဧပြီလ) ရောက်တော့ တပ်ပေါင်းစုလုပ်ငန်းအတွက် ပန်ဆန်းမှာ မဒတနဲ့ ဆွေးနွေးပွဲလုပ်ခဲ့တယ်။ KIO မှ ဦးဘရန်ဆိုင်း၊ KNU မှ ဦးစိုးအောင်၊ SSPPမှ ဗိုလ်ချုပ်ဆေထင်၊ KNPPမှ ဦးထဲဘူးဖဲ၊ ဦးရယ်မင်တူး၊ NMSP မှ နိုင်အောင်တင်စသူတို့တက်ရောက်လာကြတယ်။ အားလုံး ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွပါပဲ။ သဘောတူညီချက်တွေ လက်မှတ်ထိုးအပြီး နှုတ်ဆက်ညစာ်ခံပွဲ အကြောင်းဖော်ပြချင်တယ်။ ယမကာပွဲဆိုတော့ အပြောအဆိုမှာ ဘရိတ်တွေ ပေါက်လာကြတယ်။ အသံတွေကျယ်လာတယ်။ ခေတ်ပညာတတ် တော်တော်များများ စုမိတဲ့ဝိုင်းဆိုတော့ ခွက်မြှောက်ဆုတောင်းကြရင်း တချို့က ဘိုလိုမှုတ်ကြတယ်။ ဒီအထဲမှာ မြံ့စိစိ မနေတတ်တဲ့ အင်္ဂလိပ်စာပြဆရာ သူ့

အသံက အကျယ်ဆုံး-ဒါကို ခပ်လှမ်းလှမ်း လူကြီးဝိုင်းကနေ အကဲခတ်ကြည့်နေတဲ့ အဘိုးကြီးတယောက်ရဲ့ မျက်နှာရိပ်မျက်နှာကဲကို သူသတိမထားမိ-ရဲဘော်ထွန်းဖြစ်ပါတယ်။ အချိန်ကလည်း လင့်လာတော့ -"ဗဟိုရုံးပြန်မယ့် ရဲဘော်တွေ ကားပေါ်တက်ကြ"လို့ ခပ်ကျယ်ကျယ် အော်လိုက်တယ်။ သူလည်း မနေသာဘဲ ထလာရတယ်၊ ကေဒါတချို့နဲ့ ကင်းအဖွဲ့ တဝုန်းဝုန်းနဲ့ ထရပ် ကားပေါ်တက်နေစဉ် - "ခင်ဗျား ရှေ့ခန်းကထိုင်" လို့ အမိန့်ပေးခံရတယ်။ ဒါတောင် "အစ်ကိုကြီးက ညီလေးကိုချစ်လို့ ရှေ့ခန်းကို ခေါ်တာလား" လို့ နောက်မိအောင် နောက်လိုက်သေးတယ်။ "မဟုတ်ဘူး။ လူရှင်းတဲ့နေရာရောက်ရင် ချောက်ထဲကန်ချလိုက်ချင်လို့"ဆိုတဲ့အသံ ရဲဘော်ထွန်းဆီက ထွက်လာတယ်။ (မှတ်ချက်-'အစ်ကိုကြီး'လို့သာ ခေါ်နေတာ-သူက ရဲဘော်ထွန်းထက် အများကြီး အသက်ကြီးပါတယ်။ ရဲဘော်ဦးတင်(BKZ) ထက်တောင် တနစ်လောက် ကြီးသူပါ။

ပါတီ ဗဟိုကေဒါကျောင်း .... ကျောင်းအုပ်ကြီး

၈၅ ခု ကွန်ဂရက် စိတ်ဓာတ်နဲ့ ၈၆ ခုနှစ် ကေဒါကျောင်းဖွင့်တော့ သူကကျောင်းအုပ်၊ ကျွန်တော်က ရုံးအုပ်ဖြစ်လာခဲ့တယ်။ ကျောင်းမှာ ရဲဘော်ခင်မောင်ကြီးက 'နိုင်ငံရေးဘောဂဗေဒ'၊ ရဲဘော်စံသူက 'အဘိဓမ္မာ'၊ ရဲဘော် တင်ရီက'ပါတီသမိုင်း' ၊ သူက 'ပါတီတည် ဆောက်ရေး'ဘာသာရပ် ပို့ချတယ်။ တခြားဆရာတွေ လာပို့ချတဲ့အခါ သူလည်း ရှေ့ဆုံးခုံတန်းမှာ ထိုင်ပြီး ရက်မပျက် ကျောင်းတက်ပါတယ်။ အပြန်အလှန်ငြင်းကြခုံကြရင် သူလည်း စိတ်အားထက်ထက်သန်သန် ဝင်ဆွေးနွေး၊ ဝင်ငြင်းခုံပါတယ်။ ဒါပေမဲ့ သူ့အိပ်ချိန်ရောက်ရင် တခါတခါ ငိုက်ငိုက်သွားလေ့ရှိတယ်။ ဟောက်တဲ့အခါလည်း ရှိတတ်တယ်။

အဘိုးကြီး ရဲဘော်ဦးကြည်ပြိုင်(၇၅ အရန်ဗဟိုကော်မတီ) တခါက ပြောဖူးတာ ရှိတယ်။ "ကိုအေးငွေကြီးနဲ့ ကြုံရင် မေးကြည့်စမ်းပါ၊ မေရှင် ဘာကြောင့် အပျိုကြီးဖြစ်ရသလဲ" လို့ ထောင်ပေးတာပါ။ တခါမှာတော့ သူ့သားရေ ပိုက်ဆံအိတ် ကျွန်တော့်ရှေ့မှာ ဖုတ်ခနဲ လွတ်ကျပြီး ဖွာလန်ကြဲကုန်ပါတယ်။ စာရွက်အပိုင်းအစတွေ၊ ငွေစက္ကူတချို့နဲ့ ဓာတ်ပုံဟောင်းတပုံကို တွေ့လိုက်ရတယ်။ ဟောင်းနွမ်းနေပြီဖြစ်တဲ့ ဓာတ်ပုံကို ကောက်ကြည့်လိုက်တော့ ဒေါ်မေရှင်ပုံ ဖြစ်နေပါတယ်။ ဒါနဲ့ ရဲဘော် ဦးကြည်ပြိုင်ကတော့ မေရှင် အပျိုကြီး ဘာကြောင့်ဖြစ်သလဲလို့ ဦးဝူမင်းကို အမေးခိုင်း နေတယ်....ဆိုတော့ ရယ်နေတယ်။ ဘာမှမဖြေ။ (ဒါပေမဲ့ ကျွန်တော်လူပျိုကြီးဖြစ်နေတာကို သူမရှုဆိတ်၊ သူနဲ့ ရင်းနီးတဲ့ရဲဘော်မတွေကို 'ခင်ဗျားတို့အစ်ကိုကို ပစ်မထားနဲ့လေ၊ (---) နဲ့ဆိုမတော်လား၊ ကြည့်ကျက်လုပ်ကြပါဦး"လို့ ပွဲတောင့်ပန်းပင် လုပ်တတ်ပါတယ်။) သူ့အိမ်က ပို့လိုက်တဲ့ စည်သွတ်ဘူး၊ တို့ပါကျန်း(တရုတ်ပဲငါးပိ) နဲ့ ဝက်အူချောင်း.... စသည်တို့ကိုတော့ ကျောင်းဖိုကို ပို့ပါတယ်။ ဖော်လံဖားတာကို သူမကြိုက်၊ စုပေါင်းစိတ်ဓာတ်ပဲ ကြိုက်တယ်။

တခါမှာ တပ်မ ၆၈ ကေဒါ ရဲဘော် စန်းမောင်က ကျွန်တော်တို့ ထမင်းဝိုင်းထဲ အငွေ့တထောင်းထောင်းနဲ့ ဟင်းတပန်းကန် လာချပါတယ်။ သူက 'ဘာလို့လာပေးတာလဲ'မေးတော့ ရဲဘော်စန်းမောင်က ကပျာကယာနဲ့ ကျောင်းသင်ခန်းစာထဲက စာတပိုဒ်အော်ပါတယ်။ 'ဒါဘာစိတ်ဓာတ်လဲ'....။ သူကလည်း ပြန်ဖြေလိုက်တယ်။ "အဲဒါ ငပေါစိတ် ဓာတ်ပဲ...."တဲ့။

(မှတ်ချက်- ကျောင်းသားတွေထဲမှာ ကျောက်ညီလိုင်လို တပ်မဟာကေဒါတွေ၊ ခရိုင်အဆင့် ဒေသကလာတဲ့ကေဒါတွေဟာ ကိုယ့်ဘာသာ ကိုယ်ချက်စားကြတာ ရှိတယ်။)

သူနဲ့ကျွန်တော် အတူအိပ်၊ အတူနေ၊ အတူစားဆိုတော့ ပိုရင်းနီးလာတယ်။ သူ့အကြောင်း သူ့စိတ်ဓာတ်ကို ပိုသိလာတယ်။ ဗမာပြည်ထဲက တရုတ်ပြည်ရောက်နေတဲ့ ကချင်၊ ကရင်၊ ဗမာရဲဘော်တွေပေါင်းပြီး အရှေ့မြောက်စစ်ဒေသ ထူထောင်မိကြတော့ တော်တော်များများက ကေဒါကြီးတွေ ဖြစ်လာခဲ့တယ်။ တရုတ်ပြည်ထဲ သူတို့ အလုပ်လုပ်ခဲ့တဲ့ စက်ရုံ၊ လယ်ယာဌာနတွေက အမျိုးသမီးတွေနဲ့ အိမ်ထောင်ကျခဲ့ကြတော့ အမျိုးသမီးတွေကလည်း ရေချိန်ရှိသလောက် ကေဒါကြီးငယ်တွေဖြစ်၊ အခွင့်အာဏာတွေ ရှိလာခဲ့တယ်။ ဒီအထဲက တချို့ဟာ အောက်ခြေလွတ်လာကြတာကို သူကြည့်မရဘူး။ "လူတန်းစားမှန်ပေမယ့် လူတန်းစားစိတ်ဓာတ်မရှိရင် အလကားပဲ၊ ဖောက်ပြန်သူပဲ။ PLA က တိဘက်ကို သိမ်းတော့ ဘုရင်ဖြစ်သူက လက်နက်ချပြီ၊ မိဖုရားက ဆက်တိုက်တယ်။ သူဟာ လယ်ယာမျိုးရိုးက လာသူပဲ.... "ဆိုပြီး ကျွန် တော့်ကို လူတန်းစားပညာပေးတာ လုပ်ဖူးတယ်။

(အပိုင်း ၅)

အထွေထွေ

သူက ဥက္ကဋ္ဌရဲ့အတွင်းရေးမှူး တောက်လျှောက်လုပ်လာသူဖြစ်တယ်၊ ဥက္ကဋ္ဌလည်း မနေရ၊ နောက်နောက်ပြောင်ပြောင်ပဲ။ ကျန်အဘိုးကြီးတွေကလည်း သူ့ကို စ,လေ့နောက်လေ့ရှိတယ်။ ဦးမောင်မောင်စိန် (ဒုတိယ အကြိမ်ကွန်ဂရက် အရန်ဗဟိုကော်မတီ) က "ဥက္ကဋ္ဌမော်ကနေ ကျုပ်တို့ဥက္ကဋ္ဌဆီ လွှဲပေးတော့ ခင်ဗျားသွားတွေကို ရေတွက်ပြီးမှ လက်ခံတာ ဟုတ်ရဲ့လား"....တဲ့။ ပဲခူးရိုးမ ခေါင်းဆောင်တွေရဲ့ဘဝနဲ့မတူ။ အချိန်ပိုလေးတွေရတဲ့အခါ တနေရာရာမှာ ဆုံမိတဲ့အခါ ဒီလိုပဲ ရင်းရင်းနှီးနှီး ဆက်ဆံလေ့ရှိကြတယ်။ ဒါပေမဲ့ မူနဲ့ပတ်သက်လာရင်၊ သဘောတရားဆိုင်ရာ ဝိဝါဒကွဲလာလို့ ငြင်းကြခုံကြရင်တော့ ဘယ်သူမှမလျှော့။ မျက်နာကြောတွေ တင်းလာတတ်ကြတယ်။

သူဟာ ဥက္ကဋ္ဌစကား နားထောင်တယ်။ ကိုယ့်ကိုယ်ကိုယ် တောင်းဆိုမှုရှိတယ်။ ၈၁၅ ကို နိုင်ငံရေးမှူးအဖြစ် (၁၉၈၀-ဇန်နဝါရီလ) လွှတ်လိုက်တော့ (၁) အောက်ခြေရဲဘော်တွေနဲ့ မကင်းကွာပါစေနဲ့။ အတူနေထိုင်စားသောက်ပါ။ (၂) လက်ဆောင်ပစ္စည်းကို သတိထားပါ-လို့ မှာလိုက်တယ်။ ဒါကြောင့် ဘာပစ္စည်းမှ လက်မခံဘဲနေခဲ့တယ်။ ကြာတော့ ၈၁၅ မှာ ကျန်ကေဒါတွေနဲ့ စည်းလုံးညီညွတ်ရေး ပျက်ခဲ့တယ်။ အလုပ်မဖြစ်လို့ ၃-၄ နှစ်အကြာမှာ ပြန်ခေါ်ခဲ့ရတယ်။

သူက ၇၅ ပါတီဗဟို ဖွဲ့စဉ်က အရန်ဗဟိုကော်မတီ။ ၈၅ တတိယအကြိမ် ကွန်ဂရက်ပြီးတော့ ဗဟိုကော်မတီအပြည့် ဖြစ်တယ်။ ဗဟိုအတွင်းရေးမှူးအဖွဲ့ဝင်လည်း ဖြစ်တယ်။

ဒါပေမဲ့ ဗဟိုစခန်းမှာ သူပေါင်းတာက နပ်ချေးတွဲလွဲ ကလေးတွေပဲ။ ၃-၄-၅ နှစ်သား ကချင်၊ ကရင်၊ ဝ၊ ဗမာလေးတွေနဲ့ အရောတဝင်လုပ်ပြီး မုန့်ပဲသရေစာ စားချင်တဲ့သူ ငါ့အခန်းကိုလာလို့ ဖိတ်ခေါ်ထားတယ်။ ဒါပေမဲ့ တချက်ကတော့ အကိုက်ခံရမယ်....တဲ့။ ချေးညှော်တွေနဲ့ ပါးကို တကယ်လည်းကိုက်ပါတယ်။ ကလေးတွေက မုန့်လည်းစားချင်၊ အကိုက်ခံရမှာလည်းကြောက်တော့ မသွားခင် သွားသင့်မသင့် အစည်းအဝေးထိုင်ကြရတယ်။ သိပ်ဆာလွန်းမှ မာန်တင်းပြီး အကိုက်ခံကြတာပါ။

သူက ရဲဘော်ထွန်းကို သိပ်ချစ်တယ်။ ရဲဘော်ထွန်းကလည်း သံယောဇဉ်ကြီးတယ်၊ ၁၇-၃-၉၆ သူကွယ်လွန်တဲ့သတင်း သွားပြောတော့ မျက်ရည်တွေ ဝိုင်းနေတယ်။ "ကိုအေးငွေက ဗမာပြည်ပြန်ပြီး သေချင်တာ-ခင်ဗျားသေရင် -ပြာတချို့ မိသားစုဆီက တောင်းပြီး ဗမာပြည်ပြန်ပို့ပေးပါမယ်-လို့ ကတိပေးထားခဲ့ရတယ်....လို့ ပြောထားတာ ရှိကြောင်း" နောက်ပိုင်းမှာ သိရတယ်။ သူဟာ UG ဘဝက လာသူမို့ လျှို့ဝှက်ရေးစည်းကမ်းကို ထိန်းသိမ်းတဲ့ အလေ့အကျင့်ရှိတယ်။ ၂ ပါတီ ခွဲလုပ်လာသူဖြစ်လို့ တာဝန်လည်း ကြီးပုံရတယ်။

အထက်ပါအချက်တချို့ ကျွန်တော်ရေးနိုင်တာက (တချို့ကို) ရဲဘော်ထွန်းပြောလို့ သိရတာဖြစ်တယ်၊ တချို့ကို အဘိုးကြီးတချို့ဆီက သိရတာဖြစ်တယ်။ သူ အနားယူသွားပြီးတဲ့နောက်မှာလည်း ပါတီအတွက် အရေးကြီးတဲ့ အလုပ်တချို့ လုပ်ပေးသွားပါတယ်။ သူ့လက်ရေးမူတွေ မျက်စိထဲမှာမြင်ယောင်ဆဲပါ။ အင်္ဂလိပ်လိုထုတ်တဲ့ စာအုပ်တချို့ ရဲဘော်ထွန်းဆီသာမက ဖတ်သင့်တဲ့ ရဲဘော်တချို့ဆီ ပို့ပေးပါတယ်။ ကလေးတွေကိုလည်း သူမမေ့၊ နယ်စပ်မှာ ကျန်ရစ်တဲ့ ရဲဘော်တွေရဲ့ သားသမီးတွေ ပညာရေးအတွက် ရန်ပုံငွေကို လစဉ်မပြတ်ပို့ပေးခဲ့တယ်။ နောက်ဆုံး ဆေးရုံတက်နေစဉ်မှာပင် သူ့ထောက်ပံ့ကြေးလေးကို သူ့သားက ထုတ်လာပြီးပေးတော့ "ငါ့ပါတီက ကလေးတွေအတွက် ငွေပုံမှန် ပို့ပေးနေတာ၊ ဒီလ မပို့ရသေးဘူး။ မင်းပို့ပေးပါ။ နောက်လ ငါ့ငွေ ထုတ်လာရင်လည်း အဲဒါကို ပို့ပြီးမှ ကျန်တာ ငါ့ကိုပေး" လို့ မှာရှာတယ်။ ခု သူကွယ်လွန်သွားတာတောင် အနှစ် ၂၀ ကျော်ပါပြီ။ မမေ့မပျောက်စကောင်းတဲ့ သမိုင်းဝင် ပုဂ္ဂိုလ်တဦးဖြစ်လို့ ပြန်လည်ဖော်ထုတ်လိုက်ရခြင်းဖြစ်ပါတယ်။

A-ငြိမ်း

၁၀-၁၁-၂၀၁၇။

ဗမာပြည်မှာအမျိုးသားစည်းလုံးညီညွတ်ရေးသာ အလိုအပ်ဆုံးပါ

စောအယ်ထူး

ဗမာပြည်မှာမှီတင်းနေထိုင်တဲ့ လူမျိုးပေါင်းစုံအမျိုးသားတရပ်လုံးဟာ "ဒို့ဗမာ"ဖြစ်တယ်လို့ ဒို့ဗမာအစည်းအရုံးရဲ့ သဘောထားမှာ ရှင်းရှင်းလင်းလင်းဖော်ပြထားပါတယ်။ အဲ့ဒီတုန်းက ဒို့ဗမာအစည်းအရုံးဟာ တကယ့်မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားတရပ်လုံး ဆိုတဲ့ အသိစိတ်နဲ့လှုပ်ရှားခဲ့ပါတယ်။ ဒါကြောင့်လူမျိုးအရခွဲခြားတာ ဘာသာရေးအရခွဲခြားတာ ဒေသအရခွဲခြားတာဆိုတဲ့စိတ်တွေ မရှိခဲ့ကြပါဘူး။

ဒို့ဗမာအစည်းအရုံးကမွေးထုတ်လိုက်တဲ့ ရဲဘော်သုံးကျိပ်ဆိုသူတွေလည်း တမျိုးသားလုံး၊အမျိုးသားတရပ်လုံးလွတ်လပ်ရေးရဖို့ဆိုတဲ့ စိတ်တခုတည်း ရှိခဲ့ကြပါတယ်။ ဒါကြောင့် ဘီအိုင်အေတပ်ကိုအောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ခေတ်ပျက်ကြီးထဲမှာ တပ်ကိုဖွဲ့စည်းထူထောင်တာကြောင့် အုတ်ရော၊ကျောက်ရောတွေလည်းအများကြီးဖြစ်ခဲ့တယ်။ တချိန်တည်းမှာ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ သွေးခွဲအုပ်ချုပ်ခဲ့တာရယ်၊ ဂျပန်ဖက်ဆစ်တွေရဲ့ရိုင်းစိုင်းရက်စက်တာတွေကြောင့် လူမျိုးရေးသတ်ဖြတ်မှုတွေဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တာဝန်ယူဖြေရှင်းခဲ့တာကြောင့် ဒီအရေးအခင်းပြေလည်သွားခဲ့တယ်။ ဘီအိုင်အေရဲ့ ကိုယ်ပိုင်သဘောထားဖြစ်တဲ့ တမျိုးသားလုံးစိတ်ဓာတ်၊ အမျိုးသားတရပ်လုံးစိတ်ဓာတ်ကို ဗိုလ်ချုပ်အောင်ဆန်းက စွဲစွဲမြဲမြဲ ကိုင်ပြီး ဖြေရှင်းလိုက်လို့ဖြစ်တယ်။

ဖဆပလ အဖွဲ့ချုပ်ကို ဖွဲ့စည်းတော့လည်း လူမျိုးပေါင်းစုံအမျိုးသားတရပ်လုံး အမျိုးသားအကျိုးစီးပွားစိတ်ဓာတ်နဲ့ ဖွဲ့စည်းခဲ့တာပါပဲ။ ဒါကြောင့်လည်း ဖက်ဆစ်ဂျပန်ကို လူမျိုးပေါင်းစုံအမျိုးသားတရပ်လုံးက ထကြွတော်လှန်ခဲ့တာပါပဲ။ ဒါဟာ အမျိုးသား တစည်းတလုံးတည်းရှိတယ်ဆိုတဲ့စိတ်ဓာတ်ပါပဲ။ အမျိုးသားစည်းလုံးညီညွတ်မှုကြီးပဲ။ လက်နက်ကိုင်တပ်ဖွဲ့ အသီးသီးဟာလည်း ဖဆပလ အဖွဲ့ချုပ်ရဲ့ စစ်ရေးတာဝန်ခံဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ခေါင်းဆောင်မှုအောက်မှာ တညီ တညွတ်တည်း ရှိခဲ့ကြပါတယ်။

လွတ်လပ်ရေးအတွက်ပြင်ဆင်မှုအနေနဲ့ စစ်ရေးစစ်ရာကိစ္စအတွက် လက်ျာဖရီးမင်းစာချုပ် ကန္ဒီစာချုပ်တို့ကို ချုပ်ဆိုပါတယ်။ ကန္ဒီစာချုပ်အရ ဖက်ဆစ်တော်လှန်ရေးတုန်းက ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်မှုအောက်မှာရှိတဲ့ လက်နက်ကိုင်တပ်အတော်များများကို ဖျက်သိမ်းလိုက်ရပါတယ်။ တပ်သား ၅၂၀၀၊ အရာရှိ ၂၀၀၊ (အရန်တပ်သား၃၀၀၀၊အရန်အရာရှိ၃၀၀) နဲ့ပြင်ဆင်ဖွဲ့စည်းဖို့ သဘောတူထားတဲ့အတိုင်း ပြန်လည်ဖွဲ့စည်းခဲ့ရပါတယ်။ အင်္ဂလိပ် အစိုးရက ဗမာပြည်သားတိုင်းရင်းသားလူမျိုးစုတွေကို လူမျိုးစုလိုက်ဖွဲ့စည်းထားတဲ့တပ်တွေရှိပါတယ်။ ဗမာပြည်လွတ်လပ်ရေးရရင် အဲ့ဒီလူမျိုးစုတပ်ဖွဲ့တွေအားလုံးကို လွတ်လပ်တဲ့ဗမာပြည် အစိုးရကို လွှဲအပ်မှာဖြစ်တယ်။ ဒါကြောင့်လွတ်လပ်တဲ့ ဗမာပြည်မှာ အစိုးရရဲ့တပ်ကို ဗမာ့တပ်မတော်ဆိုပြီးခေါ်ပါတယ်။ အဲ့ဒီ ဗမာ့တပ်မတော်မှာ ကြည်း၊ ရေ၊ လေ တပ်တွေရှိတယ်။ ကြည်းတပ်မှာ ဗမာ့သေနတ်ကိုင်တပ်ရင်း၊ ကရင်သေနတ်ကိုင်တပ်ရင်း၊ ကချင် သေနတ်ကိုင်တပ်ရင်း၊ ချင်းသေနတ်ကိုင်တပ်ရင်း၊ ရှမ်းသေနတ်ကိုင်တပ်ရင်းစသည်ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ စစ်ဦးစီးချုပ်က

ဗိုလ်ချုပ်စမစ်ဒွန်းဖြစ်လာပြီး လေတပ်ဦးစီးချုပ်က စောရှီးရှို ဖြစ်လာပါတယ်။ ဒီဦးစီးချုပ်တွေဟာ စစ်သားပီပီပဲ ဖဆပလ အစိုးရကို သစ္စာခံပါတယ်။ ဒီအခြေအနေအထိ တပ်ဟာ တစည်းတလုံးတည်း ရှိခဲ့ပါတယ်။ ဖဆပလ အစိုးရအမိန့်ကို နာခံပါတယ်။ လူမျိုးစုံပြည်သူလူထုကြီးရဲ့မိတ်ဆွေဖြစ်နေပါတယ်။ တပ်ဟာ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်နေပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရှိနေစဉ်ကပင် ဖဆပလ အဖွဲ့ချုပ်ကြီးမှာ လက်ယာအင်အားစု အထူးသဖြင့် ဆိုရှယ်လစ်တွေခေါင်းထောင်စပြုနေပြီဖြစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီးတဲ့နောက်မှာ အင်္ဂလိပ်အစိုးရက ဖဆပလ လက်ယာအင်အားစုကိုခေါ်ပြီး အစိုးရဖွဲ့စေခဲ့တယ်။ အဲ့ဒီအစိုးရလက်ထဲကိုအာဏာလွှဲပြောင်းပြီး လွတ်လပ်ရေးဆိုတာပေးခဲ့တယ်။ ဒီလက်ယာအုပ်စုဟာ စောစောကတည်းက ဗမာလူမျိုးကြီးဝါဒသဘောထားတွေဖော်ထုတ်နေပြီဖြစ်တယ်။ လွတ်လပ်ရေးရပြီး အာဏာအပြည့်ရှိလာတဲ့ အခါမှာ ဗမာလူမျိုးကြီးဝါဒကို နယ်ပယ်အသီးသီးမှာအကောင်အထည်ဖော်ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အလွန်မြင့်မားနေတဲ့ လူမျိုးစုံပြည်သူလူထုကြီးကို ဘယ်သူက၊ ဘယ်လူမျိုးက နယ်ချဲ့နောက်လိုက်လို့လက်ညှိုးထိုးလိုက်တာနဲ့တပြိုင်နက် လူထုကြီးက အဲ့ဒီလက်ညှိုးထိုးခံလိုက်ရသူ၊လူမျိုးကို မုန်းတီးတတ်တယ်ဆိုတာကို အဲ့ဒီလက်ယာအုပ်စုတွေကသိတယ်။ ဒီနည်းနဲ့ အမျိုး သားစည်းလုံးညီညွတ်မှုကို ပိုမိုနက်ရှိုင်းဆိုးဝါးသွားစေခဲ့တယ်။

တပ်ထဲမှာလည်း ဗမာလူမျိုးကြီးဝါဒကို အကောင်အထည်ဖော်ပါတယ်။ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာပြည်တွင်းစစ်စတင်ဖြစ်ပွားတော့ ဗမာပြည်ကွန်မြူနစ်ပါတီကို လူမျိုးစုသေနတ်ကိုင်တပ် (သနက) တွေနဲ့လိုက်ပြီးတိုက်ခိုင်းခဲ့တယ်။ ၁၉၄၉ ဇန်နဝါရီ လ ၃၁ ရက်နေ့မှာ ကေ၊အင်န်၊ဒီ၊အို တွေ ထကြွတော်လှန်တဲ့အခါမှာ ဗိုလ်ချုပ်စမစ်ဒွန်းနဲ့ စောရှီးရှိုတို့ကို ဖဆပလ အစိုးရက ဦးစီးချုပ်တွေအဖြစ်ကဖယ်ရှားပြီး ဗိုလ်နေဝင်းကို စစ်ဦးစီးချုပ်တင်လိုက်တယ်။ အဲ့ဒီကစပြီးဗမာ့တပ်မတော်မှာ ဗမာလူမျိုးကြီးဝါဒဟာ ခိုင်မာလာတယ်။ ပြည်တွင်းစစ်ကို ရိုင်းရိုင်းစိုင်းစိုင်း၊ ရက်ရက်စက်စက်တိုက်တဲ့တပ် ဖြစ်လာတယ်။ လူမျိုးစုံပြည်သူလူထုကြီးက ဗမာ့တပ်မတော်ကို ရွံ့ကြောက်ကြီးဖြစ်လာပါတော့တယ်။

ဖဆပလ အစိုးရက ဗမာလူမျိုးကြီးဝါဒကိုကျင့်သုံးတယ်ဆိုတာဟာ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ သွေးခွဲအုပ်ချုပ်တဲ့ နည်းနာကို ဆက်ခံလိုက်တာပဲဖြစ်တယ်။ လူမျိုးတမျိုးနဲ့တမျိုး မုန်းတီးအောင်သွေးထိုးလှုံ့ဆော်လိုက်ပြီး လူမျိုးတမျိုးနဲ့တမျိုး အစေးမကပ်တော့တဲ့အချိန်မှာ တမျိုးချင်းကို ခွဲခြားပြီး ဖိနှိပ်အုပ်ချုပ်ဖို့လုပ်တာဖြစ်တယ်။ တချိန်တည်းမှာ တကယ့်မျိုးချစ်ပြည်ချစ် စိတ်ဓာတ်ကို မျက်ကန်းမျိုးချစ်စိတ်ဓာတ်ဖြစ်ပေါ်လာအောင် လုပ်လိုက်တာလည်း ဖြစ်တယ်။ တဆက်တည်းမှာ လူတန်းစားအသိရေချိန်ကိုလည်း ကျဆင်းပျက်ပြားစေလိုက်တယ်။ ဗမာပြည်ရဲ့ပဋိပက္ခဟာ လူတန်းစားပဋိပက္ခမဟုတ်ဘဲ လူမျိုးရေးပဋိပက္ခဖြစ်တယ် ဆိုတဲ့အမြင်ကို ကြီးထွားစေလိုက်တယ်။ ဒါကြောင့် အမျိုးသားလူနည်းစုတော်တော်များများဟာ ဖဆပလ အစိုးရက ဗမာလူမျိုး အလုပ်သမား၊ လယ်သမား ဆင်းရဲသားပြည်သူတွေကို ဖိနှိပ်သတ်ဖြတ်တာကို မမြင်ကြတော့ဘဲ အမျိုးသားလူနည်းစုတွေကို သတ်ဖြတ်နေတယ်လို့ပဲ မြင်ကြတယ်။ တဖက်မှာလည်း ဗမာလူမျိုးတော်တော်များများကလည်း အမျိုးသားလူနည်းစုတွေကို လူတန်းစားအသိအမြင်စိတ်နဲ့ မကြည့်တတ်တော့ဘဲ ဗမာလူမျိုးနဲ့တန်းမတူတဲ့လူမျိုးတွေလို့ အမြင်ရှိသွားကြတယ်။

ဖဆပလ အစိုးရကိုဆန့်ကျင်တဲ့ နိုင်ငံရေးအင်အားစုတွေဟာလည်း လက်ဝဲအင်အားစုတွေကလွဲရင် လူတန်းစားအသိ အမြင်နဲ့ ဖဆပလအစိုးရကိုဆန့်ကျင်ကြတာမဟုတ်ဘဲ လူမျိုးရေးအမြင်နဲ့ ဖဆပလ အစိုးရကိုဆန့်ကျင်ခဲ့ကြပါတယ်။ ဒါကြောင့် ပြည်တွင်းစစ် စခါစမှာ လူမျိုးရေးသတ်ဖြတ်မှုတွေရှိခဲ့ပါတယ်။ ဒါပေမဲ့ တော်လှန်ရေးအင်အားစုတွေဟာ ဘဝအသိအရ ဖဆပလ အစိုးရကို ဦးတည်တိုက်ရေးဆိုတဲ့အသိကိုရရှိလိုက်တာကြောင့် လူမျိုးရေးတဖက်သတ်အမြင်တွေ လျော့ပါးလာကာ တော်လှန်ရေး လမ်းကြောင်းမှန်ကို လျှောက်လှမ်းနိုင်ခဲ့ကြတယ်။ စစ်ရေးမှာလည်း ရေရှည်ပြည်သူ့ပြောက်ကျားစစ်ကို ဆင်နွှဲတတ်လာကြတယ်။ ဒီလိုနဲ့ ဖဆပလ အစိုးရရဲ့ ဖောက်ပြန်တဲ့ပြည်တွင်းစစ်ပြုရေး၊ အပြုတ်တိုက်ရေးပေါ်လစီကို တုံ့ပြန်တိုက်ခိုက်နိုင်တယ်။ ဖဆပလ အစိုးရဟာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လုံးပန်းနေတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအမှူးပြုတဲ့ အင်အားစုတွေကိုလျစ်လျူရှုပြီး ပြည်တွင်းစစ်ကို အပြုတ်တိုက်ရေးပေါ်လစီ ချမှတ်ကျင့်သုံးခဲ့တယ်။ တဆက်တည်းမှာ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းလိုက်တယ်။ ဒါဟာ ဘာသာရေးပဋိပက္ခတွေဖြစ်စေဖို့လမ်းဖွင့်ပေးသလိုဖြစ်ခဲ့တယ်။

ဖဆပလ အဖွဲ့ချုပ်ကြီးအကွဲအပြဲဖြစ်လာတာကို အခွင့်ကောင်းယူပြီး ဗိုလ်နေဝင်းအမှူးပြုတဲ့ စစ်အုပ်စုဟာ ၁၉၅၈ ခုနှစ်မှာ ဝတ်စုံပြည့်အစမ်းလေ့ကျင့်အာဏာသိမ်းပွဲလုပ်ခဲ့တယ်။ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာတော့ သန့်ရှင်း ဖဆပလ အစိုးရတဖြစ်လဲ ပထစ ဦးနုအစိုးရလက်ကနေ အပြီးအပိုင် စစ်အာဏာသိမ်းတာလုပ်တယ်။ ပါလီမန်ဒီမိုကရေစီစနစ်ကိုဖျက်သိမ်းပြီး စစ်အာဏာရှင်စနစ်ကိုထူထောင်တယ်။

ပြည်တွင်းစစ်စတင်ချိန်မှာ ဗမာ့တပ်မတော်မှာရှိနေတဲ့ ဗမာ့သေနတ်ကိုင်တပ်ရင်းတချို့တောခိုတယ်။ ကရင်သေနတ်ကိုင်တပ်ရင်း ၃ ရင်းလုံးတောခိုတယ်။ ကချင်သေနတ်ကိုင်တပ်ရင်းတချို့တောခိုတယ်။ အဲ့ဒီကစပြီး လူမျိုးအမည်တပ်ထားတဲ့ သေနတ်ကိုင်တပ်ရင်းတွေမှာ သက်ဆိုင်ရာလူမျိုးချည်းပဲမထားတော့ပဲ ဗမာလူမျိုးနဲ့ရောဖွဲ့လိုက်တယ်။ နောက်ဆုံးမှာ တပ်ရင်း၊ တပ်ဖွဲ့အားလုံးဟာ ဗမာလူမျိုးအများစုဖြစ်သွားတော့တယ်။ စစ်အရာရှိတွေကိုလည်း ဗမာလူမျိုးအရာရှိတွေများများ ဖြစ်လာအောင် လုပ်လိုက်တယ်။ စစ်ရာထူးတွေမှာလည်း ရာထူးကြီးကြီးနေရာတွေကို ဗမာလူမျိုးအရာရှိတွေကိုပဲ ခန့်ထားတော့တယ်။ နောက်ပိုင်းမှာ ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးစစ်အရာရှိတွေသာ တပ်ထဲမှာတွင်ကျယ်လာအောင်လုပ်လာပါတော့တယ်။ နဝတ၊ နအဖ ခေတ်ကာလတွေဆို

ရင် ဒီကိစ္စတွေဟာ ပြောင်ပြောင်တင်းတင်းဖြစ်လာပြီးနောက် လူမျိုးရေး၊ဘာသာရေးခွဲခြားမှု၊ မုန်းတီးမှုတွေဟာလည်း အရိုန်မြင့်လာပါတယ်။

ပြည်တွင်းစစ် စစချင်းမှာ ဗမာ့တပ်မတော်ဟာ မြေလှန်စနစ်ကိုကျင့်သုံးပြီး စစ်ဆင်ပါတယ်။ သူပုန်ရွာလို့သတ်မှတ်ပြီး မြေလှန်စနစ်နဲ့ အကုန်သတ်၊ အကုန်ရှို့လုပ်တာပါပဲ။ ဒါကြောင့်အစိုးရစစ်တပ်ကို ဘယ်ရွာမှ အတွေ့ခံလေ့မရှိပါဘူး။ အဲဒီတုန်းက တော်လှန်ရေးတပ်ဖွဲ့တွေဟာ မြေပြန့်ဒေသတွေမှာ အင်နဲ့အားနဲ့လှုပ်ရှားနေကြတာကြောင့် ဖဆပလ အစိုးရကလည်း မြေပြန့်ဒေသ အထူးသဖြင့် ကျေးလက်ဒေသတွေကို သူပုန်နယ်မြေလို့ သတ်မှတ်ပါတယ်။ အဲ့ဒီမြေပြန့်ဒေသကျေးလက်တွေဟာ ဗမာလူမျိုးတောင်သူလယ်သမားတွေချည်းပါပဲ။ အဲဒီရွာတွေကို ဗမာ့တပ်မတော်က မြေလှန်စနစ်ကျင့်သုံးတာပါပဲ၊ ဒါကြောင့်လည်း ကျေးလက်ကလူတွေ မြို့ပေါ်တက်ပြီး စစ်ရှောင်ကြရက မြို့တွေဟာလည်း တဖြည်းဖြည်းလူဦးရေတိုးပွားလာပါတယ်။ အဲဒီ ဒေသတွေမှာ ဗမာ့တပ်မတော်ရဲ့ ရက်ရက်စက်စက် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခံနေရတာ ဗမာလူမျိုးပြည်သူလူထုတွေပါပဲ။

တော်လှန်ရေးတပ်ဖွဲ့တွေဟာ မြေအနေအထားအခွင့်သာချက်ရှိတဲ့ တောင်တန်းဒေသတွေကို အခြေခံလှုပ်ရှားရတဲ့ အခြေအနေဖြစ်လာတယ်။ တောင်တန်းဒေသတွေဟာ အမျိုးသားလူနည်းစုဒေသတွေများပါတယ်။ ဗမာ့တပ်မတော်ကလည်း မြေပြန့်ဒေသမှာလုပ်သလို တောင်တန်းဒေသမှာလည်း မြေလှန်စနစ်ကျင့်သုံးပါတယ်။ ဒါကြောင့် ဘယ်ဒေသ၊ဘယ်ရွာသားပဲဖြစ်ဖြစ် အစိုးရဖြစ်တဲ့ ဗမာ့တပ်မတော်ကို အတွေ့မခံရှောင်ရှားကြပါတယ်။ အဲဒါကြောင့် တောင်တန်းဒေသတွေမှာ စစ်ရှောင်ရွာပုန်းတွေ အများအပြား ဖြစ်လာပါတယ်။

ဗိုလ်နေဝင်းဟာ ၇၀ ခုနှစ်များရဲ့ အစောပိုင်းနှစ်တွေကစပြီး စစ်ဆင်ရာမှာ ဖြတ်လေးဖြတ်စနစ်ကို ကျင့်သုံးလာပါတယ်။ တော်လှန်ရေးအင်အားစုတွေနဲ့ပြည်သူလူထုအဆက်အသွယ်တွေဖြတ်တောက်ပစ်ဖို့၊ တော်လှန်ရေးအင်အားစုတွေကို ဘဏ္ဍာရေးဖြတ်တောက်ပစ်ဖို့၊ ရိက္ခာဖြတ်တောက်ပစ်ဖို့၊ တော်လှန်ရေးသမားတွေကို အမြစ်ဖြတ်၊အပြတ်ရှင်းဖို့ ဆိုတာပဲဖြစ်တယ်။ ဒီဖြတ်လေးဖြတ်စနစ်အောက်မှာ စစ်တပ်ဟာတော်လှန်ရေးသမားဖြစ်စေ၊ တော်လှန်ရေးကို ကူညီသူကိုဖြစ်စေ၊ တော်လှန်ရေးသမားနဲ့ ဆက်သွယ်ပတ်သက်တယ်လို့ ထင်သူတွေကိုဖြစ်စေ၊ အချိန်မရွေး ဖမ်းဆီးစစ်ဆေး သတ်ဖြတ်ခွင့်ရှိသွားပါတယ်။ ကျေးရွာတွေကိုလည်း စုစည်းလိုက်ကာ ရွာသူရွာသားတွေရဲ့ ဆန်ရေစပါးရိက္ခာအားလုံးကို ထိန်းချုပ်ပစ်တာတွေလုပ်ပါတယ်။ ဒီလိုလုပ်ရာမှာလိုက်နာဖို့ ပျက်ကွက်သူဘယ်သူကိုမဆို နေရာတွင်ပင် ထုထောင်းရိုက်နှက်၊ သတ်ဖြတ်ပစ်လေ့ရှိပါတယ်။ ဒီစစ်ဆင်ရေးကို ဧရာဝတီတိုင်းမှာ စပြီးလုပ်ပါတယ်။ ဧစိန်ဆန်ကျည်ဆန်နဲ့ပစ်တယ်လို့တောင် ပြောပါတယ်။ ဆိုလိုတာက ပြည်သူလူထုကို အကျပ်ကိုင် ရိက္ခာအပြတ်ဖြတ်ပြီး တော်လှန်ရေးသမားတွေကိုအပြတ်ရှင်းတာပါ။ ဒီနောက် ပဲခူးရိုးမနဲ့ဆက်စပ်တဲ့ မြေပြန့်ဒေသတွေမှာ စစ်ဆင်ရေးတွေလုပ်ပါတယ်။ ဒီဒေသတွေမှာ ဗမာလူမျိုးနဲ့ ကရင်လူမျိုးတွေ အများဆုံးနေထိုင်တာကြောင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခံရတဲ့သူ အများစုဟာ ဗမာလူမျိုးနဲ့ ကရင်လူမျိုးတွေပဲ ဖြစ်ပါတယ်။ နောက်တော့ ဖြတ်လေးဖြတ်စနစ်နဲ့ စစ်ဆင်တာကို တိုင်းနယ်ပြည်နယ် အားလုံးမှာ၊ တပြည်လုံးမှာ ကျင့်သုံးပါတယ်။ တောင်တန်းဒေသတွေမှာ တောင်တန်းဒေသအလိုက်၊ မြေပြန့်ဒေသတွေမှာ မြေပြန့်ဒေသအလိုက် လုပ်ပါတယ်။ လူမျိုးပေါင်းစုံပြည်သူလူထုကြီးဟာ ဒီဖြတ်လေးဖြတ်ဒဏ်ကို အလူးအလဲ ခံစားရပါတယ်။

လူမျိုးစုဒေ သတွေမှာ လူမျိုးရေးဆန်ဆန် သတ်ဖြတ်ပြလေ့ရှိတယ်။ ၈၈ လူထုအုံကြွမှုကြီး ဖြစ်လာတော့ မြို့ကြီးပြကြီးတွေမှာ စစ်တပ်က ပြည်သူလူထုကြီးကို ကမ္ဘာကျော်အောင် သတ်ဖြတ်ပြပါတယ်။ ကျောင်းသားလူငယ်အပါအဝင် လူတန်းစားလူ့အလွှာအသီးသီးက ပြည်သူတွေ သတ်ဖြတ်ခံရပါတယ်။ လူမျိုးအားဖြင့် လူမျိုးပေါင်းစုံ အသတ်ဖြတ်ခံရတာပါ။ ဗမာလူမျိုး အများစု အသတ်ဖြတ်ခံရပါတယ်။ နဝတ၊ နအဖ စစ်အာဏာရှင်လက်ထက်ရောက်တဲ့အခါ ပိုပြီးရက်စက်၊ပိုပြီးကောက်ကျစ်ပါတယ်။ စစ်ဆင်ရေးတွေမှာ ဖြတ်လေးဖြတ်စနစ်ကို ပိုမိုအရှိန်မြှင့်ကျင့်သုံးလာပါတယ်။ တချိန်တည်းမှာ လူမျိုးရေးအရ၊ ဘာသာရေးအရ သွေးကွဲမှုတွေ ဖြစ်အောင် ပြောင်ပြောင်တင်းတင်းပဲ လှုပ်ရှားပါတယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးအစား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဆိုတာကို မသိမသာသုံးလာပါတယ်၊ ဒါဟာ မဆလ ခေတ်ကတည်းကလုပ်ထားတဲ့ နိုင်ငံသား၊ ဧည့်နိုင်ငံသားဆိုတဲ့ ဇာတ်ရုပ်ကို သရုပ်ဖော်ဖို့ ခြေလှမ်းတာဖြစ်တယ်၊ ဆိုလိုတာက ဗမာနိုင်ငံသားဆိုတဲ့တမျိုးသားလုံးမှာမှ တိုင်းရင်းသားလူမျိုးတွေနဲ့ တိုင်းရင်းသားမဟုတ်တဲ့ ဗမာပြည်ဖွား တရုတ်တို့ မွတ်စလင်တို့အကြား ခွဲခြားဆက်ဆံတာလုပ်လာတာ၊ သွေးခွဲပစ်တာတွေလုပ်ပါတယ်။ တခါ တိုင်းရင်းသားဆိုတဲ့ဝေါဟာရကိုလူမျိုးစုတွေကိုပဲခေါ်ဆိုသလိုလို၊ ဗမာလူမျိုးဟာ လူဦးရေအများဆုံးဖြစ်လို့ တိုင်းရင်းသားလူမျိုးစု မဟုတ်သလိုလို အသုံးအနှုန်းရှုပ်ထွေးကုန်အောင် မသိမသာလုပ်ပြန်တယ်။

စစ်အုပ်စုအဆက်ဆက်ဟာ ဘာသာရေးအရ သွေးကွဲအောင်လုပ်တယ်၊ ဘုန်းကြီးတွေကိုဘုန်းကြီးတွေနဲ့တိုက်ဆိုတဲ့ ဗိုလ်နေဝင်းရဲ့ပေါ်လစီကိုလည်း ခန့်ခွဲခဲ့ကြတာ ကနေ့အထိပဲ။ အဲ့ဒီဗိုလ်နေဝင်းရဲ့ပေါ်လစီကို ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးနဲ့ တုံ့ပြန်ပြလိုက်တဲ့အခါမှာ စစ်အုပ်စုဟာ ဗုဒ္ဓဘာသာနဲ့တခြားဘာသာဝင်တွေကြား ပဋိပက္ခဖြစ်အောင်လှုံ့ဆော်ပါတယ်။ အဲဒီလိုတွေ လှုံ့ဆော်လို့ ပဋိပက္ခတွေ ဖြစ်ပေါ်လာတဲ့အခါမှာ ဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီးတွေအကြားလည်း အမြင်ကွဲပြားမှုတွေ ဖြစ်လာစေတယ်။ ဒီလိုနည်းနဲ့ စစ်အုပ်စုဟာ ဗမာပြည်မှာ နိုင်ငံရေးအရ၊ လူမျိုးရေးအရ၊ လူမှုရေးအရ၊ ဘာသာရေးအရ ပြဿနာ ပိုရှုပ်အောင်လုပ်ပြီး သူ့အာဏာတည်မြဲအောင်လုပ်တယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ စစ်တပ်ကိုလက်ကိုင်တုတ်အဖြစ် အသုံးချတယ်။

၈၈ လူထုအုံကြွမှုကြီးမတိုင်ခင်က ဖြတ်လေးဖြတ်စနစ်နဲ့ စစ်ဆင်တော့ပြည်တွင်းမှာပဲ ရွှေ့ပြောင်းနေထိုင်စစ်ရှောင်တာတွေလုပ်ရတယ်။ လူထုအုံကြွမှုအပြီးမှာတော့ နီးစပ်ရာနိုင်ငံတွေကိုထွက်ပြေးတိမ်းရှောင်သူတွေ အလုံးအရင်းနဲ့ကို ဖြစ်လာပါတယ်။

ထိုင်းနိုင်ငံကို ထွက်ပြေးတိမ်းရှောင်သူဒုက္ခသည်စခန်းမှာ လူသိန်းနဲ့ချီရှိနေပြီး ရွှေ့ပြောင်းအလုပ်သမားတွေအဖြစ်နဲ့ တိမ်းရှောင်နေသူတွေလည်း သိန်းနဲ့ချီရှိနေပါတယ်။ တရုတ်၊အိန္ဒိယဘက်ကို ထွက်ပြေးတိမ်းရှောင်နေသူတွေ အနည်းနဲ့အများ ရှိနေပါတယ်။ အဲ့ဒီဘက်တွေမှာတော့ ဒုက္ခသည်စခန်းတွေမဖွင့်ဘဲ အခြားနည်းတွေနဲ့ နေထိုင်လုပ်ကိုင်စားသောက်နေကြရပါတယ်။ အိမ် နီးချင်းနိုင်ငံတွေနဲ့ နယ်မြေချင်းထိစပ်နေတဲ့ တိုင်းနဲ့ပြည်နယ်ဒေသတွေမှာ စစ်အုပ်စုဖန်တီးခဲ့တဲ့ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေနဲ့ လူဝင်လူထွက်ကိစ္စတွေဟာ ကြီးမားတဲ့ပြဿနာတွေအဖြစ်နဲ့ရှိနေလေ့ရှိတယ်။

၂၀၀၈ အခြေခံဥပဒေအရ ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ်အနိုင်ရတယ်။ ဒါကြောင့်ဒီချုပ်အစိုးရဖွဲ့ပါတယ်။ ဒါပေမဲ့ ၂၀၀၈ အခြေခံဥပဒေအရပဲ ဒီချုပ်နဲ့စစ်အုပ်စုကိုယ်စားလှယ်နဲ့ ဖက်စပ်အစိုးရဖွဲ့ရတယ်။ ၂၀၀၈ အခြေခံဥပဒေအရပဲ စစ်အာဏာ ရှင်စနစ်နဲ့ စစ်ဗျူရိုကရေစီယန္တရားကြီးပဲ လည်ပတ်နေပါတယ်။ ဒါပေမဲ့ ဒီချုပ်မှာ ဒိမိုကရေစီစနစ်ဆီကို စပြီးတက်လှမ်းနေပြီလို့ ပြောခွင့်ရှိတာ လောက်တော့ အာဏာရှိပါတယ်။

ဒါကြောင့် ဒီချုပ်အစိုးရတက်လာပြီးနောက် တနစ်ကျော်ကြာတဲ့အထိ နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးစတဲ့ ကိစ္စအဝဝကို အခြေခံကျကျ ဖြေရှင်းနိုင်တာတခုမှမတွေ့ရဘဲ ဆန်စင်ရာကျည်ပွေ့လိုက်နေရတဲ့ဘဝမျိုးရောက်နေပါတယ်။ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးကိစ္စ ဒီချုပ်က လုံးပန်းတယ်။ ကာချုပ်က ၂၀၀၈ အခြေခံဥပဒေအထိပါးမခံရေး၊ အပစ်အခတ်ရပ်စဲရေး၊ မူ ၆ ချက်ဆိုတာတွေနဲ့ရပ်ခံတယ်။ ဒီတော့ အပစ်အခတ်ရပ်စဲရေး မအောင်မြင်ဘူး။ စစ်တပ်ကထိုးစစ်ဆင်တော့ အခြေအနေတွေက ပိုဆိုးကုန်တယ်။

ကနေ့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းစတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ထိစပ်နေတဲ့ပြည်နယ်နဲ့တိုင်းတွေမှာ ပေါ်ပေါက်နေတဲ့ ပြဿနာအားလုံးဟာ စစ်အစိုးရ အဆက်ဆက်က ဖန်တီးခဲ့တဲ့ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခတွေရဲ့အကျိုးဆက်ချည်းပဲဖြစ်တယ်။

ရခိုင်ပြည်နယ်ကိစ္စဟာ နိုင်ငံသားထဲမှာ တိုင်းရင်းသားလူမျိုးနဲ့ တိုင်းရင်းသားမဟုတ်တဲ့လူမျိုးဆိုပြီးခွဲခြားဆက်ဆံလိုက်တဲ့ စစ်အစိုးရအဆက်ဆက်က လုပ်ခဲ့တဲ့ပြဿနာရယ်၊ ဘာသာရေးခွဲခြားဆက်ဆံတဲ့ပြဿနာရယ်၊ နယ်စပ်ဒေသဖြစ်တဲ့ အပြန်အလှန်ဝင်ထွက်သွားလာပြီးတရားမဝင်နေထိုင်တဲ့ပြဿနာတွေရယ်ကြောင့်ဖြစ်ပေါ်လာတဲ့ပြဿနာဖြစ်တယ်။ အိန္ဒိယ၊ ပါကစ္စတန် ပြဿနာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံပေါ်ပေါက်လာတဲ့ကိစ္စမှာ ဘင်္ဂလားနယ်အရှေ့ပါကစ္စတန်(ယခု ဘင်္ဂလားဒေ့ရှ်) နိုင်ငံက မွတ်စလင်တွေ ရခိုင်ပြည်နယ်ထဲကို အလုံးအရင်းနဲ့ဝင်လာခဲ့တယ်။ ဗမာနိုင်ငံသားရခိုင်ပြည်နယ်က မွတ်စလင်တွေကို မှီတွယ်ပြီး ဝင်လာတာလည်း ပါတယ်။

ဒီလိုအခြေအနေမှာ စစ်အစိုးရအဆက်ဆက်က ဖန်တီးလိုက်တဲ့ပြဿနာကြောင့် မူလဗမာနိုင်ငံသားရခိုင်ပြည်နယ်က မွတ်စလင်တွေဟာ နိုင်ငံမဲ့လူသားဘဝကျရောက်သွားရပါတယ်။ အဲဒီတော့ သူတို့မှာ သူတို့အခွင့်အရေးအတွက် နည်းအမျိုးမျိုးနဲ့ လှုပ်ရှားကြရတာပဲ။ ဒါကိုဖြတ်လေးဖြတ်နဲ့လက်ယဉ်ပြီးသား စစ်တပ်လွှတ်တယ်ဆိုကတည်းက တိုက်ပွဲမဖြစ်လည်း အသံကြားကတည်းက ထွက်ပြေးသူတွေရှိနေပြီးသားဖြစ်ပါတယ်။ ယခင်ကလည်း အဲဒီစစ်တပ်ရဲ့ နှိပ်စက်သတ်ဖြတ်မှုတွေ ခံရဖူးပြီးသားဖြစ်လေတော့ အလုံးအရင်းနဲ့ထွက်ပြေးကြတာမဆန်းပါဘူး။

ဒီကိစ္စမှာ လတ်တလောဖြစ်နေတဲ့ ဘင်္ဂါလီလား၊ ရိုဟင်ဂျာလားဆိုတာရယ်၊ အစိုးရတပ်စခန်းတွေကို အကြမ်းဖက်ဝင်တိုက်တာရယ်၊ နိုင်ငံခြားကအကြမ်းဖက်သမားတွေနဲ့ ဆက်သွယ်တာရယ်ဆိုတာလောက်နဲ့ ဖြေရှင်းနိုင်မှာမဟုတ်ဘူး။ စစ်အစိုးရ စစ်အုပ်စုအဆက်ဆက်လုပ်ခဲ့တဲ့ မှားယွင်းတဲ့ပေါ်လစီအရပ်ရပ်ကို ရပ်တန်းကရပ်ပြီး တကယ့်အမျိုးသားသွေးစည်းညီညွတ်ရေး ဖြစ်တဲ့ လူမျိုးပေါင်းစုံပြည်သူတရပ်လုံး တမျိုးသားလုံးသွေးစည်းညီညွတ်ရေးစိတ်ဓာတ်ကို ထူထောင်ရမှာဖြစ်တယ်။ ဗမာပြည်ဖွား တရုတ်နဲ့မွတ်စလင်အားလုံးဟာ ဗမာပြည်ရှိတိုင်းရင်းသားလူမျိုးစုံနဲ့ တနိုင်ငံသားတည်းပဲ။ အမျိုးသားတရပ်တည်းပဲဆိုတဲ့ အသိစိတ်ဓာတ်ပြန့်ပွားအောင်လုပ်ဆောင်နိုင်မှသာ ဗမာပြည်မှာပေါ်ပေါက်နေတဲ့ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခနဲ့ စစ်ရေးပဋိပက္ခတွေကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

ဒီအမျိုးသားသွေးစည်းညီညွတ်ရေးကို လုံးပန်းတယ်ဆိုတာဟာလည်း ၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းရေး၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ စစ်ဗျူရိုကရေစီယန္တရားဖျက်သိမ်းရေးနဲ့တဆက်တစပ်တည်းဖြစ်နေပါတယ်။

စောအယ်ထူး

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ ဩဇာသက်ရောက်မှု နှင့် ဗမာပြည်ရဲ့အနာဂတ်။

ကိုထွေး

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို ဒီချုပ်ဝင်ပြိုင်လိုက်ကတည်းက ဒီမိုကရေစီတော်လှန်ရေးအင်အားစုများကြားမှာ တိုက်နည်းနှစ်မျိုးကွဲလာခဲ့ပြီး၊ လမ်းနှစ်သွယ်နဲ့ချီတက်မှု စတင်ခဲ့ကြသည်။ အရပ်ဝတ်လဲ ဦးသိန်းစိန်စစ်အစိုးရက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်မှာ ဝင်လုပ်ကြဖို့ ကျန်နိုင်ငံရေးအင်အားစုများကို ဖက်လဲတကင်း ဖိတ်ခေါ်ခဲ့သလို စစ်အုပ်စု နောက်လိုက် အင်အားစုများကလည်း စစ်အုပ်စုကခင်းပေးထားတဲ့ လမ်းအတိုင်းလိုက်ပါကာ ၂၀၀၈ ခြေ-ဥကို လက်ခံတာသာ လက်တွေ့အကျ ဆုံးဆိုပြီး ဝါဒဖြန့်ကာ လမ်းကြောင်းပေးကြသည်။ ဒီလိုအခြေအနေမှာ ဒီမိုကရေစီအင်အားစုများ ၂၀၁၂ မတိုင်မီကလို စစ်အုပ်စုကို ပြတ်သားစွာတိုက်ပွဲဝင်မှု မရှိတော့ဘဲ စေ့စပ်လုပ်ဆောင်မှုတွေများလာခဲ့သည်။ စစ်အုပ်စုကတော့၂၀၀၈ ခြေ-ဥထီးရိပ်အောက်မှာ အေးချမ်းစွာ ဆက်လက်ရပ်တည်လှုပ်ရှားရင်း အရင်ကထက် ပိုမိုကြီးပွားချမ်းသာလာခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲမှာ အနိုင်ရ ပြီးတက်လာတဲ့ဒီချုပ်အစိုးရရဲ့သက်တမ်း တဝက်ကျိုးခဲ့ပေမယ့် ရွေးကောက်ပွဲကတိများအကောင်အထည်ဖော်နိုင်မှုမှာ အားရစရာမကောင်းဘဲ ဆက်လက်ရုန်းကန်နေကြရတာ မြင်တွေ့နေရသည်။ ကိုယ့်လမ်းစဉ်နဲ့ကိုယ် လွတ်လပ်စွာလုပ်ဆောင်ခွင့်မရဘဲ ဦးသိန်း စိန်အစိုးရခေတ် လက်ကျန်လုပ်ငန်းများကိုသာ ၂၀၀၈ ခြေ-ဥ ရဲ့ကန့်သတ်ချုပ်ကိုင်မှုအောက်မှာ လုပ်ဆောင်နေရလို့ဆိုတာ မြင်သာပါသည်။

ဒီချုပ်အစိုးရသက်တမ်း နှစ်နှစ်အတွင်း အရင် ဦးသိန်းစိန် အစိုးရလက်ထက်ကထက် စစ်တပ်က အာဏာပြတာပိုလာတာသာမြင်တွေ့ခဲ့ကြရသည်။ ဗမာပြည်မှာ စစ်တပ်ရဲ့လက်ရှိအနေအထားဟာ ၂၀၀၈ ခြေ-ဥ အရ အရပ်သားအစိုးရထက် အာဏာ ပိုကြီးတာကိုသိကြတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက ကာကွယ်ရေးဦးစီးချုပ်ကို အစိုးရခေါင်းဆောင်များလို အရေးပေးဆက်ဆံနေကြတာ သူ့ရဲ့ နိုင်ငံခြား ခရီးစဉ်တွေနဲ့ ပြည်တွင်းတွေ့ဆုံပွဲတွေမှာ မြင်တွေ့ခဲ့ရပါသည်။

အရေးတော်ပုံဂျာနယ်

ဒီချုပ်အစိုးရခေတ်မှာ ဗမာ့တပ်မတော်က သူ့ရဲ့ ကြည်း၊ ရေ၊ လေ တပ်များကို ခေတ်မီစစ်လက်နက်ပစ္စည်း ကိရိယာ တန်ဆာပလာများ ဝယ်ယူတပ်ဆင်တဲ့ သတင်းများပိုကြားလာရသည်။ စစ်အစိုးရခေတ်ကထက် အရပ်သားအစိုးရခေတ်မှာ လွှတ်တော်က ချပေးတဲ့ (ပြည်ထောင်စု အသုံးစရိတ်ရဲ့ ၁၄ ရာခိုင်နှုန်းဖြစ်သော) ကာကွယ်ရေးအသုံးစရိတ်အရ ခေတ်မီတပ်မတော် တည်ဆောက်နေရတာမို့ အတော်ကျေနပ်နေကြပုံရသည်။ ခေတ်မီတပ်မတော်တည်ဆောက်ဖို့ အကြောင်းပြချက်ကောင်းအောင် တိုင်းပြည်လုံခြုံရေးအတွက် အန္တရာယ်ရှိနေကြောင်း တိုင်းပြည်သိစေရန် သူတို့စစ်အစိုးရခေတ် တသက်လုံး မွေးလာခဲ့တဲ့ ရခိုင်ပြည်နယ်က ဘင်္ဂါလီပြဿနာကို ခပ်ပြင်းပြင်းဖြေရှင်းပြီး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတာကို လက်နက်တခုသဖွယ် လိုသလို အသုံးချတတ်တဲ့ အနောက်နိုင်ငံကြီးများနဲ့အစ္စလာမ်နိုင်ငံများ ဒေါသဖြစ်အောင်ဆွပေးသည်။ ဒါမှ ဒီချုပ် အစိုးရလည်း ဒုက္ခရောက်၊ စစ်တပ်ကိုလည်း မထောက်ခံလို့မရတဲ့အခြေအနေရောက်၊ စစ်တပ်ကို လူထုကကယ်တင်ရှင်လို့ ပိုထင်မြင်အောင်လုပ်ခွင့်လည်းရတဲ့အမြတ်ထွက်မည်မဟုတ်ပါလား။ ဗိုလ်နေဝင်းလက်ကျ တပ်မတော်အဖြစ် သရုပ်ပိုပီပြင်လာတာကို မြင်တွေ့ကြရသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စစ်တက္ကသိုလ်အပတ်စဉ်(၅၉)သင်တန်းဆင်းပွဲမိန့်ခွန်းမှာ စစ်တပ်ကို နိုင်ငံရေးလောင်းရိပ်အောက်က လွတ်ကင်းတဲ့ တပ်မတော်ဖြစ်ရမယ်လို့ ပြောခဲ့သည်။ သူ့တပ်မတော်သားများ နိုင်ငံရေးပါတီများရဲ့ဩဇာမှ လွတ်လွတ်ကင်းကင်းရှိစေရန်၊ ဗမာပြည်နိုင်ငံရေးအငြင်းပွားမှုများရဲ့ ဂယက်ရိုက်ခတ်မှုမှ ဝေးဝေးနေစေရန် မှာကြားတာဖြစ်သလို၊ ၂၀၀၈ ခြေ-ဥအရ စစ်တပ်ကရယူထားပြီးသားဖြစ်တဲ့ လက်ရှိအနေအထားအတိုင်းသာ စွဲစွဲမြဲမြဲ ရပ်တည်သွားမယ်လို့ ကြေညာတာလည်း ဖြစ်ပါသည်။

စစ်တပ်အနေနဲ့ တိုင်းပြည်ရှေ့ရေးအတွက်၊ ငြိမ်းချမ်းရေးအတွက်၊ ၂၀၀၈ ခြေ-ဥ ကိုပြတ်သားစွာ ရပ်ခံကာကွယ်သွားမှာဖြစ်ပြီး ကျန်နိုင်ငံရေးအင်အားစုအသီးသီးနဲ့ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်များကသာ ၂၀၀၈ ခြေ-ဥအရ ခွဲဝေထားတဲ့ နိုင်ငံရေး အခွင့်အရေးများအတိုင်း ကျေနပ်လက်ခံမှု၊ အင်စီအေကို လက်မှတ်ထိုးကြမှသာ ဗမာပြည်ငြိမ်းချမ်းရေးရမည်ဟု ထပ်မံ ကြေညာခြင်းလည်း ဖြစ်ပါသည်။ တကယ်တော့ ၂၀၀၈ ခြေ-ဥဆိုသည်မှာ စစ်အာဏာရှင်စနစ်သာဖြစ်ပြီး၊ စစ်အုပ်စုက ထာဝရ ဗမာပြည်ရဲ့ နိုင်ငံရေး၊စီးပွားရေးများကို ချုပ်ကိုင်နိုင်ခွင့်ရနေအောင် စီစဉ်ထားပြီး ကျန်နိုင်ငံရေးအင်အားစုများနဲ့ တိုင်းရင်းသားများကို အနည်းအပါးအခွင့်အရေးပေးကာချွေးသိပ်ခြင်းသာဖြစ်ကြောင်းရှင်းပါသည်။

၂၀၁၇ နှစ်ကုန်ပိုင်းမှာ ဒီချုပ်အစိုးရခေတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအပေါ် အားမရတဲ့ဝေဖန်မှုများ အတော်ပေါ်ထွက်ခဲ့ပါသည်။ အမှန်ပင် ဗမာပြည်စီးပွားရေးမှာ၊ ဗမာပြည်ဆင်းရဲသားပြည်သူများရဲ့ စီးပွားရေးမှာ အားရစဖွယ် တိုးတက်မှုမရှိပါ၊ စစ်အုပ်စုနဲ့ သူတို့မိသားစုများ၊ နီးစပ်သူများ၊ ခရိုနီများနဲ့သူတို့အသိုင်းအဝိုင်းများသာ အလွန်အကျွံ တိုးတက်နေကြပါသည်။ ဦးပိုင်ကုမ္ပဏီ စတင်ထူထောင်တဲ့ ၁၉၉၀ ခုနှစ်ကနေ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အထိ အခွန်အဖြစ် ကျပ်ငွေ သန်းပေါင်း (၉)သောင်းနီးပါး ပေးခဲ့တယ်လို့ ဆိုသလို၊ ကျန်ခရိုနီများရဲ့ကုမ္ပဏီများလည်း အလားတူ ကျပ်သန်းပေါင်း သိန်း၊သောင်းချီပြီးအခွန်ဆောင်ခဲ့ကြကြောင်း တွေ့ခဲ့ကြရပြီးဖြစ်ပါသည်။ သူတို့တတွေ ဒီလိုစီးပွားရေးကောင်းနေချိန်မှာ ဗမာပြည်က ဆင်းရဲသားပြည်သူအများစုမှာ ကိုယ့်တိုင်းပြည်တွင်းမှာ ဝမ်းဝအောင်ရှာစားစရာ နေရာမရှိလို့ ပြည်ပနိုင်ငံများသို့ ထွက်အလုပ်လုပ်နေကြရသလို၊ မသွားနိုင်သူများက အလုပ်လက်မဲ့ဘဝနဲ့ ပုံကျ၊ ကျပန်း ရရာအလုပ်ရှာဖွေလုပ်ကိုင်ရင်း ရပ်တည်ကြရပြီး၊ တချို့က ကျောက်စိမ်းတွင်းကစွန့်ပစ်မြေစာပုံမှာ အသက်စွန့်ပြီး ရေမဆေးကျောက်ရှာဖွေရင်း ဝမ်းစာရှာနေကြရပါသည်။ ချမ်းသာနေကြတဲ့ စစ်အုပ်စုနဲ့အပေါင်းပါတစုသာ စီးပွားရှာတတ်တဲ့အရည်အချင်းပြည့်စုံနေ၍ ချမ်းသာနေကြတာမဟုတ်ဘဲ တိုင်းပြည်သယံဇာတများ ထင်သလိုလက်ဝါးကြီးအုပ်ခွင့်၊ တရားဥပဒေအထက်က လုပ်ပိုင်ခွင့်တွေ ရယူထားနိုင်ခွင့်၊ ဒီလုပ်ပိုင်ခွင့်တွေကို ပြင်ဆင်လို့မရအောင်၂၀၀၈ ခြေ-ဥအရ စစ်အုပ်စုက ချုပ်ကိုင်ထားနိုင်ခွင့်ရယူထားလို့ဆိုတာ ရှင်းပါသည်။

ဒီနေ့လို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ၊ မရေမရာဖြစ်နေတဲ့ ဗမာပြည်အခြေအနေကို ပြောင်းလဲနိုင်ဖို့ဆိုရင်၊ ဗမာပြည်ကို စစ်အုပ်စုက၂၀၀၈ ခြေ-ဥအရ ချုပ်ကိုင်ထားမှုကို ဖျက်သိမ်းပစ်နိုင်မှ ဖြစ်ပါမည်။ စေ့စပ်ဆွေးနွေးဖြေရှင်းမှုအရ စစ်တပ်က နောက်ဆုတ်ပေးလျှင် အားလုံးအတွက် အကောင်းဆုံးဖြစ်နိုင်သော်လည်း၊ ယခုထိ ဒီ အလားအလာ မတွေ့ရသေးပါ။ စစ်တပ်က လက်ရှိသဘောထားအတိုင်း ကာချုပ်မူကိုသာ ဆက်လက်ကိုင်စွဲပြီး နိုင်ငံရေးပြဿနာများကိုဖြေရှင်းသွားမည်သာဆိုပါက၊ ဗမာပြည်ရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှဆင်းရဲသားပြည်သူလူထုတွေ မခံမရပ်နိုင်ဖြစ်ကာ စုစည်းမိလာတဲ့အချိန်မှာ အုံကြွတော်လှန်ပြီး စစ်အုပ်စုကို တိုက်ခိုက်ဖြိုချမှု ပေါ်ပေါက်လာမည်သာဖြစ်ပါသည်။

ကိုထွေး

(၄-၁-၂၀၁၈)



စစ်အုပ်စု နိုင်ငံရေးလောင်းရိပ်အောက်က အမြန်ဆုံး ရှန်းထွက်ကြ

ဇော်လတ်

စစ်အုပ်စု အထင်အရှားရှိနေပါရဲ့နဲ့၊ စစ်အုပ်စုအကျိုးစီးပွားကာကွယ်ရေးသာ ပဓာနနဲ့အဓိကဖြစ်တဲ့ "၂၀၀၈ အခြေခံဥပဒေ" တည်မြဲနေပါလျက်နဲ့ "ဒီမိုကရေစီ" လို့ ပြောနေကြရတာဟာ မရည်ရွယ်သော်လည်း လိမ်လည်လှည့်ဖြားသလိုဖြစ်နေတတ်ပါတယ်။

"စစ်အုပ်စုနဲ့၂၀၀၈ အခြေခံဥပဒေ" တည်မြဲနေသမျှ "ဒီမိုကရေစီ" သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ဖို့ဆိုတာ ဘယ်တော့မှ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ "ပါတီစုံဒီမိုကရေစီလမ်းပေါ် ရောက်နေပြီ"၊ "ငြိမ်းချမ်းရေးအလင်းတန်းတွေ မြင်နေရပြီ" လို့ပြောနေတာဟာ ကိုယ့်ကိုယ်ကိုယ် လိမ်ညာတာနဲ့လူအများကို မိမိထင်ယောင်ထင်မှားဖြစ်သလိုဖြစ်လာစေဖို့ တနည်းတလမ်းနဲ့ လှည့်စားတာမျိုးသာဖြစ်ပါတယ်။

တကယ့်ဖြစ်ရပ်က တချိန်က ဒီမိုကရေစီအလံကိုင်တွေ စစ်အုပ်စုရဲ့ထောင်ချောက်ထဲ (၂၀၀၈ အခြေခံဥပဒေဘောင်ထဲ) တိုးဝင်သွားတာသာဖြစ်ပြီး၊ ဒီကနေ့ဖြစ် ပေါ်နေတဲ့ ဖြစ်ရပ်တွေ၊ အကြောင်းအရာတွေဟာ အဲဒီလိုတိုးဝင်သွားတာကြောင့် မလွဲမသွေ ရရှိလာရတဲ့ တိုက်ရိုက်အကျိုးဆက်တွေမျှသာ ဖြစ်ပါတယ်။ ဈေးကွက်သဘောနဲ့ပြောရရင် အရင်းရှုံးနေတဲ့အနေအထားတွေလို့ ပြောရမယ်ထင်ပါတယ်။

ကာချုပ်က (DSA) သင်တန်း အမှတ်စဉ် (၅၉) ကျောင်းဆင်းမိန့်ခွန်းမှာ “မိမိတို့တပ်မတော်သည် နိုင်ငံရေးလောင်းရိပ်အောက်မှ လွတ်ကင်းသည့်တပ်မတော် ဖြစ်ရမည်ဖြစ်ကြောင်း” ပြောသွားပါတယ်။

ဒီစကားက ယနေ့ စစ်အုပ်စုရဲ့ မောက်မာမှုနဲ့ခေါင်းမာမိုက်မဲမှုကို ပြောင်အကျဆုံး ထပ်မံဖော်ပြတာပါ။ ဒီပြောဆိုချက်ကို တဖက်သတ် သင့်မြတ်ကျေအေးရေး ဖောင်းပေးပြီး တွေးခေါ်မြော်မြင်နေသူတွေ သတိပြုမိဖို့ လိုအပ်ပါတယ်။ တနည်းအားဖြင့် ဒီလို စဉ်းစားတွေးခေါ်မှုမှာ တွေဝေမိန်းမောနေသူတွေကို လှုပ်နှိုးပေးလိုက်တဲ့ စကားလို့ ပြောရင်လည်း ဖြစ်ပါတယ်။ ဆက်ပြီး အိပ်ချင်ဟန်ဆောင်နေရင်တော့ အနှိုးရခက်နေဦးမှာပါပဲ။

တပ်မတော်ဟာ နိုင်ငံရေးလောင်းရိပ်အောက်ကျရောက်နေတာတော့ တကယ့်အဖြစ်မှန်ပါပဲ။ တပ်မတော်ကျရောက်နေတဲ့ လောင်းရိပ်ဆိုတာ “စစ်အုပ်စုနိုင်ငံရေးလောင်းရိပ်” အောက် ကျရောက်နေတာပါ။ တကယ်တော့ တပ်မတော်ဟာ စစ်အုပ်စုလောင်းရိပ်အောက်ကို တစတစကျရောက်သွားရာကနေ ၁၉၆၂ ခုနှစ်မတ်လ နောက်ပိုင်းမှာတော့ လုံးလုံးလျားလျားကို ကျရောက်သွားတာဖြစ် ပါတယ်။

“စစ်အုပ်စုနိုင်ငံရေးလောင်းရိပ်” ဆိုတာ စစ်အုပ်စုက စစ်တပ်ကို ခါးပိုက်ဆောင်တပ်၊ တလက်ကိုင်တပ်အဖြစ်လုပ်ပြီး နိုင်ငံရေး၊ စီးပွားရေး ဘက်ပေါင်းစုံ ဗိုလ်ကျ ချုပ်ကိုင်ခြယ်လှယ်နိုင်တဲ့ အခွင့်အာဏာရရှိထားတဲ့ အခြေအနေနဲ့အနေအထားကို ပြောတာဖြစ်ပါတယ်။

ဒီလို အခွင့်အာဏာချုပ်ကိုင်ရရှိထားမှုက စစ်အုပ်စုအနေနဲ့ စစ်တပ်ကို စိတ်ကြိုက်အမိန့်ပေးစေခိုင်းနိုင်ပြီး “အခြေခံဥပဒေ” ကိုလည်း လိုအပ်ရင် လိုအပ်သလို ဖျက်သိမ်းနိုင်တယ်၊ စိတ်ကြိုက်ရေးပြီးလည်း အတည်ပြုနိုင်တယ်။ နှစ်ကာလရှူထောင့်ကနေ ပြောရရင် “တပ်မတော်” ဟာ “ စစ်အုပ်စု နိုင်ငံရေးလောင်းရိပ်” အောက်မှာ ၁၉၆၂ ကနေ ဒီနေ့အထိ လုံးလုံးလျားလျား ကျရောက်နေတာ ဖြစ်တယ်။

ဒီလိုကျရောက်သွားမှုက စစ်တပ်ထဲက တပ်မှူးတပ်သားတွေရဲ့ အသိအမြင်နဲ့အတွေးအခေါ်တွေကိုပါ မျက်စေ့ကန်းသလို နားကန်းသလို စုံလုံးကန်းကုန်စေပါတယ်။ “တပ်မတော်သာအမိ - တပ်မတော်သာအဖ” ဆိုတဲ့ ကြွေးကြော်သံဟာ ဒီစုံလုံးကန်းမှုရဲ့ အတိုင်းအတာနဲ့အခြေအနေကို ဖော်ပြတဲ့ အထင်ရှားဆုံးရောဂါလက္ခဏာချက်ဖြစ်ပါတယ်။ တနည်းအားဖြင့် ရောဂါကျွမ်းနေပြီ ဆိုတာကို ဖော်ပြတာပါ။ ရောဂါလက္ခဏာချက် ရှင်းတော့ ကုသလုပ်ဆောင်ရမယ့် လုပ်ငန်းနည်းလမ်းကလည်း ရှင်းပါတယ်။ “စစ်အုပ်စုနိုင်ငံရေးလောင်းရိပ်” အောက်ကနေ “တပ်မတော်” ရုန်းထွက်ကြဖို့ပါပဲ။

“အမိန့်၊ စည်းကမ်း” ဆိုတဲ့ နှောင်ကြိုး၊ “တစုံတရာလုပ်ပိုင်ခွင့်၊ အကျိုးစီးပွားခံစားခွင့်” ဆိုတဲ့ နှောင်ကြိုး၊ “ပြည်သူများ၊ နိုင်ငံရေးပါတီများ ရန်တိုက်သွေးခွဲထားတဲ့” နှောင်ကြိုး စတဲ့၊ စတဲ့ နှောင်ကြိုးအထပ်ထပ်ကို တပ်မတော်ထဲက တိုင်းချစ်ပြည်ချစ်တပ်မှူးတပ်သားတွေအနေနဲ့ ပြတ်ပြတ်သားသား ချိုးဖြတ်ဖယ်ရှားပစ်ဖို့ လိုအပ်ပါတယ်။ ဒီလိုချိုးဖြတ်ပစ်ဖို့ဆိုတာ ပြည်သူတွေနဲ့အတူ ချိန်ကိုက် လှုပ်ရှားမှုရမှာပါ။ တယောက်စီတဦးစီ၊ တကွဲစီတပြားစီ၊ အစီအစဉ်မဲ့၊ ဟာမိုနီမဲ့လှုပ်ရှားနေမယ်ဆိုရင်တော့ စစ်အုပ်စုက အလွယ်တကူကောက်စားသွားပါလိမ့်မယ်။

တကယ်တော့ “ကာချုပ်”ဆိုတာဟာ ဒီနေ့ စစ်တပ်မှာ “စစ်အုပ်စုလောင်းရိပ်”ကို အချက်အချာအကျဆုံး ကိုယ်စားပြုနေတဲ့သူဖြစ်ပါ တယ်။ စစ်အုပ်စုဟာ “ကာချုပ်”ကနေတဆင့် တပ်မတော်ကို လွှမ်းမိုးထိန်းချုပ်ထားတာဖြစ်ပါတယ်။ ဒီလို ဒေါင်လိုက်ထိန်းချုပ်နိုင်တဲ့ ယန္တရားတွေကတဆင့် တပ်မတော်ကို စစ်အုပ်စုက ထိပ်သီးစစ်ဗိုလ်ချုပ်တွေ၊ (ကစထ) မှူး၊ တိုင်းမှူး၊ တပ်မမှူးတွေ၊ စကခမှူးတွေစ သဖြင့် အဆင့်လိုက် ရစ်ပတ်ချုပ်ကိုင်ထားတာပါ။

ဥပမာ အားဖြင့်ဆိုရရင် “တပ်မတော်” ဟာ “ထီး” လို့ ဆိုရင်၊ “ကာချုပ်” က “ထီးရိုး” ပဲ။ အဲဒီထီးရိုးကို “စစ်အုပ်စု” က ဆုပ်ကိုင်ထားတယ်။ စစ်အုပ်စုမှာ “ထီးရိုး” ကို စိတ်ကြိုက် လဲလှယ်နိုင်တဲ့ အခွင့်အာဏာလည်းရှိနေတယ်။ ဗိုလ်နေဝင်း စစ်အုပ်စုဆိုတဲ့ လောင်းရိပ် (ဝါ) ထီးရိပ်အောက်မှာ“ကာချုပ်”ဆိုတဲ့ “ထီးရိုး”တွေ ဗိုလ်နေဝင်းစိတ်ကြိုက် အလီလီလဲခဲ့တယ်။ ဗိုလ်စန်းယု၊ ဗိုလ်တင်ဦး၊ ဗိုလ်ကျော်ထင်၊ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ တို့ဟာ ဗိုလ်နေဝင်း စိတ်ကြိုက်လဲခဲ့တဲ့ ထီးရိုးတွေပဲ။

ဗိုလ်သန်းရွှေစစ်အုပ်စုဆိုတဲ့လောင်းရိပ် (ဝါ) ထီးရိပ်အောက်မှာတော့ ဗိုလ်နေဝင်းစစ်အုပ်စုလောင်းရိပ်အောက်မှာလို ထီးရိုးတွေ ခဏ ခဏ လဲခွင့်သာပုံမရဘူး။ ဗိုလ်မင်းအောင်လှိုင်ဆိုတဲ့ “ထီးရိုး” တစ်ချောင်းပဲ ဗိုလ်သန်းရွှေ စိတ်ကြိုက်လဲထားဖူးသေးတယ်။ ဒီထီးရိုးလည်း တကယ်တော့ ဂိတ်ဆုံးနေပါပြီ။

လွှတ်တော်ထဲက စစ်ဗိုလ် ၁၆၆ ယောက်ဟာ “ကာချုပ်” ဆိုသူရဲ့ အမိန့်ပေးညွှန်ကြားမှုကို တသွေမတိမ်း နာခံကြရပြီး၊ ဆွေးနွေးကြ၊ ကန့်ကွက်မဲပေးကြ၊ ထောက်ခံမဲပေးကြရသလိုမျိုးပါပဲ။ စစ်တပ်ထဲက ထိပ်သီးစစ်ဗိုလ်ချုပ်တွေဟာလည်း ထိုနည်းလည်းကောင်းပါပဲ။ “အမိန့်နဲ့စည်းကမ်း” ဆိုတာ ယေဘုယျအားဖြင့် စစ်တပ်တိုင်းရဲ့ ဘယ်ခြေနဲ့ညာခြေ၊ ဘယ်လက်နဲ့ညာလက် မဟုတ်လား။ ဒီစနစ်ကို စစ်အုပ်စုက သူတို့အကျိုးအတွက် ကွက်ပြည့်အသုံးချပြီး ချုပ်ကိုင်ထားတာဖြစ်ပါတယ်။ ဒီချုပ်ကိုင်မှုနဲ့ သူတို့အာဏာသက်ကို ရှည်ကြာအောင် ဆွဲဆန့်ခဲ့ကြတာဖြစ်ပါတယ်။

အရေးတော်ပုံဂျာနယ်

ဒါကြောင့် စစ်အုပ်စု "အမိန့်နဲ့ ညွှန်ကြားချက်"ကို တိုင်းပြည်လူထုရဲ့ ရေတိုရေရှည်အကျိုးစီးပွားတွေနဲ့ နှိုင်းယှဉ်ပြီး စစ်အုပ်စု အကျိုးစီးပွားအတွက် ကာကွယ်ရတဲ့ "အမိန့်နဲ့ညွှန်ကြားချက်" ဆိုရင် ပြတ်ပြတ်သားသား ရဲရဲတင်းတင်း ဖီဆန်ချိုးဖောက်ကြရမှာပါ။ "စစ်အုပ်စု" အကျိုးစီးပွားသက်သက်အတွက် အမိန့်နာခံနေဖို့ မလိုပါဘူး။ သစ္စာခံနေဖို့မလိုပါဘူး။

စစ်အုပ်စုရဲ့ လောင်းရိပ်အောက်မှာ ဆက်နေမယ်ဆိုရင် စစ်အုပ်စုရဲ့သစ္စာခံပဲ ဖြစ်ပါလိမ့်မယ်။ သမိုင်းကြောင်းကောင်းပြီး နွေးထွေးဖြူစင်တဲ့ ပြည်သူ့ရင်ခွင်ရိပ်မှာခိုလှုံကြရပါလိမ့်မယ်။ စစ်အုပ်စုကို သစ္စာဖောက်တာဟာ တော်လှန်တဲ့လုပ်ရပ်ဖြစ်ပါတယ်။ တိုင်းပြည်နဲ့ပြည်သူကို မျက်နှာမူတဲ့၊ ရှေးရှုတဲ့ အစဉ်အလေးထားတဲ့ လုပ်ဟန်ဖြစ်ပါတယ်။ တပ်မတော်ရဲ့ မူလကြွေးကြော်သံဖြစ်တဲ့ ပြည်သူသာအမိ ပြည်သူသာအဖ ဆိုတဲ့ ကြွေးကြော်သံအမှန်ကို ပြန်လှည့်ခြင်းသာဖြစ်တယ်၊ စစ်အုပ်စုကို သစ္စာခံနေသမျှ တိုင်းပြည်နဲ့ ပြည်သူ့အကျိုးစီးပွား ကျောခိုင်းလျစ်လျူရှုရတဲ့ သစ္စာဖောက်ဘဝ အစဉ်ကျနေရောက်နေမှာသာဖြစ်ပါတယ်။

စစ်အုပ်စုရဲ့ အာဏာဆက်ခံမှုဟာ ရှေးက ပဒေသရာဇ်မင်းဆက်တွေလိုပါပဲ။ "အစဉ်အလာ" ဆိုတဲ့ နောင်ကြိုးနဲ့ ပြည်သူတွေ၊ တပ်မတော်သားတွေကို အထပ်ထပ် ရစ်ပတ်တုပ်နှောင်ထားတာနဲ့တပြိုင်နက် သူတို့ရဲ့ဇန်းပြဟန်ပြလုပ်ဆောင်မှုတွေနဲ့ (အမျိုးသားရေး/ ဘာသာရေး စတဲ့ နည်းလမ်းပေါင်းစုံနဲ့) သွေးခွဲချော့မြူ လှည့်စား အမှောင်တိုက်လေ့ရှိပါတယ်။

ဒီကနေ့ စစ်အုပ်စုက ဗိုလ်နေဝင်းစစ်အုပ်စုမင်းဆက်နဲ့ ဗိုလ်သန်းရွှေစစ်အုပ်စုမင်းဆက်ကို အခုလို "စည်းသား" ပြထားပါတယ်။ "တပ်မတော်သည် ၁၉၆၂ ခုနှစ်မှစ၍ အဆိုပါလုပ်ငန်းစဉ် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး) ဆက်လက်ကောင်အထည်ဖော်ခဲ့ရာ မျှော်မှန်းသလောက်အောင်မြင်မှုမရခဲ့သော်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း ၁၉၈၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ကြိုးပမ်းမှုများကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလများတွင် မကြုံဖူးသေးသော ထူးထူးခြားခြား အောင်မြင်မှုရရှိခဲ့သဖြင့် ပြည်သူတို့ မျှော်လင့်တောင့်တနေကြသော ပါတီစုံဒီမိုကရေစီလမ်းပေါ်သို့ ရောက်အောင် နိုင်ငံတော်၏ တခုတည်းသော အမျိုးသားရေးအင်အားစုက တပ်မတော်က စွမ်းဆောင်နိုင်ခဲ့သည်" လို့ ငါးပိထုပ်တဲ့ စက္ကူစုတ်ကို ဖြေပြထားပါတယ်။

အထက်ပါ ကောက်နုတ်ဖော်ပြချက်ကို ယခုအခါ စစ်အုပ်စုအာဏာတံစက်မြိတ်ဘေးရောက်နေပြီဖြစ်တဲ့ (ရောက်ပုံရောက်နည်းတော့ ကွဲပြားပါတယ်) ဗိုလ်ခင်ညွန့်နဲ့ ဗိုလ်ရွှေမန်းတို့ ရှေ့မှာချပြီး မေးကြည့်ပါ။ သူတို့နှစ်ဦးစလုံး ဘာမှ မကွဲလွဲဘဲ အထက်ပါ ကောက်နုတ်ချက်အတိုင်း အပြည့်အဝသဘောတူကြပါလိမ့်မယ်။ စစ်အုပ်စု လောင်းရိပ်၊ စစ်အုပ်စု နောင်ကြိုးဆိုတာ အဲဒါပါပဲ။

ဒါပေမဲ့ ဒီကောက်နုတ်ချက်အပေါ်သဘောထားနဲ့ပတ်သက်ပြီး ဒီချုပ်ပါတီထဲက သက်တော်ရှည်နာယကကြီး ဦးတင်ဦးကို မေးကြည့်ရင် ဦးတင်ဦးက ဒီအချက်ကို ဗိုလ်ခင်ညွန့်/ ဗိုလ်ရွှေမန်းတို့ ဖြေသလိုတော့ဖြေမှာမဟုတ်ပါဘူး။ ဦးဝင်းထိန်ကတော့ တမျိုးဖြေချင်ဖြေပါလိမ့်မယ်။

တကယ်တော့ စစ်အုပ်စုရဲ့ " မကြုံဖူးသေးသော ထူးထူးခြားခြားအောင်မြင်မှု" ဆိုတာ တိုင်းပြည်နဲ့လူထုအဖို့ အသက်တွေ၊ သွေးတွေ၊ ချွေးတွေ၊ အိုးအိမ်စည်းစိမ် ပျက်သုဉ်းဆုံးရှုံးရတဲ့ မကြုံဖူးမကြားဖူးတဲ့ ဖိနှိပ်မှု၊ အကြမ်းဖက်မှုနဲ့ ဆင်းရဲဒုက္ခမျိုးစုံ ရင်ဆိုင်ရမှုတွေကို စကားလုံးတမျိုးနဲ့ ကုလားဖန်ထိုးပြီးပြောတာသာဖြစ်ပါတယ်။

စစ်အုပ်စုနိုင်ငံရေးလောင်းရိပ်အောက်မှာ ဒီမိုကရေစီသစ်ပင်ကလေး ညွှန့်ညောက်ရှင်သန်လာနိုင်ဖို့ မလွယ်ကူပါဘူး။ "မေတ္တာရေစင်တွေ" ဘယ်လောက်ပဲ ပက်ဖျန်းသွန်းလောင်းနေပါစေ၊ ညှိုးရော် ပိန်လှီ ခြောက်သယောင်းနေမှာပါ။

ဒါကြောင့် စစ်အုပ်စုနိုင်ငံရေးလောင်းရိပ်အောက်က အမြန်ဆုံးရုန်းထွက်ကြပါ။

စစ်အုပ်စုကိုသစ္စာဖောက်ကြပါ။စစ်အုပ်စုအမိန့်ကို ဖီဆန်ကြပါ။ ၂၀၀၈ အခြေခံဥပဒေကို အကုန်အစင် ဖျက်သိမ်းပစ်ပါ။

အမိန့်နဲ့သစ္စာဆိုတာ အတိုင်းအဆမဲ့ ပြည်သူတွေရဲ့အကျိုးစီးပွားအပေါ်မှာသာ နာခံ၊ စောင့်စည်းတည်မြဲဖို့သာဖြစ်ပါတယ်။

ဇော်လတ်

(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

ဆင်နွှင်းခံနေရတဲ့ ဒီချုပ်အစိုးရခေါင်း

နိုင်လင်း

၂၀၁၅ ရွေးကောက်ပွဲပြီးစမှာ ဗမာပြည်ကွန်မြူနစ်ပါတီက အစိုးရသစ် ရင်ဆိုင်ရမယ့် ပြဿနာ၊ ကြုံတွေ့ရမယ့် အန္တရာယ်တွေကို သတိပေး တင်ပြခဲ့ပါတယ်။ အမှန်ပဲ အဲဒီပြဿနာတွေကို ဒီချုပ်အစိုးရ ရင်ဆိုင်ရတယ်။ အခုထိတော့ အလူးလူးအလိမ့်လိမ့်ပဲ။ အစိုးရသစ်အနေနဲ့ ကာချုပ်ကို ပေးထားရတဲ့ ဝန်ကြီးဌာန ၃ ခုရဲ့ အန္တရာယ်ကို ကြိုစဉ်းစားထားဖို့ (ဗကပ) က အခုလို သတိပေးခဲ့တယ်။

"ကာချုပ်ကို ပေးထားရတဲ့ ဝန်ကြီးဌာန ၃ ခုရဲ့ ဖြစ်လာနိုင်တဲ့ အန္တရာယ်ကိုလည်း ကြိုစဉ်းစားထားသင့်ပါတယ်။

- ကာကွယ်ရေးဝန်ကြီးဌာနနဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ ပွတ်တိုက်မှုမှာ အရပ်သားနိုင်ငံခြားရေးဝန်ကြီး ခေါင်းခဲရမယ့်ကိစ္စ။

- နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ တိုင်းရင်းသားတွေနဲ့ ဆက်ဆံရေးမှာ အရပ်သားအစိုးရဆိုတဲ့အစိုးရက လက်ရှောင်ထားရမယ့်ကိစ္စ။

- ပြည်ထဲရေးဝန်ကြီးဌာနက ရဟန်းရှင်လူပြည်သူတွေကို မီးလောင်ဗုံးနဲ့ ပစ်လိုက်၊ ဖမ်းချင်သလိုဖမ်း၊ သတ်ချင်သလိုသတ်နေရင်လည်း နှုတ်ဆိတ်နေရမယ့်ကိစ္စ စတာတွေအတွက်လည်း ကြိုစဉ်းစားထားရပါမယ်။

- ဒီဝန်ကြီးဌာနတွေက အစိုးရသစ် အကျပ်အတည်းတွေ့အောင် ပြည်သူနဲ့ ထိပ်တိုက်တိုးအောင် ကောင်းကောင်းမွှေပါလိမ့်မယ်။

ဒါတွေဟာ ဒီချုပ်ခေါင်းကို ဆင်နွှင်းမယ့်ကိစ္စတွေပဲ။ ပြေလည်အောင် ဖြေရှင်းနိုင်ရင် ဖြေရှင်း၊ မဖြေရှင်းနိုင်ရင် မိမိကိုမဲပေးခဲ့တဲ့ ပြည်သူသန်းပေါင်းများစွာနဲ့ ပြန်လည်ထိပ်တိုက် ရင်ဆိုင်ရဖွယ် ရှိပါတယ်။"

ပြောခဲ့တဲ့အတိုင်းပဲ အဲဒီဝန်ကြီးဌာန ၃ ခုနဲ့ ဆိုင်တဲ့ ပြဿနာတွေ တခုပြီးတခု မိုးဦးကျမှိုတွေလို ထွက်လာတယ်။ ပြဿနာတွေက မီးခိုးကြွက်လျှောက် တသီတတန်းကြီး ဖြစ်တယ်။ ပြဿနာတွေက သေးရာကနေ ကြီးလာတယ်။ မကြီးကြီးအောင်လည်း မီး

လောင်ရာ လေပင့်ကြ၊ ဓာတ်ဆီလောင်းပေးကြတယ်။ လက်ဝါးရိုက်သူတွေ၊ ညှပ်တိုက်သူတွေ ရှိတယ်။ နိုင်ငံတကာရဲ့ပြင်းထန်တဲ့ ရိုက်ခတ်မှုတွေ ပေါ်ထွက်လာတယ်။

ရခိုင်အရေးကို ကြည့်မလား၊ တရုတ်နယ်စပ်မှာ ဖြစ်နေတဲ့ စစ်ပွဲတွေကို ကြည့်မလား၊ လူမျိုးရေး-ဘာသာရေး ပဋိပက္ခတွေကို ကြည့်မလား၊ ကာကွယ်ရေး၊ နယ်စပ်ရေး၊ ပြည်ထဲရေး သုံးဌာနလုံးနဲ့ဆိုင်တဲ့ ပြဿနာတွေချည်းပဲ။ တိုင်းပြည်ရဲ့အချုပ်အခြာ အာဏာကလည်း ဒီဝန်ကြီးဌာန သုံးခုမှာ အခြေခံတာပါ။ ဒီဌာနတွေကို လက်လွှတ်ရတဲ့ ရွေးကောက်ခံ အရပ်သားတပိုင်း အစိုးရဟာ မျောက်သစ်ကိုင်းလွှတ်တဲ့ အဖြစ်ပဲ။

ဒါကြောင့်လည်း "၂၀၀၈ ရှိနေသရွေ့'အရပ်သားအစိုးရ' ခေါ်မရဘူးလို့ဗမာပြည်ကွန်မြူနစ်ပါတီက ယူဆပါတယ်။ ဒီချုပ်အစိုးရဟာ အလကားမတ်တင်နဲ့ကြီးဒေါ်နွား ကျောင်းပေးနေရတာပဲ ဖြစ်မယ်" လို့ပြောခဲ့တယ်။ လက်တွေ့အဖြစ်မှာတော့ ကြီးဒေါ်နွား အလကားကျောင်းပေးရတာထက် ပိုဆိုးတယ်။ နွားလည်းကျောင်းရ၊ နွားခိုးလို့ယိုးစွပ်ခံရတဲ့ အဖြစ်ကို ကြုံရတာပါ။ ဖြစ်သမျှ သောင်းခြောက်ထောင်သော ပြဿနာတွေ ဖြေရှင်းရတာနဲ့ခရီးမတွင်ဘဲ ဝိုင်းကြီးပတ်ပတ် ဖြစ်နေတယ်။ ဒီချုပ်အစိုးရဖြစ်ဖြစ်၊ နောက် ဘယ်အစိုးရတက်တက် "နိုင်ငံတော် အာဏာ အညှာ" ကို အပိုင်မကိုင်နိုင်သေးသရွေ့ဒီလိုပဲ ဖြစ်နေမှာပါ။

စစ်အုပ်စုပြောနေကျ နိုင်ငံတော် အချုပ်အခြာအာဏာကို ကာကွယ်တယ်ဆိုတာ သူတို့အပိုင်ကိုင်ထားတဲ့ အဲဒီအာဏာတွေကို သူတို့လက်ထဲကနေ တခြားဘယ်သူမှ ယူလို့မရအောင် ကာကွယ်တာကို ပြောတာပါ။ သူတို့ပြောသမျှ စကားတွေမှာ "နိုင်ငံတော်" ကို ဖယ်ပြီး "စစ်အုပ်စု" ဆိုတဲ့ စကားလုံးကို အစားထိုးနားလည်ရုံပါပဲ။ တပ်မတော်သားတွေကိုလည်း နိုင်ငံတော် အချုပ်အခြာအာဏာကို ကာကွယ်တာဆိုပြီး သူတို့အာဏာကို အသက်ပေး ကာကွယ်ခိုင်းနေတာပါ။ ရှင်းပါတယ်။ နိုင်ငံတော်ကို ဖန်းပြ၊ နိုင်ငံတော်ကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာတဲ့ စစ်အုပ်စုပါ။ အဲဒီစစ်အုပ်စုဟာ အဲဒီလိုအရေးပါတဲ့ ဝန်ကြီးဌာန ၃ ခုတင် အပိုင်ကိုင်ထားသလား။

တကယ်တော့ တခြားဌာနတွေမှာလည်း သူတို့လူယုံတွေ၊ သစ္စာတော်ခံတွေ၊ ဒေါက်တိုင်တွေ၊ ခွေးသွားစိတ်တွေက အခရာပဲ။ နေရာကောင်းတွေ ယူထားပြီး အတွင်းကနေ ဖြိုချနေကြတာ။ အစိုးရသစ်က ရင်ကြားစေ့ရေးအတွက် သာသာထိုးထိုးနဲ့နေရာပေးရတာတွေရော အားလုံးပေါင်းလိုက်တဲ့အခါ ဘာကျန်သေးလဲ။ ဒါကြောင့်လည်း အစိုးရထဲက၊ လွှတ်တော်ထဲက ဆိုပေမယ့် ပြည်သူကို နားရွက်တံတွေးဆွတ်တဲ့ စကားတွေ မကြာခဏ ကြားရတယ်။ မျက်နှာပျက်စရာအဖြစ်တွေ မကြာခဏ မြင်တွေ့လာရတယ်။ နောက်ဆုံးတော့ စစ်အုပ်စုက သူတို့နဲ့တန်းညှိပြီး တမူးနဲ့ရှစ်ပြား ဘာကွာသလဲလို့လုပ်လာတယ်။

ရွေးကောက်ခံအရပ်သားတပိုင်း အစိုးရကို အတွင်းပိုင်းက ရုပ်ဖျက်နေသူတွေ၊ ပုံဖျက်နေသူတွေ ဘယ်သူတွေလဲ။ အရည်အချင်းကြောင့်လား၊ ဇာစ်မြစ်ကြောင့်လား။ အကြောင်းတခုခုတော့ ရှိသူတွေချည်းပါ။ အစိုးရသစ်ကို သစ္စာမခံဘဲ စစ်အုပ်စုကိုသာ သစ္စာမြဲနေသူတွေကို ထိထိရောက်ရောက် ကိုင်တွယ်အရေးယူနိုင်သလား။ ဒီလူတွေဟာ စစ်အုပ်ရဲ့အမွေခံတွေဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ရေ့တင်သွားဖြီးပြ ကွယ်ရာမှာ အပုပ်ချနေတာပါ။

ဒီလိုဖောက်ပြန်ပျက်စီးနေတဲ့ ယန္တရားနဲ့ဘယ်လိုရှေ့ဆက်ကြမလဲ။ ဒီလိုနောက်ကျော ဓားနဲ့ထိုးနေတဲ့ ဗျူရိုကရက်တွေ၊ စစ်အုပ်စု သစ္စာခံတွေ၊ အလိုတော်ရိတွေနဲ့ဘယ်လို ခရီးဆက်မလဲ။ ဒီလိုစုန်းပြူးတွေ၊ အချောင်သမားတွေ၊ သာကူးတွေ၊ အရေခြုံတွေ၊ သူလျှိုဒလန်တွေနဲ့ ဘယ်လိုလုပ်ပြီး တိုင်းပြည်နာလန်ထူမလဲ။ ဆင်နင်းခံနေရပြီဖြစ်တဲ့ ဒီချုပ်အစိုးရခေါင်းဟာ သံခမောက် ရှာဆောင်းရင်တောင် သက်သာမယ်မထင်ပါ။ ဟောင်းနွမ်းပုပ်ဆွေးနေတာတွေကို ရဲရဲဖယ်ရှား စွန့်ပစ်ရပါလိမ့်မယ်။ ပိုးစားခြကိုက်နေတာတွေကို ရဲရဲလှီးဖြတ် ဖယ်ထုတ်ရပါလိမ့်မယ်။ ပြည်သူနဲ့အပြန်အလှန် ဖေးမတွဲကူ ချီတက်မှ သစ်လွင်တဲ့အနာဂတ်ကို ခရီးဆက်နိုင်မှာ ဖြစ်ပါတယ်။

ပြည်သူနဲ့အတူ ချီတက်ပါ။

နိုင်လင်း

သေခြင်းကင်းတဲ့
လင်းလက်တဲ့ ကြယ်တပွင့်

(ဒိုးငြိမ်းချမ်း)

၂၀၁၇ နိုဝင်ဘာ ချုပ်

ငါတို့ အကျအဆုံးများခဲ့တယ်။

နှစ် ကုန်ရက်
နောက်ဆုံးစက္ကန့်လေးမှာတောင် မချန်
ဒဏ်ရာနက်နက်နဲ့ မလှုပ်မယှက်ငြိမ်သက်နေသူကို
ယူ, မ သွားပြန်ပြီလေ ...။

ဒီ တခါ ပူပူနွေး
ယူဆောင်ခြင်းခံရသူ
"ရဲဘော်နိုင်ဦး" ဆို တဲ့ သူပေါ့ ။

သူ နဲ့ငါတို့ဟာ
ရေခဲဒေသ နှင်းရိုင်းညတွေထဲမှာ
အပြန်အလှန် ရိုင်းပင်းရင်း
အတူဖြတ်သန်းကြဖူးတယ်။

သူဟာ
ငါတို့ထက် စောစွာ
ရန်သူကို ရှာဖွေ တွေ့ရှိခဲ့
ရန်သူကို နာကြည်းမုန်းတီးခဲ့
နောက် ... တော်လှန်ရေးမီးလျှံကြားမှာ
အမှန်တရားဆိုတဲ့ မြင်းနီကြီးကို စီးရင်း
ခရီးပြင်းနှင်လာခဲ့တာ မြေပြင်အနံ့ , မြစ်အနံ့ပါပဲ။

သူ နဲ့ ငါတို့ဟာ
အဖိနှိပ်ခံတို့ရဲ့တပ်ဦးအလံတော်အောက်
စုစည်းရောက်ရှိလာ ညီအကို စိတ်ဓာတ်ပမာ
ပျူငှာ နွေးထွေးတဲ့ အခြေခံနဲ့
ငါ တို့ကို ဆက်ဆံခဲ့ပုံများ မေ့စရာလား။

တော်လှန်ရေးဟာ တဖြောင့်တည်းမရှိ
ရှေ့တိုး နောက်ဆုတ်နဲ့
ဂီယာမျိုးစုံ ပြောင်းချိန်းတဲ့ ကာလ
မကြာခဏ ရှိတတ်တယ်။

ဘက်ဂီယာထိုးချိန် ကာလ
ငါတို့ရင်တွင်းမီး တညီးညီးနဲ့ ဆုံတွေ့ကြ
တအိမ်တည်းမှာလေ.....။

အတူနေ၊ အတူစား၊ အတူလေ့လာ၊ အတူခံစားကြရင်း
အနာဂတ်ကို ငါရော သူရော ပိုင်ဆိုင်နေလိုက်ကြတာများ
ကမ္ဘာကြီးဟာ အလွန်ပဲ သစ်လွင်လှပလို့ပေါ့။

သူ နဲ့ ငါတို့
ဆင်လိုက်လို့ပြေးရချိန်
ထိန်ချုံးက ယိုင်နဲ့နဲ့ ပဒေသရာဇ်ခေတ်အိမ်အိုကြီးမှာ
မောင်စီး ဆိုတဲ့ စိုးလင်းဦးလေး လူဖြစ်လာခဲ့တယ်
ငါတို့မေ့စရာလား။

သူဟာ
လေ့လာရေးမှာ လောဘကြီးတယ်
ရရှိချက်တိုင်း ကြီးကြီးငယ်ငယ်
ဘယ်သူနဲ့မဆို မျှဝေ၊ ဆွေးနွေး အဖြေရှာတတ်သူ။

သူရဲ့ ပင်ကိုယ်စရိုက်
ခေါင်းငိုက်စိုက်၊ အိပ်ငိုက်တယ်မထင်နဲ့
လေ့လာရေးမှာ စူးရှထက်မြက်တယ်
ဖြတ်သန်းခဲ့တဲ့ လက်တွေ့
သဘောတရားရေးနဲ့ ပေါင်းစပ် လူထုထဲပျံ့နှံ့ဖို့
ဝါဒဖြန့်ချိရေးကို လက်နက်တော်လို အသုံးပြုခဲ့သူ
မောင်စိန်သော် ဆိုတာ သူ
ဗတိုးရှိန်ဆိုတာ သူ ပဲပေါ့။

သူ ဟာ
တော်လှန်ရေး ဒီရေမြင့်မှာလည်း သူ ပါခဲ့
ဒီရေနိမ့်မှာ လူးလိမ့် ရုန်းကန်ချိန် အိမ်ပြန်သူ, သူ မဟုတ်ခဲ့
ကိုယ့်ဝမ်းကိုယ်ကြောင်း၊ ကိုယ်အိမ်ထောင်ကိုယ် ထူဆောက်ရင်း
အင်တာနေရှင်နယ် သီချင်းကို ဆိုခဲ့တယ်
ကြီးမြတ်တဲ့ မိခင်ပါတီ သီချင်းကို ဆိုခဲ့တယ်
ပြည်သူ့တပ်မတော် ချီတက်လာချေပြီ သီချင်းကို ဆိုနေမယ်။

ငါတို့အားလုံး
ဒီရေနိမ့်ကာလ လွတ်မြောက်ဖို့ ရုန်းထချိန်

အရှိန်ပြင်းပြင်း ရောဂါဘယတို့
သူ့ ခန္ဓာမှာ တပ်စွဲလို့ တိုက်ခိုက်ကြလေပြီ။

ရောဂါနဲ့ တိုက်ပွဲဆင်ရတာ
သူတယောက်တည်းလား? မဟုတ်ခဲ့။

- တော်လှန်ရေးရဲဘော် ဘဝအဖော်
အိမ်ထောင်ဖက် သက်ထားထံလည်း
ရောဂါဘယများ အဖော်အပေါင်းနဲ့ပူးကပ်ခဲ့။
သူမက အမည်းရောင် လွင်ပြင်ထဲ
သူ့အရင် မျောလွင့်ပျောက်ကွယ်သွားရှာတယ်။

လအချို့ပဲ ကြာ
ဘဝအလွမ်းတွေကို အိပ်ရာထက်မှာ
ဝေဒနာနဲ့ ရောပြွမ်း ခံစားရင်း
မရဏမင်းရဲ့ လုယက်ခြင်းကိုငြင်းဆန်ခြင်း မပြုနိုင်ရှာ
ညင်သာစွာ လိုက်ပါလို့သွားခဲ့ရပြီ။

အဲဒီနေ့က
ငါတို့ရင်ထဲမှာ
ဟင်းလင်းပြင် ကွက်လပ်တခု ဖြစ်ထွန်းကျန်ရစ်ခဲ့...
ညီညီတို့မောင်နှမ မြင့်မိုရ်တောင်ကြီးပြိုကွဲခဲ့ ....
ပါတီရဲ့ သားကောင်းရတနာတပွင့် လွင့်ကြွေခဲ့...

ဒါပေမဲ့
အဲဒီနေ့က
ငါတို့ရဲ့ မိုးကောင်းကင်မှာ
နေရောင်၊ လရောင်ထက် ထွန်းတောက်တဲ့
အလင်းလက်ဆုံး ကြယ်တပွင့်
အသစ်ထပ်မံ တိုးဖြည့်လိုက်ပြန်ပြီ။

ရဲဘော် နိုင်ဦး
သင်ဟာ
သေခြင်းကင်းတဲ့
လင်းလက်နီရဲတဲ့ ကြယ်တပွင့်ဖြစ်နေတာ
ငါတို့ အလေးနီပြုရင်း မြင်လိုက်ရပါပြီ ။ ။

ရဲဘော် ဒိုးပြိမ်းချမ်း
၄ . ၁ . ၂၀၁၈

ဘုံရန်သူနဲ့ ပျောက်ဆုံးနေဆဲမီးတောက်များ...
စိုး (မီးတောင်ပျို)

နံပါတ်တုတ်ကစပြီး
ဂျီသရီးဂျီဖိုးအလယ်
အေကေဖော်တီးဆဲဗင်းအဆုံး
တင့်ကားနဲ့ သံချပ်ကာ
ယဉ်ကျေးမှု---------
တွေအောက်မှာ
အနင်းခံနိုင်တဲ့စပါးပင်တွေ
ရှင်သန်ကြီးထွားမှုမျိုးနဲ့
ကိုယ့်ကိုကိုယ် ခုခံကာကွယ်ပြီး
နာလန်ထူခဲ့ကြရတယ်။

မိရိုးဖလာ ခေါက်ရိုးကျိုးပြီး
ဦးညွှတ်ပူဇော်ခဲ့ရတဲ့
အကြောက်တရားတွေ
ရိုးတွင်းချဉ်ဆီကနေ မျိုးရိုးဗီဇထိ
ခြံခတ်ပြီးမွေးမြူခံခဲ့ရတဲ့
သိုးတစ်ပိုင်း
လူတစ်ပိုင်း
စစ်ကျွန်သမိုင်းတွေ ရာဇဝင်ရိုင်းနေဆဲပါ။

စစ်အာဏာချိန်းခဲ့တဲ့
ပြောင်းလဲခြင်းပဥ္စလက်
ဒီမိုကရေစီဘုရင်မကို
ပွန်းနဲ့ချက်ပြမယ်
ပြည်သူကို ဖွဲ့စည်းပုံနဲ့
ချွန်းအုပ်ပြမယ်
ပြည်တွင်းငြိမ်းချမ်းရေးကို
နပ်ကြောင်းပေးရင်း
ဖဲထုပ်အဟောင်းကြီးနဲ့

ကုလားဖန်ထိုးပြမယ်။

ဖိနှိပ်ထားတဲ့သံခြင်းထဲက
လွတ်မြောက်မဲ့အရသာ
လျှာပေါ်မရောက်မီ
အရိုးများသူတွေ
ချေးခါးသူတွေ
ကိုယ့်သေတွင်းကိုနက်နက်တူးပြီး
ရန်သူရဲ့ရန်သူဟာ
မိတ္တဗလငြိကာဆိုတာမသိ
ဝါဒမှိုင်းမိထားတဲ့
အိုးမဲသုတ်မျက်နှာကြက်တွေ။

စိတ်ရှိလက်ရှိပေါက်နေတဲ့
စစ်ဖိနပ်သံခွာတွေအောက်
အမြဲတမ်းသွေးညှီတွေစို့နေတဲ့
ဒီမြေ ဒီရေ ဒီလူတွေရဲ့
အရေးတော်ပုံ
သြော်.......
သခင်ဗဟိန်းရဲ့
မြင်းခွာနဲ့မီးတောက်
တို့ခေတ်ရောက်မှ
မီးဟုန်းဟုန်းမတောက်နိုင်ရင်။ ။

စိုး (မီးတောင်ပျို)
(၂၄-၈- ၂၀၁၇)

၀ တောင်တန်းက လွမ်းပန်းချီ။ဆောင်းပါးအမှတ် (၆)။
ကာလဝမ်းရောဂါ တိုက်ဖျက်ခဲ့စဉ်က။

ရဲဘော်ရှုယည်

အခုတလောရန်ကုန်မှာ H1N1 ရာသီတုပ်ကွေးရောဂါကျရောက်နေလို့ အဲဒီရောဂါနဲ့ပတ်သက်တဲ့အကြောင်း အရာတွေ- ကာကွယ်နည်းတွေ-သတင်းဌာနအသီးသီးကလွှင့်ပေးနေတာကြားနေရပါတယ်။ ကျွန်မက ကူးစက်ရောဂါကာ ကွယ်ရေး- တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို သိပ်ဝါသနာပါပါတယ်။ လုပ်နိုင်ရင်လုပ်နိုင်သလောက် အကျိုးရှိလို့ပါ။ အ ထူးသဖြင့်-ကိုယ့်မျက်စိအောက် ရောဂါတွေဖြစ်နေချိန်မှာ လူတွေက ဆရာဝန်တွေဆေးဝန်ထမ်းတွေစကား သိပ်နား ထောင်ပါတယ်။ တနေ့က ဆရာဝန်ကြီးတယောက် ပြောသွားသလိုဘဲ-လူတွေအကြောက်လွန်နေတာလည်း-ကောင်း တယ်။ ကျွန်တော်တို့ ပြောတာတွေနားထောင်လို့-ကာကွယ်ရေးလုပ်ငန်းတွေအောင်မြင်တယ်။---တဲ့။

ဟုတ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ ကျန်းမာရေးပညာပေးရတာသိပ်အောင်မြင်ပါတယ်။ အစိုးရက လက်ဦးမှုရှိရှိ ပွင့်လင်းမြင်သာမှုရှိရှိ-တာဝန်ယူစွာဖြေရှင်းပေးနိုင်ရင်ပြည်သူလူထုနဲ့အစိုးရကြား-နားလည်မှုတွေရရှိပြီး-ယုံကြည်မှုတွေ တိုးလာနိုင်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကလည်း တိုးတက်ကောင်းမွန်လာလို့- ကုလသမဂ္ဂတို့-ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (WHO)တို့ ရဲ့ဘက်စုံအကူအညီများလည်းရနေတာ ဝမ်းမြောက်ဖွယ် တွေ့နေရပါတယ်။

ဒီသတင်းတွေနားထောင်ရင်း တချိန်တခါက-ကျွန်မပါဝင်လုပ်ဆောင်ရခဲ့ဖူးတဲ့-ကာလဝမ်းရောဂါတိုက်ဖျက်ရေး လုပ်ငန်းတွေကို ပြန်လည်သတိရလာနေမိပါတယ်။

၁၉၈၂ခုနှစ်-မိုးတွင်းကာလကြီး- ဗမာပြည်ကွန်မြူနစ်ပါတီရဲ့အခြေခံစစ်ဒေသတခုဖြစ်တဲ့-(၈၁၅)စစ်ဒေသ (ယခု ရှမ်းအထူးဒေသ-၄)က-သူတို့ဒေသမှာ-ကာလဝမ်းရောဂါဖြစ်ပွားနေပြီး လူအသေအပျောက်တွေ များနေတာကြောင့်- ဗဟို က ကူညီဖြေရှင်းပေးဖို့-ကြေးနန်းပို့လာပါတယ်။ ကျွန်မက ဆေးသင်တန်းတခုအပြီး နောက်သင်တန်းအတွက် ပြင်ဆင် နေချိန်ပါ။ ကျောင်းသားအစုံမရောက်သေးတာကြောင့် ကျောင်းမဖွင့်နိုင်သေးလို့ နှိုင်းယှဉ်ချက်အရ ကျွန်မက အားနေသ လိုဖြစ်နေပါတယ်။ ဒါ့ကြောင့်-ဗဟိုထောက်ပံ့ရေးဌာနကြီးမှူးလည်းဖြစ်၊ ပါတီရဲ့ဒုဥက္ကဋ္ဌလည်းဖြစ်တဲ့ သခင်ဖေတင့်က ကျွန် မကိုခေါ်ပြီး-၈၁၅-စစ်ဒေသကိုသွားကူညီဖို့ တာဝန်ပေးလိုက်ပါတော့တယ်။

ကျွန်မလည်း နောက်ကျောင်းကော်မတီဝင်တဦးဖြစ်တဲ့- ကိုအိုက်အေး(ယခု-မြစ်ကြီးနား)နဲ့အတူ သွားရောက်ခဲ့ ပါတယ်။ အမြန်သွားဖို့လိုတာတကြောင်း၊ နယ်စပ်တကြော ရောဂါဖြစ်နေတာကြောင့်တကြောင်း၊ လမ်းဖြတ်သွားရေး အ တွက် တဖက်နိုင်ငံကို အကူအညီတောင်းလိုက်တော့-ကားတစီး အမြန်စီစဉ်ပေးလို့-၂ ရက်နဲ့ ကျွန်မတို့- ၈၁၅ဒေသ ရောက် သွားပါတော့တယ်။ ဒါ့အပြင် ဒေသဆိုင်ရာတာဝန်ခံက လိုအပ်တဲ့အကူအညီရှိရင်ပြောပါ-ဆိုလာလို့-ကာလဝမ်းရောဂါ-ကာကွယ်ဆေးများ အမြန်မှာပေးပါရန်-ပြောခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်မတို့၂-ယောက်- ၈၁၅-စစ်ဒေသဌာနချုပ်ရုံးစိုက်ရာ တရုတ်-ဗမာ-လာအိုနယ်စပ်က မန်ဖိုင်ကို ရောက်သွားပါတော့တယ်။ ရွှေတြိဂံနယ်မြေ အစိတ်အပိုင်းပေါ့။ အဲဒီတုန်းက-၈၁၅စစ်ဒေသရဲ့နိုင်ငံရေးမှူးဟာ- ရဲဘော်

အေးငွေ (အရန်ဗဟိုကော်မတီဝင် ၁၉၈၅ တတိယကွန်ဂယက်မှာ ဗဟိုကော်မတီဝင်အပြည့်ဖြစ်လာ)ဖြစ်ပါတယ်။ သူက အဲဒီတာဝန်ယူတာ သိပ်မကြာသေးပါဘူး။ ၈၁၅ စစ်ဒေသ စထူထောင်ကတည်းက တောက်လျှောက် နိုင်ငံရေးမှူးအဖြစ် တာဝန်ယူခဲ့သူက ရဲဘော်ဖေသောင်း(လေထီး- ဗဟိုကော်မတီဝင်) ပါ။ နောက်ပိုင်းသူက မြောက်ပိုင်းဗျူရိုပြောင်းသွားရလို့ ရဲ ဘော်အေးငွေက တာဝန်ယူနေတာပါ။

ဒီနေရာမှာကြုံကြိုက်လို့ ရဲဘော်အေးငွေအကြောင်း ပြောပြချင်ပါတယ်။ စိတ်ဝင်စားစရာ သမိုင်းနောက်ခံ ရှိလို့ပါ။ ဒ့ါအပြင် ကွယ်လွန်ကုန်ကြပြီဖြစ်တဲ့ ခေါင်းဆောင်ရဲဘော်ကြီးများအကြောင်း တစေ့တစောင်း ထုတ်ဖော်ဂုဏ်ပြုချင်တာလည်း ပါ ပါတယ်။

၁၉၄၀ခုနှစ်-ကာလများမှာ-နိုင်ငံတကာအကူအညီ(တရုတ်ကွန်မြူနစ်ပါတီ-အပါ)ရှာဖို့-သခင်အောင်ဆန်းက အရှေ့ဘက် ကြုံရာသင်္ဘောနဲ့ ထွက်ရာမှာ အမွိုင်ရောက်ပြီး ဂျပန်ရောက်သွားပါတော့တယ်။ ဒီတင်-ဗမာပြည်ကျန်ခဲ့တဲ့ ခေါင်းဆောင်များက တခြားလမ်းများရှာဖို့ စဉ်းစားလုပ်ဆောင်ခဲ့ပါတယ်။ သခင်ဗဟိန်းက သူတို့ကျောင်းနေဘက် သူငယ်ချင်း ဝါးခယ်မသား သခင်အေးငွေကို ရှမ်းပြည်ဘက်တက်ပြီး တရုတ်ကွန်မြူနစ်များနဲ့ အဆက်ရှာဖို့ လွှတ်လိုက်ပါတယ်။ သူက တရုတ်အမျိုးသားဖြစ်လေတော့-လမ်းခရီးမှာအဆင်ပြေနိုင်တယ်-လို့လည်း တွက်ပုံရပါတယ်။ အဲဒီကာလက တရုတ်ပြည်မှာ ကူမင်တန်နဲ့ ကွန်မြူနစ်တို့ပူးပေါင်းပြီး- ဂျပန်ခုခံရေးစစ်ပွဲ ဆင်နွှဲနေပြီး- အနိုင်နိုင်ငံရောက်နေတဲ့ တရုတ်များ (အိုဗာဆီးများ)က အသင်းအဖွဲ့များဖွဲ့ကာ-ငွေအားတတ်နိုင်သူက ငွေအား-လူအားတတ်နိုင်သူများက လူအား စိုက်ထုတ်ပြီး တရုတ်ပြည်မကြီးကို ကူညီနေကြပါတယ်။ မဟာမိတ်နိုင်ငံများကလည်း ထောက်ပံ့နေတာပါ။ အိန္ဒိယကနေ ဗမာပြည်ဖြတ်ပြီး တရုတ်ပြည်အနောက်ခြမ်းပေါက်တဲ့ လီဒိုလမ်းမကြီးတလျှောက် အကူအညီများပို့နေတာပါ။ (မှတ်ချက်။၁၉၄၂-ဂျပန်များရဲဘော်သုံးကျိပ်ဦးစီးတဲ့-ဘီ-အိုင်-အေတပ်နဲ့အတူ ဗမာပြည်ဝင်တဲ့ရည်ရွယ်ချက်တွေထဲမှာ-ဒီ ထောက်ပံ့ရေးလမ်းကြောင်းကြီး ဖြတ်တောက်ရေးလည်းပါပါတယ်။) ဒါနဲ့-ကိုအေးငွေ ရှမ်းပြည်လားရှိုးကို ရောက်လာပါတယ်။ ဒီမှာတင် တွေ့တဲ့တရုတ်စစ်သား(ကူမင်တန်)များနဲ့ရောနှောပြီး တရုတ်ပြည်ထဲ ရောက်လာပါတယ်။ အဲဒီတုန်းက တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်များက-ယင်အန်းမှာ ဗဟိုစခန်းချနေတာပါ။ ဘာအထောက်အထားမှ ဟုတ်တိပတ်တိမပါတဲ့-သူ့ကို ရှေ့တန်းစခန်းတခုဖြစ်တဲ့နေရာ(ပေါင်အန်းလို့မှတ်မိနေပါတယ်။ သိပ်မသေချာပါ။) မှာပဲ ထားပြီး-အဲဒီစခန်းမှာဖွင့်ထားတဲ့-စာသင်ကျောင်းမှာ အင်္ဂလိပ်စာသင်ဆရာ လုပ်ခိုင်းထားပါတယ်။ ဗမာတပြည်လုံး ဂျပန်လက်အောက် ရောက်သွားတော့ သူ-ဗမာပြည်နဲ့ လုံးဝ အဆက်အသွယ်ပြတ်သွားပါတော့တယ်။

သူက တရုတ်ကပြားသာဖြစ်တယ်။ တရုတ်စာ တရုတ်စကား မတတ်ပါဘူး။ အဲဒီကျောင်းမှာပဲ သူက တရုတ်စာသင်ရင်း သူ့ကိုတရုတ်စာသင်ပေးတဲ့ဆရာမ(ပီကင်းတက္ကသိုလ်ကျောင်းသူ ဂျပန်တော်လှန်ရေးလုပ်ဖို့ တောခိုလာသူ)နဲ့ လက်ထပ်ခဲ့ပါတယ်။ ၁၉၄၉- တရုတ်ပြည်တော်လှန်ရေးအောင်မြင်တော့- တရုတ်ကွန်မြူနစ်ခေါင်းဆောင်တွေ ပီကင်းပြောင်းကြပါတယ်။ ဒီတော့မှ သူ့ယောက္ခမဟာ- တရုတ် ကွန်မြူနစ်ပါတီက- တပ်ပေါင်းစု လုပ်ငန်းဘက်ဆိုင်ရာ ခေါင်းဆောင်တယောက်ဖြစ်နေမှန်း သိပါတော့တယ်။ ဒီမျက်နှာနဲ့ပဲ သူက တရုတ်-ဗဟိုဌာနရဲ့ ဗမာဘာသာပြန် ဖြစ်လာပါတော့တယ်။

၁၉၅၀ ခုနှစ်များမှာ- ဝန်ကြီးချုပ်ဦးနု-တရုတ်ပြည်လာလည်တော့- ဥက္ကဋ္ဌမော်စီတုန်းနဲ့တွေ့ရာမှာ-သူက ဘာသာပြန်ပါ။ ဒီတင်-ဦးနုနဲ့ပါလာတဲ့ဗိုလ်အောင်ကြီး(နောင် ဗိုလ်မှူးချုပ်-တော်လှန်ရေးကောင်စီဒုဥက္ကဋ္ဌ-မဆလခေတ်မှာ ပြုတ်သွား) ကသူ့ကို မှတ်မိသွားပါတယ်။ ဗိုလ်အောင်ကြီးရဲ့ပထမဇနီးက- ဝါးခယ်မသူ သခင်အေးငွေဆွေမျိုးပါ။ ဒီတော့ ဦးနုက ပြန်တောင်းပါတော့တယ်။ ဒီတင်-တရုတ်ပါတီက-သူ့ကို ပီကင်းကို ဆေးကုဖို့ရောက်နေတဲ့- ဗမာပြည်ကွန်မြူနစ်ပါတီက-ဒုဥက္ကဋ္ဌ သခင်ဗသိန်းတင်(နောင်၁၉၇၅မှာဥက္ကဋ္ဌ)ဆီ လွှဲပေးလိုက်ပါတော့တယ်။ သူလည်း အဲဒီတော့မှ ကိုယ့်ပါတီနဲ့ ပြန်အဆက်ရပြီး တောက်လျှောက်-ဥက္ကဋ္ဌအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းလာပါတယ်။ ကျွန်မတို့ ပန်ဆန်းနေစဉ်ကာလများမှာလည်း-ပီကင်းရှိ မိသားစုဆီ- ၂နှစ်တခါလောက်- တခါ တလလောက် ခွင့်ပြန်တတ်ပါတယ်။ ၁၉၈၉ခုနှစ်-ပါတီဖရိုဖရဲဖြစ်သွားပြီးနောက်မှ(သူ့အသက်လည်း ၇၀ ကျော်မှ) ပီကင်းမိသားစုဆီ ပြန်သွားနေရာက ၁၉၉၀ လွန်နှစ်များမှာ ကွယ်လွန်သွားပါတယ်။ သူက ဗဟိုရုံး-ရုံးအုပ်အဖြစ်တောက်လျှောက်နေလာပြီး ဗဟိုရုံးက ရဲဘော်တွေနဲ့ သူငယ်ချင်းပေါင်းပေါင်းနေတာ။ ကလေးလည်း အင်မတန်ချစ်တတ်ပါတယ်။ ကလေးတွေကို အစလွန်အနောက်လွန်လို့ ကလေးတွေ ငိုရ-ယိုရလို့- ကလေးအမေတွေနဲ့သူ့မှာ တကျက်ကျက်ဖြစ်ရတာတွေလည်း တခါတလေ ကြားရပါတယ်။ အဲဒီကလေးအမေတွေပဲ-သူနေထိုင်မကောင်းရင်-သူ့အဝတ်တွေ ယူလျှော်ပေးကြ- ကလေးတွေအတွက်မရှိမဲ့-ရှိမဲ့ ချက်ပြုတ်ထားတဲ့- အရိုးပြုတ် ရည် လေး-ကြက်ဥပေါင်းလေးတွေ-လာခွဲဝေပေးကြတာလည်းတွေ့ရတတ်ပါတယ်။

သူ့လျှို့ဝှက်ချက်ကတော့- သူ့အပေါ်အင်္ကျီအိတ်ကပ်ထဲမှာ သူဗမာပြည်ကထွက်လာကတည်းကပါလာတဲ့-မေရှင်ဓာတ်ပုံ အသေးလေးတပုံ ရှိပါတယ်။ သူက မေရှင်-ခရေစီလေ။ လူထုလုပ်ငန်း ဒေသလုပ်ငန်း မလုပ်ဖူးလို့ အတင်းတောင်းဆိုနေလို့-ဥက္ကဋ္ဌက သူ့ကို(၈၁၅)စစ်ဒေသကို နိုင်ငံရေးမှူးအဖြစ် လွှတ်ထားတာပါ။ ကျွန်မတို့ မန်ဖိုင်ရောက်တော့

သူက ဝမ်းသာအယ်လဲ ကြိုဆိုပါတယ်။ သူက ကျွန်မနဲ့ရော ကိုအိုက်အေးနဲ့ရော အလွန်ရင်းနှီးပါတယ်။ အဲဒီညက အတော်ညဥ့်နက်တဲ့အထိ ထိုင်ပြီး စကားတွေပြောခဲ့ကြတာ သတိရမိပါသေးတယ်။ ဝမ်းရောဂါဖြစ်ပွားနေတာက-စန်းတောင်ခရိုင်မှာပါ။ မန်ဖိုင်က-၅ ရက်ခရီးသွားရမယ်။ မိုးတွင်းဖြစ်တော့-လူသွားလမ်းတွေကလည်း ချုံနွယ်ပိတ်ပေါင်းဖုံး နေပြီဖြစ်တယ်။ ဒ့ါကြောင့် မန်ဖိုင်မှာ- ခရီးလမ်းအခြေအနေတွေ- ဖြစ်ပွားနေတဲ့ရောဂါအခြေအနေတွေ စုံစမ်းရပါတယ်။ လမ်းကတော့ ရှေ့ကရှင်းလင်းခုတ်ထွင်ပေးရင် လူတွေတော့သွားလို့ရနိုင်တယ်။ မြင်းတော့ သွားနိုင်မယ်မဟုတ်ဘူးတဲ့။

ဒီတော့-ဆေးဝါးပစ္စည်းပစ္စယတွေလူတွေနဲ့ပဲ သယ်ရလိမ့်မယ်တဲ့။ ရောဂါစဖြစ်တာက-ထိုင်းဘက်က ပြန်လာတဲ့ ကုန်သည်တဦးက စဖြစ်တာတဲ့။ သူတို့ဒေသခံများကတော့ အဲဒီကာလကပေါ်ကာစ- ဂျပန်ကလာတဲ့-အာချီနိုမိုတို- အချိုမှုန့်ကို တရားခံအဖြစ်- စွပ်စွဲကြပါတယ်။ အဲဒီအချိုမှုန့်ကို လူတွေက သိပ်ကြိုက်ပြီး-ကုန်သည်တွေကလည်း ဒါတွေပဲသယ်-လူတွေကလည်း ဘာစားစား ဒါပဲ ဖြူးစားနေလို့ဖြစ်တာလို့ပြောကြပါတယ်။ တိုက်ဆိုင်မှုဖြစ်ဟန်ရှိပါတယ်။ ကျွန်မတို့ ခရီးလမ်းအတွက် ပြင်ဆင်ပြီးခါနီးမှာပဲ- တဖက်နိုင်ငံက-သူတို့ဆီမှာ- ကာကွယ်ဆေးတွေရောက်လာပြီလို့ အကြောင်းကြားလာလို့ သွားလက်ခံယူပြီး ခရီးစထွက်ရပါတော့တယ်။ လမ်းခရီးကတော့ သူတို့ ကြိုပြောထားတဲ့အတိုင်းပါပဲ။ ရှေ့က ရဲဘော်-၂-ယောက်က ဓားတလက်စီနဲ့ ပိတ်နေတဲ့ချုံတွေကို ရှင်းပေးပြီး လမ်းထွင်ပေးရပါတယ်။ လူ ၁ ယောက်-၂-ယောက်သွားသာရုံ လမ်းကလေးပါပဲ။ စန်တောင်ပတ်လည်က ရွာတွေမှာဖြစ်နေတာပါ။ ဒိုင်နယ်တွေကို ကြိုအကြောင်းကြားထားလို့-သူတို့နယ်အစပ်တွေမှာ-ဒိုင်နယ်တာဝန်ခံတွေက ကြိုနေပြီး ရောဂါဖြစ်နေတဲ့ရွာတွေဆီ ကျွန်မတို့ကို ခေါ်သွားပါတယ်။ ကျွန်မတို့ဆေးအဖွဲ့မှာ-ဗဟိုကလာတဲ့ ကျွန်မတို့(၂)ယောက်နဲ့ မန်ဖိုင်ဆေးရုံက ဆရာဝန်-သူနာပြု (၅) ဦးလောက် ပါလာပါတယ်။ ကျွန်မတို့-ခရီးသွားတဖွဲ့လုံး ခရီးမစခင်ကတည်းက ကာကွယ်ဆေးများ ထိုးပေးထားပြီး-လမ်းခရီးတလျှောက်ရှောင်ရန်-ဆောင်ရန်များကို ပြောထားပါတယ်။ အထူးသဖြင့် လမ်းခရီးမှာ မအီမသာ စဖြစ်ရင် ချက်ချင်း ပြောဖို့ ပြောထားရပါတယ်။

ကျွန်မ (၈၁၅)စစ်ဒေသရဲ့ အားကောင်းချက်များကို ဒီမှာ စတွေ့ရပါတယ်။ အစောပိုင်းကတည်းက ကြံ့ဖူးကြားဖူးတာတွေလည်း ရှိပါတယ်။ တကယ်တော့ (၈၁၅) စစ်ဒေသရဲ့ ဒေသခံတွေမှာ အခါလူမျိုးက အများစု ဖြစ်ပါတယ်။ အတော့်ကို ခေတ်နောက်ကျရှာပါတယ်။ နယ်စွန်နယ်ဖျား တောကြိုအုံကြားများမှာ နေထိုင်ကြတဲ့လူမျိုးစုလေးတစုဖြစ်တာကြောင့်ပါ။ ဘယ်အုပ်ချုပ်ရေးမှ စနစ်တကျရောက်မထားခဲ့ပါဘူး။ ယာတွေစူးထိုးစိုက်ကြပြီး သစ်ဥသစ်ဖုနဲ့ ရောစားကြရသူတွေပါ။ အဝတ်အစားဆိုတာကလည်း အရှက်ဖုံးရုံ ဝတ်နိုင်တာပါ။ အယူအစွဲအလမ်း အတော်ကြီးပြီး- နတ်ကိုးကွယ်ကြပါတယ်။ သူတို့ဒေသမှာ ရှမ်းလူမျိုးက လူမျိုးကြီးပါ။ တခြားလူမျိုးစုတွေဖြစ်တဲ့ လွယ်(ပလောင်)၊ လားဟူ၊ ဝ၊ စတာတွေလည်း အနည်းအကျဉ်း ရှိပါတယ်။ အဲဒီဒေသထဲကို ကျွန်မတို့ပါတီက ၁၉၇၁မှာ နယ်စိမ်းတိုးပြီး အခြေခံဒေသ တည်ဆောက်ခဲ့တာပါ။ ဦးစီးသူကတော့-၈၁၅စစ်ဒေသရဲ့နိုင်ငံရေးမှူးအဖြစ် တောက်လျှောက်တာဝန်ထမ်းဆောင်ခဲ့တဲ့-ရဲဘော်ဖေသောင်း(၁၉၂၆-၂၀၀၆)ပါ။ လေထီးဆင်းရဲဘော်ဟောင်းကြီးဖြစ်ပြီး၊ ၁၉၇၅ ကတည်းက ဗဟိုကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူပါ။ ကျွန်မတို့ရောက်ချိန်-၁၉၈၂-ခုနှစ်မှာ သူက မြောက်ပိုင်းတိုင်းကို ပြောင်းသွားပါပြီ။ ဒါပေမဲ့ သူရဲ့အခြေခံဒေသတည်ဆောက်ခဲ့စဉ်က ကြိုးပမ်းဆောင်ရွက်ချက်တွေကို ကောင်းကောင်းသိရှိလေ့လာနိုင်ခဲ့ပါတယ်။ ကျွန်မတို့- ဗဟိုကဖြစ်ဖြစ်၊ အရှေ့မြောက်စစ်ဒေသကဖြစ်ဖြစ်၊ သင်တန်းတွေလေ့လာရေးတွေအတွက် စစ်ဒေသအသီးသီးက သင်တန်းသားများ ခေါ်ယူလေ့ကျင့်ပေးပါတယ်။ အဲဒီသင်တန်းတွေမှာ-၈၁၅-စစ်ဒေသက သင်တန်းသားများက အမြဲ နံမည်ကောင်းရတတ်ပါတယ်။ ဗမာစကား၊ဗမာစာ ကောင်းကောင်းကျွမ်းကျင်မှု၊ စည်းကမ်းလိုက်နာတာကောင်းမှု၊ နိုင်ငံရေးအရ နိုးကြားမှု-စတာစတာတွေမှာပါ။ အခုလည်းကျွန်မ-ခရီးစဉ်မှာပါလာတဲ့-၈၁၅ စစ်ဒေသ ရဲဘော်များရဲ့ စနစ်ကျမှု၊ ဘာကိစ္စမဆို စီစဉ်ဆောင်ရွက်ရာမှာ အသေးစိတ် သေသေသပ်သပ် ဆောင်ရွက်နိုင်မှု၊ လုံခြုံရေးဆိုင်ရာကိစ္စများမှာ သတိကြီးမှု၊ စတာတွေ တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်မဥပမာလေးတခု ပြောပြချင်ပါတယ်။

ကျွန်မတို့အတွက်-၈၁၅ စစ်ဒေ သ `ဒု-နိုင်ငံရေးမှူး ရဲဘော်တင့်လှိုင် (- ၈၅ အရန်ဗဟိုကော်မတီဝင်)က သူတို့ကင်းတပ်က ရဲဘော်လေးတွေကို-အကူရဲဘော်များ (ကိုယ်ရံ)အဖြစ် ထည့်ပေးလိုက်ပါတယ်။ ည စခန်းချတဲ့-အိမ် (များသော အားဖြင့်ဘုန်းကြီး ကျောင်းများ) ရောက်တာနဲ့ သူတို့က အိပ်ရာခင်းဖို့နေရာရှာပြီး အသင့်ပါလာတဲ့ ပိုးသတ်ဆေးမှုန့်များကို ဖျန်းပါတယ်။ ပြီးမှ အိပ်ရာအဆင်သင့်ခင်းထားပါတယ်။ ကျွန်မတို့တတွေ ညအစည်းအဝေးတွေ ဟောပြောပွဲတွေအပြီး-ပြန်ရောက်လာတာနဲ့ ရေနွေးပူပူကို ဇလုံနဲ့ထည့်လာပြီး မျက်နှာသစ်ခိုင်းခြေထောက်လက်တောက်ဆေးခိုင်းပါတော့တယ်။ ဒီလိုနဲ့ တနေ့လုံးပင်ပန်းထားသမျှ- အမောပြေ လန်းဆန်းသွားပါတော့တယ်။ ကြမ်းပိုးဘေးကဝေးလို့ အိပ်ရေးဝဝအိပ်ရတော့ နောက်နေ့-လန်းလန်းဆန်းဆန်း တက်တက်ကြွကြွနဲ့ ခရီးဆက်နိုင်ပါတော့တယ်။ ခရီးတလျှောက်လည်းဘာပစ္စည်းမှပျောက်ကျန်ခဲ့တာ၊မေ့ကျန်ခဲ့တာမရှိခဲ့ပါဘူး။ဘာအတိုင်အတောမှလည်းမခံရပါဘူး။အတော်အဆင်ပြေ-စိတ်ချမ်းသာရတဲ့ခရီးပါပဲ။ အလွန်ခေတ်နောက်ကျရှာတဲ့လူတွေကို- ကာလတိုလေးအတွင်း- စည်းစနစ်ကျနတဲ့ ယဉ်ကျေးသပ်ရပ်တဲ့လူတွေဖြစ်လာတာကို တွေ့ရတော့၊ စိတ်ထဲ အတော်ကြည်နူးမိပါတယ်။ ဒါတွေအားလုံးက ရဲဘော်ဖေသောင်းရဲ့ ကြိုးပမ်းအားထုတ်ခဲ့မှုတွေကို ဖော်ပြနေပါတယ်။ ဒ့ါကြောင့်လည်း အခါဒေသခံများက သူ့ကို ကယ်တင်ရှင်ကြီးအဖြစ်၊

ကျေးဇူးရှင်ကြီးအဖြစ် အသိအမှတ်ပြု လက်ခံထားဟန်ရှိပါတယ်။

ကျွန်မတို့ခရီးစဉ်အကြောင်း ဆက်ရရင်- ကျွန်မတို့အတွက် လမ်းခရီးအဆင်ပြေဖို့- မန်ဖိုင်ဌာနချုပ်ကရုံးကေဒါ တယောက် ထည့်ပေးလိုက်ပါတယ်။ သူက လမ်းခရီးအစီအစဉ်တွေရေးဆွဲပြီး သွားရမယ့်ဒိုင်နယ်တွေကို ဆက်သားတွေကြိုလွှတ်ထားပါတယ်။ ကြေးနန်းသတင်းများနဲ့ မြေပြင်က အခိုင်အမာသတင်းများဟာ တခါတရံ ကွဲလွဲတတ်တာကြောင့် သူက ဆေးအဖွဲ့ ဝင်ရမယ့်ရွာများ အခြေအနေသိအောင် လုပ်တာပါ။အဲဒီလူတွေပြန်ရောက်လာပြီးသူတို့စုံစမ်းသိရှိခဲ့ရ သမျှတွေကို အခြေခံ-ဗိုင်းစဉ်းစားဆွေးနွေးပြီးမှ နောက်ရက်သွားရမယ့် ခရီးကိုစီစဉ်ရပါတယ်။ မန်ဖိုင်ကထွက်ခါစ ရွာများမှာ ရောဂါဖြစ်ပွားသူမရှိလို့- ကျွန်မတို့ဝင်ရောက်တဲ့ရွာတိုင်း ရွာကေဒါများကိုစုပြီး ဝမ်းရောဂါကာကွယ်ရေးအတွက် ဟောပြောပွဲများကို ပြုလုပ်ပါတယ်။ အပြင်က အစားအစာများ မသွင်းရန်နဲ့ ရေကိုကျိုချက်သောက်ဖို့ ဟောပြောရပါတယ်။ ပါလာတဲ့ ရေသန့်ဆေးပြားများလည်း ပေးခဲ့ပါတယ်။ ရောဂါဖြစ်လာသူများရှိရင်လည်း ဘယ်လိုပြုစုရမယ်။ ထပ် မပြန့်ပွားအောင် ဘယ်လိုလုပ်ရမယ်။ -ဆိုတာတွေလည်း ပြောပြပါတယ်။ ရေနဲ့ဆားသကြားရည် များများတိုက်ပေးဖို့ အကြောင်းလည်း ပြောရပါတယ်။ သူတို့အရပ်မှာ အုန်းသီးများပေါလို့ အုန်းရည်များများ တိုက်ပေးဖို့လည်း ပြောရပါတယ်။ ကာလဝမ်းရောဂါဟာ အစာအိမ်အူလမ်းကြောင်းကူးစက်ရောဂါဖြစ်တာကြောင့် ဝမ်းပျက်-ဝမ်းလျှောရောဂါအမျိုးမျိုးအတွက် မကြာခဏ-ကျန်းမာရေး ပညာပေးဟောပြောမှုများ လုပ်ထားတာကြောင့် ဒေသခံများအတွက်တော့ ဒီကာကွယ်ရေး လုပ်ငန်းများဟာ သိပ်စိမ်းမနေပါဘူး။ ကူးစက်ရောဂါများရဲ့သဘောသဘာဝအတိုင်း- ရောဂါဖြစ်ပွားမှုစက်ဝန်းကို တနေရာရာကနေ ဖြတ်ပစ်နိုင်ရင်-အကျိုးသက်ရောက်မှုကောင်းတာကြောင့် ပညာပေးဟောပြောရာမှာ-ပုံဆွဲဟောပြောမှုတွေဟာ အလွန်ထိရောက်ပါတယ်။ ဒေသခံအိမ်များကလည်း အိမ်ခန်းအလယ်မှာ မီးမပြတ်တဲ့မီးဖိုရှိတာကြောင့် ပြာပူများက အဆင်သင့် ရှိနေတတ်ပါတယ်။ အဲဒီပြာပူများကို ပိုးသတ်ရန်အတွက် (အညစ်အကြေးများပေါ် ပြာပူများ ပက်ဖျန်းခြင်း) အသုံးပြုနိုင်ပါတယ်။ စန်တောင်နယ်ထဲဝင်လာတော့-ရောဂါဖြစ်ပွားမှုတွေကို ဖြိုးဖြိုးဖြောက်ဖြောက်တွေ့လာရပါတယ်။ အသေအပျောက်တွေလည်း စတွေ့လာရပါပြီ။ တခါတလေ-လူသေအလောင်းတွေကို ဖောင်ပေါ်တင် မျှောချ လွှတ်လိုက်တာတွေ တွေ့ရတဲ့အခါ- ကမ်းပေါ်ဆွဲလာခိုင်းပြီး- မီးရှို့သဂြိုဟ်ပေးရပါတယ်။ သူတို့ဒေသဓလေ့က- အဲသလို အစိမ်းသေ(ရုတ်တရက် သေဆုံးတာ)ဆိုရင် ရေမျှောရတဲ့ဓလေ့ရှိပါတယ်။ အဲဒီချောင်းတွေမှာပဲ လူတွေက ရေချိုးကြ သုံးရေသောက် ရေခပ်ကြ တာကြောင့်- အောက်ဘက်အရပ်တွေမှာ ရောဂါတွေ ကူးစက်တတ်ကြောင်းတွေ ပြောရဟောရပါတယ်။

အဲဒီနောက်ပိုင်းတော့- လူသေအလောင်းရေမျှောတဲ့အကျင့် အတော်ပျောက်သွားတယ်လို့ကြားရပါတယ်။ အဲသလိုရွာတွေမျိုး ရောက်ရင်တော့- အလုပ်ကို ချာချာလည်သွားတာပါပဲ။ ရောဂါဖြစ်နေတဲ့အိမ်ကို တဖွဲ့ကသွား၊ ကုစရာရှိကု၊ ကူညီနိုင်တာကူညီ၊ အိမ်အနီးအနားပတ်ဝန်းကျင် ပိုးသတ်သူကပိုးသတ်၊ ကျန်လူများကတော့ ရွာသားတွေစုဝေးခိုင်းပြီး ရောဂါနဲ့ပတ်သက်တဲ့ ပညာပေးဟောပြောပွဲတွေလုပ်၊ ပြီးတာနဲ့ လူတိုင်းကို ကာကွယ်ဆေးတွေ ထိုးပေး၊ ရေသန့်ဆေးပြားနဲ့ ပိုးသတ်ဆေးတွေ ဝေပေးရပါတယ်။ ပိုးသတ်ဆေးကိုတော့ အများအားဖြင့် ရွာတာဝန်ခံတွေကိုပဲ ပေးခဲ့တာ များပါတယ်။ လမ်းတလျှောက် တွေ့သမျှလူတိုင်းကိုလည်း ကာကွယ်ဆေးထိုးပေးပါတယ်။ ရွာပြင်ရောက်နေတဲ့သူများကလည်း (ကျွဲကျောင်း၊နွားကျောင်း) ဆေးအဖွဲ့တွေ့တာနဲ့ တားပြီးတော့ကို ဆေးထိုးခိုင်းကြပါတယ်။ ရောဂါခံစား နေကြရတာတွေ၊ အသေအပျောက်များနေတာတွေ မြင်နေရတော့ ဆရာဝန်တွေစကား အတော်နားထောင်ကြပါတယ်။ ပလောင်ရွာ တရွာဆိုရင်-ကျွန်မတို့ရွာအဝင် လမ်းမှာတင်-လူသေလောင်းတွေ ထမ်းထုတ်လာတာတောင် ကြုံရပါတယ်။ ဆေးအဖွဲ့ ထဲကဆေးဝန်ထမ်း(၂)ယောက်ကို လိုက်သွားခိုင်းပြီး သူတို့ဓလေ့နဲ့လည်းမဆန့်ကျင်၊ ကျန်းမာရေးနဲ့လည်းကိုက်ညီတဲ့ သဂြိုဟ်နည်းတွေကို ဖျောင်းဖျပြောဆိုပြီး-သဂြိုဟ်ခိုင်းရပါတယ်။ တကယ်တော့-အခြေခံလူထုတွေဟာ သူတို့အကျိုးစီးပွားအတွက် ပြောတာ လုပ်ကိုင်တာ ဆိုတာ သဘောပေါက်သွားရင်(ယုံကြည်သွားရင်) နာခံကြ လိုက်လုပ်ဆောင်ကြပါတယ်။ သူတို့အချင်းချင်းကြားလည်း အပြန်အလှန် သတင်းဖလှယ်ကြ၊ သဘောမပေါက်သေးသူများကို သဘောပေါက်အောင် ပြောဟောပေးကြပါတယ်။ လူထုလုပ်ငန်းတွေ လုပ်ကြရာမှာ-မိမိရဲ့အခြေခံစေတနာကို သိနားလည်သွားရင် သိပ်အလုပ်ဖြစ်ပါတယ်။ အဲ- သူတို့သဘော မပေါက်သေးရင်တော့ စိတ်ရှည်လက်ရှည် စောင့်ဖို့လိုပါတယ်။ နှစ်ရှည်လများ စွဲလမ်းနေတဲ့- ဓလေ့ထုံးစံများကို စွန့်လွှတ်ဖို့ ဆိုတာကလည်း သူတို့အဖို့ သိပ်လွယ်လှတာမဟုတ်ပါဘူး။ သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေ၊ မသိနားမလည်မှုတွေကို နားလည်ပေးဖို့လိုပါတယ်။ အထူးသဖြင့်- လူနည်းစုများနှင့် ဆက်ဆံရာမှာ သိပ်သတိထားရပါတယ်။

သူတို့လူမျိုးအချင်းချင်း ခေါင်းဆောင် (ဥပမာ-ရွာကေဒါများကို) အရင်စည်းရုံးရပြီးသူတို့ကတဆင့် ပညာပေးဟော ပြောရတာပါ။ ဒီလိုနဲ့ကျွန်မတို့အဖွဲ့စန်တောင်ခရိုင်ရုံးကိုရောက်လာပါတော့တယ်။ ဒီနေရာမှာ ကျွန်မတို့ လုပ်ငန်း အဆုံးသတ်ပါတယ်။ ရောဂါအခြေအနေတွေကလည်း အတော်ငြိမ်ကျသွားပါပြီ။ ကျွန်မတို့ ဆေးအဖွဲ့နဲ့ လမ်းမကျတဲ့ရွာများကိုလည်း ဆေးအဖွဲ့မှာပါလာတဲ့ ဒေသခံဆေးလုပ်သားတွေကို လွှတ်ရပါတယ်။ သူတို့ကတဆင့်-ရွာခံဆေးလုပ်သားတွေကေဒါတွေကို ကျန်းမာရေးပညာပေးဟောပြောမှုတွေ လုပ်ခိုင်းရပါတယ်။ လိုအပ်တဲ့နေရာများမှာလည်း ကာကွယ်ဆေးတွေ ထိုးပေးရပါတယ်။ ကျွန်မတို့အဖွဲ့အနေနဲ့ ကာကွယ်ဆေးများ အတော့်ကို လုံလုံလောက် လောက် ပါသွားတာပါ။ အပြန်ခရီးမှာတော့- စန်တောင်ကနေမန်ဖိုင်အထိ နမ့်လွေချောင်းတလျှောက် ဖောင်နဲ့မျှောချတာဖြစ်လေတော့ ခရီးက

မြန်လည်းမြန် သက်လည်းသက်သာသွားပါတယ်။ စစ်ဒေသရုံးချုပ်မှာ လုပ်ငန်းအစီရင်ခံတော့-စစ်ဒေသခေါင်းဆောင်တွေရော၊ အနီးအနားဒေသများက တာဝန်ခံကေဒါအတော်များများလည်း တက်ရောက်နားထောင်ကြပါတယ်။ ဗဟိုကိုကျေးဇူးတင်စကားလည်း ပိုင်းဆိုကြပါတယ်။ နောက်နေ့မှာတော့-မန်ဖိုင်ဆေးရုံမှာ-ဆေးအဖွဲ့ရဲ့ နိဂုံးချုပ်အစည်းအဝေး ပြုလုပ်ပါတယ်။ ဆေးအဖွဲ့ဝင်အားလုံးရော ဆေးရုံကလုပ်သားများရော စစ်ဒေသတာဝန်ခံတချို့ရော တက်ရောက်ပါတယ်။ ဆေးအဖွဲ့မှာ ပါဝင်ခဲ့တဲ့ မန်ဖန်ဆေးရုံက ဆရာဝန်လေးက (အဖွဲ့တဖွဲ့လုံး စုပေါင်းဆွေးနွေးပြု စုထားတဲ့)နိဂုံးချုပ်စာတမ်းကို ဖတ်ပြပြီး-ပိုင်းဝန်း ဆွေးနွေးဝေဖန်အကြံပြုတာတွေ ပြုလုပ်ပါတယ်။ အဓိကကတော့ နောင်နှစ်တွေမှာ-ကြိုတင် ကာကွယ်ရေးများအတွက် ဘာတွေလုပ်ဆောင်သင့်တယ်-- ဆိုတာတွေ ပါပါတယ်။ ဗဟိုက လုပ်ဆောင်ပေးရမယ့် တောင်းဆိုချက်များကိုလည်း တင်ပြကြပါတယ်။ နောက်နှစ်မှာလည်း- ဝမ်းရောဂါဖြစ်ကြောင်း ထပ်ကြားရလို့-ဗဟိုက ကိုအိုက်အေးကို ထပ်လွှတ်လိုက်ပါသေးတယ်။ သိပ်မပြင်းထန်လှပါဘူး။ နောက်ပိုင်းတော့-လုံးဝမဖြစ်တော့ပါဘူး။

ဒီလိုနည်းနဲ့ ကျွန်မတို့တတွေ- အလွန်ပြင်းထန်တဲ့ (ကူးစက်မှုနှုန်းအရရော-ရောဂါအခြေအနေအရရော) ကာလဝမ်းရောဂါကို လူထုအားနဲ့ပေါင်းစပ်ပြီး တိုက်ဖျက်ပစ်နိုင်ခဲ့ဖူးပါတယ်။ တကယ်တော့ကူးစက်ရောဂါဆိုတာ- ကမ္ဘာဦး ခေတ်ကတည်းကရှိခဲ့ပြီး- လူသားတွေက အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်နဲ့ တိုက်ပွဲဆင်လာကြရာမှာ- ဆေးသိပ္ပံ သုတေသနပညာတွေအဆင့်တွေမြင့်လာပြီး ပဋိဇီဝဆေးအမျိုးမျိုး- ကာကွယ်ဆေးအမျိုးမျိုးပေါ်ထွက်လာတာစတာတွေကြောင့် တဖြည်းဖြည်းနဲ့ အနိုင်ဘက်ရောက်လာနေပါတယ်။ တချို့ကူးစက်ရောဂါများဟာ လုံးဝရှာမရနိုင်လောက်အောင် ပျောက်သွားပါပြီ။ နောက်ဆုံး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်း (W.H.O) ရဲ့ပြောဆိုချက်အရဆိုရင် ကာကွယ်ဆေးတိုးခြင်းဖြင့်-ကူးစက်ရောဂါ(၂၅)မျိုးကို ကာကွယ်နိုင်နေပြီ-လို့သိရပါတယ်။ (တချိန်တည်းမှာလည်း ကူးစက်ရောဂါ အသစ်အဆန်းတွေပေါ်လာတာ၊ ဆေးမတိုးတဲ့ ရောဂါပိုးတွေအဖြစ် ပြောင်းသွားတာ- စတဲ့ပြဿနာတွေလည်း ရှိလာနေပါတယ်။)အခုနောက်ပိုင်း ကုလသမဂ္ဂကဦးဆောင်လုပ်ဆောင်ခဲ့တဲ့ (၁) ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(၂၀၀၀-၂၀၁၅) မှာ-စီမံကိန်းတခုအဖြစ်- ကူးစက်ရောဂါကြီးများဖြစ်တဲ့-HIV-AIDS.ငှက်ဖျားနှင့် အခြားရောဂါများတိုက်ဖျက်ရေး--- ဆိုတာ ပါဝင်နေပြီး(၂)၂၀၁၅-၂၀၃၀အတွက် စီမံကိန်းချ လုပ်ဆောင်နေတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (၁၇) ချက်ထဲမှာတော့- ကူးစက်ရောဂါများကို အမြစ်ပြတ်အောင် လုပ်ဆောင်ရေး၊ လူတိုင်း ကာကွယ်ဆေးများထိုးခွင့်ရရှိရေး--ဆိုတဲ့အချက်တွေ ပါဝင်လာတာဟာ ကူးစက်ရောဂါ ကာကွယ်ရေး-တိုက်ဖျက်ရေးများအတွက် အားတက်စရာပါ။ ဥပမာ--အဲဒီ- ကုလသမဂ္ဂရဲ့ စီမံကိန်းကြီးများနဲ့ ပူးတွဲလုပ်ဆောင်ခဲ့တဲ့- ဘီလ်နှင့် မလင်ဒါဂိတ်ရန်ပုံငွေအဖွဲ့ရဲ့ ထုတ်ပြန်ချက်မှာ--ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ-ကမ္ဘာပေါ်မှာ ဘယ်လောက်အောင်မြင်နေပြီလဲဆိုတာ ဖော်ပြနေပါတယ်။

အဲဒီထုတ်ပြန်ချက်အကျဉ်းကတော့-----(China Daily.15-9-2017)--၁၉၉၀ခုနှစ်မှစ၍လုပ်ဆောင်ခဲ့တဲ့ ...

(က) မွေးကင်းစကလေးစောင့်ရှောက်ရေးလုပ်ငန်းများ။

(ခ) ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ရေးများ။

(ဂ) ကလေးများ ကာကွယ်ဆေးထိုးပေးတဲ့လုပ်ငန်းများကြောင့် ၅နှစ်အောက်ကလေးသန်း(၁၀၀)ကိုကယ်တင်နိုင်ခဲ့တယ်--လို့ဆိုထားပါတယ်။

အဲဒီထုတ်ပြန်ချက်-နိဂုံးချုပ်မှာတော့--ဒီလိုလည်းပြောထားပါတယ်။

ဒီလုပ်ငန်းများအောင်မြင်ဖို့အတွက်-

၁။ ခိုင်မာတောင့်တင်းတဲ့ခေါင်းဆောင်မှု။

၂။ ကောင်းမွန်တဲ့အုပ်ချုပ်မှု။

၃။ သင့်တော်တဲ့တီထွင်ဖန်တီးမှုနဲ့

၄။ ရင်းနှီးမြှုပ်နှံမှု---ရှိရမယ်--တဲ့။

ဟုတ်ပါတယ်။ ဒီလုပ်ငန်းများကို---အစိုးရများ၊ပုဂ္ဂလိကလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်းများက တာဝန်ခွဲဝေ လုပ်ဆောင်ရမှာ ဖြစ်လို့ပါပဲ။ ဒ့ါကြောင့်-- တာဝန်ယူမှုအပြည့်ရှိတဲ့အစိုးရမျိုးတွေကသာ နည်းစနစ်ကျနစွာ လူထုကို ပညာပေးလှုံ့ဆော်ပြီး စည်းကမ်းတကျလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီလိုနည်းတွေနဲ့ တချို့နိုင်ငံတွေမှာ- ကူးစက်ရောဂါတွေကို တိုက်ဖျက်သွားနိုင်ကြပါပြီ။

ရဲဘော်ရှုယဉ်။

၂၈-၁၀-၂၀၁၇။

ပုံများတွင် ပထမပုံရဲ့ လက်ဝဲစွန်းမှာ ရဲဘော်အေးငွေပါ။ ဒုတိယပုံရဲ့ လက်ယာစွန်းက ရဲဘော်ဖေသောင်းပါ။

ရဲဘော်ချစ်အောင်သို့
နောက်ဆုံးနှုတ်ဆက်ခြင်း

(ဒုတိယပိုင်း)
ဝင်းတင့်ထွန်း

(၃)

ကိုချစ်အောင် ခွန်းမင်ကနေ သူ့အိမ်ဆီ ပြန်ရောက်လာပြီကြားကြားချင်း ကျွန်တော်တို့မိသားစုတက္ကစီနဲ့ အမြန်ဆုံးသွားခဲ့ကြပါတယ်။ မိသားစုဆိုပေမယ့် ကျန်းရှီးမှာ ရှိနေရတဲ့ သားကြီးတော့ ပါလာနိုင်ခြင်းမရှိဘဲ၊ အခုမှ အိမ်ကို ပြန်ရောက်လာနိုင်တဲ့ သမီးလေးနဲ့ ကျွန်တော်တို့ ဇနီးမောင်နှံပဲ သွားခဲ့ရတာ ဖြစ်ပါတယ်။ သူတို့နေထိုင်ရာ သူ့အိမ်လေးရှိရာနေရာဟာ ရွှေလီကနေ ကားနဲ့သွားရင် မိနစ်အစိတ်-နာရီဝက်လောက်သွားရတဲ့ 'ကျဲလက်' ဆိုတဲ့ ရှမ်းရွာထဲမှာ ဖြစ်ပါတယ်။ ရွာက ရွာကြီးတရွာပါ။ ရွှေလီမြို့နဲ့တဆက်တစပ်တည်း ဖြစ်နေပြီဖြစ်ပေမယ့် ရှမ်းရွာပီပီ ရှမ်းဓလေ့ ရှမ်းယဉ်ကျေးမှု ရှမ်းအငွေ့အသက်တွေနဲ့ ထုံမွှမ်းနေဆဲ လွှမ်းခြုံပြီသနေဆဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ် (၂၀)နီးပါးလောက်ကဆိုရင်- သည့်ထက်တောင် ရှမ်းဓလေ့ ရှမ်းရိုးရာ ရှမ်းအငွေ့အသက်တွေနဲ့ ထုံယစ်မွှေးမြနေခဲ့ပြီး၊ လယ်ကွင်းတွေ စိုက်ခင်းတွေ ကြံခင်းတွေ ဝါးရိပ်တွေနဲ့ တကယ့်ကို ကျေးလက်ရနံ့တွေ သိသိသာသာ ထုံသင်းနေတဲ့ ရှမ်းရွာလေးတရွာ ဖြစ်ခဲ့ပါတယ်။ ကိုချစ်အောင်ကို အကြောင်းပြုပြီး ' ကျဲလက်'ဆိုတဲ့ ဒီရှမ်းရွာလေးထဲကို ကျွန်တော်တို့ တတွေ အကြိမ်ကြိမ် ရောက်ခဲ့ကြ နားခဲ့ကြ စားခဲ့ကြ သောက်ခဲ့ကြဖူးသလို၊ တခြားသောနိုင်ငံတွေမှာ နေနေကြတဲ့ ဧည့်သည်တော်ကြီးတွေလို့ပဲ ဆိုရမယ့် ပအိုဝ်းအဖွဲ့က ဦးခွန်ဥက္ကာတို့၊ NLD (LA) က ဦးတင်အောင်တို့၊ လူ့ဘောင်သစ်ကကိုအောင်မိုးဇော်တို့၊ ABSDF က ရဲဘော်သံခဲတို့လိုလူတွေအပါ အဝေးရောက်ပုဂ္ဂိုလ် ဧည့်သည်တော်တွေ တော်တော်များများလည်း ဒီ ရှမ်းရွာလေးဆီကို ရောက်ခဲ့ကြ ပေါက်ခဲ့ ကြနားခဲ့ကြဖူးပါတယ်။ ကိုချစ်အောင်ရဲ့ ဖူးစာဖက်ဖြစ်တဲ့ 'ကော်ထွမ်'ဟာ ဗမာစကားကို ဟုတ်တိပတ်တိ သိပ်မတတ်လှပေမယ့် ကျွန်တော်တို့အပါအဝင် လာသမျှဧည့်သည်သောင်သည် မိတ်ဆွေသင်္ဂဟတွေအားလုံးအပေါ် ဖော်ဖော်ရွှေရွှေ ဧည့်ဝတ်ကျေပွန်ခဲ့သလို၊ ကိုချစ်အောင်ရဲ့ ယောက္ခမကြီးတွေဖြစ်တဲ့၊ ကော်ထွမ်ရဲ့အဖေအမေဖြစ်တဲ့ ရှမ်းအဘိုးကြီးနဲ့ အဘွားကြီးဟာလည်း ရှမ်းသံလေးဝဲနေတဲ့ တရုတ်စကား (ဒါမှမဟုတ်) ဒီဘက်နယ်သုံး မြောက်ပိုင်းရှမ်းစကားနဲ့(ကျွန်တော်တို့ နားလည်သည်ဖြစ်စေ- နားမလည်သည် ဖြစ်စေ-) ပျူပျူငှာငှာ ပြောဆိုရင်း လိုက်လိုက်လှဲလှဲ ဆက်ဆံခဲ့ကြတာ ရောက်ဖူးသူတိုင်း အားလုံး အသိပါပဲ။ ဒါကြောင့် အိမ်ထောင်ဖက်ကောင်း မိသားစုကောင်းနဲ့ အခြေခံကျကျ နေနိုင်ထိုင်နိုင် ရှင်သန်နိုင်နေခဲ့တဲ့ ကိုချစ်အောင်ကို ကျွန်တော်တို့တတွေက မုဒိတာပွားခဲ့ကြသလို၊ "ကိုချစ်အောင်ကမှ တကယ့်ကို မော်စီတုန်းအတွေးအခေါ်နဲ့ လက်တွေ့ကိုက်ညီတာဗျ။ 'ကျေးလက်ကို အခြေခံ၊ မြို့ကိုဝိုင်း' ဆိုတာ မော်ရဲ့သေနင်္ဂဗျူဟာ မဟုတ်လား။ အဲဒီမှာ ကိုချစ်အောင်က နည်းနည်းလေး နားကြားများသွားတာပဲ ရှိတယ်။ 'ကျေးလက် အခြေခံ' ဆိုတာကို 'ကျဲလက် အခြေခံ' လို့ ကြားမိသွားပြီး ကျဲလက်က ကျဲလက်ရွာသူကို ယူလိုက်ပြီး အခြေခံလိုက်တာ တကယ့်ကို အခြေခံ မှန်သွားတယ်နော်..." လို့ ချစ်စနိုး စကြ နောက်ကြ ပြောင်ခဲ့ကြတာတွေလည်း ရှိခဲ့ပါတယ်။ ထုံးစံအတိုင်း- သူကတော့ ဖွဖွလေးပြုံးနေရင်း ခပ်အေးအေးနဲ့ ငြိမ်နေတတ်ပါတယ်။

သူ့ရဲ့ငယ်နာမည်ဟာ' ခင်မောင်အေး' ဆိုတာမှန်း အစောကြီးကတည်းက သိနေပြီးသားဖြစ်တဲ့ ကျွန်တော်ကတော့ သူ့ကို ကြည့်ရင်း လူနဲ့နာမည်ဟာ တော်တော်ကို လိုက်ဖက်အချိုးညီလှပါလား-လို့ မကြာခဏ အတွေးဝင်မိ ကောက်ချက်ဆွဲမိလေ့ ရှိပါတယ်။ ငယ်နာမည် ' ခင်မောင်အေး' ကနေ ဒီဘက်မှာ ' ကိုချစ်အောင်' ဖြစ်လာတော့လဲ လူနဲ့နာမည်ဟာ တော်တော်ကို အချိုးညီလှ လိုက်ဖက်လှတယ်လို့ပဲ ပြောရမှာပါပဲ။ သူဟာ လူပေါင်းစုံနဲ့ လူအများစုကြီးနဲ့ တော်တော်ကို သဟဇာတဖြစ်အောင် ချစ်

အောင်ခင်အောင် နေထိုင်တတ်သူ ဝင်ဆန့်လေသူမဟုတ်လား။ ကိုချစ်အောင်ဟာ ဒီ ကျဲလက်ဆိုတဲ့ ရှမ်းရွာကြီးမှာ အခြေချနေထိုင်ရာမှာ တရွာ လုံးရဲ့မေတ္တာကိုလည်း ကောင်းစွာရရှိခဲ့သူ ဖြစ်ပါတယ်။ သူဟာ ဗမာတယောက်ဖြစ်ပေမယ့် ဒေသခံရှမ်းတွေအကြားမှာ ရှမ်းစကားကို ကြိုးကြိုးစားစား သုံးစွဲပြောဆိုရင်း တသားတည်းကျအောင် နေထိုင်နိုင်သူဖြစ်ခဲ့ပါတယ်။ တကယ်က သူ့ရဲ့မွေးရာဇာတိဟာ ပဲခူးတိုင်း ပြည်ခရိုင်ထဲက 'သဲကုန်း' ဆိုတဲ့ မြို့ကလေးဖြစ်ပါတယ်။ သူ့အဖေက ကုန်သွယ်လယ်ယာက သာမန်အစိုးရဝန်ထမ်းတယောက် ဖြစ်ခဲ့ပြီး၊ မွေးချင်း ညီအစ်ကိုမောင်နှမ (၆)ယောက်ထဲမှာ ကိုချစ်အောင်ဖြစ်လာမယ့် ကိုခင်မောင်အေးဟာ တတိယမြောက်သား ဖြစ်ပါတယ်။ အံ့သြစရာကောင်းတာက ကိုချစ်အောင်ရဲ့မိခင်ဟာ ဗမာပြည်နိုင်ငံရေးလောကမှာ လူသိများသူ တဦးဖြစ်တဲ့ ဆို ရှယ်လစ်ကြီး' ဗိုလ်မှူးချုပ်အောင်ရွှေ' ရဲ့နှမအရင်းခေါက်ခေါက် ဖြစ်နေခြင်းပါပဲ။

ပြောရရင်- ဗိုလ်မှူးချုပ်အောင်ရွှေဆိုတာ ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးချုပ်မောင်မောင် တို့နဲ့အတူတူ စစ်တပ်အတွင်းက စစ်ဗိုလ်ထိပ်သီး၊ ဆိုရှယ်လစ်ထိပ်သီးကြီးတယောက် ဖြစ်ပါတယ်။ ဗမာပြည်မှာ ပေါ်ပေါက်ခဲ့တဲ့ 'မြန်မာပြည်ဆိုရှယ်လစ်ပါတီ' ထဲက စစ်တပ်အစုထဲမှာ- နာမည်ဆိုးနဲ့ကျော်ကြားခဲ့တဲ့ ဗိုလ်နေဝင်းပြီးရင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ရွှေတို့တတွေဟာ တကယ့်ကို လူသိများခဲ့တဲ့ စစ်တပ်ထိပ်သီး ဆိုရှယ်လစ်ကြီးတွေပါ။ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းမှာ စစ်ပြီးခေတ်နိုင်ငံရေးလှုပ်ရှားမှုတွေအတွင်းမှာရော၊ ဗမာပြည်လွတ်လပ်ရေး ကြေညာနိုင်ခဲ့တဲ့ ၁၉၄၈ ခုနှစ်ကနေ ၁၉၅၈ ခုနှစ်အထိ 'ဖဆပလ ဆယ်နှစ်ဆယ်မိုးခေတ်' နဲ့ ဗမာပြည်ပြည်တွင်းစစ် သမိုင်းတလျှောက်မှာပါ၊ တစောင်းစေးနဲ့ မျက်ချေးပမာ ထိပ်တိုက်ဖြစ်ခဲ့ကြ အပြန်အလှန်ဆော်ခဲ့ကြတိုက်ခဲ့ကြတာကတော့ မြန်မာပြည်ဆိုရှယ်လစ်ပါတီဆိုတဲ့ 'ဆိုရှယ်လစ်' တွေနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဆိုတဲ့ 'ကွန်မြူနစ်' တွေပဲ ဖြစ်ပါတယ်။ ' ဖဆပလ- ကွန်မြူနစ်ပဋိပက္ခ' ဆိုတာ အနှစ်ချုပ်ပြီးပြောရရင်- ' ဆိုရှယ်လစ်- ကွန်မြူနစ်ပဋိပက္ခ' ပဲ ဖြစ်ပါတယ်။ အာဏာကို လက်ကိုင်ရထားတဲ့ ဆိုရှယ်လစ်တွေကနေ (အထူးသဖြင့်.... လက်ယာဖဆ ဆိုရှယ်လစ်တွေကနေ) ကွန်မြူနစ်တွေကို အလစ်အငိုက် ချေမှုန်းဖို့ ကောက်ကောက်ကျစ်ကျစ် လုပ်ဆောင်ရာကနေ ဗမာပြည် ပြည်တွင်းစစ်ကြီးလဲ စတင်တောက်လောင် ပေါ်ပေါက်လာခဲ့ရတာဟာ ကနေ့အချိန်အထိ အတောမသတ်နိုင်အောင် လောင်မြိုက်လောင်ကျွမ်းနေရဆဲ မဟုတ်လား။

အဲဒီလိုသမိုင်းနောက်ခံတွေအပြည့်နဲ့ဗမာပြည်နိုင်ငံရေးလှုပ်ရှား မှုနယ်ပယ်အတွင်းမှာ-ဆိုရှယ်လစ်ထိပ်သီးကြီးတဦးဖြစ်တဲ့ ဗိုလ်မှူးချုပ်(ဟောင်း)အောင်ရွှေ ရဲ့တူအရင်းခေါက်ခေါက် တဦးဖြစ်တဲ့ ကိုခင်မောင်အေးဟာ ဆိုရှယ်လစ်တွေနဲ့ ပြဒါးတလမ်း သံတလမ်း ဖြစ်တဲ့ ကွန်မြူနစ်တယောက်အဖြစ် သူ့ကိုယ်သူ ခံယူတည်ဆောက်လာခဲ့တာဟာ တော်တော်တန်တန် နိုင်ငံရေးအမြင် နိုင်ငံရေးရေချိန် နိုင်ငံရေးရပ်တည်ချက်လောက်နဲ့မဟုတ်မှန်း သာဓကထူပြနေသလို ရှိခဲ့ပါတယ်။ ကျွန်တော်ကတော့ သူ့ရဲ့နိုင်ငံရေး ရပ်တည်ချက်အပေါ် လေးလေးစားစားတန်ဖိုးထားမိသလို၊ သူ့ကို 'ဥခွံဟောင်းအတွင်းက ဖောက်ထွက်လာခဲ့တဲ့ တကယ့်တော်လှန်ရေးသမားတယောက်' လို့လည်း ကျွန်တော့်ဘာသာ နားလည်သတ်မှတ်ထားမိပါတယ်။ ကိုချစ်အောင်ဟာ သူဟာ ဗိုလ်မှူးချုပ်ဟောင်းအောင်ရွှေရဲ့ တူအရင်း ဖြစ်တယ်ဆိုတာ ထုတ်ဖော်ပြောလေ့မရှိသလို၊ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းမှာ 'ဆိုရှယ်လစ်' တွေရဲ့အခန်းကဏ္ဍဟာ ဘယ်လောက်ဆိုးဝါးခဲ့သလဲဆိုတာအပေါ်မှာလည်း ကောင်းကောင်းကြီးကို ရှင်းရှင်းလင်းလင်းသိမြင် သဘောပေါက်ထားပြီးသား ဖြစ်နေတာ၊ အတွေးအခေါ်အားဖြင့်လည်း ပြတ်ပြတ်သားသား စည်းခြားနိုင်သူဖြစ်နေတာ အံ့သြစရာ တွေ့မြင်သိရှိနေခဲ့ရပါတယ်။

သူ့ကို လူချင်းမတွေ့ဖူးခင်ကတည်းက နာမည်ကို အရင်သိနေခဲ့ရတာကတော့ ကိုဘကြည် (ကိုထွန်းထွန်း) ဆီကနေ ဖြစ်ပါတယ်။ ကိုထွန်းထွန်းဟာ ကျွန်တော်တို့ လေးစားတန်ဖိုးထားတဲ့ စာရေးဆရာကြီး'တောင်တွင်းကိုကိုကြီး' ရဲ့သားပါ။ ကိုထွန်းထွန်းဟာ တောမဝိုခင်က ရန်ကုန်လှည်းတန်းအနီးက လမ်းဘေးပလက်ဖောင်းဘေးမှာ စာအုပ်အဟောင်းလေးတွေ ချရောင်းနေစဉ်ကတည်းက ကျွန်တော်နဲ့ ရင်းနှီးကျွမ်းဝင်နေသူတဦး ဖြစ်ပါတယ်။ သူဟာ ဦးသန့်အရေးအခင်းမှာ ဖမ်းဆီးထောင်ချခံခဲ့ရပြီးတဲ့နောက်၊ ထောင်က ထွက်လာပြီးတဲ့နောက် လမ်းဘေးစာအုပ်အဟောင်းရောင်းသူအဖြစ် လှည်းတန်းလမ်းဆုံပလက်ဖောင်းပေါ်မှာ ညနေစောင်းတိုင်း ဈေးထွက်လေ့ရှိပြီး ကျွန်တော်နဲ့လည်း အမြဲလိုလို လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ပါတယ်။ ၁၉၈၀ပြည့် ဩဂုတ်လထဲမှာ ကျွန်တော့်ရဲ့ ပထမဆုံး လုံးချင်း ကဗျာစာအုပ်လေး 'နီးနေသော လက်ာသည်' ထွက်လာတော့လဲ ကိုထွန်းထွန်းဟာ သူ့ရဲ့ လမ်းဘေးပလက်ဖောင်း စာအုပ်ဆိုင်လေးပေါ်တင်ပြီး တခုတ်တရ ရောင်းပေးခဲ့တာရှိသလို၊ နေ့စဉ်လိုလို လက်ဖက်ရည်ဆိုင်ထိုင်ခဲ့ကြရင်း ကဗျာအကြောင်း စာအကြောင်းတွေသာမက နိုင်ငံရေးအကြောင်း ပုဂ္ဂိုလ်ရေးအကြောင်းတွေပါ ရောက်တတ်ရာရာ ပြောမိဆိုမိ စကားစပ်မိခဲ့ကြပါတယ်။ အဲဒီမှာ ကိုခင်မောင်အေးရဲ့ အကြောင်းကိုလဲ တစွန်းတစ စကားထဲမှာ ပါလာခဲ့ရင်း အမှတ်မထင်စတင် သိရှိလိုက်ရတာလို့ ဆိုရပါမယ်။ ကိုထွန်းထွန်းက ကိုခင်မောင်အေးအကြောင်း ပြောပြတဲ့အခါ- "ကျွန်တော်တို့ဗမာလူမျိုးတွေတချို့ ပြောလေ့ရှိတဲ့စကားတခု ရှိတယ်မဟုတ်လား။ ဆွေတော်ပေမယ့် မျိုးမစပ်....ဆိုတဲ့ စကားလေဗျာ။ ကိုခင်မောင်အေးနဲ့ ကျွန်တော်လည်း အဲသလိုပဲ ပြောရမှာပဲဗျ။ ညီအစ်ကိုဝမ်းကွဲ တော်တယ်လို့ပြောရင်လည်း ရတယ်။ ဘာမှ မတော်ဘူးလို့ သတ်မှတ်ရင်လည်း ရတယ်ဗျ။ ဘာလို့လည်း ဆိုတော့ ကျွန်တော့်အဖေ ဦးကိုကိုကြီးက ကျွန်တော့်အမေနဲ့ အိမ်ထောင်မကျခင်မှာ ဗိုလ်မှူးချုပ်အောင်ရွှေရဲ့အစ်မအကြီးဆုံးနဲ့ ပထမဆုံး အိမ်ထောင်ကျတယ်။ အဲဒီအိမ်ထောင်က ဆုံးပါးသွားမှ ခင်ဗျားတို့ရွှေဘိုဘက်က ဇာတိဖြစ်တဲ့ ကျွန်တော်တို့အမေနဲ့ ထပ်တွေ့ပြီး ဒုတိယအကြိမ် အိမ်ထောင်ပြုဖြစ်ပြီး ကျွန်တော်တို့ကို မွေးလာတာဗျ။ အဖေက အဲသလို တပင်လဲမှ တပင်ထူတာမို့ အဲဒီပထမအိမ်ထောင်ဖက်က ဗိုလ်မှူးချုပ်အောင်ရွှေတို့ဘက်က အဖေ့ကို အရင်ကလို ဆွေမျိုးရင်းချာအဖြစ်နဲ့ပဲ သ

ဘောထား ရှိနေခဲ့တော့၊ ကိုခင်မောင်အေးနဲ့ ကျွန်တော်တို့က သိပ်မစိမ်းလှဘဲ ညီအစ်ကိုလို ဆက်ပြီး ခင်မင်နေခဲ့ကြတာပေါ့ဗျာ....” လို့ ပြောပြဖူးတာကိုလဲ ရေးတေးတေး သတိရနေခဲ့မိပါတယ်။

အဲဒီ ကိုခင်မောင်အေး (ခေါ်) ကိုချစ်အောင်နဲ့ တကယ် လူချင်းဆုံဖြစ် ခဲ့ကြတာကတော့- ၁၉၉၁ ခုနှစ်ထဲကျမှ ဖြစ်ပါတယ်။ အတိအကျပြောရရင်- ၁၉၉၁ ဩဂုတ်လ (၈)ရက်နေ့မှာ ကျင်းပတဲ့ ရှစ်လေးလုံးအရေးတော်ပုံ (၃) နှစ်မြောက်ပွဲကျမှ ဖြစ်ပါတယ်။ ကေအိုင်အေဌာနချုပ်အနီးက ABSDF (မြောက်ပိုင်း)ဌာနချုပ်စခန်း ‘ပါဂျောင်’ မှာ ကျင်းပတဲ့ ရှစ်လေးလုံးအရေးတော်ပုံ (၃)နှစ်မြောက်ပွဲမှာ တခရီးတည်းသွားတွေအဖြစ် အတူဆုံခဲ့ကြရတာဖြစ်ပါတယ်။ အဲဒီတုန်းက ပါဂျောင်မှာကျင်းပတဲ့ အဲဒီရှစ်လေးလုံး (၃) နှစ်မြောက်ပွဲမှာ အစ်ကိုကြီးကိုဖိုးသံ၊ ဦးစိုးချစ်၊ ကိုအောင်ငွေတို့နဲ့အတူ ကိုချစ်အောင်လည်း ကိုယ်စားလှယ်တဦးအဖြစ် ပါလာခဲ့ရင်း၊ ဧည့်သည်တော်များအတွက် သီးသန့်စီခွဲပြီး နေရာချထားပေးရာ သီးသန့်တဲကြီးတလုံးထဲမှာ အတူတူ နေခဲ့ရ အိပ်ခဲ့ရ စကားစမြည် ပြောဆိုဖြစ်ခဲ့ရပါတယ်။

ဩဂုတ်လကြီးဆိုတော့ ပါဂျောင်မှာ မိုးတွေသည်းတဲ့ကာလကြီးဖြစ်ရုံမက အအေးဓာတ်ကလည်း စိမ့်နေအောင်အေးတာမို့ ကျွန်တော်တို့တွေ အတူတူနေရရာ တဲကြီးထဲမှာ နေ့ရောညပါ မီးဖိုကြီး ဖိုပေးထားပါတယ်။ အဲဒီမီးဖိုကြီးဘေးမှာ ကိုချစ်အောင် အပါအဝင် ကျွန်တော်တို့တတွေ မီးလှုံရင်း၊ ရေနွေးကြမ်းကို တခွက်ပြီးတခွက်သောက်ရင်း၊ ခေါင်းစဉ်မဲ့အကြောင်းအရာပေါင်း များစွာအပေါ် ပြောဆိုဖြစ်ခဲ့ကြရင်း အချိန်တိုတခုအတွင်းမှာ အပြန်အလှန် ခင်မင်ရင်းနှီးခဲ့ကြပါတယ်။ ပါဂျောင်ကနေ အပြန်ကျတော့ ကျွန်တော်ဟာ ထိန်ချန်းကနေ သူတို့နဲ့အတူတူပဲ လှည့်ပြီး ပြန်ဖြစ်ခဲ့ရာ၊ အဲဒီတုန်းက ထိန်ချန်းမှာပဲ အခြေစိုက်နေထိုင်နေသူ တဦးဖြစ်တဲ့ ကိုချစ်အောင်က ထိန်ချန်းမှာ ကျွန်တော့်ကို မှတ်မှတ်ရရ လက်ဆောင်တခု ပေးခဲ့ဖူးပါတယ်။ အဲဒီတုန်းကာလက မီးခြစ်တွေထဲမှာ အကောင်းဆုံးလို့ဆိုရမယ့်-‘ဇစ်ပို’ မီးခြစ်လေးပါ။ အဲဒီတုန်းက ဆေးပေါ့လိပ်တလိပ်နဲ့တလိပ် မီးမပြတ်လောက်အောင်ကို ဆေးလိပ်ကို တရှိုက်မက်မက် သောက်နေတုန်းဖြစ်တဲ့ ကျွန်တော့်ကို သူက သတိထားမိပြီး အမှတ်တရပေးလိုက်တဲ့ လက်ဆောင်လေးပါ။ ကျွန်တော် ရွှေလီကို ပြန်ရောက်ပြီးတဲ့နောက်အထိ သူပေးလိုက်တဲ့ ဇစ်ပိုမီးခြစ်လေးဟာ နှစ်နဲ့ချီပြီး ကျွန်တော်နဲ့မကွဲမကွာ ရှိနေခဲ့သလို မီးခြစ်ကလေးကို ထုတ်ပြီး အသုံးပြုလိုက်မိတိုင်းလိုလို သူ့ရဲ့အပြုံးဖွဖွ ခပ်အေးအေးမျက်နှာပုံပန်းကိုလည်း ဖျတ်ခနဲ ဖျတ်ခနဲ သတိရ နေမိတတ်ပါတယ်။ သူနဲ့ကျွန်တော်ဟာ တော်တော်ကို ရေစက်ကြီးတယ်လို့ပဲ ပြောရမလားမသိ၊ နောက်တော့ သူကိုယ်တိုင် ရွှေလီ ကို ပြောင်းရွှေ့အခြေစိုက်လာခဲ့ရုံမက နီးနီးကပ်ကပ်လည်း ပေါင်းသင်းဆက်ဆံခွင့်တွေ ရခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်ထဲမှာ ကျွန်တော် စတင်အိမ်ထောင်ပြုတော့- အကျဉ်းရုံးပြုလုပ်တဲ့ သီးသန့်မင်္ဂလာဧည့်ခံပွဲလေးမှာ ကိုချစ်အောင် ရောက်လာခဲ့ရုံမက၊ ကားဝင်းကြီးတခုအတွင်းက ကားတွေကြားမှာ ကျွန်တော်တို့ အသစ်စက်စက်ဇနီးမောင်နှံနှစ်ယောက်နဲ့အတူ သူလည်း အမှတ်တရ ဓာတ်ပုံတပုံ ဝင်ရိုက်ခဲ့တာတောင် ရှိပါတယ်။ သူဟာ ကျွန်တော့်ထက် တနှစ်ကျော်ကျော်ငယ်သလို၊ ကျွန်တော်အိမ်ထောင်ကျပြီးတဲ့နောက် တနှစ် ကျော်ကျော်လောက်မှပဲ သူလည်း အိမ်ထောင်ရက်သားကျသူ ဖြစ်ခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ်- အသက်ကြီးမှ အိမ်ထောင်ကျရာမှာလည်း သူနဲ့ကျွန်တော်ဟာ ဘဝတူတွေသဖွယ် ဖြစ်ခဲ့ပါတယ်။

တက်က္ကစီကားပေါ်မှာ သူ့အကြောင်းကို ရောက်တတ်ရာရာ စဉ်းစားနေမိခဲ့ရာမှ သူ့အိမ်ရှိရာ ရွာမှုခ်ဦးကို ရောက်မှပဲ အတွေးစတွေက လက်စသတ်သွားရပါတော့တယ်။ အရင်ကတည်းက ရင်းနှီးနေပြီးသားဖြစ်တဲ့ သူ့အိမ်ထဲကို ကျွန်တော်တို့ မိသားစုသုံးဦးလုံး တန်းဝင်လာခဲ့ကြပြီးတဲ့နောက် သူလဲလျောင်းနေရာ အခန်းကလေးထဲအထိ ရောက်လာခဲ့ချိန်မှာတော့-သူ့ဘေးမှာ လူတွေအုံနေတဲ့ကြားထဲကနေ- ခေါင်းအုံးမြင့်မြင့်ပေါ်မှာ ခေါင်းတင်ထားရင်း မျက်စေ့အစုံကို မှိတ်ထားကာ ပက်လက်အနေအထားအတိုင်း ဖြစ်နေတဲ့ကြားထဲကနေ- ကျွန်တော်တို့ခြေသံကို ကြားလိုက်ကြားလိုက်ချင်းလိုလိုမှာပဲ သူက မျက်စေ့ကို ဖျတ်ခနဲဖွင့်ကြည့်ပါတယ်။ ကျွန်တော်က “ ကိုချစ်အောင်.... ကျွန်တော်ပါ ကဗျာဆရာလေ.... မာဖွဲ ရော သမီးချိုမာထွန်းရော.... အတူတူပါလာတယ်....” လို့ ပြောလိုက်မိသလို၊ သမီးကလဲ “ ဘဘ.... သမီး ချိုမာထွန်းပါ။ သမီးက အခုမှစာမေးပွဲဖြေပြီးလို့ အိမ်ကို ပြန်လာနိုင်တာ.... ဘဘကို လာကြည့်တာ....” လို့ပြောလိုက်တဲ့အခါ၊ သူက အားတင်းပြီး ပြန်ကြည့်ရင်းက “ ကျွန်တော့် ဒီဘက်မျက်လုံးက ကောင်းကောင်း မမြင်တော့ဘူး၊ တော်တော်ကို ဝါးနေပြီဗျ....” လို့ သူ့ရဲ့ဘယ်ဘက်မျက်လုံးကို လက်ဝါးလေးနဲ့ကာပြရင်း၊ ဖြည်းဖြည်းချင်း တလုံးချင်း ပြန်ပြောလာပါတယ်။ ထုံးစံအတိုင်း သူ့ရဲ့လေသံက ခပ်အေးအေးပဲ ဖြစ်ပေမယ့် ပုံမှန်ကာလကနဲ့နှိုင်းယှဉ်ရင်- တော်တော်လေးကို သိသိသာသာ ဖျော့တော့အားနည်းနေပါပြီ။ သူ့ရဲ့မျက်နှာကလဲ လွန်ခဲ့တဲ့ (၃) လလောက်ကမှ မျက်နှာနဲ့အခုမျက်နှာဟာ တော်တော်ကြီးကို ကွာခြားလွန်းနေပြီး သိသိသာသာ ယုတ်လျော့ကျဆင်းနေပါပြီ။ သူက သူ့ဝမ်းဗိုက်ကို အပေါက်ဖောက်ထားရပြီး အဲဒီအပေါက်ကနေ ပိုက်တန်းလန်းတပ်ထားရကာ အသည်းကနေ သည်းခြေရည်တွေကို ထုတ်နေရတဲ့ သူ့ရဲ့အခြေအနေကို သူ့အင်္ကျီလေးကို လှန်ပြရင်း ခပ်ဖြည်းဖြည်းပြောပြပါတယ်။ ကျွန်တော်ရော ကျွန်တော့်ဇနီးနဲ့သမီးပါ သေသေချာချာကြည့်လိုက်ကြမိတော့ ဝမ်းဗိုက်ကဖောက်ပြီး တပ်ထားရတဲ့ အဲဒီပိုက်ရှည်ရှည်ရဲ့အဆုံးမှာ ပလတ်စတစ်အကြည်ထူထူ အိတ်လေးတလုံးက သူ့ဘေးမှာ တဆက်တည်းရှိနေတာ တွေ့လိုက်ရပါတယ်။ အဲဒီပလတ်စတစ်အိတ်လေးထဲမှာ အသည်းနဲ့သည်းခြေကနေ ထွက်ကျလာနေတဲ့ ညိုညစ်ညစ် သွေးစသွေးနရည်တွေနဲ့ ဖြစ်နေတာကိုလည်း စိတ်မကောင်းဖွယ် တွေ့လိုက်ရပါတယ်။ ကျွန်တော်က သူမသိအောင် သက်ပြင်းကို ခိုးရှိုက်မိသလို၊ ကျွန်တော့်ဇနီးနဲ့သမီးတို့ရဲ့မျက်နှာတွေပေါ်မှာလည်း စိတ်ထိခိုက်စွာ ခံစားလိုက်ကြရပုံတွေဟာ မဖုံးနိုင် မဖိနိုင် မြင်လိုက်ရပါတယ်။ သူ့မျက်နှာကို ငေးမောကြည့်မိရင်း ကျွန်တော့်ရင်ထဲမှာ ဆို့ဆို့နင့်နင့် ခံစားလိုက်ရပါတယ်။ သူ့ဘေးနားမှာ ရှိနေကြတဲ့သူတွေအားလုံးရဲ့ မျက်နှာတွေပေါ်မှာလည်း စိတ်မကောင်းဟန် ဝမ်းနည်းကြေကွဲနေဟန်တွေဟာ ဘယ်လောက်ပဲ ဖုံးဖိ

ထားထား သဏ္ဍာန်မျိုးစုံနဲ့ ပေါ်လွင်နေခဲ့ပါတယ်။ သူ့အပေါ် သံယောဇဉ်ရှိခဲ့ကြသူ ချစ်ခင်ခဲ့ကြသူတွေ မဟုတ်လား။ သူနဲ့အတူတူ ကျောက်ဆိုင် ကျောက်ပွဲရုံ အတူတူလုပ်ခဲ့ကြတဲ့ အောင်ဆန်းလင်းရဲ့ဇနီးသည် ကောင်မလေးက ကိုချစ်အောင်ရဲ့လက်တဖက်ကို အဆက်မပြတ် ဖွဖွညင်ညင် နှိပ်နယ်ပေးနေခဲ့သလို၊ ပွဲရုံက ကောင်လေးတယောက်ကလဲ ကိုချစ်အောင်ရဲ့ ခြေထောက်တွေကို အဆက်မပြတ်နှိပ်နယ်ပေးနေရင်း တော်တော်ကို စိတ်ထိခိုက်နေတာ အတိုင်းသား တွေ့နေရပါတယ်။ ကျွန်တော်က သူ့လက်ကို အသာ အယာကိုင်လိုက်ပြီး သူ့မျက်နှာကို အကြာကြီးကြည့်နေမိချိန်မှာ သူ့ထံက သက်ပြင်းဖွဖွချသံကိုလည်း ကျွန်တော့်နားက ကြားဖြစ်အောင် ကြားနေမိပါတယ်။

အဲဒီနေ့က သူ့ထံက ကျွန်တော်တို့မိသားစု အိမ်ပြန်လာကြချိန်မှာ လမ်းမှာ ကျွန်တော်က " ကိုချစ်အောင်ကြီးတော့ ဒီ တောင်ကနေ ကျော်နိုင်မှာမဟုတ်တော့ဘူး.... တော်တော်ကို စိတ်မကောင်းစရာပဲ " လို့ပြောလိုက်မိချိန်မှာ ကျွန်တော့်ဇနီးရော သမီးပါ သူတို့ မျက်လုံး အိမ်တွေထဲမှာလည်း မျက်ရည်ဥ‌‌‌ေတွေ ဝေ့ဝဲနေတာ မြင်လိုက်ရပါတယ်။

(၄)

စက်တင်ဘာလဆန်းထဲမှာ သမီးရဲ့ တက္ကသိုလ်တက်ရေးကိစ္စတွေကြောင့် ကျွန်တော်တို့ဇနီးမောင်နှံ တော်တော်ကို အလုပ်များခဲ့ကြပါတယ်။ သမီးက သူ တက်ရောက်ခွင့်ရတဲ့ ' ဟိုင်နန် ' ကျောင်းကို အောင်အောင်မြင်မြင် ထွက်ခွာသွားတော့မှပဲ စိတ်မောလူမော အနည်းငယ် သက်သာသွားသယောင်ယောင် ရှိခဲ့ပါတယ်။ သမီးရဲ့ ဒီ တက္ကသိုလ်တက်ရေးကိစ္စ၊ သွားရေးလာရေးကိစ္စတွေကြောင့် ကိုချစ်အောင်ထံ နေ့စဉ်လိုလိုတော့ မသွားရောက်နိုင်ခဲ့ပေမယ့် ကိုချစ်အောင်မဆုံးပါးမီ ကြားထဲမှာကို ကိုချစ်အောင်ထံ စုစုပေါင်း (၄)ခေါက်တိတိတော့ သွားဖြစ်ခဲ့ပါတယ်။ သမီးက စက်တင်ဘာ (၈) ရက်နေ့မှာ မန်စီကနေ-ခွန်းမင်း၊ ခွန်းမင်ကနေ- ဟိုင်နန်ကို လေယာဉ်နဲ့ ထွက်ခွါသွားပြီးတဲ့နောက်၊ နောက်တရက် စက်တင်ဘာ (၉) ရက်နေ့မှာပဲ ကိုချစ်အောင်ထံ စတုတ္ထအကြိမ်မြောက်အဖြစ် တက်သုတ်ရိုက်ပြီး ထပ်မံသွားဖြစ်တဲ့အချိန်မှာတော့- ကိုချစ်အောင်ရဲ့အခြေအနေဟာ နောက်ဆုံးအဆင့်ကို ရောက်ရှိနေပါပြီ။ ရက်ရွေးနေတဲ့အဆင့်တောင် မဟုတ်တော့ပဲ အချိန်နာရီ ရွေးတဲ့အဆင့်အထိတောင် ဖြစ်နေပါပြီ။ "မောလိုက်တာ...." ဆိုတဲ့စကားကို ရှမ်းလို ဗမာလိုသာမက တရုတ်ဘာသာနဲ့ပါ ပြောဆိုနေရင်း ဝေဒနာကို အံတင်းခံစားနေတာ တွေ့လိုက်ရပါတယ်။ သူ့အိမ်ကနေ ကျွန်တော်တို့ဇနီးမောင်နှံနှစ်ယောက် စိတ်မကောင်းခြင်းကြီးစွာနဲ့ ပြန်လာခဲ့ရချိန်မှာ ဝင်တော့မယ့်ဆည်းဆာရီဟာ မှိုင်းညို့နေခဲ့ပါပြီ။

နောက်တနေ့စက်တင်ဘာ (၁၀)ရက်နေ့ မနက်အစောကြီးမှာပဲ ရဲဘော်ကြီးကိုချစ်အောင်တယောက် ကွယ်လွန်သွားရှာပါတယ်။ "အခုလေး မနက်စောစော ငါးနာရီလောက်မှာပဲ ဆုံးသွားပြီ...." ဆိုတဲ့ ရဲဘော်ကိုအောင်ငွေရဲ့ တဦးချင်းစီထံ လှမ်းအကြောင်းကြားသံကို နားထောင်လိုက်ရရင်း ထပ်မံကြေကြေကွဲကွဲ ခံစားလိုက်ရပါတယ်။ မျှော်လင့်ထားခြင်းမရှိတဲ့ သတင်းမျိုး မဟုတ်ဘဲ အနေးနဲ့အမြန် ကြားရတော့မယ့်သတင်းဆိုတာ သိထားပြီးသားဖြစ်ပေမယ့် သူ တကယ်ဆုံးသွားရှာပြီဆိုတာကို ကြားလိုက်ရတော့လည်း ရင်ထဲမှာ ရင်ခုန်သံတွေ မြန်နေခဲ့မိပါတယ်။

မနက်ပိုင်းမှာပဲ ကျွန်တော်နဲ့ကျွန်တော့်ဇနီးအပါအဝင်၊ တခြားသော တခြားသော ရဲဘော်မိတ်ဆွေများအပါအဝင် ကိုချစ်အောင်ကို ချစ်ခင်လေးနက်ခဲ့ကြသူတစုဟာ ကိုချစ်အောင်ရဲ့နေအိမ်ရှိရာ ကျဲလက်ရှမ်းရွာလေးဆီ ခပ်သုတ်သုတ် အရောက်သွားခဲ့ကြပါတယ်။ စေတနာအပြည့်နဲ့ လိုက်လံကူညီ ပို့ဆောင်ပေးနေတဲ့ မိတ်ဆွေတယောက်ရဲ့ကားလေးနဲ့အတူ ကားကြုံလိုက်ပြီး သွားခဲ့ရတာဖြစ်ပါတယ်။

မနေ့ကပဲ ရောက်ခဲ့ပြီးသားဖြစ်တဲ့ ကိုချစ်အောင်တို့မိသားစုရဲ့အိမ်လေးထဲကို ဝင်လိုက်ဝင်လိုက်ချင်း၊ မနေ့ကပဲ ခုံတွေအပြည့်နဲ့ ရှိနေခဲ့သေးတဲ့ ဧည့်ခန်းလေးထဲမှာ ခေါင်းတလားကြီးတလုံးက မှိုင်းညို့ဆိုင်းရီစွာ စိတ်မကောင်းဖွယ် တည်ရှိနေပါပြီ။ ခေါင်းတလားကြီးရဲ့ခြေရင်းမှာ ကိုချစ်အောင်ရဲ့ဓါတ်ပုံကြီးက လာသမျှသော ရဲဘော်တွေ မိတ်ဆွေတွေကို လှမ်းပြီးကြည့်နေသယောင်လည်း တွေ့လိုက်ရတော့ ရင်ထဲမှာ လှိုက်တက်လာပါတယ်။ လွန်ခဲ့တဲ့ (၂)နှစ်ခွဲကျော်လောက်ကပဲ သူနဲ့ကျွန်တော်ဟာ ဆရာမကြီးရဲဘော်ငွေအတွက် အခေါင်းတလားတခုကို နှစ်ယောက်သား လှည့်ပတ်ရှာဖွေဝယ်ယူခဲ့ရပြီး၊ နှစ်ယောက်သား ထော်လာဂျီတစီးနဲ့ အခေါင်းကြီးတင်ကာ ရွှေလီဘက်ဆီ သယ်ချလာခဲ့ရပုံကို စိတ်ထဲမှာ ဖျတ်ခနဲဖျတ်ခနဲ ပြန်မြင်နေလိုက်မိသေးပြီး ရင်ထဲမှာ ဝေဒနာတမျိုး ခံစားလိုက်ရသလို၊ အခုတော့ သူကိုယ်တိုင်လည်း အခေါင်းတလားကြီးတခုထဲ ရောက်ရှိနေရတဲ့အဖြစ်ဟာ ဘယ်လိုမှ မထင်မှတ်နိုင်လောက်အောင် မြန်ဆန်လွန်းနေပါကလား....လို့ သင်္ခါရရဲ့သဘောကို ကြေကွဲစွာ အတွေးယဲ့ယဲ့ ဝင်လိုက်မိပြန်ပါတယ်။

သူ့ဇနီးသည် ကော်ထွမ်က အခေါင်းပေါ်အုပ်လွှားထားတဲ့ ဇာပဝါကို အသာလှပ်ပြီးပြတဲ့အတွက် ကိုချစ်အောင်ရဲ့နောက်ဆုံးသောမျက်နှာကို ကျွန်တော် လေးလေးနက်နက် ကြည့်မိပါတယ်။ ကိုချစ်အောင်ရဲ့မျက်နှာဟာ ရှမ်းခေါင်းပေါင်းကြီး ပေါင်းလျက်သား အနေအထားနဲ့ တကယ့်ရှမ်းကြီးတယောက်ပမာ ပကတိ တည်ကြည်ငြိမ်သက်နေတာ နောက်ဆုံးတွေ့လိုက်ရပါတယ်။ ကိုချစ်အောင်ရဲ့စျာပနမှာ ကျဲလက်ရွာက ရှမ်းတွေသာမက တခြားဒေသက ရှမ်းတွေရော၊ ကျောက်အရောင်းအဝယ်လောကက ကုန်သည် ပွဲစား-စတဲ့ တရုတ်မိတ်ဆွေ-ဗမာမိတ်ဆွေတွေအပြင်၊ ကိုချစ်အောင်အပေါ် ချစ်ခင်လေးနက်ခဲ့ကြတဲ့ ယုံကြည်ချက်တူ ရဲဘော်ရဲဘက်တွေပါ ဟိုကသည်က တဖွဲဖွဲရောက်လာခဲ့ကြတဲ့အတွက် အင်မတန်စည်ကားလှတဲ့ စျာပနကြီးတခုလည်း ဖြစ်နေခဲ့ပါတယ်။

ကိုချစ်အောင်အပေါ် အလေးထားမှုကို ဖေါ်ပြတဲ့အနေနဲ့ ကျွန်တော်တို့တတွေဟာ ကိုချစ်အောင်ရဲ့ရုပ်အလောင်းကို မြေကျတဲ့အထိ လိုက်ပါပို့ဆောင်ခဲ့ကြပါတယ်။ ကျဲလက်သင်္ချိုင်းမြေပေါ်မှာ သူ့မိသားစုက အုတ်ဂူသွင်းဖို့အထိ တလေးတနက် စီစဉ်လုပ်ဆောင်ရာမှာ ရှမ်းထုံးစံအရ လိုက်ပါပို့ဆောင်သူတွေ အိမ်ပြန်လို့ရတဲ့အချိန်အထိ ကျွန်တော်တို့တတွေလည်း ငြိမ်သက်တိတ်ဆိတ်စွာ စောင့်ဆိုင်းနေခဲ့ကြပြီးမှ ရှမ်းဓလေ့ရိုးရာနဲ့အညီ လိုက်နာဆောင်ရွက်ခဲ့ကြပါတယ်။

ရှမ်းဓလေ့အရ စျာပန မြေကျပြီးတဲ့နောက် ဆက်တိုက် နေ့ညတရားနာပွဲ ပြုလုပ်တဲ့အခါတွေမှာရော၊ ရက်လည်တဲ့နေ့မှာကျင်းပတဲ့ တရားနာပွဲတွေအထိပါ ကျွန်တော်တို့တတွေလည်း တတ်နိုင်သမျှ စုစုစည်းစည်း လိုက်ပါလုပ်ဆောင်ခဲ့ကြပြီး ကိုချစ်အောင်အပေါ် အလေးထားမှုကို ပြသခဲ့ကြပါတယ်။ ကျန်ရစ်လေသူ ကိုချစ်အောင်ရဲ့ဇနီးသည်ကော်ထွမ်နဲ့ တဦးတည်းသောသားကြီး အိုက်ပေါင်းရှင်း(ခေါ်) ဗမာနာမည် ..... ကောင်းဆက်ဟိန်းကိုလည်း ကျွန်တော်တို့အားလုံးက နွေးနွေးထွေးထွေး အားပေးသမှုပြုခဲ့ကြပါတယ်။

အဲဒီ (၇)ရက်မြောက် ရက်လည်တဲ့နေ့က နေအိမ်မှာ တရားနာအပြီးမှာ ကော်ထွမ်ရဲ့အစ်ကိုကြီးက ဦးဆောင်ပြီး၊ ကော်ထွမ်အပါ ကျွန်တော်တို့ ရဲဘော်ရဲဘက်တွေအားလုံးကို ကိုချစ်အောင်ရဲ့ရုပ်ကလာပ်မြှုပ်နှံထားရာ လောလောလတ်လတ်ပြီးစီးခါစ ကိုချစ်အောင်ရဲ့ ဂူကြီးဆီကို ကားနဲ့ခေါ်သွားတဲ့အတွက် ကျွန်တော်တို့ ရဲဘော်ရဲဘက်တသိုက် ထပ်မံလိုက်ပါသွားခဲ့ကြရပြန်ပါတယ်။ ရှမ်းထုံးစံအရ စျာပနချစဉ်က သင်္ချိုင်းမြေဆီအထိ အမျိုးသမီးတွေကို တဦးတယောက်မှ လိုက်ပါပို့ဆောင်ခွင့်မရပေမယ့် ရက်လည်ပြီဖြစ်တဲ့အခါမှာတော့ လိုက်ပါကြည့်ရှုခွင့် ရပြီဖြစ်တာကြောင့် ကိုချစ်အောင်ရဲ့ဇနီးသည်သာမက အရင်းဆုံးသော မိသားစုဝင် အမျိုးသမီးတွေရော၊ ကျွန်တော်တို့ဘက်က ရဲဘော်ရဲဘက်အမျိုးသားတွေသာမက အမျိုးသမီးတွေကိုပါ ကိုချစ်အောင်ရဲ့ဂူဆီကို ခေါ်ဆောင်ပြသခဲ့တာ ဖြစ်ပါတယ်။ ကိုချစ်အောင်ရဲ့ဂူဟာ တော်တော်လေးကို ကြီးမားလှသလို၊ လမ်းမဘက်ကနေ ကြည့်ရင် အတိုင်းသားမြင်နေရလောက်တဲ့နေရာမှာ ရှိနေတာကို တွေ့ရပါတယ်။

ဂူရှေ့မှာ ရှမ်းထုံးစံအရ ကော်ထွမ်တို့မိသားစုက ကိုချစ်အောင်အတွက် ဖရောင်းတိုင်နဲ့အမွှေးတိုင်တွေ ထွန်းညှိပေးတာ၊ ထမင်းဟင်းနဲ့ အစားအသောက်တွေအပါအဝင် သစ်သီးဝလံတွေ ကပ်တာ တင်တာတွေပါ ပြုလုပ်ပေးခဲ့ရင်း သူတို့တွေက ရှမ်းဘာသာ ရှမ်းစကားနဲ့ပဲ တတွတ်တွတ်ပြောဆိုတာကို လေးလေးနက်နက် ပြုလုပ်ခဲ့ကြပါတယ်။ ကိုချစ်အောင်အတွက် ဆုတောင်း အမျှဝေ မေတ္တာပို့သတဲ့ သဘောလို့ပဲ ယူဆမိပါတယ်။ ကိုချစ်အောင်အပေါ် သူတို့မိသားစုဝင်တွေရဲ့ သံယောဇဉ်အတိုင်းအဆနဲ့ အလေးအနက်ထားမှုဟာ တော်တော်ကို သိသာမြင်သာလှပါတယ်။ အဲဒီနောက်မှာတော့- သူတို့တတွေက ကိုချစ်အောင်ဟာ ဗမာအမျိုးသားတယောက်လည်းဖြစ်တဲ့အတွက် ကိုချစ်အောင်အတွက် ဗမာစကားနဲ့လည်း ဝိုင်းဝန်းပြောဆိုသံတွေ ကျွန်တော်တို့တွေထံမှ ထွက်ပေါ်လာစေချင်ပုံ ရပါတယ်။ ဒါမှ ဗမာတယောက်ဖြစ်တဲ့ ကိုချစ်အောင်ဟာ ဗမာစကားသံတွေကိုလည်း ကြားရပြီး၊ ကိုချစ်အောင်ရဲ့ဝိညာဉ်ဟာ စိတ်အလိုလည်း ပိုမိုပြည့်ဝကာ ကြည်နူးပီတိ ရရှိခံစားနိုင်လိမ့်မယ်လို့လည်း ယုံကြည်ယူဆဟန် တူပါတယ်။ သူတို့က သူတို့တွေရဲ့ ရှမ်းဘာသာနဲ့ပြောဆို ရွတ်ဖတ်သံတွေ ပြုလုပ်အပြီးမှာပဲ "ကိုချစ်အောင်အတွက် ဗမာလို ပြောပေးကြပါ။ ဗမာစကားနဲ့ပြောပေးကြပါ...." လို့ တိုက်တွန်းတောင်းဆိုလာခဲ့ပါတယ်။

ဂူအထိ လိုက်ပါလာခဲ့ကြသူတွေထံက ကျွန်တော်တို့ထဲက တဦးတယောက်ထံကမှ ဗမာစကားသံ ရုတ်တရက် ထွက်လာတာ မကြားရပါ။ ကော်ထွမ်တို့ရှမ်းမိသားစုဝင်တွေထဲက " ဗမာစကားလေး ပြောပေးကြပါ။ ပြောပေးပါ...." ဆိုတဲ့ နောက်ထပ်ပြောဆို တောင်းဆိုသံတွေ ဒုတိယအကြိမ်မြောက် ထပ်မံ ထွက်ပေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့ရဲဘော်ရဲဘက် တွေရဲ့မျက်နှာတွေဆီ လက်လှမ်းမီသလောက် ကျွန်တော်လှမ်းကြည့်လိုက်မိတော့ အားလုံးဟာ ငြိမ်သက်မြဲ ငြိမ်သက်နေပါတယ်။ ဆို့နင့်မှုကြေကွဲမှုတွေကြားထဲကနေ ရုတ်တရက် ဘာစကားကို ပြောရမလဲဆိုတာကို စဉ်းစားမရလို့ပဲလား- ဘာကြောင့်လဲဆိုတာတော့ ကာယကံရှင်တွေကိုယ်တိုင်ပဲ သိပါလိမ့်မယ်။ ငြိမ်သက်ခြင်းကြီးစွာနဲ့ ဆက်လက်ငြိမ်သက်နေကြချိန်မှာပဲ ကျွန်တော်ကတော့ ဆုံးဖြတ်ချက်တခုကို ချလိုက်မိပါတယ်။ ကိုချစ်အောင်ကို နောက်ဆုံးအဖြစ် နောက်ဆုံးနှုတ်ဆက်ခြင်းကို အားလုံးကြားအောင် ကြွေးကြော်လိုက်ဖို့ပဲ ဖြစ်ပါတယ်။ မိသားစုဝင်ရှမ်းတွေ တောင်းဆိုနေတာကို ဖြည့်ဆည်းလိုက်ဖို့ဖြစ်သလို၊ ကျွန်တော်ကိုယ်တိုင် ရင်ထဲမှာ ရှိနေတဲ့ဆန္ဒအတိုင်း လွတ်လွတ်ကျွတ်ကျွတ် ဖော်ထုတ်ဖွင့်အံပြလိုက်မိတာကတော့--"ကိုချစ်အောင်ရေ.... နောက်ဆုံးနှုတ်ဆက်ပါတယ်...." " ရဲဘော်ချစ်အောင်ရေ ,,,,, ငြိမ်သက်စွာ အနားယူပါတော့...." ကျွန်တော့်ရဲ့အသံဟာ သိသိသာသာ တုံယင်နေပါလိမ့်မယ်။ ကျွန်တော့်ရဲ့ကြွေးကြော်လိုက်တဲ့အသံဟာ နှုတ်ဖျားကသာမက ရင်ထဲကပါ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အသံဟာ မနစ်လိုသူတွေအတွက် မောင်းကွဲကြီးကို ထုလိုက်တဲ့အသံမျိုး ဖြစ် ကောင်းဖြစ်နေမှာ ဖြစ်ပေမယ့် တမလွန်ဆိုတာရှိကောင်း ရှိနေပြီး၊ အဲဒီ တမလွန်ဆိုတာမှာ ကိုချစ်အောင်များ ရှိကောင်းရှိနေမယ် ဆိုရင်တော့- ကျွန်တော့်ရဲ့အဲဒီဟစ်ကြွေးသံကို ကိုချစ်အောင် တယောက် ပီပီသသ ကြားမိရင်း ကျေကျေနပ်နပ်ကြီး ပြုံးသွားလိမ့်မယ် ထင်ပါတယ်။

ဒါဟာ ကျွန်တော့်ရဲ့ ရဲဘော်ချစ်အောင်အတွက် နောက်ဆုံးနှုတ်ဆက်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ တကယ်ကို ကျယ်ကျယ်လောင်လောင် အသံထွက်ခဲ့ပြီး ကိုချစ်အောင်ကို နောက်ဆုံးနှုတ်ဆက်ခဲ့ခြင်းဖြစ်ပါတယ်။

(ဝင်းတင့်ထွန်း) ၁၇- ၁၀- ၂၀၁၆

ကျွန်မဆက်၍ရေးချင်သောဖေဖေအကြောင်းများ။ဆောင်းပါးအမှတ်(၄၅)။
စစ်အာဏာရှင်စနစ်ရဲ့သားကောင်များ။
အပိုင်း(၁)

လှကျော်ဇော

"------ခင်ဗျားတို့တွေထဲက သူ့စိတ်ကြိုက် ပြည်သူတွေ ပိုသတ်နိုင်မယ်ထင်တဲ့ လူတချို့ကို ရာထူးကြီးတွေနှင့်လာဘ်ထိုးခဲ့တယ်။ ဒီလိုနှင့် တပ်ကြပ်ကြီးကနေ ဗိုလ်မှူးကြီးတွေအထိ နှစ်အနည်းငယ်အတွင်း တိုးပေးဖို့ ဝန်မလေးဘူး။ ဒါပေမဲ့ နောက်ထပ် သတ်ဖို့ နောက်လူကိုတင်ပေးဖို့ ရှေ့လူကိုကန်ထုတ်ဖို့လည်း ဝန်မလေးဘူး။ သူ့စိတ်ကြိုက် ပြည်သူတွေကို သတ်ဖို့ လက်ရွံ့တဲ့မျိုးချစ်တွေ အစဉ်အလာရှိခဲ့တဲ့ လေးစားခြင်းခံရတဲ့တပ်မှူးတပ်သားတွေကိုတော့ တဦးပြီးတဦး ကန်ထုတ်တယ်မဟုတ်လား။ ဒါတွေကြောင့် ရာထူးကြီးတဲ့လူတွေလည်း စိတ်တထင့်ထင့်နေရတဲ့ဘဝမဟုတ်လား"-----------(၁၁-၈-၁၉၇၆။တိုင်းပြည်သို့တင်ပြချက်။) (ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့။ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိပေါင်းချုပ်၊ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၊ ယဉ်မျိုးစာပေနာ--၃၂၂)

"-------ထိုအချိန်ကာလ(၁၉၅၆) ခုနှစ်သည် ဆိုရှယ်လစ်များက တပ်တွင်းတပ်ပြင် ဩဇာလွှမ်းမိုးရေး အကြီးအကျယ် ကြိုးစားနေမှု အရှိန်ရနေချိန်နှင့်လည်း တိုက်ဆိုင်နေပါသည်။ သူတို့သည် ပြင်ပအဓ္ဓရာယ်ဖြစ်သည့် တရုတ်ဖြူတိုက်ရေးထက် ပြည်တွင်းစစ်ကိုသာ အလေးပေး အပြုတ်တိုက်ချင်သူများ ဖြစ်ကြသည်။ ပြည်သူလူထုနိုးကြားပြီး တောင်းဆိုလွန်း၍သာ (တဖက်ကလည်း ဗမာပြည်ကွန်မြူနစ်ပါတီက ဖော်ထုတ်ဖွင့်ချနေ၍သာ) တရုတ်ဖြူတိုက်ရေးကို လုပ်ကြခြင်းဖြစ်သည်။ ထိုတိုက်ပွဲများအရှိန်နှင့် ကျွန်တော်ဩဇာကြီးလာမှုကိုလည်း သူတို့စိုးရိမ်နေကြသည်။----

"-------တပ်တွင်းမှာ ဆိုရှယ်လစ်ပါတီဆန့်ကျင်သည့် တပ်မှူးများလည်းရှိရာ ကျွန်တော်နှင့်ပူးပေါင်းစည်းရုံးမိပြီး သူတို့ ဆိုရှယ်လစ်များကို အာခံခေါင်းမာလာကြမှာလည်း စိုးရိမ်ကြသည်။ အဓိကမှာ ဆိုရှယ်လစ်များအနေနှင့် တိုင်းပြည်ကို ၎င်းတို့စိတ်ကြိုက် ခြယ်လှယ်လိုကြရာတွင် တပ်မတော်ကို ပထမဆုံးသူတို့စိတ်ကြိုက် အုပ်စီးနိုင်ဖို့ရာမှာ ဆူးငြောင့်ခလုတ်ဖြစ်နေသော ကျွန်တော့်ကို ဖယ်ရှားပစ်ဖို့လိုပေသည်"-----(အထက်ပါစာအုပ်-နာ၂၄၄)

အထက်ပါစာစုများဟာ ဖေဖေရေးသားခဲ့တဲ့ အကြောင်းအရာများထဲက တပ်မတော်တွင်း အခြေအနေများကို တစိတ်တပိုင်း ဖော်ပြနေတဲ့ အကြောင်းအရာများဖြစ်ပါတယ်။ ဖေဖေ-ပြည်ပကနေ ဒီစာစုတွေရေးသားစဉ်က-ပြည်တွင်းမှာဖိနှိပ်မှုအလွန်ပြင်းထန်နေချိန်ဖြစ်လေတော့-တချို့သူများထိခိုက်မှာ စိုးရတာကြောင့် တချို့ကိစ္စတွေမှာ နံမည်ဖော်မရေးနိုင်ခဲ့ပါဘူး။ အခုအချိန်မှာတော့ ကာယကံရှင်များ ကွယ်လွန်ကုန်ပြီဖြစ်လို့ ဖေဖေမပြည့်မစုံ(သို့မဟုတ်) ရိပ်ဖမ်းသံဖမ်းလောက်သာ ရေးနိုင်ခဲ့တဲ့အကြောင်းအရာတွေကို (ယခုနောက်ပိုင်းထွက်ပေါ်လာတဲ့ အချက်အလက်များ ပါပေါင်းစပ်ပြီး) ကျွန်မဖြည့်စွက် ရေးသားလိုက်ပါတယ်။ ဖေဖေကိုယ်တိုင်လည်း အဲသလို ရိပ်ဖမ်းသံဖမ်းလောက်ရေးရတာကို ဘဝင်ကျဟန်မရှိပါဘူး။ ဒါ့ကြောင့်ပဲ ဖေဖေက-တချို့အဖြစ်အပျက်တွေကို ကျွန်မတို့သားသမီးများအပါအဝင် သူ့အနီးအနားမှာ အလုပ်လုပ်ဖူးသူရဲဘော်တချို့ကို အပြည့်အစုံပြောပြောပြတတ်ပါတယ်။--ဒီလို ပြောဆိုရေးသားတဲ့အခါတိုင်း ဖေဖေရင်ထဲ ပေါ်ပေါ်လာတတ်တဲ့-ဖေဖေရောင်းရင်း ရဲဘော်ကြီးများရှိတတ်ပါတယ်။ ဥပမာ--တပ်တွင်းမှာ ဆိုရှယ်လစ်ပါတီဆန့်ကျင်သူများလည်းရှိရာ---ဆိုတဲ့နေရာမျိုးမှာ-ဖေဖေဆိုလိုချင်သူများဟာ ဖေဖေနဲ့ဗမာ့တပ်မတော် အမြုတေဘဝက စလို့ တောက်လျှောက် အတူတွဲတိုက်ခဲ့ခိုက်ခဲ့တဲ့-တပ်မှူးကြီးဟောင်းများဖြစ်ကြတဲ့- ဗိုလ်မှူးကြီးကြည်မောင် (နောက်ပိုင်း NLD-ဦးကြည်မောင်)၊ ဗိုလ်မှူးကြီးတင်မောင်(စာရေးဆရာ-မြတ်ထန်)စသူတို့ဖြစ်ကြပါတယ်။(သူတို့နှစ်ဦးစလုံး-တပ်မတော်မှ ဖြုတ်-ထုတ်ခံရပြီး-မဆလခေတ်မှာ ထောင်တန်းလည်း ကျခံခဲ့ရပါတယ်။)

ဒီနေရာမှာ အခုခေတ်လူငယ်များအတွက် မျက်စိလည်စရာဖြစ်တဲ့--ဆိုရှယ်လစ်ပါတီ-ဆိုတဲ့ အသုံးကို ရှင်းပြချင်ပါတယ်။ တကယ်တော့ ဗမာ့တပ်မတော်ကို စတင်တည်ထောင်ခဲ့တဲ့-ရဲဘော်သုံးကျိပ်-အဖွဲ့မှာ စကတည်းက-တို့ဗမာအစည်းအရုံးက အုပ်စု (၂)ဖွဲ့(သခင်ကိုယ်တော်မှိုင်းအုပ်စုနဲ့-သခင်ဗစိန်-သခင်ထွန်းအုပ်-အုပ်စု)နဲ့ဖွဲ့စည်းခဲ့တာပါ။

ဒါပေမဲ့-ဂိုဏ်းဂနစိတ်ကင်းစင်တဲ့-သခင်အောင်ဆန်း(ထိုအချိန်က ဗိုလ်ချုပ်အမည်မတွင်သေး။ သာမန်ကျောင်းသားခေါင်းဆောင်တဦးသာဖြစ်သေး)ရဲ့ အမြော်အမြင်ကြီးကြီးနဲ့ ဦးဆောင်မှုအောက်မှာ တညီတညွတ်တည်း တစိတ်တဝမ်းတည်း- ဗမာ့ လွတ်လပ်ရေး အတွက်-ဆိုတဲ့ဦးတည်ချက်နဲ့စည်းလုံးညီညွတ်ခဲ့ကြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၂ ခု နောက်ပိုင်း-ဗမာ့တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် ထူထောင်ရေးအတွက် ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီ-ဒီ-အေ)ကို တည်ထောင်ရာမှာ ပညာတတ်အများအပြား ဝင်လာဖို့ စည်းရုံးခဲ့ပါတယ်။ ဒီအထဲမှာ နောင်ပြည်သူ့အရေးတော်ပုံပါတီ(ဆိုရှယ်လစ်ပါတီလို့လည်းခေါ်ပါတယ်။) ကို ဦးစီးကြမယ့်သူများ (ဥပမာ-ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်) ပါလာကြပါတယ်။ ဗိုလ်ချုပ်ကျဆုံးသွားပြီးနောက် အာဏာရလာတဲ့-ဖဆပလ-လက်ယာဂိုဏ်းနဲ့ အဲဒီအုပ်စုက ပေါင်းမိသွားပါတယ်။ အဲဒီသူတွေကို-တပ်တွင်းဆိုရှယ်လစ်များလို့ ခေါ်ကြပါတယ်။ အဲဒီသူများအကြောင်းကို ကျွန်မ-ဆိုရှယ်လစ် တပ်မှူးများ ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါး ရေးဖူးပြီးပါပြီ။ (ကျွန်မဆက်၍ ရေးချင်သော ဖေဖေ့အကြောင်းများ။ ဆောင်းပါးပေါင်းချုပ်အတွဲ(၁)။ ဖြိုးမောက်သာစာပေ။ နာ-၁၁၉-၁၄၄)။

ဒီလိုနဲ့-ဗမာ့တပ်မတော်တွင်း ဂိုဏ်းအုပ်စုတွေ ပေါ်ထွက်လာပါတယ်။ ၁၉၄၈-ပြည်တွင်းစစ် စတင်တော့-ဗမာ့တပ်မတော်တွင်းရှိ ကွန်မြူနစ်များ တောခိုကုန်ကြပါတယ်။ ဒီတင်-ဆိုရှယ်လစ်များ တန်ခိုးထွားလာပြီး-တပ်မတော်တွင်း ထိပ်တန်းနေရာ တော်တော်များများ (အထူးသဖြင့်-စစ်ရုံးချုပ် War-Office မှာ)ကို သူတို့ အုပ်စီးမိသွားပါတယ်။ ဒါကြောင့်ပဲ၊ သူတို့ပါတီထဲ မဝင်သူများကို ဖဲကြဉ်လာကြပါတယ်။ တကိုယ်ရေ ကောင်းစားကြီးပွားချင်သူများကလည်း သူတို့ပတ်လည် ဝိုင်းနေခဲ့လေတော့-အလွယ်တကူ အစားထိုးသွင်းနိုင်ခဲ့ပါတယ်။

တပ်မတော်ထဲမှာ နောက်အုပ်စုတစု ရှိပါသေးတယ်။ ကွန်မြူနစ်ကိုလည်းမကြိုက်-ဆိုရှယ်လစ်နောက်လည်းမလိုက်-အခြေခံမျိုး ချစ်ပြည်ချစ်စိတ်နဲ့ အနေမှန်မှန်နေ-နေကြသူများပါ။ တိုက်ရေးခိုက်ရေးမှာလည်း နံမည်ရထားသူများလည်းဖြစ်တော့-စစ်ရေးအမြင်သန်ကြပြီး-ဘာစစ်မှ ထိထိရောက်ရောက် မတိုက်ခဲ့ကြဘဲ နိုင်ငံရေးအရ နေရာတွေ ဝင်ယူလာကြသူများကိုလည်း သိပ်

ကြည့်ရသူများမဟုတ်ရုံမက၊ အဲဒီလူတွေကို ဘယ်တော့မှလည်း ခဲယယ လုပ်သူများ မဟုတ်ကြပါဘူး။ ဒီအပြင်-သူတို့ ဆိုရှယ်လစ် အုပ်စုအနေနဲ့-အဲဒီတပ်မှူးကြီးများကို ကြည့်မရတဲ့ အချက်တရပ်ကလည်း ရှိနေပါတယ်။

ဒါကတော့ ဗမာပြည်ကြီးလွတ်လပ်ရေးမရခင်ကာလ ၁၉၄၇ ခုနှစ်ကစပြီး(ရခိုင် မူဂျာဟစ်အရေးအခင်း)ကအစ နောက်ပိုင်း ပေါ်ပေါက်ခဲ့တဲ့ တိုင်းပြည်အကျပ်အတည်းများ (၁၉၄၉-၅၀-ကေအင်ဒီအို အရေးအခင်း--အင်းစိန်တိုက်ပွဲ) အလယ်- တိုင်းတပါး ကျူးကျော်မှုအဆုံး (၁၉၅၄-၅၅-တရုတ်ဖြူကျူးကျော်မှု)စတဲ့ တိုက်ပွဲကြီးများမှာ-- ဖေဖေနဲ့ ပူးတွဲ တာဝန်ထမ်းဆောင်ခဲ့ကြပြီး ဖေဖေ အပေါ်မှာလည်း အလွန်လေးစား ခင်မင်ခဲ့ကြသူများ ဖြစ်ကြလို့ဖြစ်ပါတယ်။

[မှတ်ချက်။ ဗိုလ်မှူးကြီးချစ်မြိုင်ရဲ့ ဘဝအတွေ့အကြုံ ပြန်ပြောင်းပြောဆိုချက်များ။(Burma Debate)။ ဗိုလ်မှူးကြီး မောင်လွင်(NLDဦးလွင်ရဲ့)- မျိုးချစ်စစ်သည်မှ NLD ပါတီခေါင်းဆောင်ဘဝသို့(RFA ထုတ်လွှင့်ချက်။) ဗိုလ်ချုပ်ကြီးဟောင်း တင်ဦး (NLDဦးတင်ဦး)ရဲ့ VOA-တပ်မှူးတပ်သားပြောစကားကဏ္ဍ။ ဗိုလ်မှူးကြီးဟောင်းတင်မောင်(မြတ်ထန်)ရဲ့-တိုင်းပြည်ကနန-မုန်တိုင်း ကထန်ထန် စာအုပ်-စတာများကိုကြည့်ပါ။] အဲဒီကာလက ဖေဖေရဲ့ လုပ်ဆောင်ချက်တွေအပေါ်-အတူတွဲ တာဝန်တွေ ထမ်းဆောင် ခဲ့ကြတဲ့ တပ်မှူးများရဲ့ဖေဖေအပေါ် ထားရှိတဲ့လေးစားချစ်ခင်မှုတွေကို တွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင်-အခု ကျွန်မနောက်ဆုံး ရရှိလာ တဲ့ စာအုပ်ကိုဖတ်မိတဲ့အခါ-အထက်ဖော်ပြပါအကြောင်းတရပ်- ဖေဖေအပေါ် လေးစားသမှု ပြုသူများအပေါ် ဘယ်လို ဂိုဏ်းဂဏ စိတ် ထားခဲ့ကြတယ်ဆိုတာ ပေါ်လွင်သွားပါတယ်။ ဗိုလ်မှူးကြီးဟောင်းတင်မောင်ရဲ့--ဘဝမုန်တိုင်းထန်လေပြီ(ဘဝသမင်လည်ပြန်)- (စိတ်ကူးချိုချိုစာပေ)စာအုပ်ပါ။

စာအုပ်ရဲ့အမှာစာမှာ-ဒီလိုရေးထားပါတယ်။

"----စာရေးသူမကွယ်လွန်မီ ရေးသားပြီးစီးခဲ့ပြီး ချယ်ရီမဂ္ဂဇင်းတွင် လဆက်ဖော်ပြခဲ့ရာမှ ရပ်ဆိုင်းသွားပြီးနောက် လုံးချင်း အဖြစ်လည်း ထုတ်ဝေခွင့်မရခဲ့ဘဲ ၂၀၁၀ ခုနှစ်နောက်ပိုင်း (Newly News)ဂျာနယ်တွင်မှ အခန်းဆက် ပြန်လည်ဖော်ပြခဲ့သည့် စာမူကို ပထမအကြိမ်အဖြစ် တစ်ပေါင်းတည်း ထုတ်ဝေခြင်းဖြစ်သည်"---တဲ့။ ဗိုလ်မှူးကြီးဟောင်းတင်မောင်၏ ကိုယ်တိုင်ရေး ဘဝ တစိတ်တဒေသ ဖြစ်ရပ်မှန်မှတ်တမ်းရှည်ကြီးလို့ဆိုထားပြီး--တကြိမ်တခါမှ ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသော ဘဝထုပ္ပတ် စာ တ အုပ်- လို့လည်းဆိုထားပါတယ်။ ဗိုလ်မှူးကြီးဟောင်းတင်မောင်ဟာ-(ဂျပန်ခေတ်)မင်္ဂလာဒုံစစ်တက္ကသိုလ်ပထမပတ်ဆင်းဖြစ်ပြီး၊ ဂျပန် ဘုရင့်စစ်တက္ကသိုလ်ဆင်းလည်း ဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ်-တပ်မတော်မှ ပင်စင်ယူပြီးချိန်မှစပြီး စာပေအမျိုးမျိုးရေးသားလာတာပါ။ တပ်တွင်းအတွေ့အကြုံများကို "ဗိုလ်မှူးကြီးဟောင်းတင်မောင်"ဆိုတဲ့ ကလောင်အမည်နဲ့ရေးခဲ့ပြီး၊ ရသဝတ္ထုစာပေများကိုတော့ "မြတ်ထန်"ဆိုတဲ့ ကလောင်အမည်နဲ့ ရေးသားလာခဲ့ပါတယ်။ စာပေဗိမာန်ဆုတောင် ရဖူးပါတယ်။ အခုနောက်ဆုံး ထုတ်လိုက်တဲ့ စာအုပ်မှာတော့-သူအရင်ကရေးခဲ့တဲ့စာအုပ်များထဲက-အချို့အစိတ်အပိုင်းတွေပြန်ပါတာတွေရှိပေမယ့် အစိတ်အပိုင်း အတော်များ များကတော့ ပထမဆုံး ထုတ်ဖော်ရေးသားထားဟန်ရှိပါတယ်။ ဗမာ့တပ်မတော်ရဲ့ အတွင်းရေးတွေ အတော်ပါပါတယ်။ ဒါတွေ မခြွင်းမချန် ရေးသွားတဲ့အတွက် စာရေး မှတ်တမ်းတင်သွားသူ ဗိုလ်မှူးကြီးဟောင်းတင်မောင်ကို ကျေးဇူးတင်သင့်ပါတယ်။ မျိုးချစ်ကျောင်းသားငယ်လေးတယောက် တိုင်းပြည်လွတ်လပ်ရေးအတွက်-ဗမာ့တပ်မတော်တွင်းဝင်ရောက်ပြီး အရိုးကျေကျေ အရည် ခန်းခန်း တာဝန်တွေ ထမ်းဆောင်ခဲ့ပေမယ့် တပ်တွင်းအာဏာမက်မှုများကြောင့်-အထူးသဖြင့် နိုင်ငံတော်အာဏာကို မက်လာကြတဲ့ အခါ-ဘာကိုမှ မထောက်ထားတော့ဘဲ အကြောင်းအမျိုးမျိုးရှာပြီး-ဘယ်လိုဘေး ဖယ်ခံလိုက်ရတယ်--ဆိုတာကို (ပါးပါးလေး တို့ပြီး) အလွန်ရသမြောက်စွာ ရေးသားဖော်ကျူးထားမှုဟာ-လက်ရှိ တပ်မတော်သားများအတွက်ရော၊ ဗမာပြည်ကြီး တိုးတက်ဖွံ့ဖြိုးရေး အတွက် အဓိကလိုအပ်ချက်ကြီးဖြစ်တဲ့-တပ်ပြုပြင်ပြောင်းလဲရေး ကို လုပ်ဖို့ကြိုးစားနေသူများအတွက်ရော-အလွန့်ကို သံဝေဂရစရာ၊ လေ့လာစရာ၊ သင်ခန်းစာယူစရာတွေဖြစ်နေပါတယ်။ ဒီအထဲကမှ-အထက်မှာ ကျွန်မပြောခဲ့တဲ့အချက်ကို သက်သေပြတဲ့အနေနဲ့ အောက်ပါ "အခန်းကလေး"ကို ကူးယူ ဖော်ပြလိုက်ပါတယ်။

"-----နောက်တနေ့ စစ်ရာထူးခန့် အတွင်းဝန်၏ ရုံးခန်း၌ ဒုဦးစီးချုပ်နှင့်တွေ့ရသည်။ သူသည် ဖော်ရွေပြုံးရွှင်စွာပင် နှုတ် ဆက်သည်။ ဘီလပ်ရှိ ရုံးအကြောင်းစသည်တို့ကို ခေတ္တဆွေးနွေးကြသည်။ ထို့နောက်မှ သူ၏အိတ်အတွင်းက ဒိုင်ယာရီကဲ့သို့ စာ အုပ်ကလေးတစ်အုပ်ကို ထုတ်၍ဖွင့်ကာ စာမျက်နှာတစ်ခုကို ကြည့်သည်။ ကျွန်တော်အားပြောရန် အချက်အလက်တို့ကို ရေးမှတ် ထားဟန်တူပါသည်။

"ဗိုလ်မှူးတင်မောင် တာဝန်ဝတ္တရားဆောင်ရွက်တာနဲ့ ပတ်သက်လို့ ဘာမှပြောစရာမရှိပါဘူး။ အားလုံးကျေနပ်ပါတယ်။ အ စစလည်း အင်မတန်အဆင်ပြေပါတယ်။ ကျေပွန်တယ်။ ငွေရေးကြေးရေးနဲ့ ပတ်သက်လို့လည်း အင်မတန် သန့်ရှင်းတယ် ဆိုတာကို ကျွန်တော်တို့ သိပါတယ်။ အလုပ်သဘောနဲ့ကတော့ အားလုံးကောင်းပါတယ်။ တခုပဲ-ကျွန် တော့်အနေနဲ့ ပြောစရာရှိတယ်။ အဲဒါက ခင်ဗျားဟာ တပ်တွင်းညီညွတ်မှုနဲ့ ပတ်သက်လို့ ထိခိုက်စေတဲ့စကား နည်းနည်းပါးပါး ပြောခဲ့တယ်။ တိတိကျကျပြောရရင်- ခင်ဗျား ဘီလပ်ရောက်ခါစက ဗိုလ်မှူးချုပ်ကျော်ဇောနဲ့ ပြောတာတွေ မကောင်းဘူး"။ သူသည် ထိုစွဲချက်ကို အကျယ်ချဲ့၍ပြောပြနေပါသည်။ ကျွန်တော်ကတော့ တချိန်လုံး ပြုံး၍နားထောင်နေသည်။ သို့ရာတွင် ကျွန်တော်သည် သူစွပ်စွဲသော အခြင်းအရာနှင့် ပတ်သက်၍

အတိတ်သို့ ပြန်လည်စဉ်းစားနေခဲ့မိပါသည်။ ဘာတွေများပြောခဲ့မိသလဲ၊ သတိရပါပြီ။ ဟုတ်ပါသည်။ တစိတ်တဒေသတော့ မှန်သည်။ ကျွန်တော် ဘီလပ်ရောက်ခါစ ရောက်တဲ့ညမှာပဲ ထင်သည်။ ဗိုလ်မှူးချုပ်ကျော်ဇော အခန်းတွင် စုဝေး၍ စကားစမြည်ပြောနေခဲ့ကြသည်။ အခြားအရာရှိနှစ်ဦးသုံးဦးလည်းပါသည်။ ဟိုအကြောင်း ဒီအကြောင်းတွေပြောရင်းမှ တပ်တွင်းကိစ္စများသို့ရောက်သွားသည်။ ထိုသို့ တပ်အတွင်းရေးတွေ ပြောကြရင်း ဝေဖန်ချက်အချို့ပါရှိလာပါလိမ့်မည်။ သို့ရာတွင် ဘာတွေဝေဖန်မိခဲ့သည်ကိုပင် မေ့နေပါပြီ။ ကျွန်တော်တို့တတွေ အချင်းချင်းတွေ့လျှင် ဒီလိုပဲပြောတတ်ဆိုတတ်၊ ဝေဖန်စရာရှိတာတွေ ဝေဖန်တတ်ကြသည်။

ထူးဆန်းသော ကိစ္စမဟုတ်ပါ။ တွေ့တုန်းပြောကြပြီး လူချင်းခွဲလျှင် မေ့ကြစမြဲပင်ဖြစ်သည်။ ယခုလည်း ကျွန်တော့်အဖို့တော့ မေ့ခဲ့ပါပြီ။

သို့ရာတွင် ကျွန်တော်စိတ်မကောင်းသောအချက်တခုတော့ ပေါ်လွင်ပါသည်။ ထိုစကားဝိုင်းအတွင်းမှ ပုဂ္ဂိုလ်တဦးဦးသည်စေတနာဖြင့် ဖြစ်ကောင်းဖြစ်ပါမည်။ သို့မဟုတ် အခြားရည်ရွယ်ချက်ဖြင့် ဖြစ်ကောင်းဖြစ်ပါမည်။ ထိုညကပြောခဲ့ကြသောစကားတို့ကိုဗိုလ်မှူးချုပ်အောင်ကြီးအား ပြန်လည်ပြောပြ တိုင်တန်းခဲ့သည်။ အဲဒီအတွက်ကိုတော့ ကျွန်တော်စိတ်မကောင်းဖြစ်မိသည်။ ထိုသို့စိတ်မကောင်းဖြစ်ခြင်းမှာ စိုးရိမ်ကြောင့်ကြမှုကြောင့်တော့ မဟုတ်ပါ။ ထို ပုဂ္ဂိုလ် ညံ့ဖျင်းပြုမူချက်ကြောင့် ကျွန်တော့်စိတ်တွင်း၌ ဖြစ်ရလေဟုသာ မှတ်တမ်းတင်မိခြင်းကြောင့် ဖြစ်သည်။ ထိုသူသည် မည်သူမည်ဝါဖြစ်သည် ဆိုတာကိုလည်း ကျွန်တော်တွက်ဆလို့ရသည်။သို့ရာတွင်ရှိပါစေတော့။

ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရာဇဝင်၊ ထိုစွပ်စွဲချက်၏ နောက်ကွယ်မှ ဇာတ်လမ်းကိုတော့ ကျွန်တော်သည် ကွက်ကျော်တွေးမိပါသည်။ ထိုအချိန်က တပ်တွင်း၌ ကိုယ့်အုပ်စုကလေးနှင့်ကိုယ်လိုလို ရှိခဲ့ကြသည်။ သူကတော့ ဘယ်သူ့လူ သူကတော့ဘယ်ဝဲ့လူဟူ၍ ပြောတတ်ကြသည်။ ကျွန်တော့်ကိုလည်း ထိုသို့ပင် ပြောကြမည်ဖြစ်သည်။ ပြောလည်း ပြောကြသည်။ ကျွန်တော့်ကို"ဗိုလ်မှူးချုပ်ကျော်ဇော၏လူ"ဟုတချို့ကထင်ကြသည်။ ကျွန်တော်သည် စစ်ဆင်ရေးတို့တွင် ဗိုလ်မှူးချုပ်ကျော်ဇော၏ လက်အောက်တွင် များစွာ အမှုထမ်းခဲ့ရသည်။ ထို့ကြောင့် ဗိုလ်ချုပ်နှင့်နီးကပ်စွာနေခဲ့ရသည်။ ဒီလိုနေခဲ့ရလို့ သူ၏စွမ်းရည်သတ္တိ၊ လုပ်ရည်ကိုင်ရည်နှင့် စိတ်ရင်းစိတ်ဓာတ်တို့ကို ကောင်းစွာသိမြင်ခဲ့သည်။ သိမြင်ခဲ့သည့်အလျောက်လည်း အလုပ်သဘောအားဖြင့် ကျွန်တော်သည် လေးစားသည်။ ထို့ကြောင့် အတူသွားအတူလာဖြင့် ကြာမြင့်ခဲ့ကြသောကြောင့် တဦးနှင့်တဦးခင်မင်ခဲ့ကြပါသည်။ ကျွန်တော်တို့၏ ဆက်ဆံရေးသည် ဒီ့ထက် မပိုခဲ့ပါ။ ဒါနဲ့တော့ ကျွန်တော်သည် ဗိုလ်မှူးချုပ်ကျော်ဇော၏လူ မဟုတ်ရပါ။ အမှန်မှာကျွန်တော်သည် ဘယ်သူ၏ လူမှမဟုတ်ခဲ့။ တပ်အတွင်းရှိ ခေါင်းဆောင်ပိုင်းဟု ကျွန်တော်တို့ အသိအမှတ်ပြုထားသူတို့သည် ဗိုလ်ချုပ်ကြီးနေဝင်းအပြင် သုံးလေးဦးမျှသာရှိသည်။ ထိုပုဂ္ဂိုလ်တို့အားလုံးအား ကျွန်တော်သည် လေးစားသည်။

အချို့မှာမူ ပုဂ္ဂိုလ်စွဲအရ ပိုမို၍ ခင်မင်သည်။ သို့ရာတွင်ကျွန်တော့်တွင် ဆရာမရှိ။ မည်သူ့ကိုမျှလည်း ဆရာမမွေးခဲ့။ ထိုသို့ဆရာမွေးရန်လည်း အကြောင်းမရှိ။ ညာချင်၊ ခိုချင်၊ ကပ်ချင်၊ အခွင့်အရေးယူချင်သူတို့သာလျှင် ဆရာမွေးကြမည်ဖြစ်သည်။ ဒါတွေကိုတော့ ထားပါတော့။ ဘယ်သူ့ကိုမှလည်း ဖြေရှင်းရန်မလိုပါ။ ဖြေရှင်းရန်လည်း မရည်ရွယ်ပါ။ ဗိုလ်မှူးချုပ်အောင်ကြီး၏စကားဆုံးလျှင် ကျွန်တော်က----"ဒါဖြင့် ကျွန်တော်နည်းနည်း ပြန်ပြောပါရစေ။""ပြောပါ။" သူ၏မျက်နှာသည်ပြုံးလျက်ပင် "ဒါပေမဲ့ဗိုလ်မှူးတင်မောင်ပြောတာတွေကိုတော့ အသိအမှတ်မပြုဘူးနော်"---တဲ့။

ကျွန်တော်သည် အားပါးတရ ရယ်မောလိုက်မိပါသည်။ ကျွန်တော့်အား စွဲချက်တင်တုန်းကတော့ စစ်ရာထူးခန့် အတွင်းဝန်ရှေ့တွင် တရားဝင်အဖြစ် စွဲချက်တင်ခဲ့သည်။ ကျွန်တော်က ဖြေရှင်းပါရစေဆိုတော့ တရားမဝင်ဘူးတဲ့။ ရှိပါစေတော့၊ ကျွန်တော်အဖို့လည်း အထူးတလည် ပြောစရာမရှိပါ။ ကျွန်တော်ပြောခဲ့မိသရွေ့တို့ကို ဝန်ခံလိုက်ပါသည်။ တောင်းပန်လိုက်ပါသည်။ ကျွန်တော်မပြောခဲ့ရသော အပိုစကားတို့ကိုမူ ငြင်းဆိုခဲ့ရသည်။--------(ဗိုလ်မှူးကြီးဟောင်းတင်မောင်၊ "ဘဝမှန်တိုင်းထန်လေပြီ" စိတ်ကူး ချို ချိုစာပေ။ နှာ-၃၇၈-၃၈၀)

ဒီအခန်းရဲ့ နောက်ခံအကြောင်းအရာတွေကို-ကျွန်မ နည်းနည်း ရှင်းပြပါရစေ။ ၁၉၅၂ ခုနှစ်မှာ ဖဆပလက ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းအဖွဲ့ခေါင်းဆောင်အဖြစ် အနောက်နိုင်ငံအတော်များများကို စစ်ဖက်လေ့လာရေးအဖွဲ့အဖြစ် သွားရောက်ရာမှာဖေဖေက ဒုအဖွဲ့မှူးအဖြစ် ပါသွားပါတယ်။ ဖေဖေတို့ လန်ဒန်ရောက် ချိန်မှာ ဗိုလ်မှူးကြီးတင်မောင်ကလည်း လန်ဒန်က ဗမာသံရုံးမှာစစ်သံမှူးအဖြစ် ရောက်စပါပဲ။ အိမ်အဆင်သင့် မဌားရသေးတာကြောင့် ဖေဖေတို့အုပ် တည်းနေတဲ့ ဟော်တယ်မှာဝင် ခဏ နေရပါတယ်။ အဲဒီကာလက အဖြစ်အပျက်များ ဖြစ်ဟန်ရှိပါတယ်။ ဖေဖေလည်း ဒီကိစ္စတွေ ဘာမှသိဟန်မတူပါဘူး။ ဒါပေမဲ့ ဖေဖေတို့အုပ်ထဲမှာက-ဆိုရှယ်လစ်တပ်မှူးများ ပါပါတယ်။ ဖေဖေကပြောပြဖူးတဲ့ အကြောင်းအရာတချို့တော့ ရှိပါတယ်။ ဖေဖေဘယ်သွားသွား- ဘာလုပ်လုပ် သူတို့အုပ်(ဆိုရှယ်လစ်အုပ်စုကိုဆိုလို)က လူတယောက်ကို ကပ်ထည့်ထားတာချည်းပဲတဲ့။ အခုဒီအုပ်ထဲမှာလည်း ဗိုလ်မှူးကြီးတင်မောင်က နံမည်အတိအကျဖော်မရေးပေမယ့် ဖေဖေကတော့ ဗိုလ်မှူးကြီးကျော်စိုး(နောင်မဆလခေတ် ပြည်ထဲရေးဝန်ကြီး)ကို သူ့အကြောင်းသတင်းပေးအဖြစ် သူ့စာအုပ်(ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ-နှာ-၁၉၉)မှာ ဖော်ထုတ်ရေးသားထားတာတွေ့ရပါတယ်။

၁၉၅၅ခုနှစ်-ဗိုလ်မှူးတင်မောင်-ဗမာပြည်ပြန်ရခါနီးမှာ အင်္ဂလန်ဆေးကုဖို့ရောက်လာတဲ့ ဗိုလ်ချုပ်နေဝင်းက ဗမာပြည် ပြန်ရောက်ရင် ပြည်မှာရှိတဲ့-တပ်မဟာကို ကိုင်ရမယ်လို့ ပြောလိုက်တာပါ။ တပ်မဟာမှူးအဖြစ် ရာထူးတိုးမယ်ပေ့ါ။ ဒါပေမဲ့-ရန်ကုန်-စစ်ရာထူးခန့်အတွင်းဝန်(ဗိုလ်စန်းယု)ဆီရောက်တော့ မြစ်ကြီးနားရှိ ကယားတပ်ရင်းကို တပ်ရင်းမှူး အဖြစ်အမြန်သွားဖို့ ပြောပါတယ်။ ဗိုလ်နေဝင်းကိုယ်တိုင်က တပ်မဟာမှူးအဖြစ် ပြည်သွားရမယ်လို့ပြောထားတာဖြစ်တော့ ဗိုလ်မှူးတင်မောင်က စောဒကတက်တော့တာပေ့ါ။ ဒီတော့ဗိုလ်စန်းယုက အပါး။ (ဒ့ါကြောင့်လည်းဗိုလ်နေဝင်းကိုယ်ခွဲအဖြစ် သမ္မတဖြစ်တာ)။ ဒါဆို-ဒုကာကွယ်ရေးဦးစီးချုပ်နဲ့တွေ့လိုက်ပါလားဆိုပြီး ချိန်းပေးပြီး အဲဒီနေ့ကအဖြစ်အပျက်ကို အထက်ပါအတိုင်း ဗိုလ်မှူးကြီးတင်မောင်က ပြန်ရေးထားတာ ဖြစ်ပါတယ်။

ဒီနေရာလေးမှာ ဗိုလ်မှူးကြီးတင်မောင်ရဲ့(မထိတထိ)ရေးသားချက်လေးတခုကို ဖေါ်ပြလိုက်ပါရစေ။ "ဒုကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်မှူးချုပ်အောင်ကြီး ဖြစ်ပါတယ်။ (ယခု-ဗိုလ်မှူးချုပ်ဟောင်း ကျွန်တော်ကဲ့သို့ပင် အထိန်းသိမ်းခံနေရသည်။)"-----တဲ့။(အထက်ပါစာအုပ်နာ-၃၇၇)။ဩော်....ကာလဝိဘက်နောက်ပိုးတက်တာများ- နောင်ဘဝတောင်မကူးလိုက်ရရှာဘူး။

ဒီဗိုလ်မှူးကြီးတင်မောင်စာအုပ်ရဲ့ဇာတ်ရှိန်အမြင့်ဆုံးအခန်း(climax)ကတော့----(အထက်ပါစာအုပ် နာ ၅၀၀-၅၀၇)။ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲအပြီး ၁၉၆၁ ခု ဖေဖော်ဝါရီလ ပထမပတ်အတွင်း-ဗိုလ်နေဝင်းက တပ်မဟာမှူးများညီလာခံကို စစ်ရုံးချုပ်မှာ ခေါ်ယူကျင်းပပြီး အားလုံးကို(လက်နက်ပါလာရင် အပ်ပါလို့ဆိုပြီးမှ) ပြင်းပြင်းထန်ထန် ကြိမ်းမောင်းဆူပူပါတယ်။ စွပ်စွဲချက်တွေ တခုပြီးတခု တင်ပါတယ်။ ရွေးကောက်ပွဲအတွင်း ဘက်မလိုက်ဖို့ ညွှန်ကြားထားပါလျက်-တည်မြဲဘက်လိုက်မှုလည်းပါတယ်။ တပ်အတွင်းရေးတွေလည်း ပါတယ်--တဲ့။ တကယ်တော့ တရားလိုနဲ့ တရားသူကြီးက တယောက်တည်းဖြစ်နေပြီး-စွပ်စွဲခံရသူများကလည်း ဘာမှဖြေရှင်းခွင့်မရှိတဲ့-ဗိုလ်နေဝင်းတယောက်တည်း ကြဲချင်တိုင်း ကြဲနေတဲ့ပွဲ။ ဗိုလ်နေဝင်းရဲ့ အာဏာရှင်ပြယုဂ်ကို အလွန့်ကိုရသမြောက်စွာ- အသက်ဝင်စွာရေးသားထားတဲ့ အခန်းပါ။ တနည်းပြောရရင်တော့-စစ်အာဏာရှင်စနစ် သန္ဓေတည်ခန်းပါ။ "ထွက်ကြ၊ အခုထွက်ကြ၊"-ထွက်ရမည့်သူတွေ၏ နာမည်တို့ကို တစ်ဦးစီခေါ်၍ တပ်မတော်မှနုတ်ထွက်ကြရန် အမိန့်ပေးလျက် ရှိနေပါပြီ။"ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ယနေ့မှအစပြု၍ တပ်မတော်မှ နုတ်ထွက်ခွင့်ပြုပါမည့် အကြောင်းလေးစားစွာဖြင့်"---ပြီးတော့ တပ်မှူးကြီးများ လက်မှတ်ထိုးပေးလိုက်ရပါသည်---တဲ့။ ဗိုလ်မှူးတင်မောင်ကတော့- ဒီအဖြစ်အပျက်တွေမှာ ဗိုလ်ချုပ်ကြီးရဲ့ အထင်အမြင် လွဲမှားမှုကိုခံရတာ။ ပြန်ဖြေရှင်းဖို့ အခွင့်အရေးလည်းမရခဲ့တော့။-ရှိ-ပါ-စေ-တော့။----တဲ့။ သူကသာ-ကိုယ့်အပြစ်နှင့်ကိုယ်(တကယ်လည်းရွေးကောက်ပွဲမှာ တည်မြဲဘက်ပင်းခဲ့မိတာပါ)ရှိပါစေတော့-လို့ သဘောထားပြီး- အေးအေးဆေးဆေး ခြံစိုက်စားတော့မယ်-ဆိုပြီး တောင်ကြီးတက်-ညှိုးညှိုးငယ်ငယ် နိမ်နိမ်ချချနေနေပေမယ့် စစ်အာဏာရှင်ရဲ့ မျက်မာန်ရှခံရသူအနေနဲ့ ဒုက္ခတွေ တမျိုးပြီးတမျိုး မဆုံးနိုင်အောင်တွေ့ခဲ့ရပါတယ်။ စစ်ခုံရုံးဖွဲ့ပြီး တပ်တွင်းရှိစဉ်က ဆောင်ရွက်ချက်များအပေါ် အပြစ်မရှိ အပြစ်ရှာ စစ်ဆေးအပြစ်ပေးခဲ့တာတွေ၊ လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်ခံခဲ့ရတာတွေ နောက်ဆုံး ၁၉၆၂ ဖမ်းဆီးထိန်းသိမ်းခံလိုက်ရတာတွေ-စုံနေပါတယ်။ ဒါတောင် ဒီကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ကြီးဟာ အဲဒီ အဖမ်းခံလိုက်ရတဲ့အခန်းမှာ ဆုံးသွား ပေလို့ပဲ။ အဲဒီ နောက်ဆုံးခန်းများကတော့-စိတ်ထိခိုက်စရာကောင်းလှပါတယ်။

ဒါပေမဲ့- ဖေဖေကတော့-အဲဒီအဖြစ်အပျက်ကို ဒီလိုနိဂုံးချုပ်ထားပါတယ်။ -----တကယ်တော့ ထိုရွေးကောက်ပွဲမှာ ပြည်သူလူထု၏ "အသံမထွက်သော တော်လှန်ရေးတရပ်"သာဖြစ်ခဲ့ပါတော့သည်။ ထိုရွေးကောက်ပွဲဖြင့် ကျွန်တော်တို့ဗမာပြည်သူများက စစ်တပ်ကို ပထမဆုံးအကြိမ် နိုင်ငံရေးအရ ဖယ်ချ လိုက်ခြင်းဖြစ်ပါသည်။"-----သန့်ရှင်းအစိုးရတက်လာပြီးနောက် ဗိုလ်နေဝင်းသည် ထိုလူထု၏ တည်မြဲဆန့်ကျင်ရေးလှိုင်းကိုစီးပြီး တပ်မတော်ထဲမှ-'မိမိ၏ ဘက်မလိုက်ရေးညွှန်ကြားချက်ကို မလိုက်နာ' ဟုဆိုကာ ရွေးကောက်ပွဲအတွင်း တည်မြဲဘက်က ပင်းပေးခဲ့သည့် တပ်မှူးကြီးများကို ထုတ်ပယ်ပစ်လိုက်ပါသည်။ ဗိုလ်နေဝင်း၏ တကယ့်ရည်ရွယ်ချက်မှာ သူ့အား ပြိုင်ဆိုင်နိုင်သည့် စစ်ဘက်ဝါချင်း မတိမ်းမယိမ်းဖြစ်နေသည့် တပ်မှူးကြီးများကို သူ့ရာထူးလုံခြုံရေးအတွက် ဖယ်ရှားရန်သာ ဖြစ်ပါသည်" ----------ဤနည်းဖြင့် ဗိုလ်နေဝင်းသည် မိမိအားတင်ပေးခဲ့သည့် ပြည်သူလူထု၏ စွန့်ပစ်ခြင်းခံလိုက်ရပြီဖြစ်သော ဆရာရင်းတည်မြဲများနှင့် လမ်းခွဲလိုက်ပါတော့သည်။ တပ်တွင်းတွင်လည်း တစုံတရာ သြဇာရှိနေသည့် ဆိုရှယ်လစ်တပ်မှူးများကိုလည်း ဖယ်ထုတ်လိုက်နိုင်ပြီဖြစ်သည်။ ဗိုလ်နေဝင်း၏ ဤလုပ်ရပ်သည် သူ့ကိုယ်ကျိုးအတွက်တော့ အလွန်ပြောင်မြောက်သည့်လုပ်ရပ်တခု ဖြစ်ပါတော့သည်။ ပြည်သူလူထုအတွင်းမှာလည်း သူ့အပေါ် နိုင်ငံရေးအရ အမြင်ကောင်းမွန်စေပြီး စစ်တပ်တွင်းမှလည်း သူ့အားယှဉ်ပြိုင်နိုင်သည့် အလားအလာရှိသည့် တပ်မှူးအချို့ကို ဖယ်ထုတ်လိုက်နိုင်ပါသည်။----တဲ့။(ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ-နာ၂၅၄)။

ဗမာပြည်ကြီး စိန်ခေါ်မှုအမျိုးမျိုးကြုံတွေ့နေရတဲ့ အခုလိုအချိန်အခါမှာ-အဓိကနဲ့အကြီးဆုံးအခက်ဆုံးဖြစ်တဲ့ စိန်ခေါ်မှုကြီး (စစ်အာဏာရှင်စနစ်-ပုံစံအမျိုးမျိုးတိုက်ဖျက်ရေး) ကို မျက်ခြည်မပြတ်စေရေးအတွက် ဒီဆောင်းပါးကိုရေးပါတယ်။ ဒီဆောင်းပါးကို ဖေဖေရဲ့ ဗမာပြည်နိုင်ငံရေး နိဂုံးချုပ်ချက်လေးတရပ်နဲ့ နိဂုံးချုပ်လိုက်ပါတယ်။

----"ကနေ့ တိုင်းပြည်ကြုံတွေ့နေရတဲ့ ဒုက္ခအဖုံဖုံဟာ စစ်အာဏာရှင်စနစ်မှာ မြစ်ဖျားခံတာပါ။ ဒီစစ်အာဏာရှင်စနစ်ဟာ ပြည်သူလူထုအတွက် ဒုက္ခတွေ သယ်လာရုံမက တပ်မတော်သားတွေအပေါ်မှာလည်း ဒုက္ခတွေကျရောက်စေပါတယ်။ စစ်ဗိုလ်ချုပ် လက်တဆုပ်စာ လူတစုလေးသာ ချမ်းသာနေတာပါ။ ဒါတောင် တစ်သက်လုံး စံစားသွားရတာမဟုတ်ပါဘူး။ ရှေ့ကသွားကြပြီဖြစ်တဲ့ စစ်အာဏာရှင်ကြီးများရဲ့ဘဝဇာတ်သိမ်းကိုပဲကြည့်ပါ"၈- ၉-၂၀၀၇ ဒီဗွီဘီနှင့်တွေ့ဆုံမေးမြန်းခန်း။ (ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသတင်းဌာနများနှင့်အင်တာဗျူး။(နေရီရီစာပေ)--နာ၁၇၉)။

ဗမာပြည်သူအပေါင်း(တပ်မတော်သားများအပါ)စနစ်ဆိုးအမျိုးမျိုးမှ လွတ်မြောက်ပြီး ငြိမ်းချမ်းတဲ့- ဖွံ့ဖြိုးသာယာတဲ့ နိုင်ငံတော် သစ်ကြီးဆီသို့ အမြန်ဆုံးရောက်ရှိနိုင်ပါစေကြောင်း----ဆန္ဒပြုလျက်။

လှကျော်ဇော။

၃-၁၀-၂၀၁၇။

မှတ်ချက်။
၂၀၁၇-အောက်တိုဘာ(၁၀)ရက်နေ့မှာကျရောက်မဲ့ဖေဖေကွယ်လွန်ခြင်း(၅)နှစ်မြောက်နေ့-အထိမ်းအမှတ်အဖြစ် ရေးသားပါတယ်။

ပေါင်မုန့်နဲ့ နှင်းဆီ သပိတ်တိုက်ပွဲ

မောင်လှဝင်း(မြင်းခြံ)

၁၉၁၂ ခုနှစ်။ နှစ်သစ်ကူးနေ့ရက်။ ဒီနေ့မှာ အမေရိကန်အလုပ်သမားလူတန်းစားရဲ့ အထင်ရှားဆုံး သမိုင်းဝင်တိုက်ပွဲများထဲက တိုက်ပွဲတခုဖြစ်တဲ့ လောရင့်အထည်ရက်စက်ရုံ သပိတ်တိုက်ပွဲကြီး စတင်ဖြစ်တည်ခဲ့ပါတယ်။ အေးချမ်းလှတဲ့ ဆောင်းရာသီ ဇန္နဝါရီ ၁၁ ရက်နေ့မှာ မက်ဆာချူးဆက်ပြည်နယ် လောရင့်မြို့က လောရင့်အထည်ရက်စက်ရုံအလုပ်သမားတွေဟာ ရက်သတ္တပတ် ၁၀ ပတ်ကြာ သပိတ်တိုက်ပွဲကို အစပြုလိုက်ခြင်းပါပဲ။ လောရင့်စက်ရုံက အလုပ်သမား ၃၅၀၀၀ ခန့်ဟာ သူတို့ရဲ့ သီတင်းပတ်တိုင်းပေးနေတဲ့လုပ်ခကို အလုပ်ရှင်က ဖြတ်တောက်တာ မကျေနပ်တဲ့အတွက် ဆန့်ကျင်ကန့်ကွက်ဖို့ စက်ရုံကနေ လမ်းပေါ်ကို ထွက်ခဲ့ကြပါတယ်။

အလုပ်သမားတွေဟာ သီတင်းတပတ် အလုပ်ချိန် ၅၆ နာရီအတွက် ပျမ်းမျှလုပ်ခငွေ ၈ ဒသမ ၇၆ ဒေါ်လာရရှိပါတယ်။ အမျိုးသမီးများနဲ့ အသက် ၁၈ နှစ်အောက်အလုပ်သမားတွေအတွက်တော့ အမြင့်ဆုံး အလုပ်ချိန် ၅၄ နာရီ သတ်မှတ်ထားပါတယ်။ ဒါကလည်း အလုပ်သမားတွေ တိုက်ပွဲဝင်ပြီး ရရှိထားတဲ့ အောင်ပွဲရလဒ်တခု ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလို သူတို့ဘက်က အလျှော့ပေးရတာကို အလုပ်ရှင် ကုမ္ပဏီတွေဘက်က မကျေနပ်ပါဘူး။ ဒါကြောင့် အလုပ်ချိန်ကို လျှော့ချပေးလိုက်တာနဲ့အတူ လုပ်ခကိုလည်း လျှော့ချပစ်လိုက်ပါတယ်။ ဒါကို အလုပ်သမားတွေဘက်က မကျေနပ်လို့ လောရင့်စက်ရုံအလုပ်သမား သပိတ်ကြီး ပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။

အလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေကတော့---

-လုပ်ခ ၁၅ ရာခိုင်နှုန်း တိုးပေးရန်

- (မက်လုံးပေးပြီးအလုပ်ခိုင်းတဲ့စနစ်) ကို ဖျက်သိမ်းရန်

- အချိန်ပိုအတွက် လုပ်ခ ၂ ဆ တိုးပေးရန်

- သပိတ်တိုက်ပွဲဝင်သူများကို ခွဲခြားဆက်ဆံခြင်း မပြုရန်

- ကုန်ထုတ်လုပ်မှု နှုန်းထား အရှိန်မြှင့်ဖို့ အဓမ္မတောင်းဆိုခြင်းကို ရပ်ဆိုင်းရန်

- နိုင်ငံခြားမှာ မွေးဖွားခဲ့သူဖြစ်ပြီး အမေရိကန်ပြည်တွင်းသို့ ဝင်ရောက်အခြေစိုက်လုပ်ကိုင်ကြတဲ့ အလုပ်သမားများအပေါ် ခွဲခြားဆက်ဆံမှု မကျင့်သုံးရန်။

ဒါဟာ တရားဝင် တောင်းဆိုချက်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ အမျိုးသမီးအလုပ်သမားတွေအပါအဝင် အလုပ်သမားတွေ စက်ရုံအတွင်း ဖိနှိပ်ကျင့်သုံးမှုများ အများအပြား တည်ရှိနေပါတယ်။ စက်ရုံတွင်းမှာ ဖိနှိပ်မှုများစွာ ခွဲခြားဆက်ဆံမှုများစွာ၊ လူသား မဆန်တဲ့ ဆက်ဆံမှုများစွာ ကြုံတွေ့ရသလို အလုပ်သမားတွေရဲ့ဘဝဟာ စက်ရုံပြင်ပမှာလည်း လူသားတယောက် ရရှိသင့်တဲ့ ဘဝ ကို မရနိုင်တဲ့အခြေအနေမျိုး ဖြစ်နေပါတယ်။ ထိုစဉ် ၁၉၀၀ ခုနှစ်များကာလဆိုတာက အမေရိကား တောင်ပိုင်းရော မြောက်ပိုင်း မှာပါ လူမဲဆန့်ကျင်ရေးပဋိပက္ခတွေနဲ့ မတည်မငြိမ်ဖြစ်နေတဲ့ ကာလတွေ ဖြစ်ပါတယ်။ အမျိုးသမီးတွေဟာ မဲပေးခွင့်မရရှိကြ သေးဘူး။ ပိုင်ဆိုင်မှုပစ္စည်းတခုလို သဘောထားခံနေရဆဲ ဖြစ်ပါတယ်။ တိုင်းတပါးက ရွှေ့ပြောင်းအခြေစိုက်လာသူတွေဟာလည်း တိုင်းပြည်ရဲ့ ပြဿနာတရပ်အဖြစ် ရှုမြင်ခံနေရတဲ့ကာလပါ။ ထိုကာလတွေမှာ အလုပ်သမားသပိတ်တိုက်ပွဲတွေလည်း အဆက် မပြတ် ဖြစ်ပေါ်ခဲ့ပါတယ်။ လောရင့်စက်ရုံသပိတ်တိုက်ပွဲဟာ အဲဒီတိုက်ပွဲများနဲ့ တဆက်တစပ်တည်း ပေါ်ပေါက်ခဲ့တဲ့ တိုက်ပွဲ တပွဲ လို့ ဆိုရပါမယ်။

လောရင့်စက်ရုံမှာ အလုပ်သမားပေါင်း ၈၆၀၀၀ ရှိတဲ့အနက် ၈ ပုံ ၇ ပုံဟာ နိုင်ငံခြားမှာ(တိုင်းပြည်ပေါင်း ၅၆ ပြည်မှာ) မွေးဖွားခဲ့ပြီး အမေရိကန်မှာ လာရောက်အခြေစိုက်နေကြတဲ့ အလုပ်သမားများ ဖြစ်နေကြပါတယ်။ လောရင့် စက်ရုံသပိတ်တိုက်ပွဲမှာ အဲဒီ ပြည်ပနိုင်ငံကနေ လာရောက်အခြေချတဲ့ အမျိုးသမီးတွေကပဲ ခေါင်းဆောင်ခဲ့ကြပါတယ်။ သူတို့သပိတ်တိုက်ပွဲဝင်တဲ့ လမ်း မပေါ် တိုက်ပွဲခွင်မှာ သူတို့ဟာ သူတို့ကို တားဆီးတဲ့ လက်နက်ကိုင်ပုလိပ်တပ်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်တိုးပါတယ်။ ပုလိပ်တပ် တွေဟာ သေနတ်တွေ ကျည်ထိုးထားပြီး လှံစွပ်တွေနဲ့အသင့်ချိန်ရွယ်ထားတာပါ။ တိုက်ပွဲဝင်သူတွေဘက်က အားကိုးစရာကတော့ တိုက်ပွဲဝင်စိတ်ဓာတ်တွေကို တွန်းအားပေးတဲ့ သီချင်းများ။ သပိတ်တိုက်ပွဲဝင်သူများဟာ "အင်တာနေရှင်နယ်"သီချင်းကို ဘာသာမျိုး စုံ (အနည်းဆုံး ၁၂ ဘာသာထက်မနည်း) နဲ့ သီဆိုခဲ့ကြပါတယ်။ အလုပ်ရှင်များက စေ့စပ်ဆွေးနွေးဖို့ သဘောမတူတဲ့ကာလ၊ အလုပ်သမားတွေ အရှုံးမပေး အညံ့မခံဘဲ ခက်ခဲစွာ တိုက်ပွဲဝင်နေဆဲကာလမှာပင်လျှင် တိုက်ပွဲဝင်အလုပ်သမားတွေဟာ သီချင်း တွေ အဆက်မပြတ်သီဆိုတိုက်ပွဲဝင်ခဲ့ကြပါတယ်။ ဒါကြောင့် တချို့က လောရင့်သပိတ်တိုက်ပွဲကို "သီချင်းဆိုရင်းတိုက်တဲ့ တိုက် ပွဲ"လို့လည်း အမည်ပေးခေါ်ဆိုခဲ့ကြတယ်။

လောရင့်သပိတ်တိုက်ပွဲဟာ "ပေါင်မုန့်နဲ့ နှင်းဆီသပိတ်တိုက်ပွဲ"အဖြစ်လည်း ထင်ရှားကျော်ကြားပါတယ်။သပိတ်တိုက် ပွဲဝင်နေတဲ့ အမျိုးသမီး အလုပ်သမားအုပ်စုတွေဟာ တိုက်ပွဲဝင်အလံတော်တွေ၊ နဖူးစည်းစာတမ်းတွေ၊ ကြွေးကြော်သံပိုစတာတွေ ကိုင်ဆောင်လာကြတယ်။ အဲဒီ နဖူးစည်းစာတမ်းတွေ ကြွေးကြော်သံပိုစတာတွေမှာ "ငါတို့ပေါင်မုန့်ကို အလိုရှိတယ်။ ပြီးတော့ နှင်း ဆီတွေလည်း ငါတို့အလိုရှိတယ်"လို့ ရေးသားဖော်ပြထားပါတယ်။ ဒီကြွေးကြော်သံကို သပိတ်တိုက်ပွဲဝင်အမျိုးသမီးအလုပ်သမား တွေ ကိုင်စွဲကြတယ်ဆိုတဲ့သတင်းဟာ တနိုင်ငံလုံးသို့ ချက်ချင်းပျံ့နှံ့ရောက်ရှိသွားပါတယ်။ နှင်းဆီတွေလည်း ငါတို့အလိုရှိတယ် ဆိုတာ ဘာအဓိပ္ပာယ်လဲ။ ဒါနဲ့ပတ်သက်လို့လည်း သပိတ်တိုက်ပွဲကာလအတွင်းမှာရော၊ သပိတ်တိုက်ပွဲလွန်ကာလကနေ မျက် မှောက်ကာလအထိ ကျယ်ပြန့်တဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုး ထွက်ပေါ်ခဲ့ပါတယ်။ အမျိုးသမီးအလုပ်သမားထုဘက်က ရပ်ခံတဲ့ ဖွင့်ဆိုချက်တွေပါ။ တိုက်ရိုက်သက်ဆိုင်တဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ အမျိုးသမီးအလုပ်သမားတွေဟာ သင့်တော်မျှတတဲ့ လုပ်ခ လစာရရှိရေးသာမဟုတ်၊ လူ့အဖွဲ့အစည်းမှာ သင့်လျော်ကောင်းမွန်တဲ့ဆက်ဆံရေးရရှိပြီး ဘဝရဲ့လှပသာယာမှုကို ခံစားခွင့်လည်း ရှိ ရမယ်ဆိုတာပါပဲ။ အလုပ်သမားတွေဟာ လုပ်ခငွေကြေးရရှိရုံသာမက ဘဝရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ လိုအပ်တဲ့ အနားယူ အပန်းဖြေချိန်လည်း လိုအပ်တယ်ဆိုတဲ့အချက်လည်း ပါဝင်ပါတယ်။ အလုပ်သမားတွေဟာ လူသားတွေပါ။ ချမ်းသာ ကြွယ်ဝသူတွေ ကို ပိုမိုချမ်းသာကြွယ်ဝစေဖို့အတွက် အသုံးချခံစက်ပစ္စည်းတွေမဟုတ်ပါဘူး။ သုံးပြီးအပစ်ပယ်ခံရတဲ့ ဘဝမျိုးကို သူတို့မလိုလား ပါဘူး။

ဒီကြွေးကြော်သံဟာ သင့်လျော်မျှတတဲ့လုပ်ခကြေးငွေကို တောင်းဆိုသလို ဂုဏ်သိက္ခာရှိတဲ့အခြေအနေတွေကိုလည်း တောင်းဆိုပါတယ်။ သူတို့ဟာ ပေါင်မုန့်ကို မွတ်သိပ်တောင့်တသလို ဂုဏ်သိက္ခာရှိမှုနဲ့ သင့်လျော်တဲ့ လေးစားစွာဆက်ဆံခံရမှုကို လည်း ငတ်မွတ်တောင့်တနေကြတဲ့ ခံစားချက်တွေ ရှိနေကြတာပါ။ ပေါင်မုန့်နဲ့နှင်းဆီတွေဆိုတာဟာ လူသားပီသလိုတဲ့ အလုပ် သမားတွေရဲ့ နက်ရှိုင်းတဲ့နှလုံးသားတွေထဲက ထွက်ပေါ်လာတဲ့ဆန္ဒပါ။ အလုပ်သမားတွေဟာ ဘဝရဲ့လိုအပ်ချက်တွေ ရယူလိုခြင်း သာမက လှပချမ်းမြေ့တဲ့ လူ့အဖွဲ့အစည်း၊ လှပသာယာတဲ့ ကမ္ဘာကြီးကို ဖန်တီးတည်ဆောက်ရေးမှာလည်း ပါဝင်လိုကြပါတယ်။ ဟုတ်တယ်။ သူတို့ဟာ ပေါင်မုန့်ကို လိုချင်တယ်။ ဟုတ်တယ်။ နေစရာ အမိုးအကာလည်း လိုတယ်။ ဟုတ်ပါတယ်။ သူတို့ဟာ နွေးထွေးတဲ့အဝတ်အစားတွေလည်း လိုတယ်။ ဒ့ါအပြင် လူသားတွေရဲ့ နက်ရှိုင်းတဲ့ သဘာဝဆန္ဒအရ ပြုစုစောင့်ရှောက်မှုလည်း လို အပ်တယ်။ အပန်းဖြေချိန် လိုတယ်။ အဓိပ္ပာယ်ရှိတဲ့ ခင်မင်ပေါင်းဖွဲ့မှု ဆက်ဆံရေး လိုတယ်။မိမိရဲ့ စိတ်ဝင်စားမှုနဲ့ ဝါသနာပါရာ နယ်ပယ်မှာ လိုက်စားပျော်ဝင်နိုင်ဖို့ အချိန်လိုတယ်။ တေးဂီတလိုတယ်။ အနုပညာလိုတယ်။ စာအုပ်တွေ လိုတယ်။ လူချမ်းသာတွေ ငွေနဲ့ အချိန်နဲ့ ပျော်ရွှင်မှုတွေရယူခံစားနိုင်သလို သူတို့လည်း သင့်တော်တဲ့ ရယူခံစားနိုင်ခွင့်တွေ လိုတယ်။ သူတို့အားလုံး တောင်း ဆိုနေတဲ့ "နှင်းဆီတွေ"ဆိုတာရဲ့ နှလုံးသားမှာ ဒီအချက်တွေ အားလုံးတည်ရှိနေပါတယ်။

ဒီပေါင်မုန့်နဲ့နှင်းဆီသပိတ်တိုက်ပွဲဟာ တနိုင်ငံလုံးပျံ့နှံ့သွားခဲ့သလို "ပေါင်မုန့်ရယ် ပြီးတော့ နှင်းဆီရယ်"ကဗျာဟာ လည်း ကမ္ဘာအနှံ့ ပျံ့နှံ့ထင်ရှားလာပါတယ်။ လောရင့်သပိတ်တိုက်ပွဲက ကြွေးကြော်သံ စာသားကို မြင်ပြီး အဲဒီခံစားချက်နဲ့ ဒီကဗျာ

ရေးဖွဲ့တယ်လို့ တချို့က မှတ်ယူကြပါတယ်။ ဒါပေမဲ့ တကယ်က ဒီတိုက်ပွဲမစမီ တလလောက်ကတည်းက ဒီကဗျာ ပုံနှိပ်ထုတ်ဝေပြီးခဲ့ပါပြီ။ ဒီအရင် သပိတ်တိုက်ပွဲတွေက ဒီလိုကြွေးကြော်သံကို တွေ့မြင်ခံစားပြီး ဒီကဗျာကို ဖွဲ့တယ်လို့ ယူဆနိုင်စရာလည်း ရှိပါတယ်။

တကယ်တမ်းမှာ "နှင်းဆီတွေကိုလည်း ဒို့လိုချင်တယ်" လို့ စတင်တင်ပြခဲ့သူကတော့ အလုပ်သမားသမဂ္ဂခေါင်းဆောင်လည်း ဖြစ်၊ အမျိုးသမီးဝါဒ ရပ်ခံသူ ဆိုရှယ်လစ်တဦးလည်းဖြစ်တဲ့ Rose Schnelderman ပါပဲ။ သူမပြောတဲ့ မိန့်ခွန်းတခုထဲမှာ "အမျိုးသမီး အလုပ်သမားတွေအနေနဲ့ ပေါင်မုန့်ကိုလည်း ရရှိရမယ်၊ နှင်းဆီတွေလည်း သူမတို့အနေနဲ့ ရရှိရမယ်" လို့ ထည့်သွင်းပြောဆိုခဲ့ပါတယ်။

ပေါင်မုန့်နဲ့ နှင်းဆီကဗျာကတော့ နောက်ပိုင်းမှာ ကဗျာအဖြစ်သာမက တေးသံထည့်သွင်းကာ သီချင်းအဖြစ်ဖန်တီးပြီး သံစုံတီးဝိုင်းများနဲ့ သီဆိုတီးမှုတ်တဲ့သီအချင်းအနေနဲ့လည်း ကမ္ဘာမှာ ထင်ရှားကျော်ကြားလာခဲ့ပါတယ်။ ပေါင်မုန့်နဲ့နှင်းဆီကဗျာကို ရေးဖွဲ့ခဲ့တဲ့သူကတော့ James Oppenheim ဖြစ်ပါတယ်။

ပေါင်မုန့်ရယ်- ပြီးတော့ နှင်းဆီတွေရယ်

ဒို့ ချီတက်နေကြတယ်။ ချီတက်နေကြတယ်။
သာယာလှပတဲ့ နေ့တနေ့ဝယ်။

မဲမှောင်နေတဲ့
 မီးဖိုချောင်တသန်းနဲ့
မီးခိုးရောင် စက်ရုံထပ်ခိုးတထောင်တို့ဟာလဲ
ရုတ်တရက် နေအပွင့်မှာ
ဖြာကျ လင်းရောင်ခြည်နဲ့တကွ
စာနာထိတွေ့လာကြပြီပဲ။

ဒို့ကို လူတွေ ကြားသိလာကြလို့ပေါ့
ငါတို့သီချင်းဆိုနေတယ်
"ပေါင်မုန့်ရယ်၊ ပြီးတော့ နှင်းဆီတွေရယ်
ပေါင်မုန့်ရယ်၊ ပြီးတော့ နှင်းဆီတွေရယ်"။

ဒို့ ချီတက်နေကြတယ်။ ချီတက်နေကြတယ်။
ဒို့တိုက်ပွဲဝင်တာ အမျိုးသားတွေအတွက်လည်း ပါတယ်။
သူတို့ဟာ အမျိုးသမီးတွေရဲ့ ကလေးသူငယ်တွေပဲ။
နောက်ပြီးတဖန် ဒို့ဟာ သူတို့အပေါ် မိခင်မေတ္တာ နွေးထွေးကြလို့ပဲ။

ဒို့ရဲ့ ရှင်သန်မှုအသက်တွေဆိုတာ
မွေးကင်းစကနေ ဘဝချုပ်ငြိမ်းသည့်တိုင်
ချွေးဖြိုင်ဖြိုင် ယိုစီးနေဖို့မဟုတ်ပါ။
ကိုယ်ခန္ဓာက မွတ်သိပ်နေသလို
နှလုံးသားတွေလည်း မွတ်သိပ်နေသကို။
ငါတို့ကို ပေါင်မုံ့ပေးပါလေ။
ထို့အတူ နှင်းဆီတွေလည်း ပေးပါလေ။

ငါတို့ ချီတက်သွားနေကြဆဲ၊ ချီတက်ဆဲမှာ
မရေမတွက်နိုင်တဲ့ မိန်းမသားတွေ သေဆုံးသွားကြရှာ။
ငါတို့သီချင်းဆိုသံတွေကို ဖြတ်သန်းထိုးဖောက်ထွက်

သူတို့ရဲ့ရှေးက တောင်းဆိုချက် ပေါင်မုန့်အတွက်
ဆက်လက်ဟစ်ကြွေးနေကြလျက်။

ငြီးငွေ့ဖွယ် တကုပ်ကုပ်အလုပ် လုပ်နေရတဲ့ သူတို့ရဲ့ စိတ်ဓာတ်တွေဟာ
အနုပညာ၊ ချစ်ခြင်းမေတ္တာနဲ့ အလှအပ ဆိုတာလေးတွေလောက်ကိုသာ သိကြရှာ။

ဟုတ်တယ်။
ဒို့တိုက်နေတာ အဲဒီပေါင်မုန့်အတွက်ပဲလေ။
ဒါပေမဲ့ နှင်းဆီတွေအတွက်လဲ ဒို့တိုက်ပွဲဝင်နေ။

ဒို့များဟာ ချီတက်သွားနေရင်းက ချီတက်နေရင်းက
ပိုမို ကြီးမြတ်တဲ့နေ့တွေကို ဆောင်ကြဉ်းလာကြ။
အမျိုးသမီးများ ထကြွနိုးကြားလာမှုဆိုတာလဲ
လူ့မျိုးနွယ်အစဉ်အလာ မြင့်တက်လာမှု အဓိပ္ပာယ်ပါပဲ။

ငြီးငွေ့ဖွယ် တကုပ်ကုပ်လုပ်ရသူနဲ့ နောက်တယောက် ပျင်းရိနေသူ
ဆယ်ယောက်က ပင်ပန်းတကြီး လုပ်နေရချိန်
တယောက်က ငြိမ်းအေးနားနေရတဲ့အဖြစ်ပေါ့
ဆက်လက် မရှိပါစေနဲ့တော့။
ဒါပေမဲ့
ဘဝရဲ့ ဂုဏ်ကျက်သရေတွေ
မျှဝေဖို့လိုတယ်။
"ပေါင်မုန့်ရယ်၊ ပြီးတော့ နှင်းဆီတွေရယ်
ပေါင်မုန့်ရယ်၊ ပြီးတော့ နှင်းဆီတွေရယ်"။

ဒို့ရဲ့ ရှင်သန်မှုအသက်တွေဆိုတာ
မွေးကင်းစကနေ ဘဝချုပ်ငြိမ်းသည့်တိုင်
ချွေးဖြိုင်ဖြိုင် ယိုစီးနေဖို့မဟုတ်ပါ။
ကိုယ်ခန္ဓာက မွတ်သိပ်နေသလို
နှလုံးသားတွေလည်း မွတ်သိပ်နေတယ်၊
ပေါင်မုန့်ရယ် နှင်းဆီရယ်
ပေါင်မုန့်ရယ် ပြီးတော့ နှင်းဆီရယ်။ ။

(မှတ်ချက်။ ။ ပေါင်မုန့်နဲ့ နှင်းဆီသပိတ်တိုက်ပွဲလို့ခေါ်တဲ့ လောရင့်သပိတ်တိုက်ပွဲဟာ နောက်ဆုံးမှာ အောင်ပွဲရရှိခဲ့ပါတယ်။ အောင်ပွဲကို လွယ်လင့်တကူရခဲ့တာတော့ မဟုတ်ပါ။ အလုပ်သမားခေါင်းဆောင်တွေ ဖမ်းဆီးခြင်းခံရတယ်။ တပိုလ်ကျ တပိုလ်တက် စနစ်နဲ့ ဆက်လက်တိုက်ပွဲဝင်ခဲ့တယ်။ ဘာသာစကားပေါင်း ၂၇ ဘာသာကို ကိုယ်စားပြုတဲ့ တိုက်ပွဲကော်မတီ ၅၆ ဖွဲ့အထိ အဆင်သင့်ဖွဲ့ထားတယ်။ အလုပ်သမားတွေ ထောင်နဲ့ချီပြီး ရိုက်နှက်ဖြိုခွင်းခြင်းခံခဲ့ရတယ်။ Annie LoPizzo ဆိုတဲ့ အသက် ၃၃ နှစ်အရွယ် အမျိုးသမီးအလုပ်သမလေးတယောက်ကို ပုလိပ်အရာရှိတယောက်က ပစ်သတ်ခဲ့တယ်။ နောက်တခါ အင်အား ရှစ်ရာခန့်ရှိတဲ့ စစ်တပ်ထဲက စစ်သားတဦးက အသက် ၁၈ နှစ်အရွယ် John Rami ဆိုတဲ့ အလုပ်သမားလေးကို လှံစွပ်နဲ့ ထိုးသတ် ခဲ့ပါတယ်။ အသတ်ခံရ ထောင်ကျခံရရုံသာမက အလုပ်သမားတွေဟာ တိုက်ပွဲရက် ကြာညောင်းလာတာနဲ့အမျှ အငတ်ဘေးဒဏ် ကိုပါ ခံစားရပြန်တယ်။ ဒါပေမဲ့ ရေရှည်တိုက်တိုက်ပွဲကို ဖွဲ့နပဲကြီးစွာ ဆင်နွှဲနိုင်စွမ်းရှိတဲ့ အလုပ်သမားထုဟာ တိုက်ပွဲကို မရပ်နားခဲ့ပါ။ စက်ရုံပိုင်ရှင်များဘက်က အနည်းငယ်မျှ အလျှော့ပေးလိုက်လျောမှုတချို့လုပ်လာတဲ့အပေါ်မှာ အမေရိကန်အလုပ်သမားများ အဖွဲ့ချုပ် (AFL) နဲ့ သွေးစည်းညီညာသော အထည်စက်ရုံအလုပ်သမားသမဂ္ဂ(UTW) တို့က သပိတ်တိုက်ပွဲကို ရပ်နားဖို့ပြောပေမယ့်လည်း အလုပ်သမားတွေက သဘောမတူဘဲ ကမ္ဘာ့ စက်မှုအလုပ်သမားများအဖွဲ့ချုပ်(IWW) ရဲ့ ဦးဆောင်မှုနဲ့ ဆက်လက်တိုက်ပွဲဝင်ခဲ့ရပါတယ်။ လောရင့်သပိတ်တိုက်ပွဲဟာ အောင်ပွဲနဲ့အနိုင်ရခဲ့သလို ဗမာပြည်က မျက်မှောက် ဒဂုန်ဆိပ်ကမ်းမြို့နယ် အထည်စက်ရုံအလုပ်သမားသပိတ်တိုက်ပွဲနဲ့အခြားသပိတ်အချို့လည်း အောင်မြင်မှုကို ရယူနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာ အလုပ်သမားထုရဲ့တိုက်ပွဲ အဆုံးစွန်ပြီးဆုံးသွားတာ မဟုတ်ပါဘူး။ ထို့အတူ ဗမာပြည်က အလုပ်သမားလူတန်းစားရဲ့ တိုက်ပွဲလည်း ပြီးဆုံးသွားတာ မဟုတ်သေးပါ။ အနိမ့်ဆုံးလုပ်ခလစာ ၅၆၀၀ ကျပ် ရရှိရေးဆက်လက်တိုက်ပွဲဝင်ရမှာဖြစ်သလို သူ တို့မှာ လိုအပ်တဲ့ "နှင်းဆီတွေ"အတွက်လည်း ဆက်လက်တိုက်ပွဲဝင်သွားဖို့ လိုအပ်နေဆဲပါ။)

ထွက်တော်မူနန်းကစွာတဲ့ မူဂါဘီ

အေးမြင့်

စစ်တပ်က အာဏာသိမ်းခံရပြီးနောက်မှာ အသက် ၉၃ နှစ် ရှိပြီဖြစ်တဲ့ ဇင်ဘာဘွေသမ္မတ မူဂါဘီဟာ အမျိုးစုံသော ဖိအားပေးမှုတွေကို ခံခဲ့ရတယ်။ လူထုရဲ့ဆန္ဒပြမှုအပါအဝင် လွှတ်တော်အတွင်းမှာ သူ့ပါတီဖြစ်တဲ့ ဇာနူးပီအက်ဖ် (ZANU - PF) ကပါ သမ္မတအပေါ် စွပ်စွဲပြစ်တင်မှုတွေ ပြုလုပ်ဖို့ စိုင်းပြင်းလာတဲ့နောက်မှာ ရာထူးက ဆင်းပေးဖို့ သဘောတူခဲ့ပါတယ်။ အခုလို အခြေအနေဆိုက်ခဲ့ရတာဟာ မူဂါဘီက သူ့ဇနီးဖြစ်သူ ဂရေ့စ်ကို သူ့နေရာမှာ ဆက်ခံဖို့ ရည်ရွယ်လုပ်ဆောင်ခဲ့တာကြောင့် ဖြစ်တယ်။ သူ့ဇနီးဂရေ့စ် သမ္မတဖြစ်ဖို့ လမ်းခင်းတဲ့အနေနဲ့ ဒုသမ္မတဖြစ်သူ မနမ်ဂါဂွာ (Mnangagwa) ကို ရာထူးမှ ထုတ်ပယ်ခဲ့တယ်။ မနမ်ဂါဂွာဟာလည်း တောင်အာဖရိကနိုင်ငံကို ထွက်ပြေးတိမ်းရှောင်သွားခဲ့တယ်။ အဲဒီနောက် နိုဝင်ဘာ ၁၅ ရက်နေ့မှာ စစ်တပ်က အာဏာသိမ်းခဲ့တာ ဖြစ်တယ်။

မူဂါဘီဟာ တောင်ရိုဒီးရှားနိုင်ငံမှ (နောင်မှာ ဇင်ဘာဘွေ) ဆင်းရဲတဲ့မိသားစုက မွေးဖွားလာသူ ဖြစ်တယ်။ အဲဒီအချိန်က တောင်ရိုဒီးရှားကို လူဖြူလူနည်းစုက အုပ်စိုးနေတာဖြစ်တယ်။ တက္ကသိုလ်ဘွဲ့ရပြီးနောက်မှာ ကျောင်းဆရာ လုပ်ခဲ့တယ်။ လွတ်လပ်တဲ့ လူမည်းအုပ်စိုးတဲ့ နိုင်ငံထူထောင်ရေး အမျိုးသားလှုပ်ရှားမှုတွေမှာ ဝင်ပါခဲ့တယ်။ အဲဒါကြောင့် ၁၉၆၄ ကနေ ၁၉၇၄ ခုနှစ်အထိ ထောင်ကျခဲ့တယ်။ လွတ်လာတဲ့ အခါမှာ မိုဇမ်ဘစ်နိုင်ငံကို ထွက်ပြေးခဲ့တယ်။ ဇင်ဘာဘွေအာဖရိကအမျိုးသားသမဂ္ဂ (Zimbabwe African National Union (ZANU)) ခေါင်းဆောင်မှုမှာ ပါခဲ့တယ်။ ၁၉၇၅ မှ ၁၉၈၀ အထိ ဥက္ကဋ္ဌ ဖြစ်တယ်။ ရိုဒီးရှားလူဖြူအစိုးရကို ဆန့်ကျင်တဲ့ စစ်ပွဲကို (ZANU) က ဆင်နွှဲတယ်။ ၁၉၈၀ မှာ ဗြိတိသျှအစိုးရရဲ့ ကြားဝင်စေ့စပ်ပေးမှုနဲ့ တောင်ရိုဒီးရှားလူဖြူအစိုးရနဲ့ သဘောတူညီချက် ရခဲ့တယ်။ တောင်အာဖရိကမှာ ဆိုဗီယက်ဩဇာချဲ့ထွင်လာနေတာကြောင့် အခုလို ဗြိတိသျှက ကြားဝင်စေ့စပ်

ပေးခဲ့တာ ဖြစ်တယ်။ သဘောတူညီချက်မှာ လူဖြူတွေပိုင်တဲ့ မြေယာတွေ အကာအကွယ်ပေးထားတာနဲ့ လူဖြူတွေအတွက် အမတ်နေရာ ၂၀ ပေးရမယ်ဆိုတာတွေ ပါတယ်။

သဘောတူညီချက်အရ ကျင်းပတဲ့ ၁၉၈၀ အထွေထွေရွေးကောက်ပွဲမှာ မူဂါဘီဦးဆောင်တဲ့ ZANU-PF ပါတီက အများစု အနိုင်ရခဲ့တယ်။ ဒါလည်း မထူးဆန်းပါဘူး။ မူဂါဘီက တနိုင်ငံလုံးလူဦးရေရဲ့ ၇၀% ရှိတဲ့ ရှိုနာမျိုးနွယ်ဖြစ်ပြီး နောက်အဖွဲ့အစည်း တခုဖြစ်တဲ့ ဇင်ဘာဘွေအာဖရိကသမဂ္ဂ (Zimbabwe African People's Union (ZAPU)) ပါတီခေါင်းဆောင် အန်နိုမို (Nkomo) က တနိုင်ငံလုံးလူဦးရေရဲ့ ၂၀% သာရှိတဲ့ အန်ဒီဘီလီမျိုးနွယ် ဖြစ်တယ်။ အစိုးရဖွဲ့တော့ ZAPU ကိုလည်း နေရာခွဲဝေပေးခဲ့တယ်။ မူဂါဘီက နိုင်ငံအကြီးအကဲ ဝန်ကြီးချုပ်ရာထူးယူခဲ့တယ်။ အန်နိုမိုက ပြည်ထဲရေးဝန်ကြီးလုပ်တယ်။ ဒါပေမဲ့ မကြာခင်မှာပဲ အစိုးရအဖွဲ့အတွင်း ရာထူးအပြောင်းအလဲတွေ ပြုလုပ်ရာက (ZANU-PF) နဲ့ (ZAPU) အကြား ပြင်းထန်တဲ့ အပြန်အလှန်တိုက်ခိုက်မှုတွေ ဖြစ်ပွားလာတယ်။

၁၉၈၂ ခုနှစ်မှာ မူဂါဘီက အန်ဒီဘီလီမျိုးနွယ်တွေအများစုနေထိုင်တဲ့ မာတာဘီလီလန်းဒေသမှာ စစ်ဆင်ရေးတရပ်ကို အကြီးအကျယ် လုပ်ခဲ့တယ်။ အဲဒီစစ်ဆင်ရေးကို အခုပြုတ်သွားတဲ့ ဒုသမ္မတ မနန်ဂါဂွာက ဦးဆောင်ခဲ့တာ ဖြစ်တယ်။ အဲဒီစစ်ဆင်ရေးကို လူမျိုးတုံးစစ်ဆင်ရေးလို့ အချို့က စွပ်စွဲကြတယ်။ ၄ နှစ်ခန့်အတွင်းမှာ လူ ၁၀, ၀၀၀ လောက် သေဆုံးခဲ့တယ်။ အများအပြားဟာလည်း အနှိပ်စက်အညှဉ်းပန်းခံကြရတယ်လို့ ဆိုတယ်။

၁၉၈၀ ခုနှစ်တွေမှာတော့ ဇင်ဘာဘွေဟာ တစုံတရာ စီးပွားရေးကောင်းခဲ့တယ်။ သယံဇာတပေါတာကြောင့်ရယ်၊ ဆိုဗီယက်ယူနီယံ ဩဇာမလွှမ်းစေဖို့အတွက် အနောက်အုပ်စုတွေက အကူအညီပေးခဲ့တာတွေကြောင့်လို့ ဆိုကြတယ်။ ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက်မှာတော့ အနောက်အုပ်စုရဲ့ မျက်နှာသာပေးမှုလည်း ပျောက်ကွယ်သွားတော့တယ်။ ၁၉၉၀ ခုနှစ်တွေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုဖွင့်ပေးဖို့၊ နိုင်ငံပိုင်တွေ ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲဖို့ စတဲ့ အပြောင်းအလဲတွေလုပ်ဖို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကတဆင့် အနောက်အုပ်စုက ဖိအားတွေ ပေးခဲ့တယ်။

အဲဒီကာလတွေအတွင်းမှာ လူမှုမငြိမ်မသက်မှုတွေလည်း ပေါ်ပေါက်ခဲ့တယ်။ ၁၉၉၀ မှာ တနိုင်ငံလုံး အလုပ်လက်မဲ့နှုန်းဟာ ၂၆% ရှိတယ်။ ၁၉၉၈ ကျတော့ အလုပ်လက်မဲ့ဟာ ၅၀% လောက် ဖြစ်လာတယ်။ ၁၉၉၇ နဲ့ ၁၉၉၉ အကြား အထွေထွေသပိတ်တွေ ဖြစ်ခဲ့တယ်။ ငွေကြေးဖောင်းပွမှုကလည်း ကြောက်ခမန်းလိလိ ၃၅၀% ရှိတယ်။ ပြည်ပထွက် အလုပ်လုပ်သူတွေ များလာတယ်။ စုစုပေါင်း လူဦးရေ ၁၃ သန်းရှိတဲ့အနက် ပြည်ပ ရောက်နေသူ ၃ သန်းလောက်ရှိတယ်။ လူဦးရေ ၇၅% ဟာ ဆင်းရဲမှုမျဉ်းအောက် ရောက်နေတယ်။

ခေါင်းဆောင်ပိုင်း အခွင့်ထူးခံတွေ ပေါ်လာတယ်။ သူတို့ဟာ အိမ်ကြီးရခိုင်တွေနဲ့ တန်ဖိုးကြီးကားတွေ စီးနိုင်ကြတယ်။ မြေယာတွေနဲ့စီးပွားရေးလုပ်ငန်းကြီးတွေလည်း ပိုင်ဆိုင်ကြတယ်။ ဒါကြောင့် မူဂါဘီက ရာထူးမြင့်ခေါင်းဆောင်တွေ လိုက်နာရမယ့် စည်းကမ်းဥပဒေတွေ ပြဋ္ဌာန်းခဲ့တယ်။ လစာတခုထက် ပိုမယူရနဲ့ မြေယာ ၅၀ ဧကထက် ပိုမပိုင်ဆိုင်ရ စတာတွေ ဖြစ်တယ်။ ဒါပေမဲ့ တချို့ကိုတော့လည်း မကိုင်တွယ်နိုင်ဘဲ ခြွင်းချက်ပေးခဲ့ရတယ်။ ဥပမာ ဗိုလ်ချုပ်ကြီးဆော်လမွန်မူဂျူရူဆိုရင် သူ့ရဲ့စီးပွားရေးအင်ပါယာကို အကြီးအကျယ် တိုးချဲ့နိုင်ခဲ့တယ်။ ဒါကြောင့် ဇင်ဘာဘွေရဲ့အချမ်းသာဆုံးသူ စာရင်းထဲမှာ ပါဝင်လာခဲ့တယ်။ ဒ့ါအပြင် ZANU-PF ပါတီရဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေလည်း ရှိတယ်။ ဦးပိုင်ကုမ္ပဏီကြီးတခုလည်း တည်ထောင်ထားတယ်။

၂၀၀၈ ခုနှစ်ရွေးကောက်ပွဲမှာ မူဂါဘီရဲ့ ZANU-PF က စုစုပေါင်းမဲရဲ့ ၄၃.၂% ရပြီး အတိုက်အခံ MDC က ၄၇.၉% ရတယ်။ ဘယ်သူမှ ၅၀% မကျော်တာကြောင့် နောက်တကျော့ရွေးကောက်ပွဲ လုပ်ရမှာ ဖြစ်တယ်။ ဒါပေမဲ့ မူဂါဘီက သူဖွဲ့စည်းထားတဲ့ စစ်ပြန်အဖွဲ့ဝင်များကို စည်းရုံးပြီး အတိုက်အခံ MDC နဲ့ထောက်ခံသူတွေကို အကြမ်းဖက်တိုက်ခိုက်မှုတွေ လုပ်စေခဲ့တယ်။ ဒီတကြိမ်မှာလည်း မနန်ဂါဂွာဟာ အဓိကအခန်းက ပါဝင်ခဲ့တယ်။ သူ့ရဲ့ရက်စက်ကြမ်းကြုတ်မှုတွေကြောင့် မိကျောင်းကြီးဆိုတဲ့ နာမည်ရခဲ့တယ်။

၂၀၀၈ ခုနှစ် မတ်လနဲ့ဇွန်လအတွင်းမှာ MDC ထောက်ခံသူအနည်းဆုံး ၁၅၀၀ ကျော်သေဆုံးခဲ့ရတယ်လို့ ဆိုတယ်။ အဲဒီကာလအတွင်း စုစုပေါင်း လူ ၄၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရတယ်။ အမျိုးသမီးများကို အုပ်စုဖွဲ့မတရားကျင့်မှုတွေလည်း အမြောက်အမြား ရှိတယ်လို့ ဆိုတယ်။ ဒီလိုနဲ့ ဒုတိယအကျော့ သမ္မတရွေးပွဲမှာ ပြိုင်ဘက်သမ္မတလောင်း တီဆန်ဂီရိုင် (Tsangirai) ဝင်မပြိုင်တော့ဘဲ နုတ်ထွက်သွားတယ်။ မူဂါဘီက ၈၅.၅% နဲ့ အနိုင်ရတယ်။ အစိုးရအဖွဲ့တွင်းမှာတော့ ရုပ်ပြကောင်းအောင် MDC ကိုလည်း အရေးမပါတဲ့ ရာထူးနေရာအချို့ ခွဲပေးခဲ့တယ်။ ၂၀၁၃ ရွေးကောက်ပွဲမှာလည်း ZANU-PF ကပဲ မဲ ၆၁% ကျော်ရတာကြောင့် မူဂါဘီပဲ သမ္မတပြန်ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာတော့ အကြမ်းဖက်မှုတွေ မဖြစ်ခဲ့ပါ။

မူဂါဘီရဲ့ပထမဇနီးက ဆယ်လီဟေဖရွန် ဖြစ်တယ်။ ၁၉၈၇ မှာ မူဂါဘီဟာ အိမ်ထောင်ရေးဖောက်ပြားမှု ဖြစ်တယ်။ သူ့ရဲ့အတွင်းရေးမှူးဖြစ်ပြီး အိမ်ထောင်သည်တဦးလည်းဖြစ်တဲ့ ဂရေ့စ်မာရူဖူ (မူဂါဘီထက်၄၁ နှစ်ငယ်တယ်) နဲ့ ဖောက်ပြားတာ ဖြစ်တယ်။ ၁၉၈၈ မှာ သမီးတယောက်နဲ့ ၁၉၉၀ မှာ သားတယောက် ရကြတယ်။ ပထမဇနီးဆယ်လီ ကွယ်လွန်ပြီးမှ ၁၉၉၂ မှာ မူဂါဘီနဲ့ဂရေ့စ်တို့ဟာ တရားဝင်လက်ထပ်ကြတယ်။

အယ်ဒီတာ့အာဘော် (calligraphic heading)

ဂရေ့စ်ဟာ အသုံးအစွဲကြီးသလို ထည်ဝါခမ်းနားမှုကိုလည်း နှစ်သက်သူ ဖြစ်တယ်။ သမ္မတကတော်ဘဝနဲ့ ခမ်းနားတဲ့နန်းတော်ကြီး ၂ ဆောင်ကို ကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်ခဲ့တယ်။ ကြီးကျယ်ခမ်းနားလွန်းပြီး ကုန်ကျစရိတ်များလှတာကြောင့် အဝေဖန်ခံရတယ်။ သူ့ကိုယ်ပိုင်စုဆောင်းငွေနဲ့ ဆောက်တာဖြစ်တယ်လို့ ဂရေ့စ်က ကာကွယ်ပြောဆိုတယ်။ နောက်တော့ ဒီအဆောက်အဦကို ပြန်ရောင်းလိုက်တယ်။ နောက်တခုကတော့ ၂၀၀၇ ခုနှစ်မှာ ဆောက်ပြီးတယ်။ ဒေါ်လာ ၂၆ သန်း ကုန်ကျတယ်။ ကုန်ကျစရိတ်ကို ZANU-PF ပါတီက ကျခံတယ်။ သမ္မတမူဂါဘီရဲ့နိုင်ငံရေးတာဝန်ထမ်းဆောင်မှုတွေအတွက် ကျေးဇူးဆပ်တာလို့ဆိုတယ်။ ဒ့ါအပြင် သူမဟာ မလေးရှား၊ ဟောင်ကောင်စတာတွေမှာလည်း အိုးပိုင်အိမ်ပိုင်တွေ ရှိတယ်။ စိန်တူးဖော်ရောင်းဝယ်ရေးလုပ်ငန်းတွေမှာလည်း ပါဝင်ပတ်သက်မှုရှိပြီး ဒေါ်လာသန်းပေါင်းများစွာ ရရှိထားတယ်လို့လည်း စွပ်စွဲမှုတွေရှိတယ်။ သူမကတော့ ဒါကို ငြင်းပါတယ်။

ဂရေ့စ်ဟာ ခမ်းခမ်းနားနား ထည်ထည်ဝါဝါ နေထိုင်လိုသူ ဖြစ်တယ်။ အဖိုးတန်အသုံးအဆောင်ပစ္စည်းတွေကို မက်မောတယ်။ နာမည်ကြီး အီတလီဂူချီကုမ္ပဏီက ထုတ်လုပ်တဲ့ တန်ဖိုးကြီး အဝတ်အထည်တွေနဲ့ သားရေပစ္စည်းတွေကို ဝယ်ယူသုံးစွဲလေ့ရှိတယ်။ ဒါကြောင့် သူ့ကို 'ဂူချီဂရေ့စ်' လို့ ခေါ်ကြတယ်။ ၂၀၀၃ ခုနှစ်မှာ ပါရီမြို့ကို ခဏတာ ဈေးဝယ်ထွက်ရာမှာ အမေရိကန်ဒေါ်လာ ၁၂၀, ၀၀၀ သုံးခဲ့တယ်။ ၂၀၀၄ ခုနှစ်မတိုင်မီအတွင်းမှာ ဇင်ဘာဘွေ ဗဟိုဘဏ်မှ စတာလင်ပေါင် ၅ သန်းကျော် ထုတ်ယူခဲ့တယ်လို့ ဆိုတယ်။

ဂရေ့စ်မူဂါဘီဟာ နိုင်ငံရေးနယ်ပယ်မှာလည်း တွင်ကျယ်နေရာရဖို့ ကြိုးစားလာတယ်။ ၂၀၁၄ ခုနှစ်မှာ ZANU-PF ပါတီရဲ့ အမျိုးသမီးအဖွဲ့ခေါင်းဆောင် ဖြစ်လာတယ်။ ၂၀၁၆ လောက်ကတည်းက ပါတီတွင်းမှာ သူမရဲ့ကိုယ်ပိုင်အင်အားစုကို မွေးမြူခဲ့တယ်။ သူ့ဂိုဏ်းဝင်တွေကို G40 (မျိုးဆက် ၄၀) လို့ ခေါ်ကြတယ်။ အများစုဟာ ခေတ်ပျက်သူဌေးတွေ (nouveau riche) ဖြစ်ကြတယ်။

ZANU-PF ပါတီတွင်းမှာ သူမရဲ့ဂိုဏ်းနဲ့ ဒုသမ္မတ မနန်ဂါဂွာရဲ့ဂိုဏ်းတို့ရဲ့တိုက်ပွဲဟာ တဖြည်းဖြည်း အရှိန် ပြင်းလာတယ်။ သမ္မတမူဂါဘီရဲ့ အရိုက်အရာကို ဆက်ခံနိုင်ဖို့အတွက် ပြိုင်ဆိုင်နေကြတာ ဖြစ်တယ်။ ဒီလိုနဲ့ ၂၀၁၇ နိုဝင်ဘာမှာ မနန်ဂါဂွာကို မူဂါဘီက ရာထူးက ဖယ်ရှားလိုက်တယ်။ မကြာမီမှာပဲ ဂရေ့စ်က ဒုသမ္မတရာထူးကို ရယူလိုကြောင်း ပြောင်ပြောဆိုခဲ့တယ်။

မနန်ဂါဂွာဟာ နိုင်ငံတော်လုံခြုံရေးဝန်ကြီးနဲ့ကာကွယ်ရေးဝန်ကြီးတွေအဖြစ် တာဝန်ထမ်းခဲ့ဖူးသူ ဖြစ်တယ်။ စစ်တပ်အတွင်း သူ့သြဇာလည်း အတော်အတန်ရှိပုံ ရပါတယ်။ အခုလို မနန်ဂါဂွာ အထုတ်ခံလိုက်ရတာကို စစ်တပ်အတွင်းမှ ဗိုလ်ချုပ်အတော်များများက သဘောမကျကြပါ။ ဂရေ့စ်မူဂါဘီနဲ့ သူ့ဂိုဏ်းဝင်တွေဟာ မနန်ဂါဂွာနဲ့နီးစပ်သူတွေကိုလည်း ပါတီတွင်းမှ ထုတ်ပယ်ဖို့ ဆက်ကြိုးစားကြတယ်။ စစ်တပ်အတွက် ပိုဒေါသထွက်စရာ ဖြစ်လာတယ်။

နိုဝင်ဘာ ၁၅ ရက်နေ့မှာတော့ စစ်တပ်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်တယ်။ အဓိကရည်ရွယ်ချက်ကတော့ မူဂါဘီအနေနဲ့ သူ့ဇနီးကို အာဏာလွှဲမပေးနိုင်ရေးပဲ ဖြစ်တယ်။ ကိုလိုနီလက်အောက်က လွတ်မြောက်အောင် တိုက်ပွဲဝင်ခဲ့တဲ့ ဝါရင့်တော်လှန်ရေးသမားမျိုးဆက်တွေကို နောက်ပေါက်မျိုးဆက်က ချနင်းတာကို မခံနိုင်ဘူးလို့လည်း ဆိုတယ်။

အထက်မှာ ဆိုခဲ့သလို ဝိုင်းဖိအားပေးကြတဲ့အောက်မှာ မူဂါဘီဟာ အပေးအယူလုပ်ပြီး သမ္မတရာထူးက နုတ်ထွက်သွားခဲ့ရတာ ဖြစ်တယ်။ သဘောတူညီချက်အရ မူဂါဘီအနေနဲ့ မသေမချင်း အမေရိကန်ဒေါ်လာ ၁၅၀, ၀၀၀ ကို လစာအဖြစ် ရရှိသွားမှာ ဖြစ်တယ်။ ဂရေ့စ်ကတော့ အဲဒီထက်ဝက်လစာကို ခံစားရမယ်။ လက်ငင်းငွေ အမေရိကန်ဒေါ်လာ ၅ သန်းပေးရတယ်။ မူဂါဘီမိသားစုနဲ့ပိုင်ဆိုင်သမျှတွေကို မတို့မထိပါဘူးဆိုတဲ့ အာမခံချက်လည်း ပေးရတယ်။ ဒ့ါအပြင် ဆေးကုသစရိတ်၊ အိမ်တွင်းအခိုင်းအစေစရိတ်၊ လုံခြုံရေးနဲ့ နိုင်ငံခြားခရီးစရိတ်တွေပါ ကျခံပေးရမှာ ဖြစ်တယ်။ (ဗိုလ်သန်းရွှေတို့အနားယူတဲ့ ပုံစံနဲ့ မတူပေဘူးလား။) မူဂါဘီဟာ နန်းစွန့်သွားတယ်ဆိုပေမယ့် အဆောင်အယောင် ခြွေရံသင်းပင်းတွေနဲ့ ချမ်းချမ်းသာသာ နန်းကျဘဝမျိုး ဖြစ်တယ်။

ဇင်ဘာဘွေ လူထုကတော့ မူဂါဘီလက်အောက်မှာ ဆင်းရဲဒုက္ခမျိုးစုံ ခါးစည်းခံခဲ့ကြရတာဖြစ်တော့ သူနုတ်ထွက်ပြီဆိုတာနဲ့ ဝမ်းသာအားရဖြစ်ကြပါတယ်။ အောင်ပွဲတွေ ခံကြတယ်။ အခုတက်လာတဲ့ မနန်ဂါဂွာ (မိကျောင်းကြီး) ကလည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲလုပ်ပေးမယ်လို့ ကတိပေးထားတယ်။ ဒါပေမဲ့ ZANU-PF နဲ့ မနန်ဂါဂွာတို့ဟာ အရင် အစဉ်အလာအတိုင်း ရွေးကောက်ပွဲမှာ နိုင်လည်းနိုင်ရမယ်၊ မနိုင်လည်းနိုင်ရမယ်ဆိုတဲ့ ဇာတ်ကိုပဲ ကကြဦးမလားဆိုတာကိုတော့ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။

အေးမြင့်

၂၆ - ၁၂ - ၂၀၁၇

၁၃၀၀ ပြည့် အရေးတော်ပုံရဲ့ အနှစ် ၈၀ ပြည့်
ထွန်းပြောင်တဲ့နှစ်ကာလကို အထိမ်းအမှတ်ပြုခြင်း

မောင်ဖိုးထီ

(၁)

ဒီနှစ် ၂၀၁၈ ခုနှစ်ဟာ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများနဲ့ တိုင်းရင်းသားလုပ်သားပြည်သူအပေါင်း ပါဝင်တဲ့ ဗမာပြည် နိုင်ငံရေး သမိုင်းမှာ ကြီးမြတ်ဂုဏ်ရောင်ပြောင်တဲ့ ၁၃၀၀ (၁၉၃၈) ပြည့် အရေးတော်ပုံလို့ခေါ်တဲ့ လူထုလှုပ်ရှားမှုကြီးရဲ့ နှစ် ၈၀ ပြည့် ထွန်းပြောင်တဲ့ မင်္ဂလာမခါသမယဖြစ်တယ်။

ဒီအရေးတော်ပုံကြီး ပြီးသွားတဲ့နောက်တနှစ်၊ ၁၉၃၉ ခုနှစ်မှာ အရေးတော်ပုံရဲ့ အတွေ့အကြုံများကို နိဂုံးချုပ်၊ သင်ခန်းစာ ထုတ်ပြီးနောက် ဗမာပြည်မှာ အလုပ်သမားလူတန်းစားတပ်ဦးပါတီ တည်ထောင်ရန် သမိုင်းရေး တောင်းဆိုမှုအရ သခင်အောင်ဆန်း၊ သခင်ဗဟိန်း၊ သခင်စိုး၊ သခင်ဗတင် (ရဲဘော်ဂိုရှယ်)၊ သခင်လှဖေ(ဗိုလ်လက်ျာ)၊သခင်ဗိုလ်စတဲ့ အဲဒီခေတ်က လူငယ်များစုစည်းပြီး ဗမာပြည်ကွန်မြူနစ်ပါတီကို တည်ထောင် ခဲ့ကြတယ်။

ဒီအရေးတော်ပုံကြီးပြီးနောက် ၁၀ နှစ်အကြာ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီး စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့လို့ အင်္ဂလိပ်ကို လိုနီအုပ်စိုးမှုအောက်က တိုင်းပြည်လွတ်မြောက်ရေးကို ရရှိခဲ့ကြတယ်။ ဒါပေမဲ့ ကံမကောင်းအကြောင်းမလှစွာ တိုင်းပြည်လွတ်လပ်ရေး အချုပ်အခြာအာဏာဟာ ဖဆပလ ဖောက်ပြန်တဲ့ လက်ယာဂိုဏ်းအုပ်စုလက်ထဲ ရောက်ရှိသွားပြီး ပြည်တွင်းစစ်ဖန်တီးခဲ့လို့ လွတ်လပ်ရေးနဲ့အတူ ပြည်တွင်းစစ် ဖြစ်ခဲ့ရတယ်။ ဒီနေ့အထိ အဲဒီပြည်တွင်းစစ်အတွင်းမှာ တိုင်းရင်းသား ပြည်သူတရပ်လုံး ဆင်းရဲတွင်းနက်ပြီးရင်းနက်ကာ ဒုက္ခပင်လယ်ဝေခဲ့ရတယ်။

ဒီအရေးတော်ပုံကြီးရဲ့ အနှစ် ၅၀ ပြည့် ရွှေရတုအချိန်ကာလကို ရည်စူးပြီး ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပထမမျိုးဆက်များဖြစ်တဲ့ သခင်ဗသိန်းတင် ဦးဆောင်တဲ့ ၁၉၈၅ ကွန်ဂရက် ဗဟိုကော်မတီက-တိုင်းပြည်ရဲ့ နောက်မျိုးဆက်များကို ပြည်တွင်းစစ်အမွေမပေးဘဲ၊ ငြိမ်းချမ်းရေးကိုသာ အမွေပေးနိုင်ရေး၊ တပါတီအာဏာရှင်စနစ်ကိုဖျက်သိမ်းရေး၊ ပါတီစုံစနစ် ပေါ်ထွန်းလာရေး၊ ဒီမိုကရေစီ အစိုးရတရပ် ပေါ်ထွန်းလာရေးအတွက် အားလုံး စုပေါင်းညီညာ တိုက်ပွဲဝင်ရေးကို နယ်ပယ်အသီးသီးမှာ ရှိနေတဲ့ မိမိတို့ရဲ့လုပ်ဖော်ကိုင်ဖက်ဟောင်းများထံ သဝဏ်လွှာပေးပို့ လှုံ့ဆော်ဝါဒဖြန့် စည်းရုံးရေးကို ဆုံးဖြတ်ချက်ချ အစီအစဉ်ရှိရှိ ပြင်ဆင်မှုရှိရှိ လုပ်ဆောင်ခဲ့တယ်။ တချိန်တည်းမှာ အလုပ်သမား၊ လယ်သမားနဲ့ ကျောင်းသားလူငယ်များအတွင်း ထိုးဖောက်တိုးဝင်ကာ သက်ဆိုင်ရာသမဂ္ဂအသီးသီးကို စည်ရုံးဖွဲ့စည်းကာ အထက်ပါ ရည်မှန်းချက်များအတွက် လှုံ့ဆော်ဝါဒဖြန့်ခဲ့တယ်။ အကျိုးဆက်အားဖြင့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တပြည်လုံးအတိုင်းအတာနဲ့ ကြီးမားကျယ်ပြောလှတဲ့ (၈လေးလုံး) လူထုအရေးတော်ပုံကြီး ပေါ်ပေါက်ကာ မဆလ တပါတီအာဏာရှင်စနစ် ကျဆုံးသွားသည်အထိ တိုက်ပွဲဝင်ခဲ့နိုင်ခဲ့တယ်။ ဒါပေမဲ့ အဆုံးသတ်ရည်မှန်းချက် ပန်းတိုင်ကို မတက်လှမ်းနိုင်ခဲ့။ စစ်အုပ်စုက လက်ဦးမှုယူ အာဏာ သိမ်းသွားပြန်တယ်။

(၂)

ဗမာပြည်ဟာ အရှေ့တောင်အာရှမှာ ရေမြေတောတောင် သဘာဝသာယာလှပတဲ့ နိုင်ငံတနိုင်ငံဖြစ်တယ်။ မြေပေါ်မြေအောက် သယံဇာတကြွယ်ဝတဲ့ နိုင်ငံတနိုင်ငံဖြစ်လို့ အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့သမားအပါအဝင် နယ်ချဲ့အင်အားစုများ သွားရည်ကျခဲ့တဲ့ နိုင်ငံဖြစ်တယ်။ ဒီလိုနဲ့ အင်္ဂလိပ် ကိုလိုနီ နယ်ချဲ့သမားနဲ့ တိုက်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီး နောက်ဆုံး ၁၈၈၅၊ တတိယအကြိမ် အင်္ဂလိပ်-ဗမာစစ်ပွဲအပြီး အင်္ဂလိပ်ကိုလိုနီ နယ်ချဲ့သမားလက်အောက်သို့ တနိုင်ငံလုံး ကျရောက်သွားခဲ့ရတယ်။

အင်္ဂလိပ်နယ်ချဲ့သမားရဲ့ သွေးစုပ်မှုအောက်မှာ ဆန်စပါးအထွက်ကောင်းလှပြီး ဆန်စပါးစိုက်ပျိုးနေတဲ့ လယ်သမားတွေဟာ စားရမဲ့သောက်ရမဲ့ဖြစ်ခဲ့ရတယ်။ အင်္ဂလိပ် ရေနံရှာဖွေရေးကုမ္ပဏီအတွက် ရေနံတူးဖော်ပေးနေရတဲ့ ရေနံမြေအလုပ်သမားတွေရဲ့ဘဝဟာ မီးထွန်းစရာ ရေနံမရှိတဲ့ မည်းမှောင်နေတဲ့ဘဝမှာ အငတ်ငတ်အပြတ်ပြတ် ရှင်သန်ရင်း လုပ်ကိုင်နေရတယ်။ သစ်ကုမ္ပဏီများအတွက် သစ်ခုတ်ပေးနေရတဲ့ သစ်လုပ်သားတွေဟာ နေစရာမရှိတဲ့ ဘဝအခြေအနေ၊ ဝါဂွမ်းစိုက်ပျိုးနေတဲ့ တောင်သူလယ်သမားတွေမှာ ဝတ်စရာမရှိတဲ့ ဘဝအခြေအနေမျိုးအောက်မှာ ရှင်သန်နေခဲ့ကြရတယ်။ ချုပ်ပြောရရင် ဗမာပြည်ပြည်သူလူထုရဲ့အများတကာ့ အများစုဖြစ်တဲ့ အလုပ်သမား၊ လယ်သမား တွေဟာ ဖောင်စီးရင်းရေငတ်ရတဲ့အဖြစ်မျိုး ရင်ဆိုင်နေရတယ်။ ဒီလို အခြေအနေမှာ ၁၃၀၀ ပြည့်အရေး လူထုအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ခြင်းဖြစ်တယ်။

၁၃၀၀ ပြည့်အရေးတော်ပုံရဲ့ ပွဲဦးထွက်အဖြစ် ရေနံမြေအလုပ်သမားသပိတ် ပေါ်ထွက်လာခဲ့တယ်။ ၎င်းသပိတ်ဟာ ရုတ်တရက်ရှောင်တခင် ပေါ်ပေါက်လာခြင်းမျိုးမဟုတ်ဘဲ၊ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ ရေနံကုမ္ပဏီများက အနှစ်နှစ်အလလ မတရားဖိနှိပ်သွေးစုပ်မှုကို ကြိတ်မှိတ်ခံခဲ့ရာမှ မခံနိုင်တဲ့အဆုံး ၁၉၃၈ ဇန်နဝါရီ ၈ ရက်နေ့မှာ ပေါက်ကွဲ ပေါ်ထွက်လာခြင်းဖြစ်တယ်။ ပထမဆုံးချောက်ရေနံမြေ၊ ဘီအိုစီကုမ္ပဏီမှ ရေနံမြေအလုပ်သမားများ အလုပ်ခွင်မှထွက် ဆန္ဒပြကြတယ်။ တဆက်တည်း မိုလာ၊ လမ်းရွာ၊ စဉ့်ကူ၊ ရေနံချောင်း၊ ရေနံချောင်းစတဲ့ ရေနံမြေအသီးသီးရှိ အိုင်ဘီပီနဲ့ ဘီအိုစီရေနံ ကုမ္ပဏီမှ အလုပ်သမားများကလည်း အဲဒီသပိတ်ကို ထောက်ခံတဲ့အနေနဲ့ သပိတ်တိုက်ပွဲအတွင်း ပါဝင်လာကြတယ်။

၁၉၃၈ ဇန်နဝါရီ ၈ ရက်၊ ချောက်ရေနံမြေ အလုပ်သမားများရဲ့ သပိတ်မှောက်တောင်းဆိုချက်များအပေါ် ၎င်းနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့အထိ ကျေနပ်လောက်တဲ့ လိုက်လျောမှု မရှိခဲ့။ ရေနံကုမ္ပဏီများက အလုပ်သမားများအတွင်း သွေးခွဲရေးနဲ့ သပိတ်ဖြိုခွဲရေးကိုသာ လုပ်ဆောင်ခဲ့တယ်။ သပိတ်မှောက်အလုပ်သမားများကိုလည်း ပုလိပ်များက ကုမ္ပဏီများရဲ့ အလိုကျ အကြမ်းဖက်ဖြိုခွဲ၊ ခေါင်းဆောင်များကို ဖမ်းဆီးထောင်ချခဲ့တယ်။ အလုပ်သမားများဟာ ကုမ္ပဏီများနဲ့အစိုးရ ပူးပေါင်း သပိတ်ဖြိုခွဲမှုကို အနိုင်မခံ အရှုံးမပေးဘဲ တဗိုလ်ကျတဗိုလ်တက်စနစ်ဖြင့် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြတယ်။

အဲဒီအချိန်မှာ တို့ဗမာအစည်းအရုံးရဲ့ လှုံ့ဆော်မှုကြောင့် အနှစ်နှစ်အလလ ခေါင်းပုံဖြတ် အနိုပ်စက်ခံ ဓားမနောက်ပိတ်

ခွေးဘဝဖြင့် ကြွေးတင်ကျွန်ဖြစ်နေကြရတဲ့ တောင်သူလယ်သမားများလည်း နိုးကြားတက်ကြွကာ သီးစားခကန့်သတ်ရေး၊ လယ်မြေလွှဲပြောင်းပေးရေး ဥပဒေကြမ်းများ အတည်ပြုရန် တိုက်ပွဲဝင်နေတဲ့ကာလလည်းဖြစ်တယ်။ အဖိနှိပ်ခံသွေးစုပ်ခံ ဘဝတူလူတန်းစားများ ဖြစ်တဲ့ အလုပ်သမားနဲ့ လယ်သမားတို့ လက်တွဲနိုင်တဲ့ အခြေအနေပေးနေတဲ့ ကာလလို့လည်း ဆိုနိုင်တယ်။

၁၉၃၆ ခုနှစ် ဒုတိယ ကျောင်းသားသပိတ်နောက်ပိုင်း၊ ဒုတိယအကြိမ်မြောက်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား များကွန်ဖရင့် (မန္တလေး) မှာ တက်ရောက်လာတဲ့ သမဂ္ဂအသင်းခွဲ ၃၄ သင်းမှ ကိုယ်စားလှယ်များဟာ ကျောင်းသားပြဿနာများကိုသာမက တော့ဘဲ နယ်ချဲ့ဆန့်ကျင်ရေး၊ ဆင်းရဲသားများအရေးကို စတင်ဆွေးနွေးလာကြတယ်။ ကျောင်းသားများဟာ နယ်ချဲ့ စနစ်တိုက်ဖျက်ရေးမှာ အလုပ်သမား၊ လယ်သမားများနဲ့ ပူးပေါင်းရေး သဘောထားများကို သမဂ္ဂအသင်းရဲ့ လုပ်ငန်းများမှာ စတင် ရေးသားလာခဲ့သလို ဟောပြောချက်များမှာလည်း အတိအလင်းဟောပြောလာနေကြတဲ့ ကာ လဖြစ်တယ်။

ယခုလိုအလုပ်သမား၊ လယ်သမား၊ ကျောင်းသားများ ညီညွတ်လာမှုဟာ တမျိုးသားလုံး အုံကြွမှုဖြင့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားကြီးတရပ် ဖန်တီးရန်၊ လွတ်လပ်ရေးအတွက် နယ်ချဲ့တော်လှန်ရေးအတွက် ခြေလှမ်းပြင်ရန် အကောင်းဆုံး ကာလလို့ ဆိုနိုင်တယ်။

အဲဒီကာလက ဗမာ့နိုင်ငံရေးကို ဦးဆောင်နေတဲ့ တို့ဗမာအစည်းအရုံး ခေါင်းဆောင်များဖြစ်တဲ့ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းနဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ သခင်ဗဟိန်းနဲ့ အထွေထွေအတွင်းရေးမှူး သခင်ဗဆွေအပါ တို့ဗမာအစည်းအရုံးဝင် ဗဟိုအလုပ်အမှုဆောင်များနဲ့ ရှေ့တန်းရောက် သခင်လူငယ်များအတွင်း အဲဒီအခြေအနေကောင်းကို လက်လွှတ်မခံဘဲ နယ်ချဲ့ဆန့်ကျင်ရေး အထောက်အကူပြု အမျိုးသားလှုပ်ရှားမှုကြီးတရပ် ဖော်ဆောင်ရေး၊ ၎င်းလှုပ်ရှားမှုကို တို့ဗမာအစည်းအရုံးက ဦးဆောင်သွားရေးကို သဘောတူခဲ့ကြပြီး အောက်ပါ လုပ်ငန်းစဉ်များလည်း ချမှတ်ခဲ့တယ်။

၁။ မိမိတို့ရဲ့ တောင်းဆိုချက်အပေါ် ကျေနပ်လောက်တဲ့ တုံ့ပြန်မှုမရသေးလို့ မပြေမလည်ဖြစ်နေတဲ့ ရေနံမြေအလုပ်သမားများကိုယ်တိုင် မိမိတို့ရဲ့နစ်နာချက်များ၊ တောင်းဆိုချက်များကို နိုင်ငံတော်အစိုးရနဲ့ ပြည်သူတရပ်လုံးသို့ တင်ပြရန် ရေနံမြေအလုပ်သမားသပိတ်တပ်ကြီး ရန်ကုန်အရောက် ခြေလျင်ချီတက်ရန်၊

၂။ သထုံ၊ ပဲခူး၊ ဟံသာဝတီနှင့် သာယာဝတီမှ တိုက်ပွဲဝင်နေကြတဲ့ လယ်သမားတပ်များလည်း ရန်ကုန်အရောက် ချီတက်လာရန်၊

၃။ ၎င်းစစ်ကြောင်း ၂ ခု ရန်ကုန်သို့ ချီတက်လာရာခရီးစဉ်ကို ပြည်သူတရပ်လုံးက အားပေးကူညီ ထောက်ခံသွားရေး စည်းရုံးလှုံ့ဆော် သွားရန်၊

၄။ အထက်ပါ စစ်ကြောင်း ၂ ခု ရန်ကုန်မှာ ပေါင်းမိတဲ့အခါ အထွေထွေသပိတ်ဖြစ်ပေါ်ရေး စည်းရုံးလှုံ့ဆော် သွားရန်၊

၅။ ၎င်းလှုပ်ရှားမှု အရှိန်အဟုန်ကိုယူကာ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကို တဆင့်တိုးမြှင့်သွားရေးစတာတွေကို ဆုံးဖြတ်ခဲ့ကြတယ်။

အထက်ပါ အစီအစဉ် ဆုံးဖြတ်ချက်များအရ ၁၉၃၈ နိုဝင်ဘာ ၃၀ ရက်နေ့ နံနက် ၆ နာရီမှာ ရေနံမြေ အလုပ်သမားများဟာ ၄ ယောက် တတွဲတန်းစီပြီး ချောက်မြို့မှ ရန်ကုန်သို့ ခရီးရှည်လမ်းလျှောက် ချီတက်ဆန္ဒပြမှု စတင်တယ်။ ဒီဇင်ဘာ ၄ ရက်နေ့မှာ အင်အား ၁၀၀၀ နီးပါးရှိ ၎င်းသပိတ် တပ်ဖွဲ့ကြီး မကွေးမြို့ရောက်ရှိ၊ မဲထီးကျောင်းတိုက်အတွင်း စခန်းချ ရပ်နားတယ်။ အဲဒီည ၁၂ နာရီမှာ မကွေးအရေးပိုင်က ပုဒ်မ ၁၄၄ ထုတ်ကာ အလုပ်သမားတပ်ဖွဲ့ကြီး ရှေ့မတိုးနိုင်အောင် ပိတ်ပင်တားဆီးလိုက်တယ်။ ၎င်းသတင်း ရန်ကုန်ရောက်သွားတဲ့အခါ အရေးကြီးခေါင်းဆောင်များ ချက်ချင်းစုစည်းကာ သပိတ်တပ်ဖွဲ့ကြီး ရန်ကုန်အရောက် ချီတက်ရန် တပိုလ်ကျ တပိုလ်တက်ကျင့်သုံးရန်လိုတယ်။ ဒါကြောင့် သပိတ်တပ်ဖွဲ့ကြီးကို ရှေ့ဆောင်ရန် "အသေခံပိုလ်များ" သတင်းစာမှ ခေါ်ယူရေး ဆုံးဖြတ်ခဲ့တယ်။

အသေခံတပ်ပိုလ် သခင်စိုး၊ သခင်ထိန်ဝင်းတို့ကို ဟိုမှာရောက်နှင့်နေတဲ့ သခင်ဖေသန်းနဲ့ အတူပူးတွဲကာ မကွေးမှာ ပိတ်ဆို့ခံနေရတဲ့ အလုပ်သမားတပ်ဖွဲ့ ဆက်လက်ချီတက်ရေးကို ဆောင်ရွက်ရန်။ သခင်ဗဟိန်းနဲ့ သခင်ဗဆွေတို့ကို ရေနံချောင်းကျောင်းသား သပိတ်ကိစ္စ သွားရောက်ဖြေရှင်းရင်း၊ မကွေးမှာ ပိတ်ဆို့ခံနေရတဲ့ ရေနံမြေမှ သပိတ်တပ်ဖွဲ့ကိစ္စကို ခရီးသွားဟန်လွှဲ ဆောင်ရွက်ရန် တာဝန်ပေးလိုက်ပါတယ်။ ဒီဇင်ဘာ ၉ ရက်နေ့မှာ မကွေးကို ရောက်ကြတယ်။ အလုပ်သမားတပ်ဖွဲ့ကြီးမှာ ပုဒ်မ ၁၄၄ ကြောင့် အခက်ကြုံ၊ စိတ်ပျက်အားငယ်နေတဲ့ အချိန်ဖြစ်ပါတယ်။ သခင်ဗဟိန်းနဲ့ သခင်ဗဆွေတို့ လည်း ရှေ့ခရီးမဆက်တော့ဘဲ၊ ပုဒ်မ ၁၄၄ ကို ရိုက်ချိုး၊ အလုပ်သမားတပ်ဖွဲ့ကြီး ခရီးဆက် ချီတက်သွားရေး သခင်ဖေသန်း၊ သခင်စိုး၊ သခင်ဗတင်တို့နဲ့ အတူ ပါဝင်ဆောင်ရွက်ဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

ဦးစွာအားဖြင့် စားရေးသောက်ရေးကိစ္စများ ဖြေရှင်းပေးပြီး အလုပ်သမားတပ်ဖွဲ့ကို စစ်တပ်ဖွဲ့သလို တပ်စိတ်၊ တပ်စု စနစ်တကျ ပြန်လည်ဖွဲ့စည်းကာ တပ်စိတ်မှူး၊ တပ်စုမှူးများ အမှတ်စဉ်တပ် တဗိုလ်ကျတဗိုလ်တက် ဆက်လက်ချီတက်ရေး ဖွဲ့စည်းပုံ အရရော စိတ်ဓာတ်ရေးရာအရပါ ပြင်ဆင်ပေးခဲ့တယ်။ ဒီဇင်ဘာ ၁၂ ရက်၊ နံနက်တွင် အလုပ်သမား တပ်ဖွဲ့ကို ကိုယ်တိုင် ခေါင်းဆောင်ချီတက်ရန် ဆုံးဖြတ်ထားတဲ့ သခင်ဇပဟိန်းတို့ ၅ ယောက်မှာ ၁၁ ရက်၊ ည ၇ နာရီခန့်က တည်းက ဖမ်းဆီးချုပ်နှောင်ခြင်း ခံလိုက်ရတယ်။

မကွေးမှာ ကျောင်းသားခေါင်းဆောင် သခင်ဇပဟိန်းနဲ့ သခင်ဘဆွေတို့ အဖမ်းခံရကြောင်းသိလိုက်တာနဲ့ ထောင်ကို ဝိုင်းထားပြီး ကျောင်းသားခေါင်းဆောင်နှစ်ဦး လွှတ်ပေးရေးကို တောင်းဆိုကြတယ်၊ ကျောင်းသားများရဲ့ ကြွေးကြော်သံများ ပွဲတင်ဟိန်းသွားခဲ့တယ်၊ ထောင်အတွင်းမှ ရဲဘော်များကလည်း ပြန်ကြွေးကြော်ကြရုံမက ထောင်ခေါင်မိုးအထိ အပြင်ဘက်ကို မြင်ရအောင် တက်လိုက်ပြီး အလှည့်ကျ တရားဟောခဲ့ကြတယ်။ အဲဒီအချိန်မှာပဲ ရေနံမြေသပိတ်တပ်ကို ဝိုင်းထားတဲ့ မြင်းစီးတပ်ကို ရုပ်သိမ်းလိုက်ပြီး ထောင်သို့ အရေးပေါ် ပို့လာတယ်။ သခင်ဇပဟိန်းရဲ့ "မြင်းစွာတချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေရမယ်"ဆိုတဲ့ စကားဟာ အဲဒီတုန်းက ပေါ်ထွက်ခဲ့တာဖြစ်ပြီး၊ ဒီနေ့ထိ ဗမာပြည်လူထုအုံကြွမှုသမိုင်းမှာ ထင်ဟပ် ပွဲတင်ထပ်နေတယ်။

မြင်းစီးပုလိပ်တပ်ကို ရုပ်သိမ်းလိုက်တဲ့အတွက် ရေနံမြေအလုပ်သမား သပိတ်တပ်ဖွဲ့ကြီးကို ပိတ်ဆို့ထားတဲ့ စစ်ပုလိပ်နဲ့ရဲတပ်မှာ အင်အားချည့်နဲ့သွားကာ သပိတ်တပ်ဖွဲ့ကို လုံအောင်မထိန်းနိုင်ဖြစ်လာတာကို ချက်ကောင်းယူပြီး၊ အလုပ်သမားတပ်ဖွဲ့ကြီးဟာ ညာသံပေး အတင်းတိုးထွက်ပြီး အစီအစဉ်အတိုင်း ဒီဇင်ဘာ ၁၂ ရက်နေ့မှာ ပုဒ်မ ၁၄၄ ကို အောင်မြင်စွာ ချိုးဖောက်ပြီး ဆက်လက်ချီတက်ခဲ့ကြတယ်။

ရေနံမြေအင်တပ်ကြီးကို ခရီးစဉ်တလျှောက်ရှိ ပြည်သူလူထုကြီးနဲ့အတူ (၁) တပြည်လုံးမှ ကျောင်းသားသမဂ္ဂ ၄၆ ဖွဲ့ကလည်းကောင်း (၂) ပြည်သူလူထု အများတကာ့အများစုကို ကိုယ်စားပြုတဲ့ တို့ဗမာအစည်းအရုံး (၈၀) ကျော်ကလည်းကောင်း (၃) နဂါးနီ စာအုပ်သင်း (၁၆၀) ကျော်ကလည်းကောင်း (၄) အလုပ်သမား၊ လယ်သမား၊ ဘာသာရေး၊ လူမှုရေး အဖွဲ့အစည်း (၁၀၀) ကျော်နဲ့ ရန်ကုန်မှ စီးပွားရေး ကုန်သွယ်ရေး အဖွဲ့အစည်းများမှလည်းကောင်း ရုပ်ဝတ္ထုနဲ့ရော၊ စိတ်ဓာတ်ရေးရာအရပါ အားပေးထောက်ခံခဲ့ကြလို့ ရန်ကုန်သို့ ၁၉၃၉ ဇန်နဝါရီ ၉ ရက်မှာ ဆိုက်ရောက်ပြီး ရွှေတိဂုံရင်ပြင်တဝိုက် အခြေစိုက်ခဲ့တယ်။

၁၃၀၀ ပြည့်အရေးတော်ပုံရဲ့ လှုပ်ရှားမှုတခန်းတကဏ္ဍအနေနဲ့ ကျောင်းသားလှုပ်ရှားမှု ပါဝင်တယ်။ မကွေးမှာ ကျောင်းသားခေါင်းဆောင် ၂ ဦးဖြစ်တဲ့ သခင်ဇပဟိန်းနဲ့ သခင်ဗဆွေတို့ ဒီဇင်ဘာ ၁၁ မှာ အဖမ်းခံလိုက်ရတဲ့သတင်းကို သိလိုက်တာနဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အလုပ်အမှုဆောင်များနဲ့ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်တို့ရဲ့ အရေးပေါ် အစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက်နေ့မှာ ပြုလုပ်တယ်။ သမဂ္ဂ နှစ်ခုလုံးရဲ့ ဥက္ကဋ္ဌအဖြစ် ကိုလှရွှေက တာဝန်ယူတယ်။ သူဟာ သမိုင်းမှာ အာဏာရှင်ကိုလှရွှေလို့ နာမည်တွင်ခဲ့တယ်။

အထက်ပါ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒီဇင်ဘာ ၁၃ မှာ ကျောင်းသားထုအစည်းအဝေးတရပ် ကျင်းပခဲ့။ အစည်းအဝေးမှ -

(၁) နယ်ချဲ့လက်ပါးစေ အစိုးရက မတရားဖမ်းဆီးထားတဲ့ ကျောင်းသားခေါင်းဆောင်များ ချက်ချင်း လွှတ်ပေးရန်

(၂) တရားသဖြင့် ရသင့်ရထိုက်တဲ့ အခွင့်အရေး တောင်းဆိုတိုက်ပွဲဝင်နေတဲ့ အလုပ်သမားများကို မချုပ်ချယ်ရေး

(၃) မန္တလေးနဲ့ မကွေးမြို့များတွင် ထုတ်ပြန်ထားတဲ့ ပုဒ်မ ၂၃ နဲ့ ၁၄၄ ကို ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့။ ထိုတောင်းဆိုချက်များကို အစိုးရထံနဲ့ သတင်းစာတိုက်များကို ပေးပို့ခဲ့တယ်။

ဒီဇင်ဘာ ၁၄၊ နေ့လည် ၁၂ နာရီမှာ ရန်ကုန်ကျောင်းပေါင်းစုံမှ ကျောင်းသားထုအစည်းအဝေးတရပ်ကို ရွှေတိဂုံစေတီတော်ရဲ့ ရင်ပြင်တော် ရာဟုထောင့်မှာ ကျင်းပခဲ့၊ ဒီဇင်ဘာ ၁၃၊ တက္ကသိုလ်ကျောင်းသားများရဲ့ ဆုံးဖြတ်ချက်ကိုပဲ ထပ်မံအတည်ပြု တညီတညွတ်တည်း ဆုံးဖြတ်တောင်းဆိုခဲ့ပြန်တယ်။

ဒီဇင်ဘာ ၁၅၊ ညနေ ၄ နာရီမှာ တက္ကသိုလ်နဲ့ ရန်ကုန်ကျောင်းပေါင်းစုံမှ ကျောင်းသားထုပါဝင်ပြီး မြို့မကျောင်းဝင်းအတွင်း စုဝေးကာ "အစည်းအဝေးမလုပ်ရ၊ စီတန်းလှည့်လည်ခြင်းမလုပ်ရ"၊ ပုဒ်မ ၁၄၄ အရ အစိုးရထုတ်ပြန်ထားချက်ကို ဖီဆန်တဲ့အနေနဲ့ ရန်ကုန်မြို့တွင်း စီတန်းလှည့်လည် အင်အားပြ အာဏာဖီဆန်ခဲ့ကြတယ်။

ရန်ကုန်ကျောင်းသားထု တရပ်လုံး အတည်ပြု ဆုံးဖြတ်တောင်းဆိုခဲ့တဲ့ ဒီဇင်ဘာ ၁၄ ရက်နေ့ တောင်းဆိုချက်ကို ဒီဇင်ဘာ ၁၉ အထိ အကြောင်းပြန်ကြားခြင်းမရှိလို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂနဲ့ ရန်ကုန်ကျောင်းပေါင်းစုံမှ ခေါင်းဆောင်များ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအသင်းတိုက်မှာ စုရုံးပြီး အင်္ဂလိပ်ကိုလိုနီအစိုးရအုပ်ချုပ်ရေးရဲ့ ဗဟိုရုံးချုပ်ဖြစ်တဲ့ "အတွင်းဝန်များရုံး" ကို တနေ့တာ အလုပ်ရပ်စဲသွားစေရန် ဒီဇင်ဘာ ၂၀ ရက်နေ့မှာ ဝိုင်းဝန်း

သပိတ်တား ဆန္ဒပြရန် လျှို့ဝှက် ဆုံးဖြတ်ချက်ချခဲ့တယ်။

ဒီဇင်ဘာ ၂၀၊ နံနက်စောစောက စတင်ကာ ကျောင်းသားကျောင်းသူတစ်ထောင်ခန့် စုရုံးရောက်ရှိလာပြီး "တို့ခေါင်းဆောင်တွေ အမြန်လွှတ်"၊ "အရေးတော်ပုံအောင်ရမည်" စတဲ့ ကြွေးကြော်သံများ အော်ဟစ်ပြီး အတွင်းဝန်များရုံးရဲ့ လေးဘက်လေးတန်က ဝင်ပေါက်ထွက်ပေါက်မှန်သမျှမှာ ကျောင်းသူကျောင်းသားများ အဆင့်ဆင့်ရှေ့နောက်ထိုင်က သပိတ်တားပိတ်ဆို့ ဆန္ဒပြလိုက်တယ်။ ကျောင်းသားခေါင်းဆောင်များက ကျောင်းသားထုဘက်မှ အကြမ်း မဖက်မိစေရန် တနေရာပြီးတနေရာ လှည့်လည်ဟောပြော သတိပေးခဲ့တယ်။ နံနက် ၁၀ နာရီကျော်လောက်မှာ အတွင်းဝန်များရုံးကြီး ပိတ်လိုက်ပြီဆိုတဲ့သတင်း ရရှိလို့ သပိတ်တားဆန္ဒပြမှု အောင်မြင်ပြီဖြစ်လို့ ပြန်ရန် ပြင်ဆင်ပါတယ်။

သပိတ်တားမှု အောင်မြင်လို့ ကျောင်းသားထုဟာ မိမိတို့သက်ဆိုင်ရာ ကျောင်းအသီးသီးသို့ ပြန်လည်ထွက်ခွာလာစဉ်မှာ နယ်ချဲ့လက်ကိုင်တုတ် မြင်းစီးပုလိပ်တပ်နဲ့ နံပါတ်တုတ်ကိုင် ပုလိပ်များရဲ့ တားဆီး သဲသဲမဲမဲ ရိုက်နှက် လူမဆန်စွာ ပြုကျင့်မှုကြောင့် စပတ်လမ်းတလျှောက် သွေးသံရဲရဲဖြင့် လဲကျနေတဲ့ ကျောင်းသားကျောင်းသူများ မြင်မကောင်းအောင် ဖြစ်ခဲ့ရတယ်။ ဒီအရေးအခင်းမှာ ဂျပ်ဆင်ကောလိပ်ကျောင်းသား ကိုအောင်ကျော်အပါအဝင် ဒဏ်ရာရသူ ၂၀၀ ကျော်ရှိခဲ့တယ်လို့ ဆိုပါတယ်။ ကိုအောင်ကျော်ကတော့ ပြင်းထန်တဲ့ ဦးခေါင်းဒဏ်ရာနဲ့ ဒီဇင်ဘာ ၂၃ ရက်နေ့၊ ဆေးရုံမှာ ကွယ်လွန်ခဲ့တယ်။ ကိုအောင်ကျော်ကို ၁၃၀၀ ပြည့် အရေးတော်ပုံရဲ့ အသေခံတပ်ဗိုလ်အဖြစ် "ဗိုလ်အောင်ကျော်"ဘွဲ့ထူးပေးအပ် ဂုဏ်ပြုခဲ့ကြတယ်။ ဈာပနဟာလည်း သမိုင်းအဆက်ဆက်မှာ အစည်ကားဆုံးဈာပနဖြစ်ခဲ့တယ်။ ကျောင်းသားခေါင်းဆောင် ဥက္ကဋ္ဌကိုလှရွှေရဲ့ မိန့်ခွန်းဟာလည်း ရဲရဲတောက် မိန့်ခွန်းအဖြစ် သမိုင်းမှာ စံတင်ခဲ့ရသလို သူလည်း "အာဏာရှင်ကိုလှရွှေ ဘွဲ့ထူး"ရရှိသွားခဲ့တယ်။

အတွင်းဝန်ရုံးသပိတ်တားတဲ့ အရေးအခင်းနဲ့ပတ်သက်တဲ့သတင်းများ နောက်တနေ့ ပေါ်ထွက်မလာအောင် အစိုးရက သတင်းစာတိုက်များဝင်ကာ သတင်းဓာတ်ပုံများသိမ်းဆည်း၊ သတင်းထောက်များကို ဖမ်းဆီးခဲ့တယ်။ ကျောင်းသားများက ဒီအဖြစ်မျိုးကို လက်မခံနိုင်လို့ သတင်းစာအရွယ်အစား ၈ မျက်နှာပါတဲ့ "ကျောင်းသား သွေးမြေကျ"စာစောင်ကို အဖြစ်အပျက် သတင်းဓာတ်ပုံ ဝေဝေဆာဆာဖြင့် ညတွင်းချင်း ရိုက်နှိပ်ဖြန့်ချိခဲ့တယ်။ ၎င်းနေ့မှာပဲ ကျောင်းသားခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးပြီး ဒီဇင်ဘာ ၂၂ ရက်နေ့မှ စတင်ကာ တက္ကသိုလ်ကျောင်းများ၊ အစိုးရကျောင်းများပါမက သူနာပြုကျောင်းများ၊ မြူနီစပယ်ကျောင်းများ၊ ဝက်စလီ ကောင်စီကျောင်းများ၊ ဘုန်းကြီးကျောင်းများပါမကျန် အထွေထွေသပိတ်ကြီးမှောက်ရန် ကျောင်းသားခေါင်းဆောင် ဥက္ကဋ္ဌ ကိုလှရွှေက ဆင့်ဆိုကြေညာခဲ့တယ်။ အဲဒီနေ့မှာပဲ တဗိုလ်ကျတဗိုလ်တက်စနစ်နဲ့ အသေခံတိုက်ပွဲဝင်ရန်၊ အသေခံဗိုလ်များ ရွေးချယ် သင်တန်းပေးပြီး "သွေးမြေကျစာစောင်"နဲ့ နယ်များသို့ လျှို့ဝှက်စေလွှတ်ခဲ့တယ်။ တဆက်တည်း အောက်ပါတောင်းဆိုချက်ကို ထုတ်ပြန်ကြေညာ ခဲ့တယ်။

(၁) ရေနံမြေအလုပ်တပ် ချီတက်လာရေးနဲ့ ကျောင်းသားများ အာဏာဖီဆန်မှုနဲ့ပတ်သက်လို့ ဖမ်းဆီး၊ တရားစွဲဆို ထောင်ချခံရသူအားလုံးကို ချက်ချင်းလွှတ်ပေးရန်၊

(၂) ပြည်သူ့လွတ်လပ်မှုကို ချုပ်ချယ်တဲ့ ဥပဒေများနဲ့ ရှောင်တခင် ထုတ်ပြန်တဲ့ ဘုရင်ခံရဲ့ တချက်လွှတ်ဥပဒေများကို ရုပ်သိမ်းပေးရန်၊

(၃) ကျောင်းသားသပိတ်များနဲ့ ပတ်သက်ပြီး မည်သည့်ကျောင်းသား ကျောင်းသူနဲ့ ဆရာ ဆရာမများကို မဆို ဆိုင်ရာက အရေးမယူရန်၊

(၄) အားလုံးသော စာမေးပွဲများကို သပိတ်လုန်ပြီး ၃ လ ကြာမှ ကျင်းပရန်။

ဥက္ကဋ္ဌကိုလှရွှေရဲ့ ညွှန်ကြားချက်အရ နယ်ချဲ့လက်ပါးစေ ညွှန့်ပေါင်းအစိုးရရဲ့ ဖိနှိပ်ချုပ်ချယ်မှုများကို ကန့်ကွက်တဲ့အနေနဲ့ တက္ကသိုလ်နဲ့ မူလတန်းကျောင်းများအထိ တပြည်လုံးမှ ကျောင်းမှန်သမျှ သပိတ်တိုက်ပွဲဆင်နွှဲလိုက်ကြတယ်။

အဲဒီအချိန်မှ ပဲခူးမှ လယ်သမားတပ်ကြီးမှာလည်း ဝေါမှ စတင်ထွက်လာရာ ဒီဇင်ဘာ ၁၉ ရက်မှာ ရန်ကုန်ကို ဆိုက်ရောက်လာပြီး ရွှေတိဂုံရင်ပြင်တဝိုက်မှာ တပ်စွဲလိုက်တယ်။ မကွေးမှ ဆက်လက်ချီတက်လာတဲ့ ရေနံမြေမှ သပိတ်တပ်ဖွဲ့ကြီးဟာလည်း ၁၉၃၉ ဇန်နဝါရီ ၈ ရက်မှာ ရန်ကုန်ကို ဆိုက်ရောက်လာကာ ရွှေတိဂုံရင်ပြင်တဝိုက်မှာ နေရာယူတပ်စွဲလိုက်ပြန်ပါတယ်။ ဒီလိုနဲ့ ရွှေတိဂုံရင်ပြင်တော်မှာ ဝါစိမ်းနီ သုံးရောင်ခြယ်အလံများ၊ ဒေါင်းအလံများ တလူလူလွင့်ပျံနေတော့တယ်။

အဲဒီ ၁၉၃၉ ဇန်နဝါရီ ၈ ရက်နေ့မှာပဲ ရွှေတိဂုံရင်ပြင် အနောက်တောင်ထောင့်တွင် ရေနံသပိတ်၊ လယ်သမားသပိတ်၊ ကျောင်းသားသပိတ်နဲ့ ကျန်သပိတ်တပ်ပေါင်းစုံပါဝင်တဲ့ သပိတ်ပေါင်းစုံလူထုအစည်းအဝေးကြီးတရပ်ကို ကျင်းပလိုက်တယ်။ ၎င်းအစည်းအဝေးကြီးက ရေနံမြေအလုပ်သမားများရဲ့တောင်းဆိုချက်၊ လယ်သမားများရဲ့တောင်းဆိုချက်၊ ကျောင်းသားများရဲ့ တောင်းဆိုချက်များနဲ့ ပြည်သူလူထုကြီးတရပ်လုံးရဲ့ ၉၁ ဌာနအုပ်ချုပ်ရေး တိုက်ဖျက်ရန် အဆိုပြုချက်တို့ကို တခဲနက် ထောက်ခံ အတည်ပြု

လိုက်ကြတယ်။

အထက်ပါ ဆုံးဖြတ်ချက်များကို ထောက်ခံတဲ့အနေနဲ့ တပြည်လုံးရှိ အလုပ်ရုံ၊ စက်ရုံများမှ အလုပ်သမားများကလည်း ဆန္ဒပြ သပိတ်မှောက်ကြတယ်။ ဒီလိုနဲ့ ဗမာပြည်သမိုင်းမှာ ပထမဆုံးသော အထွေထွေသပိတ်ကြီး ပေါ်ပေါက်လာတော့တယ်။ ဗမာပြည်တဝန်း အမြို့မြို့အရွာရွာမှ ပြည်သူလူထုကလည်း လူထုအစည်းအဝေးများ ကျင်းပကာ သပိတ်တပ်ပေါင်းစုံ လူထုအစည်းအဝေးရဲ့ ဆုံးဖြတ်ချက်များကို ထောက်ခံကြောင်းနဲ့ ညွန့်ပေါင်းအစိုးရကို ကန့်ကွက်ပွဲ ဆန္ဒပြပွဲများနဲ့ မစဲအောင် ရှိနေတော့တယ်။

ဗမာပြည် နိုင်ငံရေးသမိုင်းမှာ ၁၃၀၀ ပြည့်အရေးတော်ပုံမှာ မကြုံဖူးအောင် အထူးစည်းလုံးညီညွတ်တဲ့ အရေးတော်ပုံကြီး ဖြစ်တယ်။ အဲဒီခေတ် နိုင်ငံရေးစကားဖြင့် ပြောရရင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို "တာချီးပွဲ"များလို့ ခေါ်ဆိုလေ့ရှိကြတယ်။ ပြီးခဲ့တဲ့တိုက်ပွဲများမှာ တပ်လန်ခဲ့ကြပေမယ့် ဒီတချီမှာ ပြည်သူလူထုကြီးအား နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အပြည့်အဝ ပေးနိုင်ခဲ့တယ်။ အထွတ်အထိပ် ပို့နိုင်ခဲ့တယ်။ တာချီးနိုင်ခဲ့တယ်လို့ ဆိုစမှတ်ပြု ခဲ့ကြတယ်။

နောက်ထပ် ထူးခြားချက်တခုမှာ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး ပထမဆုံးအကြိမ် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပြီး၊ တောင်သူလယ်သမားများရဲ့ တပ်ပေါင်းစုံ ညီလာခံကို ရွှေတိဂုံရင်ပြင်တော်ပေါ်မှာ အလုပ်သမားသပိတ်တပ်ပေါင်းစုံ၊ ကျောင်းသားသပိတ်တပ်ပေါင်းစုံ ခြံရံ ကျင်းပခဲ့ခြင်းဖြစ်တယ်။

အထွေထွေ သပိတ်တိုက်ပွဲကာလအတွင်း အစိုးရက ကျောင်းများကို ဇန်နဝါရီ ၂ ရက်နေ့မှာ ဖွင့်လှစ်သွားရန် သတင်း ပေါ်ထွက်လာတဲ့အတွက် ဆက်လက်ပြီး သပိတ်တားရေးပြင်ဆင်နေစဉ် ဉက္ကဋ္ဌကိုလှရွှေ အဖမ်းခံရပြန်တယ်။ တဗိုလ်ကျ တဗိုလ်တက် စနစ်နဲ့ ဒုဥက္ကဋ္ဌ ကိုသိန်းအောင်က တာဝန်ယူကာ တိုက်ပွဲကို အောင်မြင်စွာ ရှေ့ဆက်နိုင်ခဲ့တယ်။

၁၉၃၉ ဇန်နဝါရီ ၃၀ မှာ တပြည်လုံးက သပိတ်မှောက်ကျောင်းသားကိုယ်စားလှယ်များပါဝင်တဲ့ ကျောင်းသားညီလာခံကို ရန်ကုန်မြို့မ ကျောင်းမှာ ခေါ်ယူကျင်းပခဲ့တယ်။ ရှေ့ခြေလှမ်းများအတွက် ပြင်ဆင်နိုင်ခဲ့တယ်။ နိုင်ငံရေးတောင်းဆိုချက်များအဖြစ် (က) ညွန့်ပေါင်းအစိုးရ မပြုတ်ပြုတ်အောင် ဖြုတ်ရန် (ခ) ညွန့်ပေါင်းအစိုးရ ပြုတ်သွားပြီးနောက် ဘယ်သူမှ ရာထူးလက်မခံဘဲ ၉၁ ဌာန အုပ်ချုပ်ရေးကို တိုက်ဖျက်ရန် (ဂ) အင်္ဂလိပ်ပစ္စည်းများကို မသုံးမဖြစ်သည်မှလွဲ၍ အသုံးမပြုရန် အဆို ၃ ရပ်ကို ချမှတ်ပြီး ထို တာဝန်သုံးရပ်ကို ဆက်လက်ဆောင်ရွက်ရန် အမှုဆောင်အဖွဲ့ကို အာဏာကုန် လွှဲအပ်ခဲ့တယ်။

၁၉၃၉ ဖေဖော်ဝါရီ ၈ ရက်မှာ သပိတ်မှောက်ကျောင်းသားများ မြို့မကျောင်းမှာ စုစည်းပြီး အစာတော်ခံတိုက်ပွဲ ဆင်နွှဲကာ တိုက်ပွဲအရှိန်အဟုန်ကို မြှင့်တင်လိုက်ပါတယ်။ ၃ ရက်မြောက်မှာ ၃၈ ဦးပါဝင်တဲ့ မြို့မိမြို့ဘ ကော်မတီရဲ့ ကြားဝင်မေတ္တာရပ်ခံချက်ကြောင့် အစာတော်ခံတိုက်ပွဲရပ်ခဲ့တယ်။

ရန်ကုန်မြို့မှာ ဘာမထီစိတ်ဓာတ်နဲ့ ကျောင်းသူကျောင်းသားများ ဖွဲနဲ့တိုက်ပွဲဝင်နေသလို ဗမာပြည်အနှံ့မှာလည်း တိုက်ပွဲသံများ ခြိမ့်ခြိမ့်ညံနေပါတယ်။ ဒီတိုက်ပွဲတွေအနက် မန္တလေးက လူထုတိုက်ပွဲများဟာလည်း ၁၃၀၀ ပြည့်အရေးတော်မှာ မှတ်တမ်းကမ္ပည်းတင်ရမယ့် တိုက်ပွဲများဖြစ်တယ်။ မန္တလေး ကျောင်းသူကျောင်းသားများဟာ ဗဟိုအမျိုးသားကျောင်းမှာ သပိတ်စခန်းဖွင့်ပြီး ကျောင်းပေါင်းစုံ သပိတ်တားလုပ်ငန်းများကို အောင်မြင်စွာ ဆင်နွှဲနေပါတယ်။ အဲဒီအချိန်မှာ ကျောင်းသားခေါင်းဆောင် ၇ ယောက်ကို ဖမ်းဆီးပြီး တိုက်ပွဲကို နှိပ်ကွပ်ခဲ့ပေမယ့် တိုက်ပွဲဟာ ရပ်မသွားပါဘူး။ အဲဒီနေ့ည ၁၉၃၉ ဖေဖော်ဝါရီ ၈ ရက်နေ့ညမှာ သပိတ်မှောက်ကျောင်းသားများ ချက်ချင်းအစည်းဝေးထိုင် ညတွင်းချင်း မန္တလေးစီဗီလိုင်းမှာရှိတဲ့ တိုင်းမင်းကြီးအိမ်ကို ချီတက် ဝိုင်းဝန်းဟစ်အော်ဆန္ဒပြခဲ့ကြတယ်။

အစိုးရရဲ့ဖိနှိပ်မှုကို မခံရပ်နိုင်တော့တဲ့အဆုံး မန္တလေးမြို့သူမြို့သားများဟာ ဖေဖော်ဝါရီ ၁၀ ရက်နေ့မှာ အိမ်တော်ရာဘုရားဝင်းအတွင်း မြို့လုံးကျွတ် လူထုအစည်းအဝေးတရပ်ကျင်းပကာ မြို့တွင်း အင်အားပြလှည့်လည်ဆန္ဒပြရေးကို ဆုံးဖြတ်ခဲ့ကြတယ်။ ရဟန်းပျိုအဖွဲ့ဝင်များ၊ စာသင်သား သံဃာတော်များ၊ မြို့ပေါ်ရှိအသင်းအဖွဲ့ပေါင်းစုံမှ ပြည်သူလူထုများ၊ သပိတ်မှောက်ကျောင်းသူကျောင်းသားများ စသဖြင့် အင်အား ၂ သိန်းကျော်လောက် ချီတက်ဆန္ဒပြခဲ့ပါတယ်။ အိမ်တော်ရာမှ ဆိုင်းတန်းလမ်း၊ ၎င်းမှ ၂၆ ဘီလမ်းအတိုင်း အင်အားပြလှည့်လည်လာတဲ့ လူထုကြီးကို မန္တလေး၊ ကြေးနန်းရုံးအနီး၊ ကျုံးဘက်မှာ အရေးပိုင် မစ္စတာလက်၊ ရာဇဝတ်ဝန် မစ္စတာစီအိပ်ချ်ရိန်းတို့ ဦးစီးတဲ့ ဘားမားရိုင်ဖယ်တပ်က နေရာယူကာ ပစ်ခတ်နှိပ်ကွပ်ခဲ့လို့ ရဟန်းတော် ၇ ပါး၊ ကျောင်းသား ၃ ယောက်နဲ့ အရပ်သား ၇ ယောက် စုစုပေါင်း ၁၇ ဦး ကျဆုံးခဲ့ရတယ်။ ၎င်းအာဇာနည် ၁၇ ဦးကို "နေမျိုးမဟာ သီဟသူရ"ဘွဲ့ထူး ပေးအပ်ဂုဏ်ပြုကာ မန္တလေးအာဇာနည်ကုန်းကို ပို့ဆောင်ပြီး အာဇာနည်များရဲ့ ဈာပနကိစ္စကို ဆောင်ရွက်ခဲ့ပါတယ်။ ဈာပနကို လိုက်ပါပို့ဆောင်သူ လူထုအင်အားမှာ ၂ သိန်းကျော် ၃ သိန်းရှိပြီး၊ "လွတ်လပ်ရေးမရမချင်း နယ်ချဲ့သမားကို အနိုင်မခံ အရှုံးမပေး တိုက်ပွဲဝင်သွားမယ်"လို့ သန္နိဋ္ဌာန်ပြုလိုက်ကြပါတယ်။

ရန်ကုန်နဲ့ ဗမာပြည်တပြည်လုံးအနှံ့ နယ်ချဲ့ဆန့်ကျင်ရေး ကြွေးကြော်သံနဲ့ ညွန့်ပေါင်းအစိုးရအပေါ် မကျေနပ်တဲ့ ကြွေး

ကြော်သံများ မိုးထိအောင်ညံကာ ဆန္ဒပြကန့်ကွက် အင်အားပြပွဲများ မရပ်မစဲ ရှိနေပေမယ့် အလားတူလူမဆန်စွာ ရက်စက်မှုမျိုး မပေါ်ပေါက်ခဲ့ပါ။ ဒါပေမဲ့ အာလံမှာ ပစ်ခတ်မှုကြောင့် ဗိုလ်ဗဖိုးကျဆုံးခဲ့ရတယ်လို့ မှတ်တမ်းကျန်ခဲ့ဖူးတယ်။

နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အထွတ်အထိပ်ရောက်နေပြီး ပြည်သူလူထုကြီးတရပ်လုံး အညီညွတ်ဆုံးအချိန်ဖြစ်ကာ ညွှန့်ပေါင်းအစိုးရ ဆန့်ကျင်ရေးကြွေးကြော်သံများဖြစ်တဲ့-"ဘမော်၊ ဘမော်- - - အို့၊ အို့။ မီးတုတ်၊ မီးတုတ် - - - ရှို့၊ ရှို့။ အရေးတော်ပုံ - - - အောင်ရမည်၊ အောင်ရမည်" ဆိုတဲ့ ကြွေးကြော်သံများ တပြည်လုံး ဟိန်းညံနေခဲ့တယ်။

ဒ့ါအပြင် "ဘမော်၊ ဘဦးတို့က ရှုပ်သနော်"ဆိုတဲ့ သီချင်းသံများ ဆူညံစွာ ပေါ်ထွက်နေသလို 'ဒေါက်တာဘမော် မသာချပွဲ၊ ညွှန့်ပေါင်းအစိုးရတောထုတ်ပွဲများနဲ့ တနိုင်ငံလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်နေပါတော့တယ်။

၁၉၃၉ ဖေဖော်ဝါရီဟာ ဘတ်ဂျက်စာရင်းတင်သွင်းရန် ၉၁ ဌာန၊ အောက်လွှတ်တော်အစည်းအဝေးခေါ် နေချိန်ဖြစ်သလို ညွှန့်ပေါင်းအစိုးရ အယုံအကြည်မရှိ အဆိုတင်သွင်းထားချိန်လည်းဖြစ်ပြီး အဆိုဘက်က အနိုင်ရကာ ညွှန့်ပေါင်းအစိုးရ ပြုတ်ကျခဲ့တယ်။ အတိုက်အခံ ဦးပုနဲ့ ဂဠုန်စောတို့ ပူးပေါင်းကာ အစိုးရသစ် ဖွဲ့စည်းလိုက်ကြတယ်။

ကျောင်းသားများက ၉၁ ဌာနအုပ်ချုပ်ရေး ဆက်လက်တိုက်ဖျက်ရေးအတွက် အမတ်များထံက ရာထူးလက်မခံရေး ကတိဝန်ခံချက် တောင်းနေစဉ်မှာပဲ ဂဠုန်ဦးစောနဲ့ မျိုးချစ်အမတ် ၁၁ ဦးက ရာထူးလက်ခံလိုက်ကြတယ်။

ကျောင်းသားများရဲ့အထွေထွေသပိတ်မှာလည်း နှစ်လကျော်သုံးလထဲ ရောက်နေပြီ။ တိုက်ပွဲရဲ့ဓမ္မတာအတိုင်း ထောက်ခံမှု၊ တက်ကြွမှု၊ သွေးပူမှု လျော့ရဲကာ ယိမ်းယိုင်မှုများလည်း တွေ့လာရတတ်တယ်။ ဒီအချိန်ဟာ အလွန်အရေးကြီးပါတယ်။ အရေးမသာရင် မသာသလို၊ အခြေအနေမပေးရင် မပေးသလို အောင်မြင်စွာ နောက်ဆုတ်တတ်ဖို့လိုပါတယ်။ မိမိထက်အင်အားကြီးတဲ့ ရန်သူနဲ့ တိုက်ပွဲဆင်ရာမှာ တိုက်ပွဲ ဦးမကျိုးရေးအတွက်လည်းကောင်း တိုက်ပွဲအရှိန်အဟုန် မပျက်ရေးအတွက်လည်းကောင်း၊ ထို့ထက် အရေးကြီးတဲ့ တိုက်ပွဲများအတွက်လည်းကောင်း အနိုင်နဲ့ ပိုင်းသင့်ရင် ပိုင်းရမယ်။ အောင်မြင်စွာ နောက်ဆုတ်သင့်က ဆုတ်ရမယ်။ အဲဒီလို အခြေအနေမျိုးမှာ ခေါင်းဆောင်များက သတ္တိရှိရှိ ဆုံးဖြတ်ကြရပါလိမ့်မယ်။

ဒီအခြေအနေမှာ မြို့မိမြို့ဘများ ကြားဝင်ဖြန်ဖြေမှုဖြင့် ဦးပုအစိုးရ၊ ကျောင်းသားခေါင်းဆောင် ကိုလှရွှေ၊ မြို့မိမြို့ဘ လူကြီးများ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ရက်တချို့အချိန်ယူ ဆွေးနွေးညှိနှိုင်းခဲ့လို့ သဘောတူညီချက်ရရှိခဲ့တယ်။ သဘောတူညီချက်ကို သတင်းစာမှာ ထည့်သွင်းကြေညာခဲ့သလို ကျောင်းသားများသမဂ္ဂရဲ့ ထုတ်ပြန်ချက် အမှတ် ၄၉ ကိုလည်း တပါတည်း ထုတ်ပြန်ခဲ့တယ်။ ထုတ်ပြန်ချက်ရဲ့ အတွင်းသဘောမှာ "ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့က သဘောတူညီချက် လက်ခံလိုက်ပြီဖြစ်လို့ ဗမာပြည်အရပ်ရပ်ရှိ ကျောင်းများနဲ့ သမဂ္ဂအသင်းအဖွဲ့များက သပိတ်များ ရပ်ဆိုင်းရန်" ဥက္ကဋ္ဌ ကိုလှရွှေလက်မှတ်ထိုး ဆင့်ဆိုလိုက်ခြင်းဖြစ်တယ်။

ဒေါက်တာဘမော် ညွှန့်ပေါင်းအစိုးရ ဖြုတ်ချနိုင်ခဲ့ပြီ၊ ဦးပုအစိုးရအဖွဲ့သစ် တက်လာခဲ့ပြီ၊ ၉၁ ဌာန အုပ်ချုပ်ရေးတိုက်ဖျက်ရေးလည်း အခြေအနေမပေးတော့၊ ကျောင်းသားများလည်း သပိတ်လှန်ခဲ့ပြီ။ ကျန်သပိတ်များလည်း မိမိတို့တောင်းဆိုချက် နစ်နာချက်များနဲ့ပတ်သက်လို့ ရသင့်ရထိုက်တာများကို ရခဲ့လို့ အလုပ်ပြန်ဝင်ခဲ့ကြပြီ။ ရေနံမြေသပိတ်တပ်ဖွဲ့ကြီးလည်း မိမိတို့နဲ့ သက်ဆိုင်တဲ့ ရေနံကုမ္ပဏီများရဲ့ လိုက်လျောမှုရသင့်သလောက် ရလိုက်သဖြင့် မျက်နှာပန်းလှလှဖြင့် လုပ်ငန်းခွင့်သို့ ပြန်သွားခဲ့ကြပြီ။

ဒါပေမဲ့ ကျောင်းသားတပ်ဖွဲ့များအတွင်း သဘောတူညီချက်များကို လက်မခံနိုင်တဲ့အဖွဲ့တဖွဲ့ ကျန်ရှိပြီး ဆက်လက် တိုက်ပွဲဝင်ခဲ့ပြန်တယ်။ ဒါကြောင့် သခင်ဗဟိန်းတို့ ထောင်ကလွတ်လာတဲ့ မတ်လ ၈ ရက်နေ့မှာ ကျောင်းသားညီလာခံတရပ် ခေါ်ယူကျင်းပခဲ့တယ်။ ညီလာခံတက်ရောက်လာသူ ၁၁၂ ယောက်။ အပြန်အလှန် ဆွေးနွေးပြောဆိုကြပြီး တိုက်ပွဲလှန်-မလှန် မဲခွဲဆုံးဖြတ်ရာ သပိတ်လှန်အဖွဲ့ဘက်မှ ထောက်ခံမဲ ၈၃ မဲ၊ မလှန်ရေးဘက်က ၂၇ မဲဖြင့် သပိတ်လှန်အဖွဲ့က အနိုင်ရ အဆုံးသတ်ခဲ့တယ်။

နောက်တနေ့ ဖေဖော်ဝရီ ၉ ရက်မှာ ကျောင်းသားညီလာခံ သတင်းနဲ့ သပိတ်မလှန်အဖွဲ့ခေါင်းဆောင် ရဲရဲတောက် ကိုသန်းတင် တို့အစုက "ကျွန်ပညာကို ရာသက်ပန် သပိတ်မှောက် စွန့်လွှတ်လိုက်ပါပြီ၊ ညီငယ်ညီမငယ်များမှာ သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ် ဆိုသလို ကျောင်းဆက်တက်ကြပါ"လို့ဆိုတဲ့ ထုတ်ပြန်ချက်လည်းပါလာပြီး ကျောင်းသားထုအကြား အမြင်ကွဲလွဲမှုကို အဆုံးသတ်လိုက်ပါတယ်။

၁၃၀၀ ပြည့်အရေးတော်ပုံဟာ အထက်မှာ ပြောခဲ့သလို ဗမာပြည်နိုင်ငံရေးသမိုင်းမှာ စည်းလုံးညီညွတ်မှုအရှိဆုံးနဲ့ ပထမဆုံး ပေါ်ပေါက်ခဲ့တဲ့ အထွေထွေသပိတ်ကြီးဖြစ်တယ်။ ဒါကြောင့် ဒီတိုက်ပွဲအတွင်းမှ ပေါ်ထွက်လာခဲ့တဲ့ မျိုးဆက်များကို ဗမာပြည်နိုင်ငံရေးရဲ့ ပထမမျိုးဆက်များလို့ ခေါ်တွင် အသိအမှတ်ပြုခဲ့ကြပါတယ်။

(၃)

ဒီတိုက်ပွဲရဲ့ အရေးပါဆုံးအကျိုးဆက်ကတော့ ဗမာပြည်အလုပ်သမားလူတန်းစားရဲ့တပ်ဦးပါတီ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ထွန်းလာခြင်းဖြစ်တယ်။

တဆက်တည်း ဒီပထမမျိုးဆက်များက ဗမာပြည်ရဲ့ သမိုင်းပေးတာဝန်ဟာ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေးအဖြစ် ပြဋ္ဌာန်းခဲ့တယ်။ ဒီမျိုးဆက်များဟာ လွတ်လပ်ရေးသည်ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် အရာရာအဖြစ် ပြဋ္ဌာန်း၊ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့လို့ ၁၉၄၈ ဇန်နဝါရီ (၄) ရက်မှာ အင်္ဂလိပ်ကိုလိုနီ လက်အောက်က တိုင်းပြည်လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ သူတို့လက်ထက်မှာပဲ တိုင်းပြည်ဟာ ပြည်တွင်းစစ်ဖြစ်ခဲ့ရတယ်။

ဒီပြဿနာကို သူတို့လက်ထက်အတွင်း ဖြေရှင်းဖို့ ၁၃၀၀ ပြည့်အရေးတော်ပုံ ရွှေရတုမှာ ဗမာပြည်ကွန်မြူနစ်ပါတီက ကြိုးပမ်းခဲ့ဖူးတယ်။ မအောင်မြင်ခဲ့ဘူး။ အဓိကတော့ စစ်အုပ်စုပဲဆိုတာ ဒီနေ့တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးကို လက်တွေ့ဘဝတွေက အဖြေပေးလို့ သိနေပါပြီ။ ဒီစစ်အုပ်စုဟာ "ဖွဲ့စည်းအုပ်ချုပ်ပုံ"ဆိုတဲ့ခံကတုတ်ထဲကနေ သူတို့အကျိုးစီးပွားအတွက် အကာအကွယ်ယူကာ ပြည်တွင်းစစ် ဆက်လက်ထိန်းသိမ်းရေးကို နည်းသဏ္ဌာန်မျိုးစုံနဲ့ လုပ်ခဲ့ကြတယ်။ သူတို့ခေါင်းကိုင်ဖခင်ကြီး ဗိုလ်နေဝင်းကနေ ဒီနေ့ ဗိုလ်သန်းရွှေနဲ့ သူ့ကိုယ်ပွား ဗိုလ်မင်းအောင်လှိုင်အထိပဲ။

ဗမာပြည်သူလူထုဟာ သမိုင်းအစဉ်အလာ ကြီးမြတ်သူများဖြစ်တယ်။ ၁၃၀၀ ပြည့်မှာတုန်းကလို စည်းလုံးညီညွတ်ရေးအင်အားကို တည်ဆောက်နိုင်တဲ့ တည်ဆောက်တတ်တဲ့ ကြီးမြတ်တဲ့ သမိုင်းအတွေ့အကြုံရှိခဲ့ဖူးသူတွေဖြစ်တယ်။

ပြည်သူလူထုဟာ သမိုင်းဖန်တီးသူများဖြစ်တယ်။ မိမိတိုင်းပြည်ကို မိမိစိတ်ကြိုက် ပြည်သူများသာ တည်ဆောက်ဖန်တီးခွင့် ရှိတယ်။

ဒီနှစ် ၂၀၁၈ ခုနှစ်ဟာ သမိုင်းအစဉ်အလာ ကြီးမြတ်တဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးရဲ့ ဂုဏ်ရောင်ထွန်းပြောင်တဲ့ အနှစ် ၈၀ ပြည့်ကာလဖြစ်တယ်။ ဒီလိုကာလမှာ မိမိတိုင်းပြည်ရဲ့ သမိုင်းအတွေ့အကြုံများကို စနစ်တကျ နိဂုံးချုပ်၊ အကျယ်ပြန့်ဆုံးဖြစ်တဲ့ တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးတရပ်လုံးပါဝင်တဲ့ စည်းလုံးညီညွတ်ရေးကို အရတည်ဆောက်ရေးကို ကြိုးပမ်းကြရပါလိမ့်မယ်၊ ကြားထားသင့်တဲ့ အင်အားများကို ကြားထားပြီး ရန်သူကို အထီးကျန်ဖြစ်သထက်ဖြစ်အောင်လုပ်ပြီး မိမိတို့ရဲ့ အဓိကပစ်ကွင်းကို ကျဉ်းသထက်ကျဉ်းအောင်လုပ်ပစ်ကာ မိမိရဲ့အင်အားကို ကြီးသထက်ကြီးအောင် တည်ဆောက်ကြရလိမ့်မယ်။ ဗမာပြည်ရဲ့ သမိုင်းသစ်ဖန်တီးရေး၊ ဘုံရန်သူစစ်အုပ်စုကို ထိထိမိမိပစ်နိုင်ရေး၊ အမြစ်လှန်ပစ်ရေးကို ခြေလှမ်းရှိရှိ၊ အစီအစဉ်ရှိရှိ ပြင်ဆင်ရေး တို့အတွက် ကြီးမြတ်တဲ့၊ ဂုဏ်ရောင်ပြောင်တဲ့ ၁၃၀၀ ပြည့် နှစ် ၈၀ ကာလကို အထိမ်းအမှတ်ပြုရင်း သန္နိဋ္ဌာန်ချကြပါစို့။

၁၃၀၀ ပြည့် အရေးတော်ပုံရဲ့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများအပါအဝင်ဖြစ်တဲ့ အဖိနှိပ်ခံ တိုင်းရင်းသားပြည်သူတရပ်လုံးရဲ့ စည်းလုံးညီညွတ်မှု စိတ်ဓာတ် အဓွန့်ရှည်ပါစေ။

ကိုးကား။ ။ ၁-သခင်ဗဟိန်း ကျောင်းသား အရေးတော်ပုံ

၂-ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)ရဲ့ ကိုယ်တိုင်ရေး ကိုယ်ရေးမှတ်တမ်း။

မောင်ဖိုးထီ

ဇန်နဝါရီ ၈၊၂၀၁၈။

၂၁ ရာစုနှစ်ဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတဲ့ ရာစုနှစ်ဖြစ်တယ်

အေးမြမွန်သိန်း

၁၅၁၆ ခုနှစ်မှာ ဆိုရှယ်လစ်စနစ်ဟာ လူမှုရေးအတွေးအခေါ် ရေစီးကြောင်းတရပ်အနေနဲ့ ဥရောပတိုက်မှာ ပေါ်ထွက်လာပြီး တဆက်တည်း အနှစ် ၃၀၀ ကျော် "စိတ်ကူးယဉ်ကာ တိတိကျကျ ရေရေရာရာ မရှိသေးဘဲ ယောင်လည်လည်" ဖြစ်နေပြီးနောက် အနောက်ဥရောပမှ ဥရောပ၊ အမေရိကနဲ့ တကမ္ဘာလုံးကို ပြန့်ပွားသွားတော့တယ်။ အတွေးအခေါ် ရေစီးကြောင်းမှ လှုပ်ရှားမှုနဲ့ စနစ်အဖြစ် ခုန်ပျံဖြစ်ထွန်းတိုးတက်တဲ့ပုံစံနဲ့ ဖွံ့ဖြိုးတိုးတက်ခဲ့တယ်။ ၂၀ ရာစုရောက်တဲ့အခါ သဘောတရားမှ စနစ်အဖြစ်သို့၊ နိုင်ငံတနိုင်ငံမှ နိုင်ငံအများအပြားသို့၊ ထွန်းလင်းတောက်ပတဲ့ စနစ်အဖြစ် မျက်မြင်ဒိဋ္ဌတွေ့ကြုံရပါတယ်။ အရှေ့ဥရောပ အသွေးအရောင်ပြောင်းသွားမှု၊ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားမှုစတဲ့ ရှုံးနိမ့်မှုတွေနဲ့လည်း ကြုံတွေ့ခဲ့ရတယ်။ ၂၀ ရာစု နှောင်းပိုင်းမှာ ယခင်ဘယ်တုန်းကမှ မကြုံဖူးသေးတဲ့ ဒီရေနိမ့်ကာလသို့ ကျရောက်သွားပြီး အနှစ် ၃၀ နီးပါး ရှည်ကြာတဲ့ ပြန်လည်နာလန်ထူရေး ထိန်းညှိမှုများကို ကျော်ဖြတ်ပြီးနောက် ကမ္ဘာ့အဝန်းအဝိုင်းအတွင်း တဖြည်းဖြည်း ပြန်လည်အသက်ဝင်လှုပ်ရှားလာနေတယ်။ ယခုအခါ "၂၁ ရာစုဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတဲ့ ရာစုနှစ် ဖြစ်တယ်"ဆိုတာကို ကမ္ဘာ့အဝန်းအဝိုင်းအတွင်း အသိအမှတ်ပြုသူ များသထက်များလာနေတယ်။

ဆိုရှယ်လစ်စနစ်နိုင်ငံတွေရဲ့ ပြုပြင်ပြောင်းလဲရေးတွေရဲ့ အကျိုးသက်ရောက်မှုတွေဟာ ထင်ရှားပေါ်လွင်လှတယ်။ စနစ်ရဲ့ သာလွန်မှုတွေဟာလည်း သိသာထင်ရှားလှပါတယ်။ တရုတ်ပြည်သာမက ဆိုးဝါးပြင်းထန်တဲ့ ဆိုဗီယက်နဲ့ အရှေ့ဥရောပ အပြောင်းအလဲမှာ "ဒိုမီနို သီအိုရီလို အကုန်ပြိုလဲမယ့်ဘေးအန္တရာယ်"ရဲ့ စမ်းသပ်မှုကို တောင့်ခံနိုင်တဲ့ ကမ္ဘာပေါ်က ဆိုရှယ်လစ်နိုင်ငံတချို့ဟာ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးမှာ မိမိနိုင်ငံရဲ့ အခြေအနေနဲ့ ကိုက်ညီတဲ့ ထူးခြားချက်ကို စူးစမ်းရှာဖွေရာမှာ ပါတီအုပ်ချုပ်ရေး၊ တည်ဆောက်ရေးကို အားဖြည့်ဆောင်ရွက်မှုအတွင်း အကျိုးသက်ရောက်မှုကောင်းတဲ့ အောင်မြင်မှုတွေ ရရှိကြတယ်။ ၂၀၁၆ ခုနှစ်အတွင်း ဗီယက်နမ်၊ ကျူးဘားနဲ့ လာအိုစတဲ့ နိုင်ငံတွေမှာ ပါတီကွန်ဂရက်များကို ခေါ်ယူကျင်းပခဲ့ကြတယ်။ တချိန်တည်းမှာ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးရဲ့ အောင်မြင်ချက်တွေနဲ့ အတွေ့အကြုံတွေကို စနစ်တကျ နိဂုံးချုပ်ကြတယ်။ ဆိုရှယ်လစ်စနစ် အရေးတော်ပုံရဲ့ ရည်မှန်းချက်နဲ့ တာဝန်တွေကို ဘက်စုံက တွန်းဆော်ပေးရေးအတွက် တက်တက်ကြွကြွ နည်းလမ်းရှာကြံကြတယ်။ နက်ရှိုင်းတဲ့ အကျပ်အတည်းကပ်အတွင်း ကျရောက်နေတဲ့ အရင်းရှင်စနစ် ဖြစ်တည်နေမှုနဲ့ ပြက်ပြက်ထင်ထင် နှိုင်းယှဉ်လိုက်ရင် ဆိုရှယ်လစ်စနစ်နိုင်ငံအသီးသီးဟာ အတိုင်းအတာမတူတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ရရှိနေပါတယ်။ အထူးသဖြင့် အကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းရေးမှာ အကျိုးသက်ရောက်မှု ကောင်းခြင်း၊ သယံဇာတအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲရေးမှာ မြင့်မားတဲ့ အကျိုးသက်ရောက်မှု ရှိခြင်း၊ ပြဿနာဖြေရှင်းရေးများမှာ စုပေါင်းကြိုးပမ်းအားထုတ်ခြင်းစတဲ့ဘက်တွေမှာ စနစ်ရဲ့သာလွန်မှုလက္ခဏာဟာပိုမိုပေါ်လွင်ထင်ရှားလာတယ်။

ကမ္ဘာ့ဆိုရှယ်လစ်စနစ်ရဲ့ အစိတ်အပိုင်းတခုအနေနဲ့ တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်ရဲ့ လက်တွေ့အကောင်အထည် ဖော်ဆောင်မှုတွေဟာ ဆိုရှယ်လစ်စနစ်ကို တခုတည်းသော ပုံစံမှ ပုံစံအမျိုးမျိုးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အရေးကြီးမှုနဲ့ လိုအပ်မှုတို့ကို ရှင်းလင်းဖွင့်ဆိုပြလိုက်ရုံမက လူသားများအတွက် ပိုမိုကောင်းမွန်တဲ့ လူမှုစနစ် စူးစမ်းလေ့လာရေးမှာ ဘက်စုံသစ်လွင်တဲ့ ရွေးချယ်စရာတရပ်ကို ဖြည့်ဆည်းပေးလိုက်တာလည်း ဖြစ်တယ်။ ဒါ့အပြင် မျက်မှောက် ကမ္ဘာ့ဆိုရှယ်လစ်စနစ်နဲ့ အရင်းရှင်စနစ် အင်အားများရဲ့ အချိုးအစား ဆက်ဆံမှုအရ ဆိုးဆိုးဝါးဝါး ဟန်ချက်မညီဖြစ်နေတဲ့ အခြေအနေကို ပြုပြင်ပြောင်းလဲရေးမှာ ၂၁ ရာစု ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုက လူတွေကို မျှော်လင့်ချက် တွေ့မြင်စေလိုက်ပါတယ်။ တစုံတရာသော အဓိပ္ပာယ်အရ ပြောရရင် တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်လမ်းကြောင်း၊ သဘောတရား၊ စနစ်နဲ့ ယဉ်ကျေးမှု ရှင်သန်စွမ်းအားတွေ အဆက်မပြတ် ထင်ရှားပေါ်လွင်လာနေမှုတွေက နိုင်ငံတကာဆိုရှယ်လစ်စနစ်နဲ့ လက်ဝဲဂိုဏ်းအင်အားစုတွေ ဖြစ်ထွန်းတိုးတက်ရေးကို အလွန်အားတက်စေပါတယ်။ ဒါဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဒီရေမြင့်သစ်သို့ တဖန်ပြန်လည်လှမ်းတက်သွားနေတဲ့ အမှတ်လက္ခဏာ ဖြစ်သလို ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့အကောင်အထည်ဖော်ဆောင်မှုရဲ့ အစရှိချက်လည်း ဖြစ်တယ်။ လက်တွေ့အခြေအနေအရ ပြောရမယ်ဆိုရင် တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေတာနဲ့အမျှ တရုတ်ပြည်ရဲ့ဆိုရှယ်လစ်စနစ်ဟာ ပြည့်စုံသထက် ပြည့်စုံလာလိမ့်မယ်။ တရုတ်ပြည် ဆိုရှယ်လစ်စနစ်ရဲ့ သာလွန်မှုဟာ တဆင့်တက် ပေါ်လွင်ထင်ရှားလာလိမ့်မယ်။ တရုတ်ပြည် ဆိုရှယ်လစ်စနစ်လမ်းကြောင်းဟာ သွားလေ ကျယ်ပြောလေ ဖြစ်လာလိမ့်မယ်လို့ တရုတ်ပြည်ကွန်မြူနစ်ပါတီကလည်း သုံးသပ်ပါတယ်။

အရင်းရှင်နိုင်ငံအသီးသီးရှိ ကွန်မြူနစ်ပါတီတွေဟာ လုပ်ငန်းစဉ်နဲ့ ပေါ်လစီတွေကို ထိန်းညှိခဲ့ကြလို့ အဆက်မပြတ် အင်အားမြင့်တက်နေတယ်။ ဆိုဗီယက်နဲ့အရှေ့ဥရောပ ဆိုရှယ်လစ်နစ်နိုင်ငံများ အသွေးအရောင် ပြောင်းလဲသွားမှုရဲ့ ဂယက်ရိုက်ခတ်မှုကို ခံခဲ့ကြရတဲ့ အရင်းရှင်နိုင်ငံက ကွန်မြူနစ်ပါတီတွေ အားလုံးဟာ ကြွပြ ဗရုတ်သုတ်ခဖြစ်မှုအတွင်းမှ တည်ငြိမ်လာတယ်။ ခေတ်ရဲ့ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုနဲ့ ပေါင်းစပ်ပြီး မိမိနိုင်ငံရဲ့ လက်တွေ့ပတ်ဝန်းကျင်အရ ကွန်မြူနစ်ပါတီအသီးသီးဟာ မိမိပါတီရဲ့ လုပ်ငန်းစဉ်၊ ပါတီဖွဲ့စည်းပုံစည်းမျဉ်းနဲ့ သဘောတရား၊ ပေါ်လစီများကို အဆက်မပြတ် ထိန်းညှိခဲ့ကြတယ်။ မိမိနိုင်ငံလက်တွေ့နဲ့ ကိုက်ညီမယ့် ဆိုရှယ်လစ်စနစ် အကောင်အထည်ဖော်ဆောင်ရေးပုံစံကို တက်တက်ကြွကြွ စူးစမ်းရှာဖွေကြတယ်။ ဒါ့အပြင် ပါတီဝင်အရေအတွက်နဲ့ နိုင်ငံရေးသြဇာသက်ရောက်မှုစွမ်းအား စတဲ့ဘက်တွေမှာ ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံများရဲ့ အသွေးအရောင် ပြောင်းလဲမှု ဖြစ်စဉ်ရဲ့ ကနဦးကာလနဲ့ နှိုင်းစာရင် သိသိသာသာ မြင့်တက်လာတယ်။ မျက်မှောက်ကာလမှာ အရင်းရှင်နိုင်ငံများရှိ ကွန်မြူနစ်ပါတီအရေအတွက်မှာ ၁၂၀ ကျော်ရှိပြီး ပါတီဝင် ၈ သန်းကျော်ရှိတယ်။ တချို့နိုင်ငံက ကွန်မြူနစ်ပါတီတွေဟာ ဒီမိုကရေစီ ရွေးကောက်ပွဲနဲ့ လွှတ်တော်တိုက်ပွဲလမ်းကြောင်းအားဖြင့် အုပ်ချုပ်ရေးအာဏာကိုင်ထားတဲ့ သို့မဟုတ် တိုင်းရေးပြည်ရာ ကိစ္စများကို ပါဝင်ဆောင်ရွက်ခွင့် အဆင့်နေရာကို အောင်မြင်စွာ ရရှိခဲ့ကြတယ်။ ဂရိကွန်မြူနစ်ပါတီဟာ ၂၁ ရာစု ရောက်ပြီးနောက် လွှတ်တော် ရွေးကောက်ပွဲအတွင်း မဲရရှိမှုနှုန်းကို ၄ ဒသမ ၅ မှ ၈ ဒသမ ၅ အကြား တလျှောက်လုံး ထိန်းထားနိုင်ခဲ့တယ်။ ဆိုက်ပရပ် လုပ်သားပြည်သူတိုးတက်ရေးပါတီဟာ ၂၀၁၆ လွှတ်တော်ရွေးကောက်ပွဲမှာ လွှတ်တော်တော်အတွင်း ဒုတိယအကြီးဆုံးပါတီ အဆင့်နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့တယ်။ ဂျပန်ကွန်မြူနစ်ပါတီဟာ ဆီးနိတ်လွှတ်တော် ရွေးကောက်ပွဲအတွင်း ရလဒ် ကောင်းပါတယ်။ အိန္ဒိယ၊ နီပေါ၊ တောင်အာဖရိက၊ ဘရာဇီးစတဲ့ ဖွံ့ဖြိုး ဆဲနိုင်ငံများမှ ကွန်မြူနစ်ပါတီများရဲ့ ဖြစ်ထွန်းတိုးတက်မှုနဲ့ ဂယက်ရိုက်ခတ်မှုတွေကို ပိုမိုအာရုံစိုက်လာကြတယ်။

ဆိုရှယ်လစ်ဝါဒ အတွေးအခေါ် ရေစီးကြောင်းဟာ ထူးခြားချက်လက္ခဏာ အသီးသီး ပေါ်ထွက်နေပြီး ပုံစံမျိုးစုံ ဖြစ်တည်နေပါတယ်။ ဆိုဗီယက်နဲ့ အရှေ့ဥရောပ အသွေးအရောင်ပြောင်းလဲမှုဖြစ်စဉ် ပေါ်ပေါက်လာပြီးနောက် အထူးသဖြင့် ၂၀၀၇ နိုင်ငံတကာ ငွေကြေးအကျပ်အတည်းကပ် ပေါ်ပေါက်လာပြီးနောက် ကမ္ဘာ့နိုင်ငံအသီးသီးမှ လက်ဝဲဂိုဏ်းတွေအကြား အရင်းရှင်စနစ် ဝေဖန်ရေးနဲ့ အနာဂတ် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးနဲ့ပတ်သက်လို့ အသစ်တဖန် လှိုင်းဂယက်ထလာပြန်တယ်။ ဈေးကွက်ဆိုရှယ်လစ်စနစ်၊ ဒီမိုကရက်တစ်ဆိုရှယ်လစ်စနစ်၊ ဇီဝလက္ခဏာဆိုရှယ်လစ်စနစ်၊ လက်တင်အမေရိကရဲ့ "၂၁ ရာစုဆိုရှယ်လစ်စနစ်"နဲ့ ယခင်ဆိုဗီယက်နဲ့ အရှေ့ဥရောပဒေသရဲ့ ဆိုရှယ်လစ်စနစ်သစ် စတဲ့ ဆိုရှယ်လစ်ဝါဒဆိုင်ရာ အတွေးအခေါ်ရေစီးကြောင်း ဂိုဏ်းများဟာ မတူတဲ့အတိုင်းအတာအရ အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိနေကြပါတယ်။ အချို့ဂိုဏ်းများဟာ အနောက်တိုင်း နိုင်ငံရေးရောင်စဉ်အရ လက်ဝဲဂိုဏ်းအတွင်း အကျုံးဝင်ပြီး " ၂၁ ရာစုမှာ ဆိုရှယ်လစ်စနစ်ဟာ အလားအလာကောင်းတယ်"၊ အရင်းရှင်စနစ်ဟာ "နောက်ဆုံးမှာ ပြိုကွဲသွားမှုကို ရှောင်လွှဲလို့မရနိုင်ဘူး" ဆိုတဲ့ အယူအဆများကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားပြီး ပြတ်ပြတ်သားသား ယုံကြည်ကြတယ်။ ၎င်းတို့အနက် မနည်းလှတဲ့ ဆိုရှယ်လစ်ဝါဒ အတွေးအခေါ် ရေစီးကြောင်း ဂိုဏ်းတွေဟာ မိမိနိုင်ငံနဲ့

ကမ္ဘာ့အဝန်းအဝိုင်းအတွင်းမှာ သြဇာသက်ရောက်မှု ကြီးသထက်ကြီးလာနေတယ်။ အဲဒီလိုနဲ့ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုမှာ မတူကွဲပြားတဲ့ အသွင်အမျိုးမျိုး ထူးခြားချက်တွေ ပိုမိုများပြားစွာ ပေါ်ထွက်လာစေပါတယ်။

ဆိုရှယ်လစ်စနစ် အင်အားစုများအတွင်း အပြန်အလှန်ဖလှယ်၊ နွေးထွေးမှုတွေ မြင့်တက်လာခြင်းက သြဇာသက်ရောက်မှု ကျယ်ပြန့်လာတယ်။ ဆိုဗီယက်နဲ့ အရှေ့ဥရောပ အသွေးအရောင်ပြောင်းသွားပြီးနောက် ကမ္ဘာ့အဝန်းအဝိုင်းအတွင်း ဆိုရှယ်လစ်စနစ် အင်အားစုတွေဟာ စစ်အေးကာလ ပိတ်ဆို့မှုအနေအထားကို ရိုက်ချိုးပစ်လိုက်တယ်။ ၎င်းတို့အချင်းချင်းအကြား ကူးလူးဆက်ဆံ ညီညာဖျဖျနဲ့ ပူးပေါင်းဆောင်ရွက် အပြန်အလှန်ဖလှယ်မှုတွေကို အားဖြည့်ခဲ့ကြတယ်။ တဖက်မှာ အဆင့်များစွာနဲ့ ပုံစံမျိုးစုံရှိတဲ့ "လက်ဝဲဂိုဏ်း မဟာမိတ်တပ်ဦး" ကို ထူထောင်ထားကြတယ်။ ဥပမာ-၂၀၀၄၊ ဥရောပ ကွန်မြူနစ်ပါတီသို့မဟုတ် လက်ဝဲဂိုဏ်း ၂၆ ပါတီက ဖွဲ့စည်းလိုက်တဲ့ "ဥရောပ လက်ဝဲဂိုဏ်းပါတီ"။ ၂၀၁၃ ၊ ဥရောပ ကွန်မြူနစ်ပါတီ ၂၉ ပါတီက ဖွဲ့စည်းလိုက်တဲ့ "ဥရောပ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတို့ရဲ့ ရှေ့ဆောင်မှုအစည်းအရုံး"။ အခြားတဖက်မှာ အဆင့်အသီးသီးအလိုက် ဖလှယ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးပလက်ဖောင်းကို ဖွဲ့စည်းထားတယ်။ ဥပမာ-ကမ္ဘာ့ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီများရဲ့ နိုင်ငံတကာ အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း၊ နိုင်ငံတကာ ကွန်မြူနစ်များရဲ့ ဆီမီနာ၊ ကမ္ဘာလုံးဆိုင်ရာ လက်ဝဲဂိုဏ်း ဖိုရမ်၊ လက်တင်အမေရိကနိုင်ငံတွေ စတင်ခဲ့တဲ့ ကမ္ဘာ့လူမှုရေးဖိုရမ်၊ ဆော့ပိုလိုဖိုရမ်၊ တရုတ်ပြည်ကကျင်းပတဲ့ ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဖိုရမ်။ ဒီလှုပ်ရှားမှုတွေက အတွေးအခေါ်၊ အမြင်နဲ့ လုပ်ငန်းအတွေ့အကြုံ အပြန်အလှန်ဖလှယ်ရေးကို အားသစ်သွန်းလောင်းပေးပြီး ဆိုရှယ်လစ်စနစ် အင်အားစုအသီးသီး မိမိရဲ့အင်အားတောင့်တင်းကြီးထွားရေးနဲ့ ကမ္ဘာတခုလုံးရှိ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်ပေးပါတယ်။

မျက်မှောက် ကမ္ဘာဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုရဲ့ သဲလွန်စတွေ အခြေအနေတွေကတော့ အထင်အရှား ပေါ်ထွက်နေပေမယ့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းဟာ ပြေပြစ်ချောမောနေတာ မဟုတ်ဘူးဆိုတာကိုတော့ သတိထားဖို့လိုပါတယ်။ စိန်ခေါ်မှုအမျိုးမျိုးကိုလည်း လျစ်လျူရှုလို့ မဖြစ်ပါဘူး။ တဖက်မှာ တကမ္ဘာလုံးအတိုင်းအတာအရ "အရင်းရှင်လူတန်းစားက အင်အားကောင်းပြီး အလုပ်သမားလူတန်းစားက အင်အားချည့်နဲ့နေတဲ့"၊ "အရင်းရှင်စနစ်က ထိုးစစ်အနေအထားမှာ ရှိပြီး၊ ဆိုရှယ်လစ်စနစ်က ခံစစ်အနေအထားမှာ ရှိနေတဲ့ "အရင်းခံအနေအထားကို ရိုက်ချိုးမပစ်နိုင်သေးဘူး။ အမေရိကန်ခေါင်းဆောင်တဲ့ အရင်းရှင်စနစ်နိုင်ငံတွေဟာ ၎င်းတို့ရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံနဲ့ နည်းပညာစတဲ့ဘက်တွေရဲ့ သာလွန်မှုဖြင့် တခြားအမျိုးသားတွေနဲ့ နိုင်ငံတော်တွေကို စီးပွားရေးအရ သွေးစုပ်ခြင်းနဲ့ လုယက်ခြင်းများသာမက ဆိုရှယ်လစ်နိုင်ငံတွေကို နိုင်ငံရေးအရနဲ့ တွေးခေါ်ယူဆမှုအရပါ ပိုမိုတိုးချဲ့ ထိုးနက်တိုက်ခိုက်လာနေတယ်။ အခြားတဖက်မှာ ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဟာ ဖွံ့ဖြိုးတိုးတက်ရေးမှာ များပြားလှတဲ့ ဘေးကျပ်နံကျပ် အခြေအနေနဲ့ ရင်ဆိုင်နေရဆဲဖြစ်တယ်။ ဥပမာ -ကမ္ဘာ့အဝန်းအဝိုင်းအတွင်း ပစ္စည်းမဲ့လူတန်းစားရဲ့ လူတန်းစား အယူဝါဒရေးရာ၊ လူတန်းစားအသိနိုးကြားမှု၊ လူတန်းစားမဟာမိတ်အခြေအနေဟာ လုံးဝကျေနပ်စရာ မဟုတ်သေးဘူး။ အစဉ်အလာ အလုပ်သမားလူတန်းစားအလွှာဟာ လက်တွေ့ဖိနှိပ်မှုနဲ့ အစွန်းရောက်ဝါဒရဲ့ ဖြားယောင်းသွေးဆောင်မှုအောက်မှာ ဂိုဏ်းတခုကနေ အခြားဂိုဏ်းတခုကို အလွယ်တကူ ပြောင်းသွားစေပြီး ဆိုရှယ်လစ်ဂိုဏ်းအတွင်းမှာကလည်း အတွေးအခေါ် တညီတညွတ်တည်းမရှိမှု ပြဿနာဟာ ပေါ်လွင်မြဲပေါ်လွင်နေဆဲဖြစ်တယ်။ ဒါဟာ ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့ အတားအဆီးဖြစ်လာနေတယ်။ ပေါ်ပြူလစ်ဇင်း(populism)ဟာ အီလိုက်ဆန့်ကျင်ရေး (counter-elite)၊ ထူထောင်မှုဆန့်ကျင်ရေးအလံများဖြင့် (Anti-establishment banner) တို့ဖြင့် ထောက်ခံမှု အများအပြား ရရှိနေပြီး ဆိုရှယ်လစ်စနစ်နဲ့ လက်ဝဲဂိုဏ်း အင်အားစုတွေရဲ့ ပေါ်လစီ ကွက်လပ်နဲ့ လူထုအခြေခံကို အဆက်မပြတ် လုယူနေတယ်။ ဒီအချက်တွေက ကွန်မြူနစ်ပါတီအပါအဝင် လက်ဝဲဂိုဏ်းအင်အားစုတွေကို အဆက်မပြတ် အင်အားစုဆောင်းရေး၊ စည်းရုံးရေးအဆောက်အအုံတွေ တိုးတက်ကောင်းမွန်ရေး၊ လှုပ်ရှားမှုပုံစံတွေ တိုးတက်ကောင်းမွန်ရေးတို့ကို တောင်းဆိုလိုက်တဲ့အပြင် ကမ္ဘာ့ဆိုရှယ်လစ်စနစ်ရေစီးကြောင်း ရှေ့သို့ ဖွံ့ဖြိုးတိုးတက်သွားရေး တွန်းဆော်သွားဖို့ တောင်းဆိုလိုက်ပါတယ်။

(မှီငြမ်းကိုးကားရန် ဖြစ်ပါတယ်)

ကိုးကား။ ။ China Social Science News (Version 1 of march 14, 2017)

အေးမြမွန်သိန်း

အောက်တိုဘာ ၃၊ ၂၀၁၇။

ဖောင်ပိတ်ဆောင်းပါး

အေးငြိမ်း

(၁)

ကာချုပ်လှုပ်ရှားလွန်းနေတယ်

၂၀၁၇ အတွင်း ချက်ကျတဲ့ နိုင်ငံကြီးငယ် တော်တော်များများကို ခရီးထွက်ခဲ့တယ်၊ ဗမာပြည်က ကာကွယ်ရေးဦးစီးချုပ်တယောက် - အထူးသဖြင့် ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်စည်ပင်ရေးဝန်ကြီးတွေကို ခန့်နိုင်၊ ဖြုတ်နိုင်တဲ့သူ တယောက်အနေနဲ့ စစ်လက်နက်ပစ္စည်း အရောင်းအဝယ်ကိစ္စ၊ နိုင်ငံရေး လက်ဝါးချင်းရိုက်နိုင်တဲ့ကိစ္စတွေမှာ ဘယ်လောက် လုပ်ကွက်တွေ ရှိတယ်ဆိုတာ ခန့်မှန်းနိုင်ကြပါလိမ့်မယ်။ ဒါတွေက နောင်မှ သိရမယ့်ဟာတွေ/ ကိစ္စတွေပေါ်မှ သိရမယ့်ဟာတွေမို့ ထားခဲ့ပါ့မယ်။ မြင်သာထင်သာရှိတဲ့ကိစ္စတွေ ကောက်ကိုင်ကြပါစို့။

တချို့တလေ ရွှေ့ကွက်က ပြောင်နေရာလုနေပုံပဲ၊ အာဏာကို/ အခွင့်အရေးကို ဖွတ်ကြီးလုယူနေတဲ့ သဘောဆောင်တယ်။ နိုင်ငံခြားအဆင့်မြင့် ပုဂ္ဂိုလ်ကြီးတွေလာတိုင်း နိုင်ငံဝါစဉ်အရ နံပါတ် ၈ သာရှိတဲ့ သူ့ကို (၁) နဲ့ (၂) ဖြစ်တဲ့ သမ္မတတို့ အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့နဲ့ တတန်းတည်းထားပြီး ဖူးမျှော်စေတာ။ ပုပ်ရဟန်းမင်းကြီးကို နောက်ဖေးပေါက်က ဝင်ပြီး အဦးဆုံး ဝင်တွေ့တာတွေရှိခဲ့တယ်။ ဒါမျိုး ဗိုလ်နေဝင်း၊ ဗိုလ်သန်းရွှေတို့လက်ထက်မှာဆို သူလုပ်ရဲပဲ့မလား၊ ဗိုလ်သိန်းစိန်ကတော့ သူ့မျက်နှာကြည့်နေရတဲ့သူမို့ ထားလိုက်ပါ။

နိုင်ငံတကာ ခေါင်းဆောင်တွေ၊ ဝန်ကြီးတွေ၊ သံတမန်တွေဟာ ဗမာပြည်လာမယ်ဆိုရင် မိုးရိပ်လေရိပ် ကြည့်ရမယ်။ ကြား ၃ ကြားမဝင်မိဖို့ ဆင်ခြင်ရမယ်။ ၂၀၀၈ အောက်က အတိုင်ပင်ခံဆိုတဲ့ ထွင်ထားတဲ့ရာထူးနဲ့ ကိုယ့်ဖာသာကိုယ် သက်တမ်းတိုးတပ်ချုပ်တို့ကြား အစိုးရနှစ်ရပ်ဖြစ်နေတယ် ဆိုတဲ့ သံတမန်သုံးသပ်မှုများရှိနေတဲ့အောက်မှာ အပြောအဆို ထိန်းတတ်ဖို့ လိုတယ်။ ယန်ဟီးလီလို စွတ်မပြောမိဖို့ လိုတယ်။ ဒီနေရာမှာ တရုတ်ပြည်က ပုဂ္ဂိုလ်တွေ နပ်တယ်၊ ဂျပန်လည်း လျင်တယ်။ ပုပ်ရဟန်းမင်းကြီးကတော့ အောင့်သက်သက်နဲ့ နောက် နှစ်လှမ်းဆုတ် လှမ်းခဲ့ရဖူးတယ်။

ပုပ်ရဟန်းမင်းကြီးကိစ္စ အရင်ကြည့်ရအောင်ပါ။ ဖိတ်ကြားထားသူက သမ္မတကြီးဦးထင်ကျော်၊ ဒါပေမဲ့ သူမပင့်ဖိတ်ဘဲကြားပေါက်ရောက်တဲ့ ဧည့်သည်ကို နှင်ထုတ်လို့က မဖြစ်တော့ ဧည့်ခံလိုက်ရတယ်။ တခါ ပြောတဲ့စကားကိုလည်း ကြည့်ဦး-'မြန်မာနိုင်ငံ၌ ဘာသာရေးအရ ခွဲခြားဖိနှိပ်ဆက်ဆံမှုတွေ လုံးဝမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားကြောင်း 'မျက်နှာပြောင်ပြောင်နဲ့ ပြောခဲ့တယ်။ မောင်တောမြောက်ပိုင်းကိစ္စသိထားတဲ့ ရဟန်းမင်းကြီး ဘာပြောရမှန်းမသိ ဖြစ်သွားရတယ်၊

ဒါပေမဲ့ VOA တိုက်ရိုက်လေလှိုင်းအစီအစဉ်မှာ ခရစ်ယာန်တွေ ရင်ဖွင့်ခွင့်ရသွားကြတယ်။ ကာချုပ်ပြောတာနဲ့ တခြားဆီ ဖြစ်နေတာ နားထောင်လိုက်ကြရတယ်။ ပြည်တွင်းက လူထု ကောင်းကောင်းသိပြီးသား ကိစ္စတွေပါ၊ တခါ ကာဒီနယ်ဘိုက ဗမာပြည်မှာ 'ရိုဟင်ဂျာ'ဆိုတဲ့ ဝေါဟာရ မသုံးပါနဲ့လို့ ကြိုပြောထားလို့ မပြောခဲ့ရပါ။ ဘင်္ဂလားဒေ့ရှ် ရောက်မှ အားရပါးရ သူ့ခမျာ သုံးနိုင် ပြောနိုင်တာဖြစ်တယ်။

စစ်အုပ်စုတွင်းမှာတော့ ဒါမျိုးက မဆန်း-သူတို့ရဲ့ခေါင်းကိုင်ဖခင်ကြီး ဗိုလ်နေဝင်းရဲ့ လုပ်ဟန်ပဲ။ ၁၉၅၀ ခုနှစ်အလွန် နှစ်တနှစ်မှာ ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်တဲ့ ကိုယ်စားလှယ်တဖွဲ့ ပီကင်းရောက်ပြီး ဝန်ကြီးချုပ် ချူအင်လိုင်းအဖွဲ့နဲ့ ဆွေးနွေးစဉ်က အဖြစ်အပျက်ပါ။ ဆွေးနွေးပွဲပြီးလို့ ပြန်ထွက်ဖို့လုပ်တော့ ဗိုလ်နေဝင်းက ဦးနုအတွက် သတ်မှတ်ထားတဲ့ကားပေါ် ဦးအောင် တက်ပြီး ထိုင်နေပါ တယ်။ အိမ်ရှင်တွေ မျက်နှာပျက်ကုန်ပြီး ဦးနုက ဣန္ဒြေမပျက် တကားတည်းတက်စီးပြီး လိုက်သွားတဲ့ သမိုင်းရှိခဲ့ဖူးတယ်။ နိုင်ငံရေး သံတမန်ရေး လူမှုရေး ဘာမှ ဂရုမစိုက်ဘူး၊ အရှူးအရှူးနဲ့ အိမ်ဦးတက်ဆောင့်ကြောင့်ထိုင် ဆိုတဲ့ အချိုးပဲ။

ခ ု မင်းအောင်လှိုင် လုပ်ပေါက်နဲ့ ပတ်သက်ပြီး သံတမန်ရေးကျင့်ဝတ် ချိုးဖောက်ရာကျတယ်လို့ ဗာတီကန်က ထုတ်ပြန်တယ်။ နောက်တခုက ယုံတာမယုံတာက သူတို့အလုပ်၊ ပြောချင်တာပြောလိုက်ရဖို့က တို့အလုပ် ဆိုတဲ့သဘောနဲ့ နိုင်ငံတကာကို မက်ဆေ့ချ် (စကားထည့်)ပေးတဲ့ လုပ်ဟန်ပဲ။

မိမိတို့သည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရန် ဆောင်ရွက်နေကြောင်း၊ တပ်မတော်က ပြည်တွင်းငြိမ်းချမ်းရေးရရန် ဆောင်ရွက်နေကြောင်း၊ ရခိုင်ပြည်နယ်တွင်း အခြေအနေများတွင် 'ARSA အကြမ်းဖက်သမားများက တိုက်ပေမယ့် အောင်မြင်မှုမရ၊ မိမိတို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်တိုက်ခိုက်မှာကြောက်လို့ ဘင်္ဂလားဒေ့ရှ်ဘက် ထွက်ပြေးကြတဲ့အခါ မိသားစုတွေကို တပါတည်း ခေါ်ဆောင်သွားလို့ ခုလို လူများသွားခြင်းဖြစ်ရတာပါ-လို့ ဆင်သေကို ဆိတ်ရေနဲ့ ဖုံးပြပါတယ်။

သူ့တပ်သူထိန်းတာကျတော့ ပုံစံတမျိုး - DSA သင်တန်းအမှတ်စဉ် ၅၉ မိန့်ခွန်းမှာ "တပ်မတော်အနေဖြင့် နိုင်ငံရေး လောင်းရိပ်အောက်က လွတ်ကင်းသည့် တပ်မတော်ဖြစ်ရမည်-တဲ့။ အနှစ် ၆၀ လောက် နိုင်ငံရေးကိုင်ထားတဲ့ စစ်တပ်။ ခုအထိ လွှတ်တော်တွေမှာ အမတ်နေရာ ၂၅ ရာခိုင်နှုန်း ယူထားတာကိုပင် ပြည်သူတို့ ရွေးချယ်လျှောက်လှမ်းနေတဲ့ ပါတီစုံ ဒီမိုကရေစီအတိုင်း အမျိုးသားရေး အင်အားစုအဖြစ် လျှောက်လှမ်းနေခြင်းဖြစ်တယ်....လို့ ဆိုပြန်ပါသေးတယ်။ တကယ်လောင်းရိပ်အောက်က လွတ်ချင်ရင် ၂၀၀၈ အခြေခံဥပဒေ ဖျက်သိမ်းပေးလိုက်ရုံနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်သွားမယ်ဆိုတာ လူတိုင်းသိတယ်။ ခုဟာက တပ်မတော်သားတွေရဲ့ မျက်လုံးကို သဲဖုံးပေးတာပါ။

ရခိုင် မောင်းတော လူသတ်ပွဲတွေအပေါ် နိုင်ငံတကာ ဖိအားပေးမှုတွေ ပြင်းထန်လာတော့ တရုတ်ပြည်ကို ပြေးကပ်တယ်။ တရုတ်ပြည် PLA စစ်ဦးစီးချုပ်နဲ့ တနှစ်တခါ တွေ့နေကျမို့ တွေ့တာလို့ဆိုပေမယ့် အနောက်ကမ္ဘာက သူတပ်အပေါ် ဒဏ်ခတ်အရေး ယူမှုတွေ စလာလို့ အားကိုးရှိကြောင်း ပြချင်တာက အဓိကပါ။

တိုင်းပြည်မငြိမ်အောင် လုပ်နေတာတွေလည်း တွေ့နေရပြန်တယ်။ NCA လက်မှတ်ထိုးပြီးသားတွေကိုပင် အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေမလုပ်ရလို့ တားနေတာ။ အရှေ့ခြမ်းနဲ့ အရှေ့မြောက်ဒေသတွေမှာ တိုက်ပွဲတွေ ဖော်လာပြန်တာကြည့်ရင် တိုင်းပြည်ကို ငြိမ်အောင် စစ်တပ်ကပဲ အုပ်ချုပ်နိုင်တယ်ဆိုတာ ပြချင်ပုံရတယ်။ ဒါကို ကိုယ့်စည်းစိမ်၊ ကိုယ့်အာဏာ ကိုယ်ထိန်းချင်တဲ့ စစ်အုပ်စုနဲ့ ခရိုနီတွေအပါ ကျန်မိစ္ဆာ အင်အားစုတွေကလည်း ကျေနပ်ကြမယ်ထင်ပါတယ်။

ပြည်သူတွေ ဒီအကွက်ထဲကို မဝင်မိကြဖို့ အရေးကြီးလှတယ်။

'ရခိုင်ရယ်၊ စစ်တပ်ရယ်၊ ပြောရေးဆိုခွင့်ရှိသူရယ်'

မောင်းတော မြောက်ပိုင်းပြဿနာဟာ ဗမာအစိုးရ (NLD + စစ်တပ်) လည်မျိုမှာ စူးဝင်နေတဲ့ ဆူးကြီးတချောင်း ဖြစ်နေတယ်။ နိုင်ငံတကာအစိုးရတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ကုလသမဂ္ဂက အဆက်မပြတ် တင်လာနေတဲ့ စွဲချက်တွေကို ချေဖျက်မပစ်နိုင်ခဲ့ကြဘူး။ အငြင်းမပွားရအောင် အမှန်သိရအောင် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့တဖွဲ့ ကွင်းဆင်း လေ့လာပါရစေ တောင်းဆိုတာကိုလည်း ခွင့်မပြုရဲဘူးဖြစ်နေတယ်။ ဒါဟာ အားနည်းချက်ပဲ၊ သံသယတွေဝင်စေခဲ့တယ်။

နောက်ပိုင်းကျတော့ ဒေါ်စုကိုယ်တိုင်က ရှင်းမနေတော့ဘူး၊ 'လက်တွေ့နဲ့ပဲ ပြမယ်' ဖြစ်လာတော့တယ်။ ဘုတ်ထိုင် ထိုင်ပြီး ခံသာမယ့်အချက်အလက်တွေ ပေါ်လာလေမလား စောင့်ရတော့တယ်။

ဒီအခါ လက်ရွေးစင် ခုခံကာကွယ်ရေးသမားတွေ ထွက်လာတယ်။ ကုလသမဂ္ဂ က "စစ်တပ်က ရိုဟင်ဂျာများ အပေါ် လိင်အကြမ်းဖက်မှုများ ကျူးလွန်နေသည်"လို့ အခိုင်အမာဆိုပြီး 'အရပ်သားများကို အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ဖို့' တောင်းဆိုခဲ့တယ်။

ဒါကို ကုလဆိုင်ရာ ဗမာသံအမတ်က “ဘင်္ဂါလီ မွတ်စလင် လူနည်းစုများကို အလွဲသုံး ဆက်ဆံကာ အနိုင်ကျင့်နေခြင်းနဲ့ ပတ်သက်ပြီး မည်သို့ ခိုင်လုံသော သက်သေမှမရှိကြောင်း ” .... တုံ့ပြန်ခဲ့တယ်။

အတိုင်ပင်ခံ ပုဂ္ဂိုလ်ရုံးရဲ့ ညွှန်/ချုပ်ကတော့ ပိုအာမခံရဲပါတယ်၊ “ရခိုင်ကိစ္စနဲ့ ပတ်သက်လို့ ပြောချင်တယ်၊ ဆိုချင်တယ်ဆိုရင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံ ယူခဲ့ပါ၊ အဲဒါကို ကျွန်တော်တို့ရအောင် ရှင်းမယ်” ....လို့ ပြောခဲ့တယ်။

‘စကားကျွံရင် နုတ်မရဘူး’....တဲ့။ ခု အင်းဒင်ကိစ္စပေါ်လာတော့ ဘာပြောမလဲ။ ရွာသားတွေကိုယ်တိုင်က အသတ်ခံရတဲ့ လူတွေကို သိတယ်။ “ဒီလူတွေဟာ အကြမ်းဖက်သမားတွေ မဟုတ်ကြပါဘူး”....တဲ့။

စစ်တပ်အာဘော်ကတော့ ‘အစွန်းရောက် အကြမ်းဖက်သမားတွေမို့ သတ်ရပါတယ်’.... လို့ အသံထွက်တယ်။ စစ်ဆင်ရေး တလအတွင်း အသတ်ခံရတယ်ဆိုတဲ့စာရင်း ၆၇၀၀ ထဲမှာ ကလေး ၇၃၀ နဲ့ အဓမ္မ ပြုကျင့်ပြီး အသတ်ခံရတဲ့ အမျိုးသမီးတွေကို ကော အကြမ်းဖက်သမားတွေလို့ သတ်မှတ်ရမလား။ ဥပဒေနဲ့အညီ ဆောင်ရွက်တာပါလို့ ထုတ်ပြန်ခဲ့ပေမယ့် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်စိုးကို ဘာကြောင့် ဖြုတ်ပစ်ရတာလဲ။ အမေရိကန်က ဗိုလ်ချုပ်မောင်မောင်စိုးကို ပစ်မှတ်ထားအရေးယူတဲ့စာရင်းထဲ ထည့်လိုက်တယ်၊ စစ်တပ်လုပ်ရပ်တွေကို ဖာဖာထေးထေး လုပ်နေရတယ်ဆိုတဲ့ ဒေါ်စုကိုယ်တိုင် ရဲရဲ မရပ်ရဲ၊ “ခုတော့ အကြမ်းဖက်မှုတွေ မကြားရပါဘူး၊ မရှိခဲ့ပါဘူးလို့တော့ မပြောနိုင်ပါဘူး” ဖြစ်လာ-

ဒုက္ခသည်တွေ ပြောတာက စစ်တပ်ကိုယ်တိုင် ရွာထဲဝင်မီးရှို့တာဖြစ်တယ်လို့ ထုတ်ဖော်ကြတယ်။ ဘယ်လောက်တောင် ရှို့ခဲ့သလဲ။ မျက်မြင်လာကြည့်တဲ့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးကတော့ “မီးရှို့ခံရတဲ့ မွတ်စလင်ရွာတွေရဲ့ အခြေအနေက သိပ်ဆိုးတယ်။ သိပ်ကြောက်စရာကောင်းတယ်”....တဲ့။

တကယ်က ပြဿနာတွေကို လက်နက်အားကိုး ဖြေရှင်းလိုက်မှ ကိစ္စပြီးသွားမှာလို့ သူ့ခေါင်းထဲ စွဲနေပုံရတယ်။ (၇ -ရက် ဇူလိုင်၊ ရှစ်လေးလုံးတုန်းက ကိစ္စတွေ ထားလိုက်ဦး)။ ကချင်ဆရာမလေး ၂ ဦး၊ ကိုပါကြီး၊ ဦးကိုနီ၊ KNPP တပ်သား ၃ ဦးနဲ့ အရပ်သားတဦးကို သတ်တဲ့ကိစ္စကိုပဲ လွယ်လွယ်ကြည့်လိုက်ပါ။ တခြား အများအပြား ရှိပါသေးတယ်။ အားလုံးဟာ ရပ်ကျော်ရွာကျော်တွေချည်းမို့ ထပ်မပြောတော့ပါ။

ဒီတော့ ချုပ်ပြောလိုက်ချင်တာကတော့ ဒါတွေကို ပြေလည်အောင် မဖြေရှင်း(ထပ်လည်းဖြစ်ကြဦးမှာမို့) ပုံစံမပြောင်းကြဘူးဆိုရင် အစိုးရနဲ့ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့တို့၊ ပြောရေးဆိုခွင့် ရှိသူတို့ရဲ့ ထုတ်ပြန်ချက်မှန်သမျှ “မမှန်တဝက်၊ မုသားတဝက်များသာ ဖြစ်ကြ၏”လို့ ခံယူရတော့မည် ဖြစ်ပါကြောင်း။ သွေးစွန်းသောလက်တွေဟာ အရိုးတွန်မှာကြောက်ကြတယ်။

(၁၅၊ ၁၊ ၂၀၁၈)

စတုတ္ထမဏ္ဍိုင်ဆိုတာ သူတို့ခေါင်းထဲ မရှိပါဘူး။

(၁)

ခုတလော ပူညံပူညံအဖြစ်ဆုံး သတင်းတွေထဲမှာ ရိုက်တာသတင်းထောက်တွေဖြစ်တဲ့ ကိုဝလုံးတို့ ၂ ယောက် ဆွဲအစိခံလိုက်ရတဲ့အမှုလည်း ပါနေတယ်။ ပုဒ်မကလည်း ပောင်းသလား ကြီးသလား မပြောနဲ့ (၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ ပုဒ်မ ၃) အရဆိုတော့ ၁၉၅ နှစ် တောင် ရှိနေပြီ။ ထောင်ဒဏ်က ၁၄ နှစ်တောင် ကျနိုင်တဲ့ အမှုကြီး။

ဒီကနေ လူ့အခွင့်အရေးတို့၊ မီဒီယာလွတ်လပ်ခွင့်၊ စာနယ်ဇင်းကောင်စီဥပဒေတို့ဆိုတဲ့ကိစ္စတွေ အမြှုပ်ထွက်အောင် ပြောလာကြတယ်။

ဒါပေမဲ့ စစ်အာဏာပိုင်တွေရဲ့ ခေါင်းထဲမှာ ဒါတွေထည့်မစဉ်းစားဘူး။ သူတို့သိတာ စိတ်ဝင်စားတာက မဏ္ဍိုင်ကြီး ၃ ရပ်ပဲ။ (၁) အုပ်ချုပ်ရေး (၂) တရားစီရင်ရေး (၃) ဥပဒေပြုရေး... တို့ထဲမှာသာ အာရုံစိုက်ထားတယ်။ လက်တွေ့မှာ ဓားမိုးပြီး အုပ်ချုပ်တယ်။ လာဘ်စားပြီး လွှတ်တာ၊ ထောင်ချတာ လုပ်တယ်။ ပြည်သူတွေလှုပ်မရအောင် ရှိပြီးသားဥပဒေတွေထဲက မိမိတို့အကျိုးရှိမယ့်ဟာတွေ တည်မြဲအောင်လုပ်တယ်။ ဥပဒေသစ်တွေ တိုးချဲ့အတည်ပြုတယ်။ ဒါက ဗမာပြည်ရဲ့ အနီးကပ် နှစ် ၆၀ သမိုင်းပါ။ ၂၀၀၈ ရဲ့အတွင်းသားလို့လည်း ပြောလို့ရတယ်။

(၂)

ဒါပေမဲ့ အရပ်သားအစိုးရဆိုတဲ့ ဒီနေ့ခေတ်မှာ ဥပဒေဟောင်းကြီးတခုနဲ့ ကိုဝလုံး၊ ကိုမိုးအောင်တို့ ချည်တုပ်ခံလိုက်ကြရတယ်။ ချည်တုပ်တဲ့သူတွေက စစ်တပ်ကို အာဏာဝေစု (မိုက်ကြေး) ခွဲပေးထားရတဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ကိုင်ထားတဲ့ ရဲ (ပုလိပ်) အဖွဲ့ကပါ။

ကိုဝလုံးတို့ကိုမှရွေးပြီး ဒုက္ခပေးရတဲ့ အကြောင်းက ရခိုင် အင်းဒင်ရွာ မွတ်စလင် ၁၀ လောင်းပြိုင်အမှုနဲ့ သွားငြိနေပါတယ်။ ဗမာစကားပုံမှာ 'ရာဇဝတ်အိုး တုတ်နဲ့ထိုး' ဆိုတာ ရှိတယ်။ သူတို့က တုတ်ထက်ဆိုးတဲ့ ကင်မရာတွေလွယ်ပြီး အဲဒီဘက်က အစတစ သွားဆွဲမိတာကိုး - ကုလသမဂ္ဂလူ့အခွင့်အရေး မဟာမင်းကြီးက "လူမျိုးတုံးသတ်ဖြတ်မှုတွေ ဖြစ်နိုင်ခြေရှိတယ်။ ဒီစစ်ဆင်ရေးဟာ စနစ်တကျ ဖန်တီးလုပ်ဆောင်ခဲ့တာ ဖြစ်တယ်" လို့ ပြောထားတဲ့ စွဲချက်ကြီး 'မှန်ပါကလား!' လို့ ထွက်ပေါ်လာစေနိုင်တဲ့ ကွင်းဆက်တခု မဟုတ်ပါလား။

ဒီကိစ္စကြီး ပွထလာအောင် လုပ်နိုင်တဲ့သူတွေက မီဒီယာသမားတွေ ဖြစ်တယ်။ ဒါကြောင့် မီဒီယာသမားတွေကို ထိန်းချုပ်ဖို့ လိုလာတယ်။ ဒီလိုနဲ့ သတင်းထောက်က သတင်းထောက်အလုပ်လုပ် - ပုလိပ်က ပုလိပ်အလုပ် လုပ်ကြရာက 'ထောင်ဖမ်းတယ်' ဆိုတဲ့ ဗွီဒီယိုကားတကား ပေါ်လာတာ ဖြစ်တယ်။

ဒီဇာတ်ကားမှာ ဇာတ်လိုက် ၂ ဦးကို စွဲချက်တင်တဲ့အခါ -

"ဤတရားခံ ၂ ဦးသည် မောင်းတော ဘူးသီးတောင်ဒေသ၌ လုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့ပြီး ရန်ကုန်တွင် ပြန်လည် အနားပေး စုဖွဲ့လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချဉ်းကပ်စည်းရုံးပြီး ရခိုင်ဒေသနှင့်ပတ်သက်သည့် အရေးကြီးလုံခြုံရေး စာရွက်စာတမ်း အထောက်အထားများကို ပြည်ပသတင်းဌာနများသို့ ပေးပို့ရန် တရားမဝင် သတင်းရယူဆောင်ရွက်ခဲ့သည်" ဆိုတဲ့ စာသားတွေကို ဖတ်ကြားသွားခဲ့တယ်။

(၃)

၂၀၀၈ က ခွဲဝေပေးထားတဲ့ အာဏာမှာ စစ်တပ်ရတဲ့ဝေစုက သိပ်ကြီးပါတယ်။ သူတို့ဘက်က အုပ်ချုပ်ရေးအာဏာကို ဆုပ်ကိုင်ပြီး ဖမ်းချုပ်နိုင်ခဲ့ပြီ။ တရားစီရင်ရေးဘက်မှာ ဘယ်လိုဖြစ်သွားမလဲ စောင့်ကြည့်ကြရပါဦးမယ်။ ပထမအဆင့်မှာတော့ အာမခံပေးတာ မတွေ့ရဘူး။ ရမန်တွေ တဆင့်ပြီးတဆင့် ယူနေတယ်။ အမှုတွဲဖြစ်တဲ့ ဒုရဲမှူးနဲ့တပ်ကြပ်ကြီးကို ရုံးမထုတ်ဘူး။ ဒါကလည်း စိတ် ဝင်စားစရာပါ။ ဦးနှောက်စားစရာ ဖြစ်နေပြီထင်တယ်။

ခုကမ္ဘာမှာ ထင်ရာစိုင်းတဲ့ ခေါင်းဆောင်တွေ ပေါ်နေတယ်။ ထရမ့်ရှိတယ်။ ကင်ဂျုံအန်း ရှိတယ်။ တူရကီမှာ အာဒိုဝမ်ရှိပြီး ဖိလစ်ပိုင်မှာ ဒူတာတေး ရှိတယ်။ ဗမာပြည်မှာက ဗိုလ်နေဝင်းလက်ထက်မှစပြီး ခုအထိ ငါတကောကောနေတဲ့ မျိုးဆက်တွေ ရှိပြီးသား ဖြစ်နေတယ်။ သူတို့ဘာလုပ်မယ် ဘယ်သူမှ မပြောနိုင်၊ ဥပဒေကြောင်းနဲ့ မစဉ်းစားနဲ့၊ တရားမျှတမှု ရှိမရှိနဲ့ ချိန်ထိုးမကြည့်နဲ့၊ ဘာသာရေးတားမြစ်ချက်တွေကလည်း (သူတို့အတွက်တော့) ထိရောက်မှာမဟုတ်။ မျက်နှာတင်းတင်းနဲ့ လုပ်ချင်ရာ လုပ်ကြလိမ့်မယ်။ ပွဲတော့ ကျလာမှာပေါ့။

ဒါပေမဲ့ လုံလောက်တဲ့ဖိအား တိုက်အားမရှိရင် ဗမာပြည်နိုင်ငံရေး ရှေ့တိုးမှာ မဟုတ်သေးဘူးလို့ မြင်မိပါကြောင်း။

(၁၆ - ၁ - ၂၀၁၈)

အပြောင်းအလဲလား၊ အဖြုတ် အပြုတ်လား၊ ဆိုင်းငံ့ဘေးဖယ်လား

(၁)

ဖောင်မပိတ်မီ နောက်ဆုံးဝင် ဝင်လာနေတဲ့ သတင်းဆက်တွေကတော့ ပြုတ်၊ ဖြုတ်၊ ဖယ်သတင်းတွေဖြစ်တယ်၊ လူတွေကလည်း အတော် စိတ်ဝင်စားကြတယ်။ ကိုယ်မဲပေးပြီး ရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေ မဟုတ်လား။ ဒီအထဲမှာ ဝန်ကြီး၊ ဝန်ကြီးချုပ်မှသည် ပါတီအတွင်းရေးမှူး(ပြောရေးဆိုခွင့်ရှိသူ) တယောက်ပါ ပါနေတယ်။ နောက်လည်း လာကြလိမ့်ဦးမယ်

ဆိုတယ်၊ တချို့ဆိုရင် မဲဆန္ဒရှင်တွေကပါ နုတ်ထွက်ပေးဖို့ ဆန္ဒပြခံနေရတယ်။

တချို့ကတော့ ကိုယ်တိုင်နုတ်ထွက်ခွင့် တင်ခဲ့တာပါလို့ ပြောကြတယ်။ တချို့ကတော့ 'သမ္မတကြီးရဲ့ နုတ်ထွက်ခွင့်ပြု လိုက်ကြောင်း ကြေညာချက်အရ' သိလိုက်ကြရတယ်၊ အကြောင်းပြချက်တွေမှာတော့ ကျန်းမာရေးကြောင့်၊ အသက်အရွယ်ကြောင့်၊ လုပ်နိုင်ကိုင်နိုင်တဲ့ လူငယ်တွေဦးစားပေးချင်ခြင်းကြောင့်ဆိုတာတွေ တွေ့ရပါတယ်၊ ထားပါတော့-

စစ်အုပ်စု-စစ်အစိုးရတွေလက်ထက် ဖြုတ်ထုတ် အဝေးနင် (မချမ်းသောတို့ သံအမတ်ကြီးအဖြစ်နဲ့တို့) လုပ်ခဲ့တာတွေ တွေ့ဖူးထားတော့ လူတွေက ကိုယ့်ဘာသာ တွေးယူကြရတယ်။

သတင်းသမားတွေ လွတ်လွတ်လပ်လပ် သတင်းမယူနိုင်တဲ့ နိုင်ငံဆိုတော့ ခြေခြေမြစ်မြစ် မသိနိုင်ကြပါဘူး။ ဒါပေမဲ့ ထွက် ပေါ်နေတဲ့ သတင်းတွေအရ ဒီလူကိုတော့ ဒီကိစ္စကြောင့် အရေးယူတာ ဖြစ်တန်ရာ၏လို့ ကောက်ချက်ဆွဲနိုင်ကြပါတယ်။

(၂)

ဒေါ်စုက 'အပြောင်းအလဲ လိုချင်တယ်'လို့ ရဲရဲဝံ့ဝံ့ ဆန္ဒထုတ်ဖော်ကြဖို့ လူထုကို အားပေးအားမြှောက် ပြုခဲ့တယ်။

ဌာနဆိုင်ရာတွေမှာ မလုပ်၊ မရှုပ်၊ မပြုတ်ပေါ်လစီ ကိုင်ထားတဲ့သူတွေကိုလည်း ဝေဖန်ခဲ့တယ်၊ မှန်တယ်ထင်ရင် ပြောရဲ လုပ်ရဲရမယ်လို့လည်း တိုက်တွန်းခဲ့တယ်။

ဒါပေမဲ့ လယ်/ဆည် ဒုဝန်ကြီး (ဦးထွန်းဝင်း) ကို ဖြုတ်ပစ်တဲ့ကိစ္စ လူထုက ဘဝင်မကျခဲ့ဘူး။

သူက နောက်ပိုင်းမှာ ၂၀၀၈ ကို တို့တာ ထိတာ မကြိုက်ဘူး။ စစ်တပ်ကို ဖွင့်ချတာ၊ လက်ညှိုးထိုးတာ ခွင့်မပြုဘူး။ လူထု မကျေလည်တဲ့ ဝန်ကြီးဌာန ၃ ခုရဲ့ လုပ်ငန်းတွေမှာဝင်မစွက်ဖို့ ကျော်မလုပ်ဖို့ လွှတ်တော်ကိုယ်စားလှယ်တွေကို ညွှန်ကြားတယ်။

ခု အဖြုတ်ခံထိတဲ့လူတွေထဲမှာ မပြောမဖြစ်လို့ စစ်တပ်နဲ့ ပတ်သက်ပြီး ပြောခဲ့ ထောက်ပြခဲ့တဲ့သူတွေ ပါလာတယ်။ ဒါမျိုး ကို အရင်က စစ်တပ်ကို ပြန်တောင်းပန်ခိုင်းတယ်။ ခုထုတ်ပစ်တဲ့အဆင့် ရောက်လာပြီ။

(၃)

ဒေါ်စု အရင်းခံစိတ်ဓာတ်က ပြောင်းလဲချင်စိတ်ပဲ၊ ဆင်းရဲမွဲပြာကျနေတဲ့ တိုင်းပြည်ကို ချမ်းသာကြွယ်ဝ စေချင်တယ်၊ လူ မုန်းများနေတဲ့ စစ်တပ်ကို ပြည်သူက အားကိုးယုံကြည်တဲ့ တပ်ကြီးဖြစ်စေချင်တယ်၊ တပ်ကို ပြောင်းလဲပစ်ချင်တယ်။

ဒီလိုဖြစ်အောင် အလုပ်တူတွဲလုပ်တယ်။ ၂၀၀၈ ကို လက်ခံပြီး အလျှော့ပေးဆက်ဆံတယ်၊ ပညာပေးတယ်၊ လမ်းညွှန် တယ်။ တဖက်က ဖေးဖေးမမလုပ်တယ်၊ စစ်တပ်ကို အကာအကွယ်ပေးတယ်။ တဖြည်းဖြည်းနဲ့ ပြဿနာတွေက ပုံလာတယ်။ နေ ဝင်းတပ်ကတော့ အောင်ဆန်းတပ် ဖြစ်မလာဘူး။

ဘာကြောင့်လဲ - သူနိုင်ငံမချုပ်နိုင်ဘူး။ ဗမာစစ်တပ်ကို နားမလည်ဘူး။ သူ့ပေါ်လစီဟာ လူမျိုးစုတွေနဲ့ ညီညွတ်မှု ဝေးသွား စေတယ်။ နောက်ဆုံးတော့ ပြည်မပြည်သူတွေကတောင် သူ့အပေါ် ယုံကြည်ကိုးစားစိတ် လျော့ပါးလာတယ်။ NLD ရဲ့ ဒီမိုကရေစီ ရေး၊ လူ့အခွင့်အရေး၊ ပွင့်လင်းမြင်သာမှု....စတဲ့ဆောင်ပုဒ်တွေက ရယ်စရာဖြစ်လာတယ်၊ ထောက်ပြစရာ ဖြစ်လာတယ်။ ဆောင်ပုဒ် တခြား အလုပ်တခြားဖြစ်လာတယ်။

လုပ်နေတဲ့ ကိစ္စတွေဟာ ထိုးရပ်တော့မလား၊ ဒီအတိုင်း ယိုင်တိယိုင်တိုင် ဆက်လျှောက်မလား၊ ပြုတ်ပြုတ်မလုပ်ရဲတာနဲ့ - တည်းတည်း ထားရတာတွေ ထပ်လာတယ်။

နောက်ဆုံးတော့ ဘယ်ကိစ္စဖြင့် အားရစရာ ရှိပါရဲ့လို့ မပြောနိုင်၊ ကိစ္စရပ်တိုင်းကို ပေါက်မြောက်အောင် မလုပ်နိုင်လို့ တည်းတည်း ထားနေရတယ်လို့ မြင်မိပါကြောင်း။ ။

အေးငြိမ်း

၁၇၊ ၁၊ ၂၀၁၈။

(နောက်ဆက်။ ။ ဖောင်ပိတ်လို့ ပြီးပြီးချင်း သတင်းတခု ထပ်ဝင်လာတယ်။ ရခိုင်မြောက်ဦးဒေသမှာ ပြည်ထဲရေးလက် အောက်ခံ လုံခြုံရေးတပ်ဖွဲ့က ပစ်ခတ်လို့ ရခိုင် ၇ ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရတဲ့ သတင်းတွေ ဝင်လာပါတယ်။)

မာတိကာ

စာတည်းအဖွဲ့အမှာ (၂)

စစ်အုပ်စုအကြောင်းဘယ်လောက်သိသလဲ(၄)

မျှော်လေတိုင်း ဝေးနေဦးမှာပါ(၇)

ကိုအေးငွေနှင့်ပတ်သက်၍ (၁၀)

ကျွန်တော် ကြားဖူးသလို ပြောဆိုပါမည် (၃) – (၁၇)

ဗမာပြည်မှာအမျိုးသားစည်းလုံးညီညွတ်ရေးသာ အလိုအပ်ဆုံးပါ (၂၂)

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ …(၂၆)

စစ်အုပ်စု နိုင်ငံရေးလောင်းရိပ်အောက်က…(၂၈)

ဆင်နှင်းခံနေရတဲ့ ဒီချုပ်အစိုးရခေါင်း(၃၁)

.လင်းလက်တဲ့ ကြယ်တပွင့်(ကဗျာ) (၃၃)

ဘုံရန်သူနဲ့ ပျောက်ဆုံးနေဆဲမီးတောက်များ…(ကဗျာ) (၃၆)

၀ တောင်တန်းက လွမ်းပန်းချီ။ဆောင်းပါးအမှတ် (၆)။ (၃၈)

ရဲဘော်ချစ်အောင်သို့ …(၄၃)

…ဖေဖေအကြောင်းများ။ဆောင်းပါးအမှတ်(၄၅)။ (၄၈)

ပေါင်မုန့်နဲ့ နှင်းဆီ သပိတ်တိုက်ပွဲ (၅၄)

ထွက်တော်မူနန်းကခွာတဲ့ မူဂါဘီ(၅၈)

၁၃၀၀ ပြည့် အရေးတော်ပုံရဲ့ အနှစ် ၈၀ ပြည့် …(၆၁)

…. ကမ္ဘာ့ဆိုရှယ်လစ်စနစ်…..(၆၉)

ဖောင်ပိတ်ဆောင်းပါး (၇၂)